
www.burmeseclassic.com




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# လမင်းမိုမို(ဆေးတက္ကသိုလ်)

# ရင်ထဲကလိုအပ်ချက်

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၂၅၁၀၀၅၀၃

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၃၂၀၀၅၀၄

၂၀၀၅ ခုနှစ်၊ စက်တင်ဘာလ၊

ပထမအကြိမ်

တန်ဖိုး - ၁၀၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဒေါ်ခင်ခင်စိန်(၀၁၈၁၉) ချစ်မင်းလျှံစာပေ
အမှတ်-၄၃/က၊ မလိခလမ်း၊ ၇-ရိုင်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ပုံနှိပ်သူ ... ဦးကျော်လွင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

BURMESE CLASSIC .com

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်


- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com



# လမင်းမိုမို



ရင်ထဲက

လိုအပ်ချက်

စီစဉ်သူ

မောင်ကျော်ရှိန်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com





## ၁

ဝေဆာသည် ဘောလ်ပဲင်ကလေးကို ပါးမှာ ထောက်ကာ တစ်ခဏ ပြုံးတုံ့တုံ့ စဉ်းစားနေပြီးလျှင် ဆုံးဖြတ်ချက်ချကာ ရှေ့စားပွဲပေါ်မှ တယ်လီဖုန်းခလုတ်ဖြူကလေးများကို ဘောလ်ပဲင်ဖင်ပိုင်းလေးနှင့် ထောက်ကာထောက်ကာ နံပါတ်တစ်ခု နှိပ်လိုက်ပါသည်။

"ဟယ်လို"

"ဖေဖေလား"

"အေး"

"ဖေဖေ ထမင်းစားပြီးပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"အေး _ ပြီးပြီ"

"အဖေ ပန်းချီဆွဲနေတာလား၊ အနှောင့်အယှက် ဖြစ်သွားပြီလား ဖေဖေ"

"မဖြစ်ပါဘူး၊ ဖေဖေ ပန်းချီမဆွဲနေပါဘူး၊ မဂ္ဂဇင်းစာအုပ်ထိုင်ဖတ်နေတာ၊ ဘာအကြောင်းထူးရှိလို့လဲ"

"အကြောင်းထူးတော့ မဟုတ်ပါဘူး၊ ဖေဖေ့ကို တစ်ခုမေးချင်လို့"

"ဘာများမို့လို့လဲ သမီးရယ်၊ တစ်ခုမေးချင်တာများ"

"ဟိုလေ ... ဖေဖေ ... ဒီညနေ သမီး ဧည့်သည်တစ်ယောက်ယောက် ထမင်းဖိတ်ကျွေးရင် ဖေဖေ့မှာ အနှောင့်အယှက်များ ဖြစ်မလား"

မေးလိုက်ပြီးလျှင် ဝေဆာသည် ရင်တထိတ်ထိတ်နှင့် ပြုံးစစလေးလည်း ဖြစ်နေပါသည်။ ဖေဖေက နားမလည်သလို စက္ကန့်ပိုင်းမျှ တိတ်နေပြီးလျှင် ...

"အဲဒါ ဖေဖေ့မှာ ဘာအနှောင့်အယှက် ဖြစ်စရာရှိလို့လဲ သမီးရဲ့၊ တစ်ယောက်ယောက်ကို ထမင်းဖိတ်ကျွေးချင်တာများ ကျွေးပေါ့"





"အဟင်း ... ယောက်ျားလေးတစ်ယောက် ဖေဖေ"

ဖေဖေက အံ့ဩသလို 'ဩ' ဟု အသံထွက်လာပြီးမှ...

"ကျွေးပေါ့ သမီးရဲ့၊ သမီးရဲ့ မိတ်ဆွေယောက်ျားလေးတစ်ယောက်ပေါ့ ဟုတ်လား"

"ဟုတ်ကဲ့ ... ဖေဖေ့ကိုပါ ထမင်းဝိုင်းမှာ အတူစားစေချင်တာ"

"စားမှာပေါ့၊ ဖေဖေနဲ့ သမီးနဲ့ ညစာ အမြဲတူတူစားနေကျပဲ"

"ဒါဖြင့် သမီး ထမင်းစားဖိတ်ခဲ့မယ်နော်၊ သူက အိမ်လာလည်ချင်တယ် ပြောနေတာ ကြာပြီ၊ ဒီတော့ ဖေဖေနဲ့လည်း စကားလေးဘာလေး ပြောရအောင်၊ သမီး ဒီနေ့ ညစာစား ဖိတ်ခဲ့မယ်"

ဖေဖေက တဟင်းဟင်း အသံထွက်အောင် ညင်ညင်သာသာ ရယ်မောလိုက်ပြီးလျှင် ...

"အိမ်မှာ ဟင်းကတော့ သိပ်ဖွယ်ဖွယ်ရာရာ မရှိလှပါလား သမီး၊ သမီးက စောစောပြန်လာမှာမို့လို့လား"

www.burmeseclassic.com



"ခါတိုင်းထက် နည်းနည်းတော့ စောမယ် ဖေဖေ၊ ခဏနေရင် သမီးရဲ့ ကလပ်စ်တွေ ပြီးပြီ၊ ကျူရှင်ကလေးအိမ်ကိုလည်း စောပြီး သွားလိုက်မယ်၊ ဒါဆို နည်းနည်းစောပြန်ရောက်မယ်၊ ဒါပေမဲ့ ဟင်းတော့ မချက်ပါဘူး၊ သမီး အပြင်က ဝယ်လာခဲ့မှာ၊ အိမ်မှာ နွေးရုံပဲ"

"ဩော် ... ဟုတ်ပြီလေ၊ ဖေဖေက ဖေဖေ့များ စားဖို့မှူး လုပ်ခိုင်းမှာလားလို့"

"မလုပ်ခိုင်းပါဘူး ဖေဖေရဲ့၊ သမီးရဲ့ ယောက်ျားလေးချော့ သည်တစ်ယောက်ကို ထမင်းကျွေးဖို့ သမီးက ဖေဖေ့ကို စားဖိုမှူး လုပ်ခိုင်းမယ်ဆိုရင် ဘယ်သိပ်ကောင်းပါ့မလဲ၊ အဟင်း ဟင်း"

"အချိန်လည်းရ၊ ဖရီဇာထဲလည်း အသားငါး သုံးလေးမျိုး ရှိရင် ဖေဖေ ချက်ပေးရလည်း ဘာဖြစ်သလဲ သမီးရယ်၊ သားအဖချင်းပဲ ရပါတယ်"

"သမီး ဝယ်လာခဲ့မှာပါ ဖေဖေ၊ ဒါပဲနော် ဖေဖေ"

"အေး ... ကောင်းပြီ၊ ကောင်းပြီ"





ဝေဆာက ပြုံးပြုံးကလေး ဖုန်းချလိုက်ပြီး နောက်ဆုံး နံပါတ်တစ်ခုကို ဘောလ်ပဲင်လေးနှင့်ပင် ဆက်နှိပ်လိုက်ပါသည်။

"ဟဲလို ... ကိုညာဏ်လား"

***

ဘဲလ်သံကြောင့် တံခါးထဖွင့်လိုက်သော ဦးဘုန်းလတ်က သမီးဖြစ်သူကို အပြုံးနှင့် ကြိုဆိုရင်း သမီး လက်ထဲက ဖောင်းဖြိုးဖြိုး လေးငါးဘူးပါသော ကြွပ်ကြွပ်အိတ်ကို ဆီးကြိုယူသည်။

"ရတယ် ဖေဖေ၊ သမီး မီးဖိုထဲ တစ်ခါတည်း ယူသွားမယ်"

ပြောပြောဆိုဆို ခပ်သုတ်သုတ်ကလေး ပြေးဝင်သွားသော ဝေဆာ့ ပုံစံမှာ ယောက်ျားတစ်ယောက်ကို ထမင်းစားဖိတ်ထို့ အဖေထံ ခွင့်တောင်းထားရခြင်းအပေါ်၌ ရှက်ကိုးရှက်ကန်း အားတုံ့အားနာလေးလိုလိုနှင့် တစ်မျိုးလေး မလုံမလဲ ဖြစ်နေပါသည်။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဤဟန်ပန်ကလေးက သမီး ခေါ်လာ ဖိတ်လာမည့် လူငယ်ဟာ ရိုးရိုးသာမန် သူငယ်ချင်းတစ်ယောက် မဟုတ်ဘူးလို့ ဦးဘုန်းလတ်ကို နားလည်သဘောပေါက်စေသည်။

သမီးမှာ ငယ်သူငယ်ချင်းယောကျ်ားလေးတွေ ရှိခဲ့တာပဲ။ အိမ်ထောင်ကျတဲ့ကောင်ကျ၊ နိုင်ငံခြား ထွက်တဲ့ကောင် ထွက်နှင့် အဝင်အထွက် လျော့ပါးသွားခဲ့သော်လည်း တစ်ခါတလေ စိတ်ကူးတည့်သလို ရောက်ချ ပေါက်ချလာတတ်တဲ့ ဗိုချို့ကောင်လေးတွေ ရှိတတ်သေးတာပဲ။

သူတို့အတွက် သမီးက ဘယ်တုန်းကမှမျှား ကြိုတင်ခွင့်တောင်းတာ ရှိခဲ့ဖူးလို့လဲ။ ကောင်လေးတွေဟာ သမီးနှင့် နင် တစ်လုံး ငါတစ်လုံး ကျယ်လောင်စွာ အော်ဟစ်ငြင်းခုန်နိုပ်ကျွမ်းကြလေ့ ရှိပြီး ဦးဘုန်းလတ်ကိုပါ 'အန်ကယ်လ်' 'အန်ကယ်လ်'နှင့် တရင်းတနီး ရှိကြသည်။

သူတို့နှင့်လည်း သမီးက 'ဖေဖေ ဒါကဖြင့် ဘယ်သူ' လို့ အထူးတလည် မိတ်ဆက်ပေးနေရတယ် မရှိ။ သူတို့ စကားတွေထဲ အော်ဟစ်ခေါ်ဝင်နေကြတဲ့ အထဲကပင် 'ရဲထူး'၊ 'မိုးဟိန်း'၊ 'မြတ်မင်းထွန်း' စသဖြင့် အလိုလို သိနေရသည်။





တစ်ခု ထူးခြားတယ်ပြောနိုင်တာကတော့ သမီးမှာ ယောကျ်ားလေးသူငယ်ချင်း ပိုများခြင်းပင်။ မိန်းကလေးသူငယ်ချင်း ဆိုလို့ တစ်ချိန်မှာ တစ်ယောက်နှစ်ယောက်ပဲ ရှိတတ်သည်။ ယောကျ်ားလေးသူငယ်ချင်းတွေသာ ငယ်ငယ်တုန်းကတစ်မျိုး၊ အတက်တန်းမှာတစ်မျိုး၊ တက္ကသိုလ်ကျတစ်မျိုး၊ အလုပ်ခွင်ထဲ ရောက်တော့ တစ်မျိုးနှင့် ထပ်တိုးပွားလာလိုက် အဟောင်းတွေနှင့် ဝေးကွာလိုက် လည့်ပတ်နေသည်။

သမီးရဲ့ ပုံစံကလည်း သွက်လက်သည်။ ပွင့်လင်းသည်။ ဉာဏ်ထက်ထက် ခေတ်မီမီကလေးနှင့် အရေးပါပါ အရာရောက်ရောက်ကလေးလည်း နေထိုင်ဆက်ဆံတတ်သည်။ သမီးမှာ ရှိုးတိုးရှန်းတန်း အမူအရာဆိုတာမျိုး အတော်ဖြစ်ခဲသည်။ ရဲတင်းသွက်လက်ပြီး ကလက်ခြင်းလည်း မရှိတဲ့ ပုံစံလေးကို ယောကျ်ားလေးတွေက ခင်ခင်မင်မင် ပွင့်ပွင့်လင်းလင်း ပေါင်းရဲကြပေသည်။

ဤပုံစံကလေးကိုပဲ ဦးဘုန်းလတ်ကလည်း ကြိုက်ပါသည်။ မရဲတရဲ ရှက်တက်တက် အီသြောင်သြောင် မိန်းကလေးပုံစံမျိုးထက်စာလျှင် ဦးဘုန်းလတ်က ဒါကို ပိုသဘောကျသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးဘုန်းလတ်က မီးဖိုခန်းသို့ လိုက်ပါလာပြီး ...

"ထမင်းအိုးတော့ ဟိုမှာ ဖေဖေ တည်ပြီးပြီ"

"အို ... ဖေဖေကလည်း၊ သမီး လာမှ တည်မှာပေါ့လို့"

"ခါတိုင်းလည်း တစ်ခါတစ်ခါ ဖေဖေအားရင် အားသလို တည်နေကျပဲ သမီးရဲ့၊ သမီးတို့ကျောင်း Examတွေ ဘာတွေ ရှိလို့ တစ်ရက်နဲ့ Result အပြီးထုတ်ဖို့ သမီး နောက်ကျတယ်၊ အိုဗာတိုင်မ် ရှိတယ်ဆိုရင် ဖေဖေ ဟင်းပါချက်နေကျပဲ၊ ဘာဖြစ်တုံး သမီးရဲ့"

ဝေဆာသည် နာမည်ကြီး ပုဂ္ဂလိက အင်္ဂလိပ်စာသင်ကျောင်းကြီးတစ်ကျောင်းက ဆရာမလေးတစ်ယောက် ဖြစ်ပါသည်။

"ဟင် ... ဖေဖေကလည်း အဲဒါက အဲဒါပဲ"

"အခုက ဘာဖြစ်လို့လဲ"

"အခုက ယောက်ျားလေးမိတ်ဆွေမို့ သမီးက ဖေဖေ့ကို အားနာတာပါ ဖေဖေရဲ့"

သမီးရဲ့ ရှက်စနိုး မျက်နှာလေးကြောင့် ဦးဘုန်းလတ်မှာတော့ တစ်မျိုးကြီး ထူးခြားခံစားရတော့မှာလိုပင်။ သမီးမှာ





ဒါမျိုး တစ်ကြိမ်မှ မဖြစ်ဖူးခဲ့။ ဦးဘုန်းလတ်က လည်ချောင်းတစ်ချက်ရှင်းလိုက်ရင်း ...

"ယောက်ျားလေးမိတ်ဆွေ၊ ယောက်ျားလေးမိတ်ဆွေနဲ့ ယောက်ျားလေးမိတ်ဆွေ ဖြစ်တော့ကော ဘာဖြစ်တုံး သမီးရဲ့၊ ဘာလဲ ... သမီး ဆိုလိုတာက သမီးရဲ့ ချစ်သူလား"

ဦးဘုန်းလတ်က ပွင့်ပွင့်လင်းလင်းပဲ မေးလိုက်ပါသည်။ ဒီလိုဆိုတော့ သမီးရဲ့ နှာခေါင်းလေးက ခပ်ရှက်ရှက်နှင့် ရှုံ့သွားကာ ...

"ဟာ ... အဲလိုကြီးတော့လည်း မဟုတ်သေးပါဘူး ဖေဖေရဲ့၊ သမီးက အဲသလို အဖြေပေးတော့မယ်ဆိုရင်တော့ ဖေဖေ့ကို ကြိုပြော ကြိုတိုင်ပင်ဦးမှာပါ"

"ဒါဖြင့် ခုဟာက အဲလို အဖြေပေးတော့မှာမို့လို့ ဖေဖေ့ကို ကြိုပြောတဲ့ သဘောပဲလား"

"အဲသလိုကြီးလည်း မဟုတ်သေးဘူး ဖေဖေ"

ဝေဆာက ဘူးထဲက အစားအသောက်တွေကိုလက်ကိုင်နှင့် အိုးပြားလေးထဲထည့်၊ မီးဖိုပေါ် တင်နွှေးပြီး ဒန်းကန်ပြား



www.burmeseclassic.com

www.burmeseclassic.com



ထဲ ထည့်ပြင်။ အကျီပင် မလဲသေးဘဲ တစ်ခုပြီးတစ်ခု ဆက်တိုက် လုပ်နေရင်းက ...

"သမီး မပြောတတ်ဘူး ဖေဖေရဲ့၊ သူ့ကို လက်ခံမယ်၊ ခေါင်းညိတ်မယ်လည်း အတိအကျ မဟုတ်သေးဘူး၊ ဒါပေမဲ့ သမီး စဉ်းတော့စဉ်းစားနေတယ်၊ လက်ခံချင်တဲ့ သဘော ထားလည်း ရှိတယ်၊ မသိဘူး၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး သမီး အိတ်စ်ပီးရီးယင့်စ်လည်း မရှိဘူး၊ သိပ်နားမလည်ဘူး ဖြစ်နေတယ်၊ သူ့ကို သဘောလည်းကျတယ်၊ အခုဟာက တော့ သူကလည်း တောင်းဆိုနေတယ်၊ အိမ်ကို လာလည် ပါရစေ၊ ဖေဖေနဲ့လည်း ခင်မင်ပါရစေ၊ တွေ့ဖူးပါရစေ ဆိုတာကို လက်ခံခွင့်ပြုလိုက်တဲ့ သဘောပဲ"

ဦးဘုန်းလတ်က သမီးဖြစ်သူကို ခေါင်းတညိတ်ညိတ် နှင့်ကြည့်ရင်း ...

"ငါ့သမီးကို မေတ္တာရှိတယ်၊ ပရိုပို့စ် လုပ်တယ်ဆိုတဲ့ သူတွေကတော့ ဒီတစ်ယောက်တည်း က,မှာမဟုတ်ဘူး ထင်ပါရဲ့"





"ဘယ်သူ့ကိုမှ သမီး သိပ်စိတ်မဝင်စားဘူး ဖေဖေ၊ ချစ် လည်း မချစ်နိုင်ပါဘူး"

"ဒီတစ်ယောက်ကိုတော့ ချစ်တယ် စိတ်ဝင်စားတယ်လား"

"သူက တော်တယ် ဖေဖေရဲ့"

မေးခွန်းနှင့် မဆီလျော်တဲ့ အဖြေတစ်ခုကို သမီးက ခပ်သွက်သွက် ပြန်ပေးသည်။ ဦးဘုန်းလတ်က ခေါင်းတညိတ်ညိတ် နှင့်ပင် ...

"ဘယ်နှနာရီလောက် ချိန်းထားလဲ သမီး"

"ခြောက်နာရီအတိ ဖေဖေ"

"အေး ... အေး"

ဟင်းတွေ နွေးပြီး စားပွဲပေါ် ပြင်ဆင်ပြီးလျှင်တော့ ဆာသာသည် ရှောက်ချိုသီးတွေ ဖျော်ကာ ဖျော်ရည်ကို ဖရစ်ချ်ထဲ အသင့်ထည့်အေးထားခြင်း၊ ဖရဲသီးတစ်စိတ်၊ ပန်းသီးတစ်လုံးနှင့် သစ်သီးကြီးကြီး အနည်းငယ်ကို ပန်းကန်တွင် လှပအောင် ပြင်ဆင်ခွဲစိတ်ထည့်ကာ ခက်ရင်းသေးသေးများ အဆင်သင့် ထိုးထားခြင်း စသဖြင့် ကြိုကြိုတင်တင် စီမံလုပ်ကိုင်နေပြီးလျှင် ချေ အခန်းထဲဝင်သွား၍ ရေချိုး၊ အဝတ်လဲနေတော့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဦးဘုန်းလတ်ကား သမီးက တော်သည်ဆိုတဲ့ လူရွယ်ကို စိတ်ဝင်စားမိခြင်းနှင့် ဘာကိုမှ မယ်မယ်ရရ မလုပ်နိုင်တော့ဆေ။ ဟိုလျှောက်ဒီလျှောက် ဝရံတာ ထွက်ရပ်နှင့် မကြာခင် ရင်ဆိုင်ရမည့် ကိုယ် အကြောင်းမသိသေးသူ တစ်ယောက်အတွက် အနည်းငယ် စိတ်လှုပ်ရှားနေပါသည်။

သမီး မေမေ ဆုံးတာ ငါးနှစ် ရှိပြီ။ သမီး ဘွဲ့ရတဲ့နှစ်မှာပဲ ကွယ်လွန်ခဲ့တာ ဖြစ်ပါသည်။ ဦးဘုန်းလတ်ဟာ သမီးရဲ့ မေမေ ဒေါ်ဝေဝေမွန်နှင့် အိမ်ထောင်မကျခင်ကတည်းကပင် နိုင်ငံခြားသင်္ဘောလိုင်းတစ်လိုင်းမှာ အရာရှိငယ်။ ဝေနှင့် အိမ်ထောင်ကျတော့ အသက်ဆုံးဆယ်တွင်း ရှိပေပြီ။

အရင်က ကိုယ့်ဌာနေမှာ ပြန်နားလှ တစ်လနှစ်လ ဖြစ်သော်လည်း ဝေနှင့် အိမ်ထောင်ကျပြီးနောက်တော့ နှစ်နှစ် လောက်ထွက်၊ နားလျှင် တစ်နှစ်လောက် ပြန်နား။ ဤသို့ဖြင့် မိသားစုနှင့်နေချိန်လေး ယူရသည်။

နဂိုကတည်းက ပွန်းချီဝါသနာပါလှသူမို့ ငယ်ငယ်ကလည်းဆွဲ၊ သင်္ဘောပေါ်ရောက်လည်းဆွဲ၊ အိမ်မှာပြန်နားလည်း ဆွဲ။ အသက်ငါးဆယ့်ငါးနှစ်ပြည့်လျှင် ကိုယ့်တိုင်းပြည်ပဲ ကို





ပြန်အခြေချနေထိုင်ပြီး မိသားစုနှင့်ပဲ အေးအေးချမ်းချမ်းလေး အချိန်ပေးနေထိုင်ကာ ပန်းချီလေးပဲ အေးအေးလူလူ ဆွဲတော့မည်လို့ ကြံရွယ်ထားခဲ့ပါသည်။

ငွေလည်း အတော်ရှာပြီးပြီ။ ဒီကြားထဲ ရာထူးအဆင့်ဆင့် တိုးကာ ချိဖ်လည်း ဖြစ်နေပြီ။ စုမိဆောင်းမိလည်း ရှိပါပြီ။ ငါးဆယ့်ငါးနှစ်ထိကတော့ ကိုယ့်ကိုယ်ကိုယ် ကျန်းမာသန်စွမ်းဦးမှာ သေချာနေကာ အဲဒီအသက်ကျမှ နားမည်လို့ ရည်ရွယ်ထားခဲ့သည်။

ဝေ သားအိမ်ကင်ဆာနှင့် ကွယ်လွန်တော့ သူ့အသက် ငါးဆယ်သာ ရှိသေးသည်။ ဘွဲ့ရပြီးစ အပျိုရွယ်သမီးလေးတစ်ယောက်တည်းသာ ကျန်ရစ်တာမို့ သူ့အသက်ငါးဆယ်မှာပဲ သင်္ဘောပေါ်က ဘဝကို အဆုံးသတ်လိုက်ပါတော့သည်။

သူ ဒီမှာပဲ အခြေချသည်။ စီးပွားရေးတွေ ဘာတွေလည်း မလုပ်ချင်တော့ပါ။ ခြံနှင့်တိုက်ကို နိုင်ငံခြားသား ငှားစားသည်။ ငွေပိုနှင့် ကွန်ဒိုတိုက်ခန်းကျယ်တစ်ခန်း ဝယ်ယူကာ သားအဖနှစ်ယောက် အေးအေးချမ်းချမ်း နေကြသည်။ သမီးက အင်္ဂလိပ်ကျောင်းမှာ အက်ဖ်အီးစီနှင့် လခရတဲ့ ဆရာမ။ သူကတော့ ပန်းချီသာ ဆွဲတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ခုခေတ်မှာ လက်ရာကောင်း လက်ရာသန့် ပန်းချီကားများ ဖန်တီးရေးဆွဲနေနိုင်ပါက ဝင်ငွေ မသေးပေ။ ငွေကြေးအတွက် ပန်းချီဆွဲနေတာ မဟုတ်ပေမဲ့ ပန်းချီဆွဲနေတဲ့အတွက် သူ ငွေကြေးရနေပါသည်။

သမီးဟာ ခုဆို အသက်အစိတ်ပြည့်ပြီးလို့ နှစ်ဆယ့်ခြောက်နှစ်ထဲမှာ။ ဆရာမ အလုပ်မျိုးလည်း လုပ်နေတာမို့ အထိုက်အလျောက် ရင့်ကျက်အရွယ်ရောက်နေပြီ။ အသက်အရွယ်ဟာလည်း ဒီမှာ ဒီမှာပဲ ရပ်တန့်နေမှာ မဟုတ်။

ဒီတော့ သမီးအရွယ်မလွန်မီ မဟိုင်းမီ အဖော်ရှာသည့်ကိစ္စမှာ သဘာဝကျပါသည်။ သမီးဟာ သွက်လက်ချက်ချာ ဉာဏ်ထက် ခေတ်မီဝင်ဆန့်တဲ့အပြင် ချောမောလှပကြော့ရှင်းသော ရုပ်ရည်ရူပကာလေးကိုလည်း ပိုင်ဆိုင်သေးသည်။

သမီးဟာ ခင်ပွန်းယောကျ်ားကောင်းတစ်ယောက် ရထိုက်သည့် သတို့သမီးလောင်းပင်။





ဉာဏ်ရည်သစ် ... တဲ့။

သမီး မိတ်ဆက်ပေးသော လူရွယ်ကို ဦးဘုန်းလတ်က ပြုံးရယ်လက်ကမ်း၍ လက်ဆွဲနှုတ်ဆက်လိုက်ကာ ...

"ထိုင်ပါ ... ထိုင်ပါ မောင်ဉာဏ်ရည်သစ်၊ အန်ကယ်လ်တို့က ဒီသားအဖနှစ်ယောက်တည်းဆိုတော့ သမီး မိတ်ဆွေက အန်ကယ့်လ် မိတ်ဆွေပဲပေါ့"

"ဟုတ်ကဲ့ အန်ကယ်လ်၊ ခုလို အန်ကယ့်လ် မိတ်ဆွေအဖြစ်ပါ လက်ခံတဲ့စကား ကြားရတာ ဂုဏ်ယူပါတယ်၊ ဝမ်းသာပါတယ်ခင်ဗျာ"

မြင်မြင်ချင်း အပေါ်ယံအမြင်၌ပင် ဉာဏ်ရည်သစ်ဆိုတဲ့ လူရွယ်ဟာ အမှတ်တစ်ရာပြည့် ပေးချင်စရာကောင်းလောက်အောင် သဘောကျစရာ ဖြစ်နေပါသည်။ ဖြူစင်သော အသားအရည်



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရည်က ခန့်ညားချောမောလျက် မျက်လုံး၊ မျက်ခုံး၊ အပြုံးများ၊ စကားအပြောအဆို၊ ကိုယ်ဟန်အမူအရာကအစ ရည်မွန်သန့်ပြန့်နေသည်။

မျက်လုံးများက စူးရှထက်မြက်ခြင်းနှင့် တွဲလျက် သိမ်မွေ့သော သဘောကိုပါ ဆောင်သည်။ နှာမည်နှင့် လိုက်ဖက်အောင် ဉာဏ်ပညာ အမြော်အမြင် ကျယ်ဝန်းမြင့်မားမည့်သဏ္ဌာန်လည်း ပြည့်ဝသည်။

ရုပ်လက်ရှည် ကွမ်းရိုးစင်း အဖြူပေါ် အညိုနုနှင့် ချောကလက်ရောင်မှောင်မှောင် ဘောင်းဘီရှည် ဝတ်ဆင်ထားပုံကလည်း လူကို ရှင်းသန့် အဆင့်မြင့်နေကာ လွန်လွန်ကဲကဲလည်း မရှိ။ ဆံပင်တိုတိုကို ညှပ်ထားပုံဟာ ခေတ်မီသော်လည်း လူရည်သန့် လူကြီးလူကောင်းပုံကိုလည်း တစ်ပြိုင်နက် ထွက်စေသည်။

ဝေဆာရဲ့ ဖခင်ဖြစ်သူအပေါ် ရှိသေကိုင်းညွတ်သော အမူအရာလည်း ရှိနေလျက် သူ့ကိုယ်သူ ယုံကြည်ချက် ရှိပုံကလည်း သူ့ကို ရှိုးတိုးရှန့်တန့် မရှိစေဘဲ ယဉ်ကျေးအဆင့်အတန်းမြင့်လို့သာနေတော့သည်။ အမြင်တစ်ခုမှာတော့ ဘယ်ဘက်က





ကြည့်ကြည့်လို့မှ အပြစ်အနာအဆာ မတွေ့ရနိုင်ဘဲ သဘောကျနှစ်ခြိုက်စရာသာ ဖြစ်နေပါသည်။

အင်း ... အင်း ... တော်လိုက်တဲ့ သမီး။ ရွေးတတ်တဲ့သမီး။ သူ့ဘေးမှာ ယှဉ်တွဲရမည့် အမျိုးသားကို လူတကာ တစ်ချက်ကြည့်လိုက်သည်နှင့် အထင်ကြီးလေးစားနှစ်လိုသွားနိုင်အောင်များ ရွေးထားတတ်လိုက်တာ။

"ကိုညဏ်က အမ်မ်ဘီဘီအက်စ်ဘွဲ့ရတစ်ယောက်ပါ ဖေဖေ"

"ဪ ..."

ဦးဘုန်းလတ် အံ့သြသွားရပြန်သည်။ ဆရာဝန်ပေါ့။

"ဒါပေမဲ့ ဆရာဝန်တော့ မလုပ်ဘူး"

"ဪ ... ဒါဖြင့် ဘာအလုပ် လုပ်သလဲကွယ့်"

"ကျွန်တော် ဘဝရပ်တည်ဖို့ အသက်မွေးဝမ်းကျောင်းအနေနဲ့ကတော့ ကလင်းနစ်တစ်ခု ဖွင့်ထားပါတယ် အန်ကယ်လ်"

"ဪ ... ဪ ... ဒါ ဆရာဝန်နဲ့ အပ်စပ်တဲ့လုပ်ငန်းမျိုးပါပဲ၊ စီးပွားရေးသဘောဆောင်ပေမဲ့လည်း စိတ်သဘောထားနဲ့ရင် ကုသိုလ်လည်းရ၊ ဝမ်းလည်းဝလုပ်ငန်းမျိုးပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုက်ကဲ့ အန်ကယ်လ်၊ ကိုယ်တိုင်တော့ ဆေးမကုဘူး၊ စီးပွားပဲ ကျိုးရှာမယ်ဆိုတဲ့ သဘောသက်သက်နဲ့တော့ ဒီဆေးခန်း ဖွင့်ထားတာ မဟုတ်ပါဘူး ခင်ဗျ၊ တိုင်းပြည်မှာ ဆေးကုနိုင်တဲ့ ဆရာဝန်ဦးရေက မများပါဘူး၊ ဒါကြောင့် ကျွန်တော်တစ်ယောက် ဆေးကုသမှုအပိုင်းက လျော့သွားလည်း ဘာမှ အကျိုးယုတ်မသွားဘူးဆိုပြီး အားနည်းနေတဲ့ အပိုင်းဘက်ကို ဝါသနာလည်း သန်တာနဲ့ ..."

"မောင်ဉာဏ်ရည်သစ်က ဘယ်ဘက်ကို ဝါသနာထက်သန်လို့လဲ"

"ကျွန်တော်တို့ဆီမှာ ရီဆာ့ချ်ပိုင်း၊ သုတေသနပိုင်းက အားနည်းသလားလို့ပါ အန်ကယ်၊ ခုလောလောဆယ်တော့ ကျွန်တော် ဆေးသုတေသနမှာ ကျွန်တော့်ဆရာကြီးတစ်ယောက်ရဲ့ လက်ထောက်အဖြစ်နဲ့ ဆရာကြီး သုတေသနပြုတဲ့ ပညာရပ်တွေမှာ ကူညီရင်း လေ့လာရင်း ပညာယူနေပါတယ်"

"ကြော် ..."





ဦးဘုန်းလတ်က ဉာဏ်ရည်သစ်ရဲ့ လေးနက်ထက်သန်သော မျက်လုံးများကို စူးစိုက်ကြည့်နေမိပါသည်။

"ကျွန်တော်က စာဖတ်အား မှတ်အားလည်း ကောင်းတော့ စာဆက်ကျက်ရမယ်ဆိုရင်လည်း အခက်အခဲ မရှိပါဘူး။ ဒါကြောင့် မိဘတွေကတော့ ယူကေ ထွက်ပြီး အမ်မ်အာစီပီ ယူမလား၊ အမေရိကား ထွက်ပြီး အမ်မ်ဒီ ဆက်တက်မလား၊ အားပေးကြပါတယ်"

"အင်း ..."

"ဒါပေမဲ့ အဲဒီဘက်ကို ထက်သန်ကြတဲ့ သူတွေက ဦးရေ များပါတယ် အန်ကယ်လ်"

"မှန်ပါတယ်"

"ရီဆာ့ချ် အပိုင်းအတွက်က လူတော်တွေ ဒီမှာ နည်းပါတယ်၊ ပြီးတော့ ဒီလုပ်ငန်းမျိုးက ရေရှည်လုပ်ငန်းမျိုး ဖြစ်ပြီး ဝင်ငွေမရှိဘဲ ငွေဝင်တဲ့အလုပ်မျိုးဆိုတော့ တော်ရုံတန်ရုံ လုပ်ဖို့ ဝန်လေးကြတာမျိုးလည်း ရှိပါတယ်။ စေတနာတို့ ဆန္ဒတို့ရှိတိုင်းလည်း တာရှည်စွန့်စားနစ်မြုပ်ဖို့ မလွယ်တဲ့ သဘောမျိုးရှိပါတယ် အန်ကယ်လ်"



www.burmeseclassic.com

www.burmeseclassic.com



"တဲဘ်ဘာပေါ့ မောင်ဉာဏ်ရည်သစ်"

"ကျွန်တော့်အဖို့တော့ ကလင်းနစ်ကရတဲ့ ဝင်ငွေက ရှိနေတော့ မခက်ခဲသလိုပဲ ဖြစ်နေလို့ လုပ်နိုင်တာပါ အန်ကယ်လ်၊ ဆရာကြီးကိုလည်း ကူညီရာရောက်၊ ကိုယ်တိုင်လည်း စိတ်ဝင်စား၊ လူသားတွေအတွက်ကော တိုင်းပြည်အတွက်ပါ အကျိုးရှိတဲ့အပြင် ကျွန်တော့်အတွက်လည်း ဗဟုသုတနဲ့ ပညာ အမြဲတိုးနေမယ့်လိုင်းမျိုး ဖြစ်လို့ပါ၊ ဘယ်ပညာရပ်မဆို ရပ်တန့်ပြီး ဆုံးနေတာမရှိဘဲ လေ့လာလေ ရှေ့ကို အသစ်အသစ်တွေ ထပ်သိရလေ မဟုတ်လား အန်ကယ်လ်၊ ကျွန်တော်က အမြဲတမ်း ပညာသစ်တွေ ထပ်သိခွင့်ရပြီး ဆည်းပူးနေချင်တာလည်းပါပါတယ်

ဝင်ငွေအတွက် ကလင်းနစ်ကတော့ ကျွန်တော် ခဏတစ်ဖြုတ်လောက် အချိန်ပေးရုံနဲ့ ဖြစ်ပါတယ်၊ သူ့ဟာသူ ရပ်တည်နိုင်ပါတယ်"

"အင်း ... ရည်ရွယ်ချက်က အင်မတန်ကောင်းပါတယ်ကွယ်၊ အန်ကယ်လ် ချီးကျူးပါတယ်"





ဉာဏ်ရည်သစ်က ဝေဆာ ကမ်းပေးသော ရှောက်ချိုရည်ဖန်ခွက်ကို လက်လှမ်းယူကာ 'သင့်ခ်ယူ'ဆိုရင်း တစ်ကျိုက်သောက်လိုက်ပါသည်။

"မိဘတွေကကော အင်န်ဆားဗစ်စ်ပဲလား"

"ဟုတ်ကဲ့။ ဖေဖေက (---)နိုင်ငံသံအမတ်ကြီးတာဝန် ထမ်းဆောင်နေပါတယ်၊ မေမေက ဖေဖေနဲ့အတူ လိုက်နေပါတယ် အန်ကယ်လ်၊ အစ်ကိုတစ်ယောက်က မိသားစုလိုက် စင်ကာပူမှာ နေတော့ ဒီမှာတော့ ကျွန်တော်တစ်ယောက်တည်းပါပဲ"

စကားဆက်ပြောနေသမျှ ဉာဏ်ရည်သစ်နှင့် ပတ်သက်၍ သိလာရသည့် အချက်အလက်မှန်သမျှဟာ အကောင်းချည်းသာဖြစ်နေသည်။ ချီးမွမ်းစရာ အမှတ်ပေးစရာတွေသာ ဖြစ်နေသည်။ မနှစ်မြို့စရာ အမှတ်လျှော့စရာရယ်လို့ တစ်ကွက်မှမတွေ့ရပေ။

ဦးဘုန်းလတ် ပန်းချီဆွဲတာကို ဝေဆာမှတစ်ဆင့် သိထား၍လည်း ဦးဘုန်းလတ်ရဲ့ ပန်းချီကားများကိုပါ ပန်းချီခန်းထဲ ဝင်ကြည့်၍ စိတ်ဝင်တစား ချီးမွမ်းပါသေးသည်။ ပန်းချီပညာ



www.burmeseclassic.com

www.burmeseclassic.com



နှင့် ပတ်သက်၍လည်း ကိုယ်တိုင် မဆွဲတတ်တာကလွဲ၍ အသုံးအနှုန်း၊ အခေါ်အဝေါ်၊ အယူအဆတွေ ဖတ်မှတ်လေ့လာထားဖူး၍ အကျအန ဆွေးနွေးနိုင်ပြန်သည်။

ဘယ်အကြောင်းအရာနှင့် ပတ်သက်ပြီးတော့ပဲ စကားစလိုက် စလိုက် ဉာဏ်ရည်သစ် မဆွေးနွေးနိုင်တာ လုံးဝ စိမ်းသက်တာ ရှိမနေပါ။ အဘက်ဘက်ကကို ဗဟုသုတတွေ ရှိတဲ့အပြင် အတွေးအခေါ် အယူအဆတွေကလည်း အိုင်ကျမြင့်တဲ့ ထက်မြက်သူပီပီ ရှေ့ပြေးကာ စမတ်ကျနေသည်။

ဒီနေရာမှာတော့ သူ့အယူအဆ နည်းနည်းလွဲနေပြီလို့ ရှာကြံအပြစ်ဆိုမယ်ဆိုရင်တောင် ရှာလို့ တွေ့မှာမဟုတ်။ ဉာဏ်ရည်သစ်ဟာ သူ့ကိုယ်သူ တော်အောင်သာမက ကောင်းအောင်လည်း နေတဲ့သူပင်။ လူတစ်ယောက်ရဲ့ ကိုယ်ကျင့်သိက္ခာ စာရိတ္တနှင့် ပတ်သက်၍လည်း စံပြုလို့ရလောက်အောင် ကောင်းတာကိုသာ ရှာဖွေကျင့်ကြံနေသူမျိုးဖြစ်သည်။

မကောင်းသော အပြုအမူဆိုလျှင် သူကိုယ်တိုင်လည်း ရှောင်ကျဉ်၍ သူတစ်ပါးကိုလည်း ရှောင်ကျဉ်ဆင်ခြင်နိုင်မှ အထင်





ကြီးမည့်သူမျိုးပင်။ ဆေးလိပ်၊ အရက် လုံးဝမသောက်။ လောင်းကစားမရှိ။ မိန်းမလိုက်စားဖို့ လုံးဝ ဝါသနာမပါဘဲ ရည်းစားတောင် ခုမှ တစ်ဦးတည်း ထားဖို့ စတင် ကြိုးစားနေတုန်းဖြစ်သည်။

'ကျွန်တော် ဒီလိုပါ၊ ဒီလိုပါ'ဟု သူ့ကိုယ်သူဖော် ကိုယ်ရည်သွေးနေတာ မဟုတ်ဘဲ၊ သူ့စကားထဲ၌ကို ရိပ်မိအောင် ပေါ်လွင်နေတာ ဖြစ်လေသည်။ ခံယူချက်၊ ရည်မှန်းချက်တို့ကို အမြင့်ဆုံး ထား၍ ထိုစံတို့နှင့် ကိုက်ညီအောင် စည်းစနစ်တကျ ကျင့်ကြံအားထုတ်နေထိုင်တတ်သူ သက်သက်ပင်။

ထမင်းဝိုင်း၌ သုံးဦး အတူစားသောက်ကြတော့လည်း ဦးဘုန်းလတ်ကို လူကြီးမို့ ဦးချကာ ဝေဆာ့ကို အမျိုးသမီးမို့ ဦးစားပေးသည်။ စားပုံသောက်ပုံ အဆင့်အတန်း မြင့်လှသည်။

ဦးဘုန်းလတ်ကား ဉာဏ်ရည်သစ်ကို ကြည့်ရင်း အကဲခတ်ရင်း သူကိုယ်တိုင်မှာပင် မောလှလာသည်။ သူသာ အသားယူ လိမ်ညာဟန်ဆောင်နေတာ မဟုတ်လျှင် (လိမ်ညာဟန်

www.burmeseclassic.com



ဆောင်နေပုံလည်း လုံးဝ မရပါ)သူဟာ ဘက်စုံမှာ စင်းလုံးချော ထူးချွန်သော၊ တော်သော၊ ထက်မြက်သော၊ လိမ္မာသော၊ ယဉ်ကျေးသော၊ အဆင့်မြင့်သော၊ သဘောထား ပြည့်ဝသော၊ အားကိုးထိုက်သော လူချွန်လူကောင်းတစ်ဦး ဖြစ်ပေသည်။

ရှစ်နာရီအတိမှာ သူ့ဆရာကြီး အိမ်သွားဖို့ ချိန်းဆိုထားချက်ရှိ၍ ဥာဏ်ရည်သစ်က နှုတ်ဆက်ပြန်ပါသည်။ ဦးဘုန်းလတ်သည် တီဗီရီမုတ်ကိုင်ကာ စလောင်းက ဘောလုံးပွဲ ချယ်နယ်လ်တစ်ခုကို ဖွင့်ကြည့်နေဆဲ ဝေဆာကတော့ ထမင်းပွဲသိမ်းကာ ဆေးကြောရှင်းလင်းနေပါသည်။

ဥာဏ်ရည်သစ်သာ ဆိုရင်တော့ ဒီလို အားအားလျားလျား ဘောလုံးပွဲကို အချိန်ပေး ထိုင်ကြည့်နေပါ့မလား၊ ဦးဘုန်းလတ်က တွေးနေမိဆဲ ဘေးကို ဝေဆာက ဝင်ထိုင်လိုက်ပါသည်။

"ဖေဖေ Funniest Videoကြည့်ရအောင်၊ လာနေပြီ ဖေဖေနော်"

"ကြည့် ... ကြည့်"





ဝေဆာက ချယ်နယ်လ် ပြောင်းလိုက်၍ သားအဖနှစ်ယောက်သား ရယ်စရာဟာသတွေကို ရွေးရိုက်ထားသည့် အစီအစဉ်ကို အတူကြည့်ကာ တဟားဟား ရယ်နေမိကြပါသည်။ ခုမှပဲ စိတ်လွတ်လပ်ပေါ့ပါးတော့တယ်။

အစီအစဉ်က တို၍ ခဏနှင့် ပြီးသွားသည်။ ဝေဆာက ဘောလုံးပွဲ ချယ်နယ်လ်ကို ပြန်ရွှေ့ပေးရင်း ...

"ဖေဖေ့ကို မေးရဦးမယ်"

"မေးစရာ မလိုပါဘူး သမီးရယ်။ ဒီလူငယ် အတော်တော်ပါတယ်"

ဝေဆာက ခပ်ဟားဟားကလေး ရယ်ရင်း ...

"ဖေဖေကလည်း သမီး ဒါမေးမလို့ မဟုတ်ပါဘူး၊ သူတော်တာ သမီး သိပြီးသားပါ"

"အင်း ... တော်တာမှ လူတစ်ယောက်နဲ့ မတူလောက်အောင်ကို သူဟာ Perfectဖြစ်နေတယ်၊ လူတစ်ယောက်ဟာ ပါဖက်ကို ဖြစ်မနေနိုင်ဘူး၊ သူက ဖြစ်နေတယ်၊ ဒါဟာ ..."

"ဘာဖြစ်သလဲ ဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



ဦးဘုန်းလတ် စကားရပ်နေ၍ ဝေဆာက ထောက်ပေး

သည်။

"ဘာဆက်ပြောရမယ်မသိလို့ ရပ်နေတာ သမီးရဲ့၊ အင်း...

ဘယ်လို ပြောရမယ်မှန်းတောင် မသိဘူး၊ သမီး သူ့ကို

သဘောကျသလား"

"ခုထိတော့...၊ ခုထိတော့ တွေ့ဖူးသမျှထဲမှာ သဘောအကျ

ဆုံးလို့ ဆိုပါစို့ ဖေဖေရယ်၊ အိမ်ထောင်တစ်ခု ပြုမယ်ဆိုရင်

တော့ ကိုယ့်အတွက် ယောကျ်ားကောင်း ယောကျ်ားတော်

ကိုပဲ ရွေးချယ်ချင်တာပေါ့"

"အဲဒါကြောင့် သမီးကို ချဉ်းကပ်တဲ့ အထဲက သူ့ကိုလည်း

တွေ့လိုက်ရော စံပြလူပဲဆိုပြီး သမီး လက်လွှတ်မပစ်ချင်

ဘူးနဲ့ တူတယ်"

"ဟုတ်မှာပဲ ဖေဖေ"

"သမီး သူ့ကို ချစ်သေးပုံတော့ မရဘူး"

"ဟုတ်တယ် ထင်တယ်"





"သူ ပြန်တဲ့အခါ ဖေဖေ့ဆီက ဘာမှတ်ချက်များ ကြားရမလဲ

ဆိုတဲ့ တထိတ်ထိတ် စိတ်လှုပ်ရှား မျှော်လင့်မှုမျိုးလည်း

သမီးဆီမှာ မတွေ့ရဘူး၊ သမီးပုံက တာဝန်ရှိတာတစ်ခု

လုပ်လိုက်ပြီးသလိုပဲ၊ ဖေဖေ့ကို ခေါ်ပြချင်တယ်၊ ပြတယ်၊

ပြီးပြီ၊ ဖေဖေ့ မျက်စိထဲ အပြစ်မတွေ့နိုင်ဘူးလို့လည်း

သမီး သိနေတယ်"

"ဟုတ်တယ် ဖေဖေ၊ အဲလို ဖြစ်နေတယ်"

ဦးဘုန်းလတ်က ဖြူစင်ပွင့်လင်းတဲ့ သမီးရဲ့ ခေါင်း

ကလေးကို တစ်ချက်နှစ်ချက် ပုတ်ပြီး ပြုံးနေမိသည်။

"ဖေဖေ သဘောကျလား"

"သဘောမကျစရာ တစ်ချက်မှမ ရှိဘဲ သမီးရဲ့"

"ဒါပေမဲ့ သဘောကျရဲ့လား"

"ဟား ဟား၊ ကောင်းတဲ့မေးခွန်းကွာ၊ ဟုတ်တယ် သမီး၊

ဖေဖေဟာ သူ ပြန်သွားမှပဲ ဟူးခနဲ သက်ပြင်းကြီး မှုတ်

ထုတ်ပြီး ပေါ့ပါးသွားသလို ဖြစ်သွားတယ်၊ ရှင်းရှင်းပြော

ရရင် အဘက်ဘက်က သိပ်တော် သိပ်ကောင်းနေတဲ့ လူ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ရှေ့မှာ ကိုယ့်ရဲ့ သူ့လောက်မတော်တဲ့ ချို့ယွင်းချက် တစ်ခုခု ဘယ်တော့ ပေါ်လွင်သွားမလဲဆို့ရင်မောလိုက်ရတာ သမီးရယ်၊ လူကြီးတန်မဲ့ ကိုယ့်စကား၊ ကိုယ့်အပြုအမူ တစ်ချက်တလေ အထင်မကြီးစရာ ပါသွားမှာစိုးရိမ်ပြီး သတိထား ဂရုစိုက်ဆက်ဆံနေရတဲ့အပေါ် မောနေတာ၊ လွတ်ကိုမလွတ်လပ်တော့ဘူး ...

သူက ဝမ်းတွင်းပါ တော်ကိုတော်၊ ကောင်းကိုကောင်းနေတာ၊ ကိုယ်က သူ့လောက် ဘယ်နည်းနဲ့မှ မတော်နိုင်၊ မကောင်းနိုင်တာ ကိုယ့်ဟာကိုယ် သိနေတော့ ကိုယ်ပဲ ညံ့နေသလိုလို၊ သူ စကားပြောနေနေသလောက် ကိုယ်က မယဉ်ကျေးမသိမ်မွေ့တာ ကိုယ့်ဟာကိုယ် သိနေတော့ ရှိုင်းဦးဟဲ့ ဆိုပြီး ကိုယ့်ပါးပဲ ကိုယ်ပြန်ရိုက်ရမလိုလို

" ဟား ဟား ဟား"

ဝေဆာက ဗိုက်လေး နှိပ်ပြီး ခါးလေး ကုန်းကာ လှန်ကာ ရယ်ပါသည်။

"ဖေဖေ စိတ်ညစ်သွားတာပေါ့ ဟား ဟား"





"အေးကွာ၊ ဘယ်လို ပြည့်စုံနေမှန်း မသိပါဘူး၊ ဖေဖေ့ တစ်သက် ဒီလောက်ပြည့်စုံ ထူးချွန်ကောင်းမွန်နေတဲ့ ယောက်ျားတစ်ယောက် တစ်ခါမှ မတွေ့ဖူးပါဘူး၊ ဘယ်တော့ ဘာအားနည်းချက် ပေါ်လာမလဲ စောင့်ကြည့်နေတာ ပြန်သာသွားတယ်၊ ဘာအားနည်းချက်မှ မတွေ့လိုက်ဘူး"

"ကိုညာဏ်က ရုပ်ရည်ကြောင့်ရော၊ အကျင့်စာရိတ္တကြောင့်ရော၊ ယဉ်ကျေးသိမ်မွေ့မှုကြောင့်ရော လူသိသိပ်များတာပဲ ဖေဖေ၊ အဲဒီအပြင် သူ ကြိုးစားတာ၊ တော်တာတွေကြောင့် လူကြီးသူမတွေကတောင် လေးစားကြတယ်"

"ဟုတ်မှာပဲလေ၊ ဖေဖေ ဘာမှ အပြစ်ပြောဖို့ မရှိဘူး သမီး၊ သဘောမကျတာ တစ်ချက်မှ မရှိဘူး၊ ရှေ့အဖို့က တော့ သမီးဘာသာသမီး ဆက်ဆုံးဖြတ်ဖို့ပဲ၊ ဒီလို လူ့ရွယ် တစ်ယောက်ရဲ့ မေတ္တာကို လက်ခံရတာတောင် သမီးမှာ ဂုဏ်ရှိသလို ဖြစ်နေတယ်"

"အဟင်း ... သမီးထက်သာတာကိုတောင် သူ ကြိုက်သင့် တယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့သမီးကလည်း တော်ပါတယ်၊ မိန်းမကောင်းလေးလည်း ဖြစ်တာပဲလေ၊ ဒါပေမဲ့ လူနဲ့တူအောင် ဖြစ်တာမျိုး၊ သူက လူနဲ့တောင် မတူချင်ဘူး"

"ဖေဖေ ခုနပြောတဲ့ စိတ်မောမှု စိတ်ကျဉ်းကျပ်မှုမျိုး သမီးလည်း တစ်ခါတလေကျရင် ခံစားရတယ် ဖေဖေ၊ သူ့ရှေ့မှာ သိက္ခာကျရမှာမျိုး ဖြစ်မှာ စိုးလိုက်ရတာ"

ဦးဘုန်းလတ်က သမီး ဖြစ်သူကို ပြုံးပြုံးကြီး စိုက်ကြည့်ရင်း ...

"ဒီကောင်လေးကို သမီး ခေါင်းပဲညိတ်ညိတ်၊ ခေါင်းပဲခါခါ၊ ဖေဖေ ဘာမှ မကန့်ကွက်ဘူး သမီး"

"ခေါင်းပဲခါခါ ... !"

"မှန်တယ်၊ ခေါင်းခါလိုက်လည်း ဖေဖေက သမီးကို အပြစ်မတင်ဘူး၊ ဒီလောက် လူတော်လူကောင်းကို ငြင်းရသလားလို့ ဖေဖေ မတွေးဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ သူနဲ့ လက်ထပ်ဖြစ်၊ တစ်သက်လုံး အတူနေဖြစ်ရင် ငါ့သမီး ခုအနေမှာ ပျော်ရွှင်စိတ်ချမ်းသာရသလောက် ချမ်းသာပါ့မလားလို့"





ဝေဆာက ခေါင်းလေးငုံ့ကာ ငိုင်ငေးနေသည်။

"သူ့ကို ရွေးချယ်ပြီးရင် သမီး တစ်သက်မှာလည်း အမှား ဆိုလို့ သေးသေးမွှားမွှား အမှားကလေးမျိုးတောင် မမှားမိအောင် နေပေတော့၊ ကဲ ... ဖြည်းဖြည်းစဉ်းစားပေါ့၊ ခုန သမီး ပြောမလို့ဟာ ဘာတုံး ..."

"နေ့လယ်က စာတိုက်က လာလို့ ဖေဖေ လက်ခံထားတဲ့တာ ဖိတ်စာလေ ဖေဖေ၊ နုထွေးရဲ့ မင်္ဂလာဆောင်ဖိတ်စာ၊ သူက မန္တလေးမှာ ဆောင်မှာ ဖေဖေရဲ့၊ သတို့သားရဲ့ အိမ်မှာပဲပေါ့၊ ခြံထဲမှာ ညှော်ခံမယ်"

"အင်း ..."

"အဲဒါ သမီး သွားရမလားလို့"

"သွားချင်သွားပေါ့ သမီးရဲ့၊ သမီးလည်း ကျောင်းတစ်ဖက်နဲ့ အကြာကြီး ခွင့်ရမှာမှ မဟုတ်တာ၊ အလွန်ဆုံး လေးငါးရက်ပေါ့"

"ဟုတ်တယ် ဖေဖေ၊ သမီးမှာလည်း ခွင့်ရှိနေတယ်၊ မင်္ဂလာဆောင်မတိုင်ခင် ကြိုသွားပြီး မင်္ဂလာဆောင်အပြီး



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ရက် ပြန်ပေါ့၊ အဲဒါ သွားချင်လို့၊ မိန်းကလေး သူငယ်ချင်းထဲက နုထွေးတစ်ယောက်ပဲ အရင်းနှီးဆုံး ရှိတာမို့လို့”

“သွားပါ သမီးရဲ့၊ တစ်ပတ်လောက်တော့ ဖေဖေဘာသာ ချက်စားမယ်၊ ဘာမှ မဖြစ်ဘူး၊ သွားသာသွား၊ ခရီးသွား ရတာ စိတ်အပြောင်းအလဲဖြစ်တယ်၊ စိတ်ပေါ့ပါးစေတယ်၊ သွားရင် ဘာနဲ့ သွားရမလဲ”

“နုထွေးစာထဲမှာ ရထားလက်မှတ် သူ စီစဉ်ပေးထားတယ် တဲ့၊ ဒီက တခြားသူ့သူငယ်ချင်းတချို့နဲ့ အတူသွားရမယ်”

“အဖော်လည်းရှိတော့ အဆင်ပြေတာပေါ့၊ သွားပါ သမီးရဲ့”





## ၂

ခြံကြီးထဲကို ကားကွေ့ဝင်လိုက်တာနဲ့ မွှေးအိကြိုင် လှောက်နေသည့် ရနံ့တို့က စေဆာ့ နှာခေါင်းထဲ တိုးဝင်လာသည်။ အောင်မလေး ... ဂျုံနံ့၊ ထောပတ်နံ့၊ ချိစ်နံ့၊ ချောကလက်နံ့၊ ကရင်မ်နံ့တွေ ရောပြွမ်းနေတဲ့ မုန့်နံ့တွေက ခေါင်းမူးလောက် အောင်ပင် မွှေးအီလှပါရဲ့။

ခြံထဲမှာ နှစ်ထပ်တိုက်ကြီးကြီးတစ်လုံး၊ မုန့်ဖုတ်တဲ့ နေရာဖြစ်နိုင်သည့် ဂိုဒေါင်သဏ္ဌာန် အဆောက်အအုံ ခပ်လတ်လတ် ကတစ်ခု။ ခြံရဲ့ စည်းရိုးမျက်နှာစာတန်း တစ်လျှောက်လုံးကိုတော့ မှန်ချပ်များနှင့် ဆောက်လုပ်ထားသော မုန့်ဆိုင်ခပ်လှလှတစ်ခု က နေရာယူထားပါသည်။

www.burmeseclassic.com



ဝေဆာကားဆင်ဝင်အောက်ထိ ကားကို မသွားဘဲ လမ်းခုလတ်မှာတင် ရပ်ကာ လက်ထဲက စာရွက်ခေါက်ကို ဖြန့်လိုက်ပါသည်။ နုထွေး ရေးပေးလိုက်တဲ့ စာလေး။ အောက်မှာ ဝေဆာ သွားဆက်သွယ်ရမည့်လူရဲ့ လိပ်စာ ရေးပေးလိုက်တာ

"မိုးသောက်၊

'That's My Favourite' မုန့်တိုက်။

ခြံ (----)၊ အင်းစိန်လမ်းမ၊ ကမာရွတ်။

Phone (------)

(------)"

ဖုန်းနံပါတ် ပါတာမို့ နေ့လယ်က နှစ်ခေါက်တောင်မှ ဝေဆာ ဖုန်းဆက်ပါရဲ့။ အပေါ်ဖုန်းနံပါတ်ဆက်တော့ 'ဆိုင်မှာပါ' တဲ့။ 'ဒါက အိမ်ပါ'တဲ့။ ဆိုင်နဲ့ အိမ်က ဒီလောက်ကပ်နေတာများ အောက်ဖုန်းကို ဆက်ကြည့်တော့ 'ကိုမိုးသောက် မုန့်ဖိုထဲ ရောက်နေပါတယ်'တဲ့။

ကဲ ... တော်ပြီ။ ညနေမှပဲ လိုက်သွားတော့မယ် ရယ်လို့ ထပ်မဆက်တော့ပါ။ ဒီ 'ကိုမိုးသောက်'ဆိုတဲ့ လူနဲ့လည်း





တွေ့ကိုတွေ့မှ ဖြစ်မှာလေ။ နုထွေးတို့များ စီစဉ်လိုက်တာ အပိုင်။ ဘာပဲဖြစ်ဖြစ် အတူခရီးမသွားကြခင် တွေ့ဖူးနှင့်တော့ ပိုကောင်းသည်။

အတူသွားရမှာ လေးယောက်လို့ နုထွေး စာမှာ ဆိုပေမဲ့ ဆက်သွယ်ဖို့ နာမည်၊ လိပ်စာ၊ ဖုန်းနံပါတ်တို့ကိုတော့ ဒီတစ်ယောက်ပဲ ပေးထားသည်။ ကျန်နှစ်ယောက်က ဘယ်သူတွေမှန်းမသိ။

ကိုမိုးသောက် ဆိုတာကရော ဘယ်သူလဲ။ တစ်ခါမှ မကြားဖူးသေး။ နုထွေးတို့ကတော့ အားဘိဘယ်ညာမကြည့်။ ရမ်းသန်းလုပ်ချမြဲ ထုံးစံအတိုင်း ကျန်သုံးယောက်ကို မသိရဘဲ ဆဆာမှာ အတူတွဲ၍ ခရီးသွားရလေတော့မည်။

"အစ်မ ... ဘာကိစ္စလဲ၊ ဒီနားက မုန့်ပို့တဲ့ကားကြီး အဝင် အထွက်ရှိတယ်၊ ဒီမှာ ကားရပ်လို့ မရဘူး အစ်မ"

လှည့်ကြည့်လိုက်တော့ ရှပ်ဖြူလက်တိုလေးနှင့် စတိုင်ဘောင်းဘီရှည်နက်ပြာ ဝတ်ထားသော ဝန်ထမ်းသဏ္ဌာန် လူရွယ်လေးတစ်ယောက်ကို တွေ့ရသည်။

www.burmeseclassic.com



“ဪ … တို့က လူတစ်ယောက်နဲ့ တွေ့ချင်လို့”

“ဘယ်သူနဲ့လဲ ခင်ဗျ”

“ကိုမိုးသောက်တဲ့၊ ဒီမှာ ရှိလား”

“ဪ … ဟုတ်၊ ရှိပါတယ်၊ အစ်မ ကားကို ပြန်ပတ်ထွက်ပြီး ဆိုင်ရှေ့ ပလက်ဖောင်းပဲ လာရပ်လိုက်ရင် ပိုအဆင်ပြေမယ်၊ ကိုမိုးသောက်ကလည်း ဆိုင်ထဲမှာပါပဲ”

“ဪ … ဒါဖြင့်လည်း ကောင်းပြီလေ၊ မင်းတို့ဆိုင်ရှေ့က ဆင်းဝယ်နေတဲ့ ကားတွေ ရပ်ထားတော့အတော်ဝေးဝေး ကျော်ရပ်ရတော့မှာ၊ ပြန်လျှောက်ရဦးမယ်”

ဝေဆာက မကြည်မလင်လေး ပြောမိသည်တွင် …

“အဟဲဟဲ … သိပ်တော့ ဝေးဝေးမရပ်ရပါဘူး အစ်မ၊ ကျွန်တော် ကားရပ်ဖို့ ကြည့်ပေးရမလား”

“နေပါစေ၊ အဆင်ပြေအောင် ရပ်လိုက်ပါ့မယ်”

ဝေဆာက ဆက်မောင်းဝင်သွားကာ ဂိုဒေါင်ရှေ့က ပတ်ထွက်ပြီး ဒပ်ဘယ်လ်ဂိတ် ခြံရဲ့ အထွက်ဂိတ်ပေါက်မှ ပြန်ထွက်ခဲ့ရကာ ကားသုံးစီးစာလောက် ကျော်သော နေရာလွတ်တစ်ခု၌ ဝင်ရပ်လိုက်ရပါသည်။





ကားကို သော့ပိတ်ဆင်းလျှောက်လာခဲ့သည်။ ဒီနားတစ်ဝိုက်မှာတော့ဖြင့် သူတို့ ‘That's My Favourite’ ရဲ့ မုန့်ရနံ့တွေချည်းပဲ ကြိုးစိုးယစ်မူးနေသည်။ ဗိုက်ဆာနေတဲ့သူ ရှူမိရင်တော့ သွားရည်ကျစရာပဲ။ ဗိုက်တင်းနေတဲ့လူ ရှူမိရင်တော့ အီနေအောက်သွားနိုင်သည်။

ဒီနားမှာ ဝေဆာ့တို့ ဟိုးငယ်ငယ်တုန်းကတည်းက မုန့်တိုက်တစ်ခုတော့ ရှိသား။ နာမည်က ဒီလိုမဟုတ်။ ပေါင်မုန့်နှင့် ပလိန်းကိတ်၊ အဆော့တာကီကိတ်လောက်ပဲ ရိုးရိုးရောင်းတဲ့ သာမန်ကိတ်မုန့်ဆိုင်။ လွန်ခဲ့တဲ့ နှစ်နှစ်၊ နှစ်နှစ်ခွဲ၊ သုံးနှစ်စသဖြင့်လောက်မှာမှ ဒီလိုနာမည်ပြောင်း ပုံပြောင်း၊ မုန့်သစ်တွေလည်း ထပ်မံတီထွင်၍ တင်ကာ လက်ရာအရသာပါ ပြောင်းသွား၍ လူကြိုက်များလာခဲ့ပါသည်။

နာမည်ကြီး မုန့်တိုက်တစ်ခု ဖြစ်လာကာ ပလာဇာတချို့မှာလည်း ဆိုင်ခန်းဖွင့်လာသည်။ တစ်မြို့လုံး တဖြည်းဖြည်း မုန့်ဆိုင်ငယ်များကိုလည်း ဖြန့်၍ တင်ရောင်းလာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



That's My Favourite ဆိုတဲ့ စာတန်း အပြာလွင်တောက်တောက်နှင့် မုန့်ဖုတ်သမားတစ်ယောက် လက်ညှိုးတစ်ချောင်းထောင်နေတဲ့ ရုပ်ပုံ ဆွဲထားသော မုန့်ပို့ကားများကိုလည်း တွေ့ဖူးလာပါသည်။ ဝေဆာကတော့ ကိတ်မုန့်တို့ ဘာတို့ကိုသာ မန်လောက်ပဲ ကြိုက်တတ်သော်လည်း ဖေဖေ့ကတော့ဖြင့် ဒီမုန့်တိုက်က Swiss roll ကို အတော်ကြိုက်လေရာ ရုံဖန်ရံခါ ဝေဆာ အပြင်က ဝယ်လာပေးရသည်။

ဒါပေမဲ့ မုန့်အရောင်းဆိုင်များမှသာ ဝယ်ယူပြီး ဒီပင်ရင်းမုန့်တိုက်ကိုတော့ လမ်းမသင့်၍ တစ်ကြိမ်မှ လာမဖူးပါ။ ဝေဆာ ဆိုင်ရဲ့ မှန်တံခါးကို တွန်းဖွင့်ဝင်လိုက်လျှင် ဆိုင်ထဲမှာ ခုနက ကားလာရှေ့နိုင်းတဲ့ ကောင်လေးကို မတွေ့။

ဝေဆာက မုန့်မှန်ဗီရိုရှိုးကေ့စ်တွေရှေ့ လျှောက်သွားပြီး တစ်နေရာမှာ ရပ်လိုက်လျှင် ...

"ဘာအလိုရှိပါသလဲ ခင်ဗျာ"

အရောင်းဝန်ထမ်းအားလုံး ယောကျ်ားလေးချည်းပင်။

"ကိုမိုးသောက်နဲ့ တွေ့ချင်လို့"





"မုန့်ဖိုထဲမှာပါခင်ဗျာ၊ ဘာကိစ္စရှိပါလဲ"

"ကိစ္စရှိလို့ပါ၊ ဖုန်းဆက်တော့လည်း ဆိုင်မှာ၊ မုန့်ဖိုမှာနဲ့ လွဲနေတယ်၊ ခုနကကားကို အထဲဝင်သွားတော့လည်း အပြင်ပြန်ထွက် မုန့်ဆိုင်ထဲမှာဆိုလို့"

"ဟုတ်ကဲ့ ... အခု မုန့်ဖိုထဲ ရောက်သွားလို့ပါခင်ဗျာ"

"ရောက်သွားရင်လည်း သွားခေါ်ပေါ့"

ဝေဆာက စိတ်မရှည်တော့သလို တုံးတိဆိုလျှင် ...

"ဟုတ်ကဲ့၊ ဒါဖြင့် ခဏနော်၊ ခဏလေး၊ ဒီမှာ ရောင်းနေတဲ့သူတွေ မနိုင်လို့၊ ဩော် ... ဟိုမှာ ... ဟိုမှာ လာပြီ"

ကောင်လေးစကားကြောင့် သူ လှမ်းကြည့်ရာကို ဝေဆာလည်း လှမ်းကြည့်လိုက်ပါသည်။ ဆိုင်ရဲ့ နောက်ပေါက်တစ်ခုထဲက ထွက်လာသော မုန့်ဖုတ်ဦးထုပ်ဖြူ၊ ဝတ်စုံဖြူရင်ဘတ်မှာ စည်းထားတဲ့ အေပရွန်အဖြူနှင့် လူတစ်ယောက်က ရောမမုန့်ဗန်းကြီးတစ်ခုကို လက်နှစ်ဖက်နှင့် ကိုင်မြှောက်ကာ ကောင်တာနောက် ဝင်လာကာ ...

"အိကလဲဗန်း ရောက်ပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်သော အသံကျယ်ကြီးနှင့် စားပွဲထိုးသံ ပါပါ အော်လိုက်လေသည်။

"ကိုမိုးသောက် ဒီမှာ ဧည့်သည်"

"ဧည့်သည် ... !"

သူက မုန့်ဗန်းကြီးကို ကောင်တာနောက်မှာ ချကာ မုန့်စင်တွေပေါ် စီတင်ဖို့ ပြင်နေရာမှ လှည့်ကြည့်သည်။ သူ့ကို လှမ်းစိုက်ကြည့်နေတဲ့ ဝေဆာ့ကိုလည်း မြင်သွားပါသည်။

မျက်လုံးများပါ သိမ့်သွားအောင် ပြုံးရင်း သူ့ရဲ့ လက်အိတ်ဖြူစွပ် လက်နှစ်ဖက်ကို ရင်ဘတ်က အေပရွန်မှာ သုတ်ခါကာ ....

"ဟုတ်ကဲ့ခင်ဗျာ"

"ရှင်က ကိုမိုးသောက်လား"

"ဟုတ်ကဲ့ခင်ဗျာ၊ မှန်ပါတယ်"

သူက ခပ်မြူးမြူး။ ဝေဆာ့မှာသာ နှုတ်ဆွံ့ ငါ့ကို ဘယ်လိုလူနဲ့ တစ်ရထားတည်း ခရီးသွားဖို့ စီစဉ်ပါလိမ့်လို့ အလိုမကျလေး မျက်မှောင်ကြွေးကုပ်ရသည်။





"ကျွန်မနာမည်တော့ ရှင် သိချင်မှသိမယ်၊ ကျွန်မ ဘုန်းဝေဆာလတ်ပါ"

"ခင်ဗျာ"

"ကျွန်မ ဘုန်းဝေဆာလတ်ပါ"

ကောင်တာနောက်မှာလည်း ရောင်းသူ ဆယ်ယောက် ဆက်မနည်း။ ကောင်တာရှေ့မှာလည်း ဝယ်သူအယောက်နှစ်ဆယ် ဆက်မနည်း။ မုန့်ထည့် မှန်ရှိုးကေ့စ်ကောင်တာ ရှည်ရှည်သာ သူတွေ ပြွတ်ခဲမနေတာ။

ဒါပေမဲ့ လူနှစ်ဆယ်လောက်ထဲမှ ...

"အီကလဲ ဆယ်ခုပေးပါ"

"ချောကလက်ကိတ် တစ်တုံး၊ ဆွစ်စ်ရိုးလ်တစ်လုံး"

"ကွတ်ကီးရိုးရိုး နှစ်ထုပ်၊ ချိစ်ကွတ်ကီးနှစ်ထုပ်"

"ထောပတ်ပေါင်မုန့်"

"မွေးနေ့ကိတ် အော်ဒါလုပ်ထားတာလေး မရတနာထိုက်စံ စာတန်းနဲ့၊ ယုန်ပုံ သုံးပေါင်ကိတ်မုန့်၊ ရော့ ဘောက်ချာ"

"နာနတ်သီးပိုင် ဘာစ်ခုပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



အဲသလို အသံတွေက တစ်ယောက်တစ်ပေါက် ဆူညံနေလေရာ တစ်ထောင့်ထွာလောက်ပဲ ခြားတဲ့ သူတို့နှစ်ယောက်ရဲ့ အပြန်အလှန် စကားသံဟာ မနည်းနားစိုက်နေရတဲ့အပြင် ဝေဆာ့မှာ ဘေးကလူတွေ တိုး၍ ဘယ်ဘက်ရွှေ့လိုက်၊ ညာဘက်ယိုင်လိုက် ဖြစ်နေပါသေးသည်။

ဝေဆာက စိတ်ရှုပ်စွာ အသံကို မြှင့်ရင်း ...

"ဒီမှာ ရှင် အပြင်ထွက်လာပြောလို့ မရဘူးလား"

"မလွယ်ဘူးခင်ဗျ၊ နောက်ကနေ တစ်ပတ်ကြီး လာရမယ်"

"ကျွတ် ... ခက်လိုက်တာ၊ ဒီမှာ ကျွန်မဟာ ဘုန်းဝေဆာလတ်"

"သြော် ... ဘုန်းဝေဆာလတ်၊ ဝေဆာဆိုတာ"

"ဟုတ်တယ်၊ ဟုတ်တယ်"

"သြော် ... နုထွေးနဲ့ ကျော်ဇင် ပြောထားပါတယ်၊ ခင်ဗျား လာမယ်ဆိုတာ၊ တွေ့ရတာ ဝမ်းသာပါတယ်"

သူက လက်အိတ်စွပ်လက်ကြီးကို ကျော်ကာ ရှေ့ထိုးထုတ်ပေးနေ၍ လက်ဆွဲနှုတ်ဆက်ဖို့ ရည်ရွယ်တာသိလျှင် ဝေဆာ





က ရှိုင်းရှင်လည်းရှိုင်း၊ ရှုံ့မဲ့လေးနှင့် သူ့လက်ကြီးကို လက်ဖျား ဆိပ်လေးနှင့် တွန်းထုတ်လိုက်ရင်း ...

"အရေးထဲ လက်ဆွဲနှုတ်ဆက်မနေပါနဲ့၊ ဈျတ် ... စကား ပြောလို့လည်း မရဘူး၊ ဒုက္ခပဲ"

"ခင်ဗျား ခဏစောင့်နိုင်လား"

"ဘယ်စောင့်နိုင်မလဲ ရှင့်"

ထိုစဉ် ...

"ကိုမိုးသောက် ဒိုးနတ်နှစ်ဗန်းလောက် ယူပေးပါဦး"

"ဟေ ..."

"ဒိုးနတ်နှစ်ဗန်း၊ သကြားတစ်ဗန်း၊ စတော်ဘယ်ရီတစ်ဗန်း ယူခဲ့"

ဤတွင် သူသည် ဝေဆာ့ကို အားတုံ့အားနာပြုံးနှင့် ဖူးထိပ် လက်ဖျားကပ် အလေးပြုပြကာ ...

"ခဏလေးဗျာ၊ ခဏလေး၊ ပြီးရင် ကျွန်တော် အပြင်ထွက် ခဲ့ပါ့မယ်"

"ကိုမိုးသောက် ဒိုးနတ် လိုပါတယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com



"အေး ပါကွာ၊ ရမယ်၊ ရမယ်"

သူ့အရပ်မြင့်ကြီးမှ အားမနာ သူ့ခါးလောက် ချာတိတ်ငယ်ရဲ့ စိတ်မရှည်သလို အသံအဆုံးမှာ သုတ်ခြေတင်ထွက်ပြေးသွားသော ထိုသူကို ဝေဆာက မျက်ခုံးလေးတွေပင့်၊ မျက်လုံးပြူးကျယ်ကာ ကြည့်ကျန်ရစ်သည်။

ဒီအတိုင်းဆိုရင် သူဟာ ဆိုင်ရှင် (သို့မဟုတ်) ဆိုင်ရှင့်တူသား စသဖြင့် မဖြစ်နိုင်ဘူးပေါ့။ တစ်ချက်။ အရောင်းကောင်လေးတွေ ဝတ်မထားတဲ့ ဦးထုပ်တွေ၊ အေပရွန်တွေ ဝတ်ထားသည်။ နှစ်အချက်။ ရောင်းတဲ့ကောင်လေးတွေက သူ့ကို ပြောရဲဆိုရဲ စိတ်မရှည်ရဲရှိသည်။

နေတွေး ... နေတွေး ...။

နင် ရွေးချယ်ပေးတဲ့ ငါ့ခရီးသွားဖော်က ဘာလဲ။ ဘယ်လိုဟာလဲ။ နေတွေး စာထဲမှာတော့ သူနဲ့လည်း ခင်တယ်၊ ကိုကျော်ဇင်နဲ့ သူငယ်ချင်းအရင်းလို့ ဆိုသည်။ ခဏစောင့်ရပြီးလျှင် ...





"လာပြီ ... လာပြီ ... သကြားဒိုးနတ်နဲ့ စတော်ဘယ်ရီဒိုးနတ်"

ပြောပြောဆိုဆို အသံကျယ်ကြီးနဲ့အတူ မိုးသောက်က ဆိုင်နောက်ဘက်မှ ပြန်ပေါ်လာသည်။ ဒီတစ်ခါ လက်တစ်ဖက်မှာ တစ်ဗန်းစီ။

"ဘာလိုသေးလဲ၊ ရှိပါသေးတယ်ကွာ၊ နော် ...၊ ငါ ခဏ ညွှန်သည် စကားပြောဦးမယ်၊ အရေးပေါ်လိုရင် တစ်ယောက်ခဏပြေးယူပေးလိုက်ပေါ့ကွာ"

မိုးသောက်က ပြောပြောဆိုဆို ဆိုင်နောက်ဘက်ထဲပြေးဝင်သွားကာ ခဏအကြာ ဆိုင်ရှေ့ပေါက်က ပြန်ဝင်လာသည်။

"ကဲ ..."

"ကျွန်မတို့ ပလက်ဖောင်းမှာပဲ ခဏထွက်ရပ်ပြောကြရအောင်လား၊ ရမလား"

"ရပါတယ်၊ ဒါပေမဲ့ ခဏလေး၊ ဟော့ ... ဗိုးကျော်၊ ဘူးတစ်ဘူးထဲ အိကလဲ၊ ဒိုးနတ် နည်းနည်းစီထည့်၊ ချိစ်ကိတ်နှစ်တုံး သတ်သတ်ထည့်၊ ပြီးတော့ ချောကလက်ပလိန်းကိတ်၊ ချိစ်ကွတ်ကီး သုံးထုပ်လောက်လည်းထည့်"



www.burmeseclassic.com

www.burmeseclassic.com



သူ ပြောသမျှ ကောင်တာနောက်က ကောင်လေးက လျှင်မြန်သွက်လက်သော လက်များဖြင့် စက်တပ်ထားသလို ထည့်သည်မှာ ချက်ချင်း မုန့်စီရီပေါ် တစ်ဘူးပြီးတစ်ဘူး၊ ကြွပ်ကြွပ်အိတ်အပြာနုတို့ဖြင့် ရောက်လာသည်။

"ရော့ ... မဝေဆာ"

"ဟင် ..."

အလုပ်ရှုပ်နေရပြန်ပြီလို့ မကြည်မသာလေး ဖြစ်နေသော ဝေဆာက သူ့ကို ပေးဖို့လို့ လုံးဝမထင်ထားတာပါ။

"ရော့ ..."

"အို ... ဘာလုပ်ဖို့လဲ"

"ဩော် ... မုန့်ပဲဗျာ၊ စားဖို့ပေါ့"

"ဟယ် ... နေပါစေ ... ဟင့်အင်း"

"ယူပါဗျာ၊ မိတ်ဆွေသစ်ဖြစ်ရတဲ့ အထိမ်းအမှတ်၊ အတူ ခရီးသွားကြရမဲ့ သူချင်းပဲ၊ ရင်းရင်းနှီးနှီး သဘောထားပါ ရော့ပါ၊ ဘာကြိုက်မှန်း မသိတော့ စုံစုံလေး"

"အို ... ကျွန်မက ဖေဖေနဲ့ နှစ်ယောက်တည်း၊ မုန့်တွေက အများကြီးပဲ၊ မကုန်နိုင်ပါဘူး၊ ဟို ... တစ်ဘူးလောက်ပဲ"





"အို ... ကုန်ပါတယ်၊ သုံး၊လေးရက် ထားလို့ရတယ်၊ ခင်ဗျား အဖေကကော ဘာကြိုက်တတ်လဲဟင်"

ရယ်မြူးရွှင်လက်ကာ ဖော်ရွေနူးညံ့လှတဲ့ သူ့မျက်လုံးထဲက အရိပ်အယောင်က ခင်မင်ဖို့ကောင်းလှသည်နှင့် ဝေဆာက ငြင်းတော့ဘဲ ပြုံးတုံ့တုံ့နှင့်ပင် ...

"ဟို ... ဖေဖေကတော့ ဒီဆိုင်က ဆွစ်စ်ရိုးလ် ကြိုက်တယ်"

"ဆွစ်စ်ရိုးလ် နှစ်ခုဟေ့"

"အာ ... တစ်ခုပဲ တော်ပါပြီ"

"ကြိုက်တဲ့ဟာ များများယူသွားပေါ့၊ ဒီလို အမြဲလက်ဆောင်ပေးဖို့ ကြုံနေမှာမှ မဟုတ်တာ"

နှစ်ယောက်သား ပလက်ဖောင်းပေါ်အထွက်တွင် သူ့လက်၌ သူတို့ဆိုင်နာမည်ပါ ကြွပ်ကြွပ်အိတ်ပြာတောက်တောက်ဆွဲ လေးငါးအိတ်တောင်မှပင်။ အင်း ... ဟိုဘက်ဘေးခန်းက အန်ကယ်လ်စိုးနှင့် ဂျစ်ဂျစ်တို့ မြေးအဘိုးကိုပါ လက်ဆောင်ခွဲပေးဖြစ်မည်။



www.burmeseclassic.com

www.burmeseclassic.com



ပလက်ဖောင်းပေါ်၌ မုန့်ဖုတ်အဝတ်အစားကြီးနှင့် မိုးသောက်ကို လူတချို့က ပြုံးစိစိ ကြည့်သွားသည်။ ဦးထုပ်ဖြူ ဟာ အပေါ်မှာ အတွန့်အပွင့်နှင့် ပုံစံက ရယ်ရပါသည်။

"ရှင်က ဒီမုန့်တိုက်မှာ ... ဟို ... ဘာလဲဟင်"

ဝေဆာက သိချင်တာကို ဘွင်းဘွင်းပဲ မေးချလိုက်သည်။

"ကျွန်တော်က မုန့်ဖုတ်သမားလေ၊ ဘေကာပေါ့ ... အဟင်း"

သူကလည်း မဆိုင်းမတွ သွက်လက်စွာပဲ ပြန်ပြောလိုက်ပါသည်။ ဪ ... သူက မုန့်ဖုတ်သမား။ ပညာရပ်တစ်ခုရဲ့ ပညာရှင်တော့ ပညာရှင်ပေါ့။ ဒါပေမဲ့ သူ့ကို ဒီအဆင့်ထက် ပိုပါစေလို့ မေးမေးချင်းပဲ ဆုတောင်းလိုက်တာ။ မပြည့်တော့ဘူး။

မုန့်ဖုတ်သမားထက်စာရင် မုန့်တိုက်ပိုင်ရှင် သူဌေးနဲ့ပဲ ပေါင်းချင်လို့တော့ မဟုတ်ရပါ။ လျှပ်တစ်ပြက် ခင်မင်ဖို့ကောင်းနေတဲ့ မိတ်ဆွေသစ်ကို ဒီထက်အဆင့်မြင့်စေချင်တဲ့ စေတနာပါ။





ဝေဆာက မိုးသောက်ကို သန့်ရှင်းရင်းနှီးစွာပင် မြှုံးပြလိုက်ရင်းက ...

"ဒါနဲ့ ... နတ္ထေးတို့ ဘယ်လိုပြောလဲရှင်"

"ဖိန်းနွဲခါ ညရထားနဲ့ ကျွန်တော်တို့ ထွက်မယ်လေ"

"လေးယောက်လို့ ပြောတယ်"

"ဟုတ်တယ် လေးယောက်၊ ရစ်ကီနဲ့ အေမီလည်း ပါတယ်"

"ရစ်ကီနဲ့ အေမီ ... !"

"ဟုတ်တယ်၊ သူတို့က လင်မယား၊ ဟို ... ဇနီးမောင်နှံ၊ ပြီးတော့ ကျွန်တော်ရယ်၊ ခင်ဗျားရယ်၊ ညရထားမို့ ကျော်ဇင်တို့က အိပ်ခန်းတွဲ ယူပေးထားတယ်"

"ဟင် ... ကျွန်မက တစ်ယောက်နဲ့မှလည်း မသိဘူး"

"အေမီကို သိမယ် ထင်တယ်၊ နတ္ထေးကတော့ သိသလိုလို ပြောတယ်၊ မြန်မာနာမည် ရှိသေးတယ်၊ အင်း ... ဇာဇာ၊ အဲ ... ဇာခြည်ဝင်း၊ အဲ ... အဲ ... ဇာခြည်နှင်း ... ဇာခြည်နှင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဪ ... ဇာခြည်နှင်း၊ သိတယ်၊ သိပြီ၊ နဲ့ထွေးနဲ့တော့ အဆောင်သူတွေမို့ တက္ကသိုလ်တုန်းက ပိုရင်းနှီးကြတာ၊ ကျွန်မနဲ့က နည်းနည်းတော့ ခင်ပါတယ်၊ ဪ ... ဇာခြည်နှင်းပါတော့ တော်ပါသေးရဲ့၊ ကျွန်မက တစ်ယောက်မှ မသိတဲ့ သုံးယောက်တွဲအုပ်စုနဲ့ အတူသွားရမှာလားလို့"

"သွားရတော့ ဘာဖြစ်လို့လဲဗျာ၊ ခုပဲ ခင်ဗျားနဲ့ ကျွန်တော်တ သိနေပြီလေ"

"သိရုံကလေးဟာကို"

"ဪ ... တခြားဘာလိုသေးလို့လဲ"

သူက ရိုးရိုးသားသားပင် မသိသလို ပြုံး၍ မေးသည်။

"လိုတယ်တော့ မဟုတ်ဘူးပေါ့ရှင်၊ မသိတဲ့ သူနဲ့စာရင် ရင်းနှီးတဲ့သူနဲ့ သွားချင်တာပေါ့၊ အဲဒီတော့ ဟို ... ရထား လက်မှတ်တို့ဘာတို့က ဘယ်လိုလဲ၊ ကျွန်မက ဘာလုပ်ဖို့ လိုသေးလဲ"

"ရထားလက်မှတ်က နှုတ်အားဖြင့်တော့ ကျော်ဇင် ပြော ထားပြီ၊ အိပ်ခန်းတွဲ စီစဉ်ပေးဖို့ သူ့ဦးလေး မီးရထားအရာရှိ





ကို ပြောပြီးပြီတဲ့၊ လက်မှတ်ဝယ်ဖို့တော့ အခုပဲ ခင်ဗျား မှတ်ပုံတင်ကို ကျွန်တော့်ကို ယုံယုံကြည်ကြည်နဲ့ ပေးထားခဲ့ ပေတော့၊ မပေးခဲ့ချင်ရင်တော့ လက်မှတ်ဝယ်ဖို့ ထပ်ချိန်း တွေ့နေကြရမယ်၊ ပေးခဲ့ရင်တော့ လက်မှတ်ဝယ်ထားပြီး ရထားပေါ်ကျမှပဲ ခင်ဗျား မှတ်ပုံတင် ပြန်ပေးတော့မယ်"

ဝေဆာက တစ်ခဏ စဉ်းစားလိုက်ကာ ခေါင်းလေး ဆတ်ပြီး သူ့ကို စေ့စေ့ကြည့်၍ မှတ်ပုံတင်ကို ယုံယုံကြည်ကြည်ပဲ ဆုတ်ပေးလိုက်ပါသည်။

"လက်မှတ်ဖိုးကိုရော"

"ဒါက ကျော်ဇင် ပေးတာ၊ သူတို့က စရိတ်ခံပြီး ခေါ်ချင် လို့တဲ့"

"ဒါဖြင့် ပြီးပြီပေါ့"

"ပြီးပြီ၊ ဖိန်းနဲ့ခါကျရင် ခင်ဗျား ခရီးဆောင်အိတ်နဲ့ ရန်ကုန်မန္တလေးအဆန်ရထားရှိရာကိုသာ တန်းလာခဲ့တော့"

"ဟုတ်ကဲ့၊ ဒါဖြင့် ကျွန်မ သွားမယ်"

"ရော့လေဗျာ၊ မုန့်တွေ ယူပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ပေးတာတွေ တကယ့်ကို များတယ်၊ အဲဒီနေ့ထိတောင် ကုန်မှာ မဟုတ်ဘူး၊ အဲဒီနေ့ ကျွန်မ သွားရင်လည်း ဖေဖေတစ်ယောက်တည်း ကျန်ခဲ့မှာ"

"သိပ်ပိုနေရင်လည်း အိမ်နားနီးချင်း လက်ဆောင်ပေးရတာပေါ့ဗျာ၊ ကျွန်တော်က မိတ်ဖြစ်ဆွေဖြစ် မိတ်သစ်ဆွေသစ် အထိမ်းအမှတ်နဲ့ပါ၊ ပြီးတော့ ကိုယ့်လက်ရာ ကိုယ်လုပ်တဲ့ မုန့်မို့ ဂုဏ်ယူစွာနဲ့ လက်ဆောင်ပေးတာပါ"

"ဒါ ... ရှင် လုပ်တဲ့ မုန့်တွေပေါ့နော်"

"ဟုတ်ပါတယ်"

"အင် ... ဒါနဲ့ ရှင် ခရီးသွားတော့ ဘယ်သူ မုန့်ဖုတ်မလဲဟင်"

ဆံပင်လေး တလွှင့်လွှင့်နှင့် တကယ်ကို စိတ်ဝင်တစား သိချင်ပုံ မေးနေတဲ့ ဝေဆာ့ကို မိုးသောက်က ပြုံးကြည့်ရင်း ...

"အချိုးအဆနဲ့ အတိအကျ သင်ထားတဲ့ လက်ထောက်တပည့်တွေ ရှိတာပေါ့ဗျာ"





## ၃

ဖေဖေက မလှမ်းမကမ်းမှ သုံးယောက်ကို သူ့သမီးနှင့် ခရီးအတူသွားမည့် သူတွေရယ်လို့ အကဲခတ်ကြည့်နေပါသည်။

"ဖေဖေ ဒါက မန္တလေးက နှုတ်ထွေးလိပ်စာနဲ့ ဖုန်းနံပါတ်၊ သမီး ဖုန်းဆက်မှာပါ၊ လိုလိုမယ်မယ်ပေါ့၊ ဒါက That's My Favourite ရဲ့ လိပ်စာနဲ့ ဖုန်းနံပါတ်၊ မလိုအပ်နိုင်ပါဘူး၊ ဒါပေမဲ့ လိုလိုမလိုလို ပေးခဲ့တာ၊ ဟိုနေ့က မုန့်တွေ ပေးလိုက်တဲ့သူလေ၊ ကိုမိုးသောက်ဆိုတာ၊ ဟို ... တီရှပ် မီးခိုးရောင်နဲ့ လူပေါ့"

"အေး ... အေး"



www.burmeseclassic.com

www.burmeseclassic.com



ဘူတာရုံကို ဖေဖေသာ လိုက်ပို့တာ။ မိုးသောက်က လည်း ယောက်ျားလေးမို့ လိုက်ပို့သူ မပါ။ ဓာခြည်တို့ကလည်း လင်မယားနှစ်ယောက်မို့ ဘယ်သူမှ လိုက်မပို့ကြတော့။

မိုးသောက်သည် ခေါင်းက မုန့်ဖုတ်ဦးထုပ်ကြီး မပါဘဲ ဒုတိယအကြိမ် မြင်ရတဲ့အခါတွင် ဆံပင်တွေ တချို့ နဖူးပေါ် ခပ်ဝဲဝဲ စင်းကျနေသည်။ ဂျင်းဘောင်းဘီ၊ တီရှပ်မီးခိုးရောင်နှင့် လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါး။ ဟိုတစ်နေ့က မြင်ရတာနှင့် ကထက် ပိုပြီး ငယ်သွားတယ် ထင်ရသည်။

မိုးသောက်သည် ရစ်ကီဆိုသူနှင့် စကားပြောနေရင်း ဒီဘက်ကို အာရုံရောက်ကာ လှည့်တကြည့်ကြည့် ဖြစ်နေသည်။ သူ့စိတ်ထဲ ဖေဖေ့ကို လာနှုတ်ဆက်မိတ်ဖွဲ့ရင် ကောင်းမလား ချီတုံချတုံ ဖြစ်နေပုံပေါ်သည်။

ဝေဆာက သူ့ကိုရော ဓာခြည်နှင်းတို့ကိုပါ ခြံရှိ ပြုံးပြလိုက်တာမို့ ဓာခြည်နှင်းက အနားကို လှမ်းလာပါသည်။ မိုးသောက်နှင့် ရစ်ကီလည်း နောက်နားက မယောင်မလည် ကပ်ပြီး ဒီဘက်ကို လှမ်းလာသည်။





"ဖေဖေ ... ဒါက သမီး သူငယ်ချင်းပဲ၊ ဓာခြည်နှင်းတဲ့၊ တက္ကသိုလ်တုန်းကတော့ အိမ်ကိုတောင် နှစ်ခါသုံးခါ အလည်ပါလာဖူးတယ်၊ ဖေဖေ မရှိတော့ မဆုံဖူးကြဘူး"

"တွေ့ရတာ ဝမ်းသာပါတယ် အန်ကယ်လ်၊ ကျောင်းပြီး တော့ ဝေဆာနဲ့လည်း ဝေးနေကြလို့၊ သိပ်မတွေ့ဖြစ်ဘူး၊ သမီးကအိမ်ထောင်ကျပြီး ခုမှရန်ကုန် ပြန်ရောက်တာပါ"

"ဪ ' ... အေး ... အေး"

"ဒါက သမီး အမျိုးသားပါ၊ ကိုဝင်းမောင်လတ်ပါ၊ ရစ်ကီလို့ ခေါ်ကြပါတယ်၊ တေးသံသွင်းစတူဒီယို ဖွင့်ထားပါတယ်"

"ဪ ... ကောင်းတယ်၊ ကောင်းတယ်"

"သူက ကိုမိုးသောက်ဆိုတာ၊ သမီးအမျိုးသားရော၊ နွေးအမျိုးသား ကိုကျော်ဇင်နဲ့ရော သူငယ်ချင်းဟောင်းတွေပါ"

"ဪ ... အေး ... အေး၊ ဟိုတစ်နေ့က သမီး ပြောပြလို့ မောင်မိုးသောက်နာမည်တော့ ကြားဖူးပြီးပြီ၊ မုန့်တွေ လည်း စားရတယ်၊ ကျေးဇူးပဲကွာ၊ မောင်ရင်တို့ဆိက



www.burmeseclassic.com

www.burmeseclassic.com



ဆွစ်ဇာလန်ကတော့ တော်တော်ကောင်းတယ်၊ အန်ကယ်လ် ကြိုက်တယ်၊ မောင်ရင့်လက်ရာပဲလို့ ပြောတယ်"

"ဟုတ်ပါတယ် အန်ကယ်လ်၊ ကျေးဇူးတင်ပါတယ် အန်ကယ်လ်၊ နောက် အန်ကယ်လ် စားဖို့ ပို့ပေးပါဦးမယ်"

"မပို့ပါနဲ့ကွာ၊ တကူးတကနဲ့ များများလည်း မကုန်ပါဘူး တစ်လုံးဝယ်ရင် အန်ကယ်လ် နှစ်ရက်လောက်တော့ စားရတယ်၊ အဲဒီက မုန့်တွေက အချိုမပြင်းလို့ လူကြီးတွေနဲ့လည်း ကိုက်တယ်၊ မဆိုးဘူးကွ"

အဲဒီနောက်တော့ ပလက်ဖောင်းကို ရထားဝင်မလာသေးခင် ဖေဖေ၊ မိုးသောက်နှင့် ရစ်ကီက တစ်တွဲ၊ ဝေဆာနှင့် ဇာခြည်နှင်းကတစ်တွဲ၊ စကားလက်ဆုံကျနေပါသည်။ ရထားတွဲထိုး၍ ရထားပေါ် နေရာယူလို့ရသည်နှင့် ဖေဖေ ပြန်ပါသည်။

ပစ္စည်းတွေတင်တော့ ကိုရစ်ကီက သူ့မိန်းမ သယ်စရာမကျန်အောင် စုပုံသယ်ရင်း မိုးသောက်ကို ပြုံးစိစိ ရိသဲ့သဲ့နှင့် သူတို့ချင်းသာ ရိပ်မိလောက်ရုံ မျက်စပစ်ပြတာကို ဝေဆာကလည်း မြင်ဖြစ်အောင် မြင်လိုက်ပါသည်။ ဪ ... သူတို့က ဒီလိုလား။





ဝေဆာက အပြစ်မမြင်ပါ။ လမ်းခရီးမှာ၊ အုပ်စုထဲမှာ၊ အဖွဲ့မှာ လူပျိုနှင့်အပျို ပါလာပြီဆိုလျှင် ဒီလိုပဲ နောက်ပြောင်ကြိုစယ်လေ့ရှိတတ်တာ မထူးဆန်းပါဘူး။

ကိုရစ်ကီက ထိုသို့ လုပ်ပြလိုက်တော့ မိုးသောက်က ဝေဆာ့အိတ်ကို သယ်ပေးဖို့ လာယူသည်။

"ရပါတယ် ကိုမိုးသောက်"

"ပေးပါ၊ ပေးပါ ဝေဆာရဲ့"

အတင်းတောင်းနေတော့လည်း ကိုယ် အသယ်ရသက်သာတယ်ဆိုပြီး ဝေဆာက ပေးလိုက်တာပေါ့။ သယ်ပေရော့။ လေးယောက်အိပ်ခန်းတွဲက သိပ်မသားနားလွန်းသော်လည်း မဆိုးပါ။

အားလုံး တွဲပေါ်ရောက်ပြီးလျှင် မိုးသောက်သည် သူ ပါလာသော အဝတ်စုတ်တစ်စ ရေဆွတ် ရေညှစ်၍၊ ခုံတွေဘာတွေ အားလုံးကို လိုက်သုတ်သည်။ အဝတ်စုတ်စဆိုပေမဲ့ ဖြူဖြူစင်စင်ရှိတဲ့ အဝတ်စဟာ ခဏတွင်းချင်းပဲ ညစ်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရထားထွက်ခွာလာတဲ့အခါ ဝေဆာနှင့် ဓာခြည်နှင်းက မျက်နှာချင်းဆိုင်၊ ကိုရစ်ကီနှင့် ကိုမိုးသောက်က မျက်နှာချင်းဆိုင် တခြမ်းစီ ထိုင်လျက် လိုက်ပါလာကြသည်။ အပေါ်အိပ်စင်တွေက အသင့်ရှိကာ အောက်ဘက်ကတော့ ထိုင်နေတဲ့ ခုံတွေကို ဆွဲထုတ်ဖွင့်ခင်းလိုက်မှ ခုတင်လို ဖြစ်လာသည်။

ညကျ ဘယ်လိုနေရာယူ အိပ်ကြရမှာပါလိမ့်။ ဝေဆာသည် ငယ်ငယ်တုန်းကသာ ရထားစီး ခရီးသွားဖူးလျက် ခုတော့ ရထားမစီးဖြစ်တာလည်း ကြာပြီ။ ဒါ့အပြင် ခုလို ယောက်ျားလေးတွေပါ ပါဝင်ကာ အိပ်ခန်းတွဲနှင့် ခရီးမသွားဖူးပေ။

သူငယ်ချင်းတွေနှင့်တစ်ခါ၊ ကျောင်းက အုပ်စုနှင့်တစ်ခါ ချောင်းသာ သွားတုန်းကလည်း ကားနှင့်။ တက္ကသိုလ်တုန်းက သူငယ်ချင်းတွေ စုကာ ကျိုက်ထီးရိုးဘုရား ဖူးမြော်တော့လည်း ကားနှင့်။ ခုလို လမ်းခရီးမှာ အိပ်စက်ရမည့် အတွေ့အကြုံ မရှိပါ။

ဓာခြည်နှင့် စကားတပြောပြော လုပ်ရင်း နေကြာစေ့ ကိုက်ဝါးကာ လိုက်ပါလာသည်။ ပျင်းတော့ မပျင်းရိရ။ တစ်ကြောင်းက ရစ်ကီမှာ ဂစ်တာတစ်လက် ပါလာတဲ့အပြင် နောက်တစ်ကြောင်းက ရစ်ကီရော မိုးသောက်ရောဟာ ရယ်စရာဟာသတွေလည်းပြော၊ သူတို့ကိုယ်တိုင်လည်း အသံကျယ်ကြီးတွေနှင့် တဝါးဟားဟား ရယ်တတ်ရာ ဒေါင်းက နားထောင်ရတဲ့သူမှာ သူတို့ ရယ်သံကြီးတွေကြောင့် ပိုပြီး ရယ်စရာကောင်းရသည်။

ရထား ထွက်လာအပြီး တစ်နာရီလောက်မှာ မိုးသောက်က ရေခဲဗူးကြီး ဆွဲထုတ်လိုက်ပြီး ပါလာသော ကော်ဖီတွေနှင့် အတူစားဖို့ သူ့မုန့်တိုက်က မုန့်မျိုးစုံကိုပါ ထုတ်လိုက်ပါသည်။

"ကိုမိုးသောက် အကုန်အကျတွေလည်း သိပ်များနေပါ့မယ်"

"အဟဲ … အကုန်အကျများတာပေါ့ အေမီရဲ့၊ ဂျုံကောင်း ဂျုံသန့်၊ သကြားစစ်၊ ထောပတ်အကောင်းစားတွေနဲ့ လုပ်ထားတဲ့မုန့်တွေပဲဟာ"

"ကြော်ငြာလို့ ပြီးပြီပေါ့၊ ဝ,ပြီလား"

"စားတောင်မစားရသေးဘူး"

"ကြော်ငြာရတာ ဝ,ရဲ့လား၊ အားရရဲ့လားလို့"







www.burmeseclassic.com

www.burmeseclassic.com



"အဟင်းဟင်း"

ဝေဆာနှင့် စာခြည့် အလယ်က စားပွဲပြားလေးကို ဆွဲချကာ စားပွဲဖြစ်အောင် ခေါက်ထောက်ဆင်ပြီး မုန့်ဘူးနှင့် ကော်ဖီတစ်ခွက်စီ လာငှဲ့ပေးသည်။

"ကိုမိုးသောက်တို့ကော"

"ဝေဆာတို့ အရင်စား၊ အရင်သောက်၊ ကျွန်တော်တို့ မဆာသေးပါဘူး၊ ကော်ဖီခွက်ကလည်း နှစ်ခုပဲ ပါတယ်"

"အမယ် ခွက်လောက်ကျတော့ အေမိတို့မှာလည်း ပါပါတယ်"

"ကျွန်မမှာလည်း ကော်ဖီပန်းကန် ပါပါတယ်၊ ဒီလို မဲ့ လမင်းမှာခ်ခွက်ကြီးတွေတော့ မဟုတ်ဘူး၊ သေးတယ်"

ကော်ဖီ ထည့်ဖို့ ကိုယ်ပါလာတဲ့ ခွက်ကို ထုတ်ပေးတဲ့အခါ ရစ်ကီက ကြီးတဲ့ခွက်ကို ရွေးကာ ဆတ်ခနဲ ယူလိုက်ပြီး တဟားဟားနှင့် မိုးသောက်ကို လှောင်နေသည်။ မိုးသောက်အတွက် ကျန်တာက ဝေဆာ ယူလာတဲ့ ပေါက်စနဲ ကော်ဖီပန်းကန်ငယ်လေး။





ကလေးတွေသဖွယ် ရယ်မောနောက်ပြောင်တတ်တဲ့ ရစ်ကီတို့ လင်မယားကြောင့် ရယ်ချည်းနေရပါသည်။

"ဟော့ ... မိုးသောက်၊ လူခန္ဓာကိုယ်ကြီးနဲ့ ကော်ဖီဝန်းကန် လုံးဝ မလိုက်ဘဲ ဖြစ်နေပြီ၊ မင်း အာခေါင်နဲ့ဆို တစ်ငုံစာပဲ ဟား ဟား"

"ဝေဆာ ... ဒါ ခင်ဗျား အပြစ်ပဲ"

သူ့လက်ဖဝါးကြီးကြီးထဲ နစ်မြုပ်မတတ် ကော်ဖီပန်းကန်ငယ်လေးကြောင့် ဝေဆာ ကြည့်ရင်း ရယ်နေရပါသည်။ ခရီးအတူသွားလို့ ကောင်းတဲ့ မပျင်းရတဲ့ အဖော်တွေမို့ တစ်လမ်းလုံး ပျော်စရာပင်။

အပြုအမူ သေးသေးကလေးတိုင်းမှာ အမှတ်တမဲ့ ပေါ်လွင်နေတဲ့ မိုးသောက်ရဲ့ အလျှော့ပေးတတ်မှုကို ဝေဆာ မြင်သာထင်သာ တွေ့ရသည်။ ဟိုနှစ်ယောက်က စုံတွဲမို့ တစ်ယောက် ဝေယျာဝစ္စ တစ်ယောက်က အတုံ့အလှယ် ဆောင်ရွက်ပေးတဲ့အခါ မိုးသောက်ကလည်း ဝေဆာ့အတွက် အလိုက်တသိ ဂရုတစိုက် ဆောင်ရွက်ပေးမြဲ။



www.burmeseclassic.com

www.burmeseclassic.com



ဝေဆာကလည်း သူ့ကို အပြန်အလှန် ဆောင်ရွက်ပေးချင်သော်လည်း ခုမှ သိရတာမကြာသေးတဲ့ သူစိမ်းယောကျ်ားမို့ ဣန္ဒြေဆည်လို့ပဲ နေလိုက်ပါသည်။ ကိုယ်က ကျားမ,မရွေး ခင်မင်လွယ်တတ်ပေမဲ့ ဒါကို သူ့ကိုမို့ အထူးခင်မင်လို့များလား လို့ သူ တွေးမှာ စိုးသည်။

အလုပ်ခွင်ရောက်ပြီးမှ လုပ်ငန်းတူ ကျောင်းဆရာမိတ်ဆွေတွေကလွဲလျှင် အပြင်လူယောကျ်ားလေးသူငယ်ချင်း အသစ် ထပ်မရခဲ့တော့။ ရှိလက်စ ယောကျ်ားလေးသူငယ်ချင်းတို့ဟာ ကျောင်းတုန်းကတည်းက သူငယ်ချင်းတွေသာ။

ဘာပဲဖြစ်ဖြစ် စိတ်ထဲကတော့ ရဲတင်းပွင့်လင်းသော အကြည့်သိမ့်သိမ့်များ၊ အပြုံးချိုချိုများနှင့် မိုးသောက်ကို ဝေဆာ ရင်းနှီးခင်မင်စိတ်ပေါက်မိသည်။ သူက အောက်သက်လည်း ကျေသည်။

ညဦး ခုနစ်နာရီခွဲလောက်ရှိတော့ ထမင်းစားကြမည်ဟု ကိုယ့်အိမ်ကပါလာတဲ့ ချိုင့်အသီးသီးဖွင့် ပြင်ဆင်တဲ့အခါမှာလည်း သူပဲ ဒိုင်ခံပြင်ဆင်တော့တာပင်။ ဝေဆာက တစ်ယောက်





အဆိုပေမဲ့ ခရီးသွားဖော်ပါ မျှကျွေးရအောင် ဟင်းတွေ ပိုပိုလျှံလျှံ ပါပါသည်။

အိမ်ထောင်ရှင်မ စာခြည်ကတော့ ရက်စ်တော့ရဲ့က ခါက်ဆွဲကြော်နှစ်ဘူးသာ ပြီးလွယ်စီးလွယ် ဝယ်လာသည်။ အစ်ပုံတစ်လျှမ်း မကုန်မခန်း စတီးငါးဆင့်ချိုင့် အကြီးကြီးနှင့် အမျိုးစုံ ဖွယ်ရာနေအောင် ထည့်ယူလာသူက မိုးသောက်။

"ဟော့ကောင် … မင်း ဒါတွေ မန္တလေးမှာပါ ဆက်စားဖို့လား"

"ဘယ်ဟုတ်မလဲကွ၊ ဟိုကျ ကျော်ဇင်နဲ့ နွှေး ကျွေးတာ စားမှာပေါ့၊ ဒါက ငါတို့လေးယောက် ရထားပေါ် စားဖို့ပဲ"

"မင်းက ဘယ်သူ ဒီလောက်အစားပုပ်တယ် ထင်နေလို့လဲ"

"အားရပါးရ စားကြပေါ့ကွာ"

"ကျွန်မလည်း ဟင်းတော့ပိုထည့်လာပါတယ်၊ ကိုမိုးသောက်ဟာတွေက များလိုက်တာ"

"အိမ်မှာ အဘွားတို့၊ အဒေါ်တို့၊ အမေတို့က အချက်အပြုတ် ဝါသနာပါတာဗျ၊ ခုလို ခရီးသွားမယ်ဆိုရင် အားရပါးရ



www.burmeseclassic.com

www.burmeseclassic.com



ချက်ထည့်ပေးတော့တာပဲ၊ ကျွန်တော်က လေးယောက်စာ ဖွယ်ဖွယ်ရာရာလို့ မှာလိုက်တာ”

“မင်းဟာတွေ ရှစ်ယောက်စားတောင် မကုန်နိုင်ဘူး”

ငါးခူအကောင်လိုက်ကြော်ကြီးတွေက ငရုတ်သီး ကြက်သွန်ကြော်တို့နှင့် နီနီကြွပ်ကြွပ် သွားရည်ကျချင်စရာ တစ်ချိုင့်အပြည့်။ ငါးဖယ်ကြော်သုပ်ကို မနယ်ဘဲ ပုံထည့်ပေးလိုက် တာမို့ မိုးသောက်ကပဲ လက်ဆေးပြီး သံပရာရည် ညှစ်ကာ နှမ်း ခက်ရင်းနှင့် နယ်နေသည်။ ကြက်ပေါင်ပိုင်းတွေချည်း ပြုတ်ကြော် မွှေးမွှေးကတစ်ခွက်။ ဆိတ်သားကို အမျှင်အမျှင် မွပြီး ကြော်ထား တာလည်း ချိုင့်တစ်ဆင့်အပြည့်။ ချဉ်ပေါင်နှင့်မျှစ် ရောကြော်ထား တဲ့ ငရုတ်သီးစိမ်းတောင့်လေးတွေ ဆီနစ်နေတဲ့ တစ်ခွက်ကတော့ မြင်ရုံနှင့် အရသာရှိမှာ သိသာလှတော့သည်။

ထမင်းစားရ မြိန်လှပါသည်။ မိုးသောက် အိမ်က လူကြီးသူမတို့ဟာ ဟင်းချက်လက်ရာ အလွန်ကောင်းတာပင်။

“ကိုမိုးသောက် ဟင်းတွေ တွေ့ရတာ ကျွန်မ ဟင်းခေါ်လေး ရှက်တယ်၊ ဖွက်ထားမယ်”





“ငါ့ခေါက်ဆွဲကြော်လည်း ငါ ရှက်တယ်”

“မရှက်ပါနဲ့ အေမီရယ်၊ ဒီထဲမှာ အေမီ အပင်ပန်းဆုံး၊ ဆိုင်အထိ သွားဝယ်ရတာ၊ သူများတွေက အိမ်တင်ပြီးတယ်”

“ကိုမိုးသောက်နော်”

အားလုံးဟာ ဟိတ်ဟန်မထုတ်၊ စတိုင်မထုတ် လက်ဆေးကာ လက်နှင့်ပဲ အားပါးတရ စားကြတာမို့ ပျော်စရာ လည်း တကယ်ကောင်း၊ အရသာလည်းရှိကာ ဗိုက်တွေလေးနှင့် နေပါသည်။

စားပြီးပြန်တော့လည်း ထမင်းထည့်စားထားတဲ့ မိုးသောက် ယူလာတဲ့ မယ်လမင်းပန်းကန်ပြားတွေကို မိန်းမနှစ် ယောက်ဖြစ်တဲ့ ဝေဆာနှင့် ဇာခြည်က ဆေးမည်ပြင်ပေမဲ့ မိုးသောက် ဟာ အတင်းဆွဲဆက်လုယက်ပြီး ...

“ဟိုထဲက ဗေစင်လေးမှာ ကျဉ်းကျဉ်းကျုတ်ကျုတ် မတ် တတ်ရပ်ဆေးရမှာ၊ ရထားလှုပ်တာ ယိုင်တာနဲ့ ခင်ဗျားတို့ လဲပြိုနေပါ့မယ်၊ လက်ပဲဆေးကြ၊ ကျွန်တော် ဆေးပေးမယ်”

“မဟုတ်တာ ကိုမိုးသောက်ရယ်”



www.burmeseclassic.com

www.burmeseclassic.com



ဝေဆာ အားနာစွာ ငြင်းသော်လည်း ဇာခြည်ကတော့ မိုးသောက်နှင့် ခင်မင်ပြီးသားလူမို့ သိပ်အားနာမနေ။

"ပေးလိုက် ဝေဆာ၊ ကိုမိုးသောက်နဲ့ အဲဒါကြောင့် လူတိုင်း ခရီးအတူ ထွက်ချင်တာ"

"ဟုတ်လား"

"ဟုတ်ပ၊ တစ်လမ်းလုံး သူချည်း ဒိုင်ခံပြုစုစမြဲ၊ ငြင်းလို့ မရဘူး၊ စိတ်ပေါ့ပေါ့ထားလိုက် ဝေဆာ"

ဝေဆာသည် လက်ကလေးသာ ဆေးရကာ ကိုယ် နေရာ ပြန်ထိုင်၍ လက်ကို Hand Cream လေး လူးပွတ်နေရင်း မြင်နေရတဲ့ မိုးသောက်ကို လှမ်းကြည့်နေမိသည်။ ခြေနစ်ဖ ကားချဲကာ ခိုင်ခိုင်ရပ်ပြီး ပန်းကန်တွေကို ဆပ်ပြာမြှုပ်ဖွားဖွာ ထအောင် အသေအချာ ဆေးနေလိုက်တာ၊ လုပ်နေကျအလုပ် လုပ်နေသလို အေးအေးဆေးဆေးပင်။

ဝေဆာ့ ရင်ထဲ သူ့ကို သနားသလိုလို ဖြစ်မိသည်။ မိတ်ဆွေအသိုင်းအဝိုင်းထဲမှာ ဉာဏ်ရည်နဲ့ ခေတ်ပညာနဲ့ အသ

မွေးရတဲ့ အလုပ်မျိုး လုပ်တာမဟုတ်ဘဲ 'မုန့်ဖုတ်သမား' ဆိုင်





အသက်မွေးဝမ်းကြောင်းမှုမျိုးနဲ့ လူမို့ပဲ သူတကာကို အောက်ကျခံ အလျှော့ပေး ပေါင်းနေလေတာလား။

မလိုပါဘူး ကိုမိုးသောက်ရယ်။ မိတ်ဆွေသူငယ်ချင်း ဖြစ်မိပြီဆိုရင်တော့ ဆရာဝန်ရယ်၊ ဆံပင်ညှပ်ဆရာရယ်၊ ရုံးစာရေးရယ်၊ အထည်ချုပ်သမားရယ် အလုပ်လုပ်သူချင်း အတူတူ တစ်တန်းစားတည်းပဲပေါ့။

တစ်ခဏတွင်းမှာပင် မိုးသောက်ရဲ့ တစ်ဖက်သား အပေါ် ဆက်ဆံနေထိုင်ပုံဟာ အလျှော့ပေး အနစ်နာခံပေါင်းတဲ့ စရိုက်ဆိုတာ မြင်နေရပါသည်။

သူချည်းပဲ တစ်လမ်းလုံး တစ်လျှောက်လုံး ဒိုင်ခံ ဝေယျာဝစ္စ လုပ်လာတော့ သူနဲ့ ရင်းနှီးပြီးသား ရစ်ကီတို့မောင်နှံ ကထားတော့ ဝေဆာ့မှာ အားနာလာမိပါသည်။

ဒါကြောင့်ပဲ အိပ်ရာပြင်ဖို့ ခေါက်ထည့်ထားတဲ့ ထိုင်ခုံအောက်က ခုတင်ကို ဆွဲထုတ်ပြင်ဆင်တော့ ဝေဆာကိုယ်တိုင် ပါမိတာ။ ထိုအချိန်မှာ ရစ်ကီက အိမ်သာတက်နေသည်။ တံခါး ကို ပိတ်ကာ ပေါ်မလာတော့။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာ မိုးသောက်က ခုတင်ပြင်ပေးမယ်ဆိုပြီး တစ်ဖက်ခြမ်းက ခေါက်ခုတင်ကို ဆွဲထုတ်တော့ ဝေဆာက သူ့ကိုကြည့်၊ သူ လုပ်ပုံကို အတုခိုးကာ ကိုယ်ထိုင်နေတဲ့ ဘက်ခြမ်းက ခုတင်ကို ဆွဲထုတ်ဖို့ ကြိုးစားသည်။

"ဝေဆာ ... မလုပ်နဲ့၊ မလုပ်နဲ့ သံဘောင်တွေက ကျပ်နေတာ၊ အားနဲ့ လုပ်ရတယ်၊ ကျွန်တော် တစ်ခုပြီးတစ်ခု လုပ်ပေးမယ်"

"ရတယ် ကိုမိုးသောက်ရဲ့"

"မလုပ်ပါနဲ့၊ လက်ညပ်သွားမယ် ဝေဆာရဲ့"

သူ ပြောတုန်းပင် ဝေဆာက သူ လုပ်နေသလို မွေ့ရာဆိုဖာတုံးပါတဲ့ ထိုင်ခုံတစ်ခြမ်းကို ဒီဘက်တစ်ခြမ်းဆီ လာဆက်ဖို့ ဆွဲခါပြီး လျှောတိုက်အထုတ် ...။

လမ်းကြောင်းအတိုင်း အလိုက်သင့် လျှောထွက်မလာဘဲ ဂျမ်းခံနဲ့ မြည်ကာ ခပ်ကျပ်ကျပ် ဝင်နေရာက အားနဲ့ ပြုတ်ထွက်လာတဲ့ ဆိုဖာတုံးတစ်ကန့်ဟာ ဒီဘက်က လာဆက်ရမည့် နေရာအထိ တစ်ချက်တည်း ရောက်လာစေကပ်သွားကာ ထိုသံတန်း





ဘောင်နှစ်ခုအကြား ဝေဆာ့ လက်ဖဝါးဟာ ညပ်မိသွားပါတော့သည်။

"အား ..."

နာနာကျင်ကျင် အော်ဟစ်လိုက်မိသံနှင့်အတူ လက်ကို ဆွဲထုတ်ပေမဲ့ ဘယ်လိုမှ မရ။ လက်ဖဝါး လက်ဖမိုးနှစ်ဖက်ကို ညပ်ဖိထားတဲ့ တစ်ဖက်တစ်ချက် သံထစ်တွေက ကျပ်လှ၍ ဝေဆာသည် ရုတ်ခြည်း မျက်ရည်ဝိုင်းလာအောင် အသည်းတခိုက်နာနေကာ ...

"အား ... ကိုမိုးသောက် ... ကိုမိုးသောက်"

သူ့နာမည်ကိုပဲ ခေါ်တ,ရတော့သည်။

"ဟာ ... ညပ်ပြီ၊ အား ... ဝေဆာရယ်"

သူက လွှားခနဲ ဒီဘက်ခုန်ရောက်လာကာ ဘေးမှာ ဘာလုပ်ရမှန်းမသိ အကြောင်သား ငေးစိုက်နေတဲ့ စာခြည့်ကို ဆွဲဖယ်ပစ်ပြီး ...

"ပြန်ထုတ်လို့ မရဘူးလား ဝေဆာ"

"အား ... မရဘူး၊ အား ... လုပ်ပါဦး၊ အရမ်းနာတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူဟာ ခုတင်ပုံစံ အံကျပြီးသား ထိုင်ခုံတစ်ဖက်ကို ပြန်တွန်းတင်ဖို့ပဲ ကြိုးစားရပါသည်။ အစွန်းဘက်ကနေ ဆွဲမ,သော် လည်း အံကျဝင်နေပြီဖြစ်တဲ့ ဆိုဖာတုံးသံဘောင်ကို ချက်ချင်း ဆွဲမရ။ အားကုန်သုံးကာ သူ အတင်းဆောင့်ဆွဲလိုက်လို့ တစ်ခဏ အဟာမှာ ဝေဆာ လက်ကို ဆွဲမနုတ်ယူလိုက်ရသည်။

"အား ... နာလိုက်တာကွာ"

ဝေဆာ့မှာ မရှုက်နိုင်။ လက်ဖမိုးဘက်မှာ သံတန်း အချိုင့်ရာကြီး ထင်းကျန်တဲ့ ညာလက်ဖဝါးလေးဟာ လက်ချောင်း တွေပင် စုမရ၊ ဆန့်မရ၊ ကွေးကွေးလေးဖြစ်နေရာ မျက်ရည်တွေ စီးကျလာခဲ့ပါသည်။

"ဝေဆာ ... ဝေဆာ၊ ကျွန်တော် ပြောသားပဲ၊ ကျွန်တော် လုပ်ပေးမှာပေါ့ကွာ၊ အေးအေးထိုင်နေတာ မဟုတ်ဘူးကွာ"

မိုးသောက်က ဝေဆာ့ ညာလက်လေးကို သူ့လက် နှစ်ဖက်နှင့် ပိုင်းစိုးပိုင်နင်း ခပ်ရဲရဲပင် အုပ်ကိုင်လိုက်သည်။ ဝေဆာ့မှာ ငြင်းမနေနိုင်အား။ ကွေးကုပ်ကုပ်လေး ဖြစ်နေ ကိုယ့်လက်ဖဝါးကို သူက သူ့လက်ဖဝါးပြင်ကျယ်ကျယ်နှစ်ချပ်ကြား





မှာ စာရွက်ဖြန့်သလို အသာလေး ဖြန့်ဖိနှိပ်နယ်ပေးတာကို နာနာကျင်ကျင် ငြိမ်ခံနေရပါသည်။

"အေမိ ... ပရုတ်ဆီ ... ပရုတ်ဆီ ပါလား"

"မပါဘူး ကိုမိုးသောက်ရယ်"

"ဝေဆာ့မှာရော",

"ဟင့်အင်း ..."

"ကျွတ် ... ကျွန်တော်လည်း မေ့ခဲ့တယ်ကွာ၊ ဖြစ်ရလေ ကျွတ်"

သူ့ရဲ့ ပူနွေးနူးညံ့တဲ့ လက်ဖဝါးတို့နှင့် ဖိညှပ်နှိပ်နယ် ပေးခြင်းကြောင့် လက်က စန့်တော့စန့်လာသည်။ ဒါပေမဲ့ လက် ချောင်းတွေ မလှုပ်နိုင်။ အကြောပေါ်ထိသွား၍ လက်ဖမိုးမှာ အကြော့စိမ်းစိမ်းကြီး ဖူးယောင်ညိုမည်းထလာကာ ထိုအကြော တစ်လျှောက် တံတောင်ဆစ်အထိ နာကျင်လှသည်မှာ ချွေးတွေပင် ပြိုက်ပြိုက်ပြန်လာသည်။

ချွေးတွေ ထွက်လာတာကို သူတွေ့ကာ ...

"ဝေဆာ ... ဝေဆာ၊ မူးလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း"

"အေမီ ဟိုဂျာနယ် ယူလိုက်"

သူ ညွှန်ကြားမှပင် ဓာခြည်ကလည်း ဂျာနယ်အပြေး ယူကာ ဝေဆာ့ကို ခေါင်းရင်းဘက်မှ ယပ်ခတ်ပေးသည်။ တစ်ရှူး ယူကာ ချွေးတွေ သုတ်ပေးတာလည်း မိုးသောက်။ မှိုလို့ကောင်း အောင် ခုတင်ပေါ် ခေါင်းရင်း၌ လက်ဆွဲအိတ်ထား၊ အပေါ်ကမှ ခေါင်းဦးထပ်တင်၍ မြင့်မြင့်လေး ခုပေးပြီး အသာလျောင်းမှီနေ စေတာလည်း မိုးသောက်။

ဝေဆာ့ရဲ့ လက်ဖဝါးလေးကိုတော့ မွှန်းကာ သွေး လျှောက်ကောင်းလာအောင် မရပ်မနား ဆုပ်နယ်ပေးနေပါသည်။ သူလည်း ခုတင်စွန်းထိုင်လိုက်ရတာမို့ ဝေဆာနဲ့သူ နီးကပ်ကပ်။ ဝေဆာ့မှာ ရှက်၍မနေနိုင်။ ငြင်းခုန်မနေနိုင်။ တစ်သက်နဲ့တစ်ကိုယ် ဒီလောက် နာနာကျင်ကျင် မခံစားဖူး၍ ချွေးသီးချွေးပေါက် စီးကျကာ မျက်လုံးတွေပင် ပြာသည်။

"ဝေဆာ ... ရှေ့ဘူတာတွေကျ ပရုတ်ဆီ ရှာပေးမယ် သိလား၊ သိပ်နာတုန်းလား"





ဝေဆာ ခေါင်းညိတ်သည်။

"လက်ချောင်းလေး လှုပ်ကြည့်ပါလား၊ ကျွတ် ( မရဘူးနော်"

ဝေဆာ ခေါင်းခါရသည်။

ရစ်ကို တမေ့တမောကြာမှ အိမ်သာ်း၊ သူ့အပြုအမူ ချင် ဓာခြည်က ဆီးကြိုပြစ်တင်မဆုံး။ ရှက်စနိုးမိတာ

"ကိုယ်တော်ကတော့ အေးအေးလေး အိမ်သာတာည်တည်ကို တာ၊ အေးမြလို့ပေါ့၊ ဒီမှာ ဝေဆာ လက်ညပ်သွားလို့ ခုတင်ဆွဲထုတ်ခင်းတာ"

"ဟာ ... ဒီခုတင်တွေက သိပ်ကျပ်တာ၊ ဝေဆာက ဘာလို့ လုပ်လဲ"

"ငါ ဒီဘက်မှာ ခင်းတုန်း၊ သူကလည်း ဟိုဘက်မှာ လုပ် လိုက်တော့တာပဲ"

"အား ... အတော်ရောင်လာပြီပဲ"

"ရှေ့နားရပ်ရင် ပရုတ်ဆီရောင်းတာ ရှိလား၊ ဘူတာထဲ ဆင်းကြည့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဘူတာသေးလေးတွေကွ၊ ဒါမျိုးရောင်းတဲ့ဆိုင် မရှိနိုင်ဘူး
ၢင်တယ်"

ဘာပဲဖြစ်ဖြစ် ရှေ့က ဘူတာမှာ ခဏရပ်တော့
ယူကာ ဝေ ၢစ်ခနဲ ဆင်းပျောက်သွားသည်။ အတော်နဲ့ ပေါ်မလာ။
ယူကာ ချွေးဖြ စ,ထွက်၍ အားလုံး စိတ်ပူနေမှပင် လှစ်ခနဲ
အောင် ခုတင် ၢကာ ...
ခေါင်းဦးထ လို့တော့ မရဘူး"
ဗွေဆာလည် သူ့လက်ညှိုးတစ်ချောင်းထိပ်မှာတော့ နီတီတီ
ညိုတိုတို ပရုတ်ဆီတစ်ကလော်။

"ဟိုးဘုက်က တွဲတစ်တွဲက ရလာတယ်၊ ပရုတ်ဆီပါလား
လိုက်မေးရင်း ပါတဲ့သူဆီက တောင်းပန်ပြီး ကလော်ယူ
လာခဲ့တယ်ကွ"

ပရုတ်ဆီဘူးပိုင်ရှင်တော့ ပေါက်ပက်ဖြစ်သွားမဲ့
သူ့ပရုတ်ဆီဘူးကြည့်ကာ စိတ်တောင်တိုနိုင်သည်။ မိုးသောက်ရဲ့
တစ်ကလော်က ကွမ်းသီးလုံးလောက်ရှိသည်။ စတီးဇွန်းတစ်ချောင်း
ထဲ လက်ညှိုးထိပ်က ပရုတ်ဆီကို ခြစ်ချပုံကာ နည်းနည်းယူပြီး





ဆော့ ခုတင်စွန်းမှာ ထိုင်လျက် ညာလက်ဖဝါးကို ပရုတ်ဆီနှင့်
ဖွဖိကာ လူးတော့တာ။

"အေမီ လူးပေးရမလား ကိုမိုးသောက်"

"ရတယ်"

ဝေဆာ့ မျက်နှာမှာ နာတာကတစ်ပိုင်း၊ သူ့အပြုအမူ
အယုအယ အကြင်နာနှင့် ခပ်သဲသဲလှုပ်ပုံစံကြောင့် ရှက်စနိုးမိတာ
ကတစ်ပိုင်း။ မျက်နှာလေး ရှက်အုံ့အုံ့ မျက်ရည်လည်တည်တည်ကို
တွေ့၍ ဇာခြည်က ဝင်ပြောသော်လည်း မိုးသောက်က လက်သင့်
ခံ။ သူပဲ ဂရုတစိုက် လူးပေးနေကာ ...

"ပရုတ်ဆီ လူးတယ်ဆိုတာလေ ဒီလိုမျိုး လက်မလေးနဲ့
စက်ဝိုင်းပုံ ဖိဖိရစ်လူးပြီး အသားထဲ စိမ့်ဝင်အောင် လူးရ
တယ်"

"ဩော် ... ဟုတ်လား၊ နောက်တော့ကော"

ဇာခြည်က နောက်တော့ သူက ပြုံးစိစိ။

"တခြားလက်ချောင်းနဲ့ လူးလို့ မရတော့ဘူးလား"

"လက်မက အားအသန်ဆုံးလေ"



www.burmeseclassic.com

www.burmeseclassic.com



"စက်ဝိုင်းမရစ်ဘဲ ဟိုဘက်ဒီဘက် ပွတ်ဆွဲတော့ရော မရဘူးလား"

"ဟင်း ဟင်း … မင်းတို့လင်မယားကလည်းကွာ၊ ဆေးလူး တယ်ဆိုရင် စက်ဝိုင်းရစ်ပြီး လူးတာ အထိရောက်ဆုံးပဲကွ၊ ငါ ဖတ်ဖူးတယ်၊ ဆေးတင် မကဘူး၊ မိန်းမတွေ မျက်နှာ ပေါ် ခရင်မ်ပဲလူးလူး၊ မျက်နှာပဲသစ်သစ် စက်ဝိုင်းရစ်ပြီး အရေပြားပေါ် ပွတ်ရတယ်၊ ဗြူတီဆလွန်းတွေမှာလည်း ဒီတိုင်းပဲလုပ်တယ်"

"မင်း ဗြူတီဆလွန်းမှာ သွားလုပ်ဖူးတယ်ပေါ့"

"တစ်ခါနှစ်ခါတော့ ဗဟုသုတရအောင် မျက်နှာသွားဆေး ဖူးတာပေါ့ကွ"

"ဗဟုသုတ ရတယ်ပေါ့"

ဝေဆာသည် တစ်ကြိမ်က စကားစပ်ကာ အမျိုးသမီး တွေရဲ့ ဗြူတီဆလွန်းမှာ ဆံပင်ညှပ်၊ လျှော်၊ မျက်နှာဆေး ဟိုဟာလုပ် ဒီဟာလုပ်တဲ့ ယောကျ်ားတွေကို ဝေဖန်ဖူးတဲ့ ကိုညာဏ် ကို ဖျတ်ခနဲ သတိရမိသည်။





ကိုညာဏ်က အမျိုးသားကြီးတွေ ဆံပင်ညှပ်ပေးတဲ့ အမျိုးသားသီးသန့် ဆိုင်မှာပဲ ဆံပင်ညှပ်၊ ခေါင်းလျှော်နေကျလို့ ဝေဆာ သိထားပါသည်။

"ကြုံဖူးအောင်ပါကွ၊ ခြေသည်းလက်သည်း လှီးပေးတယ် ဆိုတာလည်း ဘယ်လိုလဲလို့ သိရအောင် ဆိုင်မှာ သွားလုပ် ဖူးတာပဲ၊ ခြေထောက်ကို ရေနွေးဇလုံထဲ ချပေးထားပြီး သူတို့ နှိပ်နယ်လှီးဖြတ်ပေးတာ ခံရတော့ ဇိမ်တော့ ကျတယ်ကွ၊ နေရထိုင်ရတာ နည်းနည်းတော့ အားနာတာ ပေါ့ကွာ၊ လူလူချင်း ကိုယ့်ခြေထောက်ကို သူက သန့်ရှင်းပေး၊ ခြေသည်း ဖြတ်ပေးနေတာ ခံရတာ ပဒေသရာဇ်ဆန်သလို ခံစားရတာနဲ့ နောက်မလုပ်တော့ဘူး"

အင်း …။ ကိုညာဏ်ဟာ ခြေသည်း လက်သည်းတို့ကို အမျိုးသားဆိုင်မှာပဲ သီးသန့် လှီးဖြတ်လေ့ရှိသူပင်။ အဲသလို တစ်ယောက်က လုပ်ပေးနေတုန်း ကိုညာဏ်က အလကားမနေ၊ လေ့လာကျက်မှတ်ရမဲ့ စာတစ်ပုဒ်ကို ဖတ်မှတ်နေတတ်သည်။ ဝေဆာလည်း အားလျှင်အားသလို၊ အချိန်ရရင်ရသလို ခြေသည်း



www.burmeseclassic.com

www.burmeseclassic.com



လက်သည်း ပုံသွားသွင်းတတ်တာပဲ။ တစ်ခါတစ်ခါများ ခြေဖဝါး
တောင် အနှိပ်ခံလိုက်သေးသည်။

အေးလေ ... လူတစ်ကိုယ် စိတ်ကူးတစ်မျိုးပေါ့

"ရော့ ... ကိုမိုးသောက်၊ ဒါနဲ့ စည်းထား"

ဇာခြည်ပေးတဲ့ အကြီးစားလက်ကိုင်ပဝါတစ်ထည်နဲ့
ဝေဆာ့ လက်ကို မိုးသောက်က ခပ်တင်းတင်း ပတ်ချည်နှောင်ပေး
ကာ ...

"သက်သာရဲ့လား ဝေဆာ၊ အပူရှိန်နဲ့ နည်းနည်းတော့
သက်သာလာပါလိမ့်မယ်"

ဝေဆာက ခေါင်းညိတ်ရင်း ...

"နောက်နေ့တွေထိ လက်က မလှုပ်နိုင်ရင်တော့ ဒုက္ခ
ကိုယ့်ဟာနဲ့ကိုယ် အကျႌ၊ လုံခြည်ဝတ်ဖို့တောင် ခက်
မယ်"

"ငါ ကူလုပ်ပေးမှာပေါ့၊ နင် လက်ကို နည်းနည်းလေး
ဆုပ်ချည် ဖြန့်ချည် လှုပ်ကျင့်ပေးဦး၊ တော်ကြာ အကြော
ဆိုင်းနေဦးမယ်"





ညဆယ့်နှစ်နာရီလောက်မှာတော့ ဇာခြည်နှင့်ရစ်ကီ
တို့ဟာ အပေါ်ဘက် အိပ်စင်ကိုယ်စီကို တက်ကာ မဟန်နိုင်ဘဲ
အိပ်ပျော်ကုန်ကြပါသည်။

ဝေဆာ့မှာ ခပ်မတ်မတ် အမှီ၌ တစောင်းလေး
မှီလျက် လှဲအိပ်ရမှာ ဝန်လေးကာ နိုးလိုက် မှေးလိုက်။ လက်ကလည်း
ညဘက်အေးတော့ ပိုနာလာကာ ကောင်းကောင်းမအိပ်နိုင်။ မျက်ခွံနဲ
လန့်နိုးတိုင်း မီးမှောင်မှောင်ထဲမှာ ဂစ်တာကိုင်လျက် ပလပ်ကင်
တီးသံ ညင်သံ့သံ့ တိုးဖွဲ့ဖွဲ့လေး တီးခတ်နေတဲ့ မိုးသောက် ကို
တွေ့ရသည်။

သူလည်းပဲ ဝေဆာ့ကဲ့သို့ပင် လုံ့မအိပ်ချေ။ မှိမှိသာ။
အိပ်ပျော်တဲ့ပုံလည်းမရ။ ကိုယ်နိုးတိုင်း သူ နိုးနေတာသာမြင်တော့
သူ အိပ်မပျော်ဘူးလို့ပဲ ထင်ရသည်။

ညလယ်နှစ်နာရီ၊ သုံးနာရီခန့်တွင် ...

"ဗိုက်ဆာလား ဝေဆာ၊ မုန့်လေးတစ်ခုလောက် စားပြီး
အနာသက်သာအောင် ပါရာလေးတစ်လုံးလောက် သောက်
ပါလား"

www.burmeseclassic.com



"ဟုတ်ကဲ့"

"ကျွန်တော် လုပ်ပေးမယ်"

ဝေဆာ အသာတကြည် နားထောင်လက်ခံလိုက်တ

ကို သူက ဝမ်းသာအားရ ဖြစ်သွားပါသည်။ မုန့်တစ်ခုခုစားပြီ

ကော်ဖီနွေးနွေးနှင့် ဆေးသောက်သည်။ ခရီးတစ်ခုသွားတာ အဆေ

အစုံအလင်ပါလာတဲ့သူပင်။

ဆေးသောက်ပြီး ပြန်မေးတော့ ဝေဆာ ပြန်နိုးမလ

တော့ပါ။ တစ်ရေးရတဲ့ အချိန်နိုးလာတော့ နံနက်ခြောက်နာ

ရှိပြီ။ ဇာခြည်တို့လည်း မနိုးသေးသလို၊ မိုးသောက်လည်း အိပ်ပျေ

နေတာ တွေ့ရသည်။ အိတ်တစ်ခုကို ရထားနံရံထောင့်ကပ်ပြ

သူကပါ မှီအိပ်နေတာပင်။

အိပ်ပျော်နေတဲ့ သူ့ကို ဝေဆာ ခဏစိုက်ကြည့်နေ

သည်။ သူ့ကို မိတ်ဆွေသစ်၊ မိတ်ဆွေကောင်းတစ်ယောက်အဖြ

တန်ဖိုးထားသတ်မှတ်ရမည်။ အင်မတန် စိတ်ကောင်းရှိ၊ ကျေ

အလိုက်သိတဲ့ မုန့်ဖုတ်သမားလေး။





ကိုယ့်ဘာသာ ဖြည်းဖြည်းတိုးတိုး ထ,ပြီး မျက်နှာ

သစ်သည်။ ပတ်တီးကို ပတ်ထားတဲ့ လက်ကိုင်ပဝါကြီးကို ဖြေ

လိုက်လျှင် လက်ဖမိုးဟာ ရောင်နေသေးပေမဲ့ ညာလက်ကို

အသုံးချ၍ မျက်နှာသစ်နိုင်ပါသည်။ ဆပ်ပြာကို လက်ချောင်းကွေး၍

ကိုင်ယူနိုင်ပါသည်။ သွားကိုတော့ ဘယ်လက်နှင့် သွားပွတ်တံ

ကိုင်တိုက်လိုက်သည်။

ရေချိုးခန်းထဲမှ မျက်နှာရေစိုနှင့် ဝေဆာ ထွက်လာ

တော့ မိုးသောက် နိုးနေကာ စိတ်ပူပူနှင့် လှမ်းကြည့်နေတဲ့

မျက်လုံးကို တွေ့ရသည်။ ဝေဆာက ပြုံးပြလိုက်ရင်း ...

"သက်သာနေပြီ ကိုမိုးသောက်၊ ရှင့်ကို ကျွန်မ သိပ်ကျေးဇူး

တင်တာပဲ"

သူ့ မျက်နှာ ပြုံးတုံ့ရုက်နိုးသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၄

"ဒီအိမ်ဖို့နဲ့ ကျော်ခင်တို့အိမ်ဖို့ ဆိုပြီး ကိုမိုးသောက် ယူလာတဲ့ မုန့်တွေက အများကြီးပဲ၊ အဲဒီမုန့်တွေ ချပေး မယ်နော်၊ စားကြမယ် မဟုတ်လား"

နုထွေးရဲ့ အစ်မကြီးက အအေးဗန်းသယ်ဆောင်လာ ကာ စားပွဲမှာ ချရင်းဆိုသည်။

"တော်ပြီ မမယု၊ သူ့ရဲ့ ဂျုံအကောင်းစား၊ သကြားအစစ် ထောပတ်အကောင်းစား၊ နို့အကောင်းစားနဲ့ လုပ်ထားတဲ့ မုန့်တွေ တစ်လမ်းလုံး စားလာတာ ဝ;အီနေပြီ"





ဓာခြည့်စကားကြောင့် အားလုံး ဝိုင်းရယ်ကြပါသည်။ ...ားက ဆင်းဆင်းချင်း နုထွေးတို့ရဲ့ နှစ်ထပ်အိမ် အကျယ်ကြီးဆီ ...တန်း၍ ပါလာကြသည်။ ကျော်ခင်တို့အိမ်မှာ နယ်အဝေးဧည့် ...ည့်တွေ များနေပြီမို့ သူတို့လေးယောက်လုံး နုထွေးတို့အိမ်မှာပဲ ...ည်းကြ အိပ်ကြမည်။

နုထွေးတို့ အမျိုးတွေကတော့ မန္တလေးမြို့ပေါ်မှာတင် ...တာမို့ ညအိပ်ညနေ တည်းမည့်သူ သိပ်မရှိ။ မမယုက ...အေးဖန်ခွက်တွေ လှူဇေ ရှေ့လိုက်ချပေးနိုက်၊ မိုးသောက်က ...ာမှ ထကာ ထမင်းစားခန်းဘက် ဝင်သွားပါသည်။

"ဟာ ... မိုးသောက်တို့ကတော့ သူ့အိမ်သူ့ရာကျနေတာ ပဲ"

ရစ်ကီက ပြောလျှင် နုထွေးက ...

"သွားပစေ၊ သူက သူများကို ခိုင်းတတ်တဲ့သူမှ မဟုတ်တာ ကိုရစ်ကီရဲ့"

"အိမ်သာများ သွားတာလား၊ နေရာသိပါ့မလား"

မမယုက မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ထားလိုက် မမယု၊ သူ့ဟာသူ ရှာဖွေကြည့်လုပ်လိမ့်မယ် သူလိုချင်တာ ရှိလည်း ဘယ်သူ့မှ မေးနေ တောင်းနေမှာ မဟုတ်ဘူး၊ သူက အဲလိုပဲ"

ခဏအကြာတွင် မိုးသောက်သည် လက်ထဲတွင် အအေးစုပ်သောက်ဖို့ ပလတ်စတစ်ပိုက်တံလေးနှင့် ပြန်ရောက်လာ သည်။ ဝေဆာရှေ့ ဖန်ခွက်၌ တပ်ပေးလိုက်ကာ ...

"ဝေဆာ ဖန်ခွက်ကိုင်နိုင်မှာ မဟုတ်ဘူး၊ ငုံ့ပြီး စုပ်သောက် ပေါ့ ... ရော့"

"ဟင် ... ဝေဆာ ဘာဖြစ်လို့လဲ"

"ရထားပေါ်မှာ လက်ညှပ်မိလာတာပါ နုထွေးရယ်"

"ဟယ် ... ဟုတ်သားပဲ၊ လက်ကြီး ရောင်နေတာ၊ ဖြစ်ရ ဖြစ်ရလေ ဝေဆာရယ်၊ ဘာဖြစ်တာလဲ"

"ခုတင်ခင်းတာ လက်ညှပ်မိတာပါ"

"ဟင် ... ကိုမိုးသောက်တစ်ယောက်လုံး ပါတဲ့ခရီးမှာ ကိုယ့်ဟာကိုယ် ခုတင်ခင်းရတယ်လို့"

"ကျွန်တော် မလုပ်ဖို့ တားနေတဲ့ကြားက လုပ်တာပျာ"





"ခြော် ... တစ်လမ်းလုံး သူချည်းလုပ်ကိုင်ပေးလာလို့ အားနာလို့ပါ၊ ကိုယ်အိပ်ဖို့ ခုတင်ပါ ယောက်ျားတစ်ယောက် က ခင်းပေးနေရမှာ အားနာလို့ပါ"

"ခုတင်ခင်းတာများဗျာ၊ အားနာစရာလား"

"အခု တကယ်သက်သာနေပါပြီ ကိုမိုးသောက်ရဲ့၊ အတော် သက်သာတယ် နုထွေးရဲ့၊ ညက ဆေးလည်း လိမ်း၊ ပါရာ လေးလည်း သောက်ထားတယ်"

"ကိုမိုးသောက်၊ နုထွေး သူငယ်ချင်းကို ရှင်နဲ့ တူတူလာဖို့ စိစဉ်ပေးရက်နဲ့ ဒီလိုဖြစ်ရတာ ရှင် အမှတ်လျော့စရာပဲ နော် ... ဟွန်း"

"ကျွန်တော် တကယ်စိတ်မကောင်းဘူး နုထွေးရ"

"အို ... သူနဲ့ ဘာဆိုင်လို့လဲလို့ နုထွေးရဲ့၊ ကိုယ့်ဟာကိုယ် ဖြစ်ချင်လို့ဖြစ်တာ"

"ကိုမိုးသောက်နော်၊ ဟင်း ဟင်း ဟင်း၊ သိပ်ဂရုစိုက်ပြီး မစောင့်ရှောက်တဲ့သဘောပဲ"



www.burmeseclassic.com

www.burmeseclassic.com



နုထွေးရဲ့ ဟင်းဟင်းသံက ပြောင်ချော်ချော် မိုးသောက်က ချွဲကြောင့်ပင် တမင်တကာ ရစ်ကိုပါ ဆွဲထည့်ကာ ...

"ရစ်ကီလည်း တစ်ယောက်လုံး ပါသေးတာ၊ သူ့လည်း ဆူဗျာ"

"ဘာဆိုင်လဲ၊ သူက သူ့မိန်းမပဲ စောင့်ရှောက်လိမ့်မပေါ့"

နုထွေး စကားကြောင့် ဝေဆာ့မျက်နှာလေး အထား ရခက်စွာ ဖြန်းခနဲ နီမြန်းရဲလွင်သွားရကာ ကမန်းကတန်း စကားလွှဲရင်း ...

"ငါတို့ ဘာတွေ ကူညီရဦးမလဲ နုထွေး"

"အမယ်လေး ... လက်နှာသူက လက်နှာသလို နေစမ်းပါ၊ ဘာမှ ကူညီစရာမရှိပါဘူး၊ သူငယ်ချင်းတွေ ဆုံရတုန်း တစ်ပျော်တစ်ပါး နေချင်တာပဲရှိတယ်၊ ဒီည ကိုကျော်ဇင်တို့ ခြံထဲမှာ အကင်လုပ်စားကြမယ်၊ နက်ဖြန်ည သူတို့ခြံထဲမှာပဲ ဟော့ပေါ့ပွဲ၊ သန်ဘက်ခါညကျတော့ ညှော့ခံပွဲ"

"သုံးညဆက်တိုက် ဝါးတီးပေါ့"





"အင်း ... နောက်ထပ်တစ်ညကျတော့ သူတို့ ယောက်ျား လေးတွေချည်းပဲအတွက် သောက်ပွဲပါတီပေါ့ဟယ်"

"ဟန်နီးမွန်းကကော"

"ဟန်းနီးမွန်းက ကိုကျော်ဇင်က ဗန်ကောက် သွားချင်တယ် ဆိုတာနဲ့ နောက်တစ်ပတ်ခြားမှ ထွက်မှာ"

"ရန်ကုန်ကို လာကြရဦးမှာပေါ့"

"အေး ... ရောက်တဲ့ညလည်း တွေ့ကြဦးမယ်လေ"

ကျော်ဇင်ရော၊ နုထွေးရောဟာ သူငယ်ချင်းတွေနှင့် လွန်ခင်မင်တတ်၊ တစ်ပျော်တစ်ပါးနေတတ်သူတွေဖြစ်ရာ၊ သူတို့ နှင့် တွေ့ဆုံရလျှင် အမြဲ ပျော်ရွှင်နေရတတ်မြဲပင်။ သူတို့ ရောက် ပြီဆိုတာ လှမ်းအကြောင်းကြားလိုက်၍ ခဏအကြာမှာ ကျော်ဇင် ရောက်လာသည်။

ဘူတာမှာ လာကြိုတုန်းက နုထွေး ဦးလေးနှင့် ထွေး လာကြိုသွားတာပါ။ ကျော်ဇင်လာလျှင် မိုးသောက်နှင့် ကိုက ဆီးကြို၍ ...

"ဟော့ကောင် ကျော်ဇင်၊ မင်းများ လာကြိုမလားလို့ကွာ၊ မင်းက ခုမှ ပေါ်တော်မူလာရသလား"



www.burmeseclassic.com

www.burmeseclassic.com



"ခုမှ နိုးလာတာ ထင်တယ်"

"မင်းဘိုးအေ ခုမှ နိုးလာရအောင် အချိန်လည်း ကြည့်ဦးကွ မနက်အစောကြီး ထ,ပြီး ဈေးဝယ်ရတယ်၊ လုပ်ရကိုင်ရတယ်"

"ဟင် ... မင်းက ဘာဈေးတွေဝယ်ပြီး ဘာတွေ လုပ်နေရတာလဲ"

"ဒီည မင်းတို့နဲ့ ငါ့ခြံထဲမှာ အကင်စားကြမယ်လို့ စီစဉ်ထားတယ်လေ၊ အဲဒါ အသားတွေ ငါးတွေ ဝယ်ရတယ်၊ နယ်ထား၊ နှပ်ထား၊ စိမ်ထားရတယ်၊ ရှုပ်လုပ်နေတာ"

"ဩော် ... အေး ... အေး ... ဒါဆိုလည်း အပြစ်လွတ်တယ်"

"ငါ့မှာ သတို့သားလောင်းရယ်လို့ လုပကြွားမော့သန့်ပြန့်ပြီး မနေရဘူး၊ တစ်ကိုယ်လုံး ညှီစော်ကို နံနေတာပဲ"

"ညှီစော်ကတော့ သားငါးတွေ မနယ်ဘဲလည်း မင်းက နံမှာပါပဲ"

"ခွေးကောင်တွေ"





နတ္တေးတို့ ညည့်ခန်းမှာ စကားလုယက်ပြောနေကြသံတွေ၊ တစ်ယောက်ကိုတစ်ယောက် နောက်ပြောင်ကျီစယ်နေကြသံတွေနှင့် ဆူညံနေကြဆဲ ခြံထဲကို ကားတစ်စီး ဝင်လာပါသည်။

"ညည့်သည် ထင်တယ်ဟေ့"

မမယုက အိမ်တံခါးဝကို ထွက်သွားပါသည်။ ရပ်လာသော ဗင်ကားဖြူဖြူကလေးထဲမှ လူရွယ်တစ်ယောက် ဆင်းလာကာ ...

"ဒီမှာ ရန်ကုန်က ညည့်သည် မဘုန်းဝေဆာလတ်ဆိုတာ ရောက်နေပါပြီလား"

"ဩော် ... ရန်ကုန်က ဝေဆာ ရောက်နေပါပြီ၊ ဝေဆာ့ ညည့်သည်လား၊ ဝေဆာရေ ..."

မမယု လှည့်ခေါ်လိုက်တာမို့ ဝေဆာ တအံ့တဩ ထ,လာပါသည်။ ဘယ်သူပါလိမ့်ရယ်လို့။ စကားဝိုင်းက ကျန်တဲ့သူတွေလည်း စိတ်ဝင်တစားနှင့် အိမ်ပြင်ကို လှမ်းကြည့်နေကြသည်။

"မဘုန်းဝေဆာလတ်နော်"

"ဟုတ်ပါတယ်ရှင်"



www.burmeseclassic.com

www.burmeseclassic.com



ထိုသူက ဗင်ကား နောက်ခန်းတံခါးဖွင့်ကာ နောက်ခန်း ပေါ် တင်လာသည့် ပန်းအိုးတစ်အိုးကို ထုတ်ယူလိုက်ပါသည်။ ပန်းအိုးဟာ ပြည်တောင်းအရွယ်နီးပါး သစ်ခွပန်းအိုးတစ်အိုးဝင် အိုးသစ်မဟုတ်ဘဲ အပင်အမြစ်များ စွဲစွဲမြဲမြဲ တွယ်ခိုင်ပြီးသား ခြံထဲက ဖြုတ်ယူလာသလို ပုံစံမျိုးဖြစ်သော်လည်း ပန်းအိုးကို ရေ သေချာစွာ အပြင်ဘက် သန့်ရှင်းရေး လုပ်လာပုံကြောင့် အိုးမှာ သဲတွေ၊ ရွံ့တွေ၊ ရေညှိတွေ စသဖြင့် ပေရေငြိကပ်မနေဘဲ သန့် ပြန့်နေသည်။

ကတ်တလီယာသစ်ခွအိုး တစ်ခုဖြစ်လျက် သန့်စွင် သော သစ်ခွအပင်၌ စိမ်းနုဖန့်ဖန့် ဖြူဖွေးဖွေး ကက်တလီယာ သစ်ခွပွင့်ကြီးနှစ်ပွင့် အသင့်ပွင့်နေလျက်သား ပါလာသည်။

"ဒါ ..."

"ရန်ကုန်က ဦးဉာဏ်ရည်သစ်က ပို့ခိုင်းထားတာပါခင်ဗျာ"

"ဟင် ..."

"မင်္ဂလာမွဲမှာ မဘုန်းဝေဆာလတ် ပန်ဖို့လို့ ပြောပါတယ် အော်ဒါလုပ်ထားလို့ ကျွန်တော်တို့က ခြံက လာပို့ပေးတာ ပါ"





"သြော် ..."

ဝေဆာ ကိုယ်တိုင် အံ့အားတသင့် ဖြစ်နေမိကာ အားလုံးပဲ တအံ့တသြ စိတ်ဝင်တစား အကြည့်တွေ ပြုံစိုက်ကျ လျက် အသံတွေ တိတ်ဆိတ်နေရသည်။

ထိုသူက လက်လှမ်းလိုက်၍ ဝေဆာက ဘယ်ဘက် လက်နှင့် ပန်းအိုးကို အပေါ်မှ ကိုင်းဆွဲထားသည့် သွပ်နန်းကြိုးမှ လှမ်းယူလိုက်ရင်း ...

"ကျေးဇူးပါပဲရှင့်"

"ဟုတ်ကဲ့၊ ဦးဉာဏ်ရည်သစ် ဖုန်းဆက်ပါလိမ့်မယ်"

"ဟုတ်ကဲ့၊ ကျွန်မ ရရှိကြောင်း"

ဝေဆာက ဘောလ်ပင်ကိုင်၍ စာရေးလက်မှတ်ထိုး ဟန် သင်္ကေတလုပ်ပြလိုက်ပြီး ...

"လိုမါသလားရှင်"

"မလိုပါဘူးခင်ဗျာ၊ သွားပို့ပြီဆိုတာ ဖုန်းဆက်ပြီးပါပြီ သူက မဘုန်းဝေဆာလတ်ဆီ ဖုန်းဆက်မှာပါ၊ နှုတ်ဆက်ပြီပါ ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

ဝေဆာသည် ဘေးက မမယုကို တစ်မျိုးလေး ပြုံးပြမိပြီး အီလည်လည် မျက်နှာလေးနှင့် ပန်းအိုးဆွဲကာ ဧည့်ခန်းထဲ ပြန်လှည့်ဝင်လာခဲ့ပါသည်။ အံ့အားလည်းသင့်၊ လူတွေ တစ်ပုံကြီး သိသွားတာမို့ ရှက်ကိုးရှက်ကန်းလည်း ဖြစ်နေမိတာပင်။

ဧည့်ခန်းထဲ ရောက်လျှင် ယောင်တောင်တောင်လေးနှင့် ဟိုဒီကြည့်ကာ ...

"နွေး ငါ ဒီအိုး ဘယ်နား ထားရမလဲ"

"ရွက်ထားပေါ့၊ ဦးဉာဏ်ရည်သစ်ဆိုတာ နင် ငါ့ကို ပြောဖူးတဲ့ တစ်ယောက် မဟုတ်လား"

"အေး ..."

"သူကလည်း ဘယ်ဆိုးလို့လဲ၊ ခပ်သဲသဲထဲကပါလား"

"သူက ခပ်သဲသဲထဲကလည်း မဟုတ်ပါဘူး နွေးရယ် ခုကတော့ ဘာစိတ်ကူးပေါက်မှန်းတောင် မသိဘူး ...အဟင်း ဟင်း"





နွေးက ပန်းအိုး ထ,ယူကာ သင့်တော်တဲ့နေရာ ...ားပေးဖို့ အိမ်တွင်းထဲ ဝင်သွား၍ ဝေဆာက ဧည့်ခန်းစားပွဲမှာ ...န်ထိုင်လိုက်သည်။ ဓာခြည်က မျက်လုံးပြူးလေးနှင့် အနားကိုင်း ...ာ ...

"ဘာလဲ ... ရှင့်ရည်းစားလား"

"ဟင့်အင်း ... အဲလိုတော့ မဟုတ်သေးဘူး"

ဝေဆာသည် ကျော်ဇင်၊ ရစ်ကီနှင့် မိုးသောက်တို့ ...ီ မျက်နှာပူတူတူ ရှက်တက်တက်လေး ဖြစ်နေပါသည်။ သူတို့ ...ယောက်ပါ ပြောလက်စကားဖြတ်ပြီး တိတ်သွားကြတယ် ...တ်လား။ အဖြစ်အပျက်က ရုပ်ရှင်ဆန်ဆန်၊ ဝတ္ထုဆန်ဆန်လေး ...ီ တစ်မျိုးလေး ဖြစ်နေကာ ကိုယ်က ဆယ်ကျော်သက်ရွယ်လေး ...ည်း မဟုတ်၊ အသက်အစိတ်ကျော် အထိုက်အလျောက် တည် ...တဲ့အရွယ်မို့ ဤသို့ ပန်ဖို့ ပန်းက အိုးလိုက် ရောက်လာပုံအတွက် ...နပ်မိခြင်းလည်း တချို့တစ်ဝက်နှင့် မအီမလည်လေး ရှက်မိ ...။

နွေးက ပြန်ထွက်လာကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... နင်ပြောတော့ ဒီလူက လက်တွေ့သမားတစ်ယော
ဆို"

တစ်မျိုးလေးဖြစ်နေတဲ့ ဝေဆာ့အတွက် အနေမခ
ရအောင် ကျော်ဖင်က ဝင်ကာ ...

"ဩော် ... နုထွေးကလည်း လက်တွေ့သမားဖြစ်တာ
ပန်းမပို့ရတော့ဘူးလားကွာ"

"ဒါက ကဗျာဆန်ဆန် အပြုအမူပဲဟာ၊ ဝေဆာ့ဆီ
ကြားဖူးထားသလောက်က ဒီလူက ဒီလိုမျိုးတွေ အာရုံ
ဘူးဆိုတဲ့ပုံ"

"ခုမှ အာရုံရှိလာလို့ နေမှာပေါ့"

"အာရုံက ရှိမှဲ့ရှိလာတော့လည်း ဦးရစ်ကီတို့လို လူ
ဦးကျော်ဖင်တို့လိုလူတွေတောင် မသိမသာ အတုခိုး
လောက်အောင်ပဲ"

အားလုံး ရယ်မောကာ ရစ်ကီနှင့် ကျော်ဖင်မှာ
ရှုံ့မဲ့မဲ့ လုပ်ပြနေပါသည်။ မိန်းမယူထားတဲ့ သူနဲ့ ယူတော့မည်
တွေမို့ ကိုယ့်ချစ်သူ မိန်းကလေးကို တယုတယ အရေး
ကဗျာမဆန်ပြရကောင်းလားလို့ အပြစ်ရှိတော့မလို ဖြစ်နေတာ





ဝေဆာ့ မျက်နှာလေးက သူ့အကြောင်းနှင့် ပတ်
သက်တာကို အားလုံးရှေ့ချ ဆွေးနွေးနေရတာအတွက် နီမြန်းမြန်း
သေး ဖြစ်ချင်တာမို့ မိုးသောက်က တမင်တကာ နောက်ကာပြောင်
ကာ ဝင်ကာ ...

"ကျွန်တော်ရော အတုမခိုးရဘူးလား"

"အို ... ရှင် အတုခိုးဖို့ အလိုအပ်ဆုံး"

"ဟောဗျာ"

"ရှင်က စွံတောင်မှ မစွံသေးတာ၊ ရှင့်ကို ဝိုင်းအစွံထုတ်ပေး
ချင်နေကြတာ၊ ဒါမျိုးတွေ ရှင် များများအတုခိုးပေးရမှာပေါ့
ကိုမိုးသောက်ရဲ့"

မိုးသောက်ဟာ ပေါ့ပေါ့ပါးပါး ရယ်ရအောင် ဝင်
အက်ပြောင်ကာမှ နုထွေးစကားက အတည်ပေါက်လိုလိုနှင့်
ဒီဗွာယ်တစ်မျိုး သက်ရောက်လာတာမို့ သူပါ မျက်နှာထားရ
က်သွားရပါသည်။

"ဝေဆာ နင်က သူ့ကို အဖြေပေးပြီးနေပြီလား"

ဝေဆာက ရှက်အမ်းအမ်းနှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"မပေးရသေးပါဘူး၊ နင်ကလည်း"

"အေး ... မပေးရသေးရင် ပြီးရော"

"ဘာပြီးရောလဲ"

"ပေးပြီးပြီ၊ ငါ မသိဘဲ ချစ်သူရှိနေပြီဆိုရင် နင့်ကို အော် မလို့ပေါ့၊ ငါ့ကို မတိုင်ပင်ရကောင်းလားလို့"

"ဩော် ... နင်ကျတော့ ငါ့ကို တိုင်ပင်တယ်ပေါ့လေ ဘာမှ မသိရပါဘူး၊ ဟိုးတလောကမှ ကိုကျော်ဇင် ရန်ကုန် ဆင်းတုန်း နင် လူကြုံနဲ့ မုန့်တွေ ပစ္စည်းတွေ ထည့်ပေးလိုက် တာ သူ လာပို့မှ ငါ့မှာ စ,မြင်ဖူးတာပါနော်"

နုထွေးက စပ်ဖြဲဖြဲလေးနှင့် ...

"ဒါတော့ နင်ကလည်း ငါ့ကို ဒီလောက်စိတ်မဝင်စား ပါဘူးဟာ၊ မပိုပါနဲ့၊ ငါ ဘယ်သူနဲ့ ကြိုက်ကြိုက် မကြိုက် ကြိုက် နင်က ဘယ်လိုမှ နေမှာဖြင့် မဟုတ်ဘဲနဲ့"

"နင်ကျတော့ရော"

"အောင်မယ်၊ ငါက ချစ်သူငယ်ချင်းအတွက် ခေါင်းထဲ ရှိတယ်ဟဲ့၊ ငါ ရေရှည်ပေါင်းလာတာ၊ မိစာခြည်နဲ့ နင်နဲ့ နှစ်ယောက်ပဲရှိတာ၊ စာခြည်နဲ့ ကိုရစ်ကီတုန်းကလည်း





ငါ နည်းနည်းပါးပါး ပါခဲ့သေးတာပဲ၊ ကိုရစ်ကီနဲ့ ကိုကျော်ဇင် က သူငယ်ချင်း၊ သူတို့နှစ်ယောက်တွဲလိုက်ကို ငါတို့က လည်း နှစ်ယောက်တွဲလိုက် စ,ဆုံကြ သိကြတာ"

စာခြည်က မိတ္ထီလာဇာတိမို့ မန္တလေးက နုထွေးနှင့် အမြဲလို တွေ့နေ ဆုံနေကြပါသည်။ သူတို့ အတွဲလိုက်နှင့် သူ့ဘက်အတွဲလိုက် သိကျွမ်းကြကာ ပြိုင်တူနီးပါးလိုပင် နှစ်စုံတွဲ အဖြစ် ချစ်ကျွမ်းဝင်သွားကြကာ ရထားပေါ်မှာ စာခြည် ပြောပြလာ ပြီးပါပြီ။ လက်ထပ်တော့ စာခြည်တို့က နှစ်လလောက် စောသွား သာ။ မင်္ဂလာပွဲကို စာခြည်ရော၊ ရစ်ကီရောရဲ့ ဇာတိ မိတ္ထီလာမှာပဲ ကျင်းပခဲ့တာမို့ ဝေဆာက သိလည်းမသိ၊ ရောက်လည်း မရောက် လိုက်ခဲ့။

စာခြည်နှင့် ဝေဆာက နုထွေးနဲ့ ခင်သလောက် ခင်ကြပါ။ အကျွမ်းတဝင်တော့ ရှိခဲ့ပါသည်။

"အခုလည်း နင့်အတွက် ခေါင်းထဲရှိတယ် သိရဲ့လား၊ ငါ့ အဖို့ ခေါင်းထဲမှာ နင့်ဖူးစာရေးကီစွ ခေါင်းထဲရှိသလို၊ ကိုကျော်ဇင်ကလည်းပဲ သူ့သူငယ်ချင်း ကိုမိုးသောကရဲ့ ဖူးစာရေးကီစွကို ခေါင်းထဲရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ..."

ပေါ်တင်ကြီးနီးပါး ပြောချလိုက်တဲ့ နွေးစ
ကြောင့် မိုးသောက်က အားနာပါးနာနှင့် ထ,အော်လိုက်ပါသည်
ကျန်လူတွေကတော့ တသောသော ရယ်မောနေကာ ကာယကံ
နှစ်ယောက်မှာတော့ ရယ်ရခက်၊ စိတ်ဆိုးရခက်မို့ မိုးသောက်
ဝေဆာ့ကို မမှုတဲ့ဟန်ပန်နှင့်ပင် တမင်ကြည့်ရင်း ...

"ဝေဆာ ... အဲဒါတော့ ဖောင်းလိလွန်းအားမကြီးဘူးလ
နော်"

"အေးလေ"

"ကိုယ့်ဟာကိုယ် အေးအေးဆေးဆေး နေတာပဲ သူတို့အ
ကိစ္စကျလို့ဗျာ၊ မနေနိုင် မထိုင်နိုင်"

"ဟုတ်ပါ့ ကိုမိုးသောက်ရယ်၊ သူတို့လင်မယား လိုက်
လိုက်ပါ"

"ဟဲ့ ... လင်မယား မဟုတ်သေးဘူး၊ သန်ဘက်ခါမ
လက်မှတ်ထိုးမှာဟဲ့"

"ဘာဖြစ်ဖြစ်"





တကယ်တော့ မိုးသောက်သည် ဝေဆာ မျက်နှာထား ရမခက်အောင် ဘာမှအရေးထားစရာ မဟုတ်သလို ရယ်ကာမော ကာ တမင်တကာ ဝင်ပြောနေခြင်းတည်း။ တကယ်တော့ သူ့ထံ ကျော်ဇင်က ဖုန်းဆက်ကတည်းက ပြောဆိုအသိပေးထားပြီးပေပြီ။

"ဟေ့ကောင်၊ နွေး သူငယ်ချင်း ဘုန်းဝေဆာလတ်ဆိုတဲ့ အပျိုမလေးကို မင်းဖို့ ရည်မှန်းထားတယ်ကွ၊ အတူတူ တစ်ခရီးတည်း သွားရအောင် စီစဉ်ပေးထားတယ်၊ မကောင်းတတ် လို့ ရစ်ကီတို့ လင်မယားပါ အတူထည့်ထားရတာပေါ့ကွာ၊ အဲဒါ မင်း နေးချာချာကြီး လုပ်နေမယ်မကြံနဲ့၊ ဒါပဲ" တဲ့။

ဒါ့အပြင် စာတိုက်က ထည့်လိုက်တဲ့ ဖိတ်စာအိတ် ပေါ်မှာ 'ဦးမိုးသောက်နှင့် ဒေါ်ဘုန်းဝေဆာလတ်' ရယ်လို့ပင် နောက်တီးနောက်တောက် ရေးလွှတ်လိုက်ပါသေးသည်။ ဖိတ်စာ အိတ်ကို အပြင်က တခြားစာအိတ်ထူထဲ ထပ်ထည့်ထားသေးလို့သာ။ အထဲမှာလည်းပဲ စာတိုနှင့် ...

"အဲသလို စုံတွဲနံမည်တွဲပ်ချင်လှပြီကွ၊ ခုတော့ နမူနာအဖြည်း သဘောပေါ့ကွာ" ... တဲ့။



www.burmeseclassic.com

www.burmeseclassic.com



လိုက်လည်းလိုက်တဲ့စုတွဲ။ သူတို့မင်္ဂလာဆောင်ကား… များ သူများအရေးကို စိတ်ဝင်စားကာ ဟိုဟိုဒီဒီ စိစဉ်အကွက်ချ… သေးသည်။ ပြောမည့်သာပြောရပါသည်။ မိုးသောက်သည် ဟိုတ… ရက်က ဆိုင်ကို ဘုန်းဝေဆာလတ် ရုတ်တရက် ရောက်ချလာ… ပြီး ...

"ကျွန်မက ဘုန်းဝေဆာလတ်ပါ" ... ရယ်လို့ ...

လက်ဝါးလေးတစ်ဖက် နှုတ်ခမ်းနားထောင်ကပ်ရင်း အောဘီသံတွေကို ထွင်းဖောက်အောင် အော်ကြီးဟစ်ကျယ် မိတ်ဆက်လိုက်သံ ကြားလိုက်ရတဲ့အခါ ဝင်းစက်ရွှန်းတောက်တဲ့ အလှရုပ်ရုံကလေးအောက်၌ အငိုက်မိ ကြက်သေသေကာ တစ်ခဏ ငေးမောသွားခဲ့ရပါသေးသည်။

ရှကျော်ဖင့် စကားတွေကလည်း အခံရှိထားတော့ သူ့မှာ အဲဒီနေ့က နှလုံးတုန် ရင်ခုန်တွေကို ဖြစ်လို့။ အခုတော့ သူ ရင်ခုန်နှစ်လိုမိတဲ့ မိန်းကလေးက 'ပိုင်ရှင် ရှိသည်'လား 'ပိုင်ရှင် ရှိလုရှိဆဲ'လား မသိပါ။





ဘာမှသာ မဟုတ်သေးတယ် သူ့မှာ မျှော်လင့်ချက် ထားရမလိုလို ဖြစ်နေခဲ့သေးတာမို့ ခုလို သိလိုက်ရတော့ လစ်ဟာ ဘာကြီးနှင့် ရင်ထဲ တစ်စုံတစ်ရာ လျော့ပါးပျောက်ဆုံးသလို ခံစားရပါသေးရဲ့။ သို့ပေမဲ့ ဒါကို လူသိလို့တော့ မဖြစ်ပေဘူးလေ။

ဟန်ကိုယ့်ဖို့လေးနဲ့တော့ နေမှဖြစ်မှာ။ ဝေဆာက အဖြေတော့ မပေးရသေးဘူးဆိုတဲ့ တစ်ဖက်လူက မန္တလေးက သစ်ခွခြံတစ်ခုကို ဖုန်းလှမ်းဆက် အော်ဒါလုပ်ပြီး သူ ချစ်ရေးဆိုထားတဲ့သူ ပွဲမှာ ပန်ဖို့ သစ်ခွကို အပွင့်တောင်မှ မဟုတ်။ မဖြတ်ရသေးတဲ့ အပင်လိုက် အိုးလိုက် လှမ်းပို့ပေးသည်ဆိုတော့ နည်းနည်းနောနော ဂရုစိုက်မှုမျိုးလည်း မဟုတ်။

အင်း ...။

ရထားပေါ်မှာ နာကျင်နေတဲ့ သူ့လက်ဖဝါးနုနုကလေးကို ဖွဖွဖိနှိပ်ပေးခဲ့ရတုန်းက ရင်ထဲက ဖိုလှိုက်လှုပ်ရှားမှုများ အရှိန်အဟုန် သိပ်ကြီးမားမလာခင် စောစောစီးစီး သိလိုက်ရတော့လည်း တစ်မျိုးကောင်းတာပါပဲလေ။

"ကလင် ... ကလင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟော ... ဖုန်းလာပြီ"

နုထွေးက လွှတ်ခနဲ ရေရွတ်ကာ ဖုန်းဆီ ထသွား ရင်း ...

"နင့်ပုဂ္ဂိုလ်ပဲ ထင်တယ်၊ သူ့ကို သစ်ခွခြံက ထွက်ခါနီး ဖုန်းဆက်တယ်ဆိုတော့ သူက ခဏစောင့်ပြီး လက်ခံရပြီးမှ လောက်မှ ဆက်တာဖြစ်မယ်၊ အောင်မယ် ... နေပါဦး ငါတို့ အိမ်ဖုန်းတို့ လိပ်စာတို့ကို နင်က သူ့ကို ပေးခဲ့တာ ပေါ့လေ"

"မပေးခဲ့ဘဲ ဟိုက ပို့နိုင် ဆက်နိုင်ပါ့မလား၊ ဒေါ်နုထွေးဃ ရယ်၊ ကိုင်မှာ ကိုင်စမ်းပါ"

ကိုကျော်ဇင်က စိတ်မရှည်သလို ဆိုပါသည်။

"ဟယ်လို၊ ဟုတ်ကဲ့ပါ၊ ဟုတ်ပါတယ်၊ ဟုတ်ကဲ့ရှင်း ရောက်ပါပြီ၊ ဟုတ်ကဲ့ ကျွန်မ နုထွေးပါ၊ ဟုတ်ကဲ့ ကျွန်မ လည်း ခုလိုစကားပြောခွင့်ရတာ ဝမ်းသာပါတယ်၊ ဝေဆာ့ကို ခေါ်လိုက်မယ်နော်၊ ခဏကိုင်ထားပါ"

နုထွေးက ဖုန်းထဲကို ချိုသာရွှန်းဝေစွာ ပြောထည့်ပြီး ဒီဘက်လှည့်လာတော့ မျက်လုံးပြူးကြီးနှင့် အံကြိတ်ပြနေတာမို့





အားလုံး ခပ်ကြိတ်ကြိတ် ရယ်မိကြပါသည်။ ဝေဆာက ဖုန်းလာ ကိုင်ကာ ...

"ဟယ်လို"

"ဝေဆာ ခရီးပန်းသေးလား"

"မပန်းပါဘူး ကိုဉာဏ်"

"ကိုယ် ပန်းပို့ခိုင်းထားတာ ရရောပေါ့"

"ဟုတ်ကဲ့ ခုနပဲ လာပေးသွားပါတယ် ကိုဉာဏ်"

"လှရဲ့လား"

"ဟုတ်ကဲ့ လှပါတယ်"

"ဝေဆာ့ စိတ်ထဲမှာ သဘောကျရဲ့လား"

"ဟုတ်ကဲ့ သဘောကျပါတယ်၊ ကျေးဇူးလည်း တင်ပါတယ်၊ အံ့အားသင့်ပြီး ဘယ်လို ပြောရမှန်းတောင် မသိဘူး"

တလေးတစား အသံမျိုးလေးနှင့် ဆရာနှင့်တပည့် စကားပြောနေပုံမျိုး ဖြစ်နေတဲ့ ဝေဆာ့ကို မိုးသောက်က မေးထောက် ကာ လှမ်းကြည့်နေရင်း (ကိုယ့်ကိုယ်ကိုယ်လည်း ဘာမှ မဖြစ်ပါဘူး ရယ်လို့ အားပေးချင်တာ တစ်ဝက်နှင့်) နောက်သလို ပြောင်သလိုလို ...



www.burmeseclassic.com

www.burmeseclassic.com



"Very Romantic လို့ပြောလိုက်လေဗျာ"

ဝေဆာက သူ့စကားကို ကြားသွား၍ သူ့ဘက်လှည့်ကြည့် ပြုံးပြကာ ...

"ကိုညက်ကို ဒီမှာ သူငယ်ချင်းတွေက 'Very Romantic' တဲ့ ပြောနေကြတယ်"

"ဟုတ်လား ... ဟား ဟား၊ ဂုဏ်ယူစရာပဲ၊ 'ကိုယ်က အဲဒါ အင်္ဂလိပ်ဝတ္ထုတစ်ပုဒ်ထဲက အတုခိုးပြီး လုပ်ကြည့်လိုက်တာ ဝေဆာရဲ့။ ကိုယ့် အိုက်ဒီယာစစ်စစ် မဟုတ်ပါဘူး၊ ကိုယ့်ကို လင်းဦးက မင်း ဝေဆာနဲ့ ပတ်သက်ပြီး လမ်းရိုးကြီးနဲ့ ခပ်အေးအေးကြီး လုပ်မနေနဲ့၊ နည်းနည်းပါးပါး Romanticဖြစ်မဲ့ဟာမျိုးလေးတွေလည်း လုပ်ဦးဟ တဲ့လေ၊ ဒါကြောင့် ဝတ္ထုထဲမှာ တွေ့တာလေးကို အတုခိုးကြည့်လိုက်တာပါ"

လင်းဦးဆိုသည်က ဝေဆာတို့ ကျောင်းက ဆရာလူရွယ်တစ်ယောက်ပဲ ဖြစ်ပါသည်။ သူ့ကို အကြောင်းပြု၍ ဝေဆာနှင့် ဉာဏ်ရည်သစ်တို့ စတင်ကြုံကြိုက်ဖူးခဲ့တာဖြစ်သည်။





"ဟုတ်ကဲ့၊ ဝေဆာ သဘောကျပါတယ်၊ ပန်းက အိုးလိုက်ဖြစ်နေတော့ ဈေးက သေးမှာ မဟုတ်ဘူး၊ အားနာစရာကြီး"

"ကိစ္စမရှိပါဘူး၊ ရန်ကုန်ပြန် ယူလာပြီး ဝေဆာတို့အိမ် ဝရန်တာမှာ ချိတ်ဆွဲပြီး ဆက်ထားတာပေါ့"

"ဟုတ်ကဲ့ ကိုညက်"

"ဒါပဲနော် ဝေဆာ၊ ကိုယ် ရုံးက ဆက်နေတာ၊ ခရီးထွက်ရတုန်း ပျော်ပျော်ပါးပါး လွတ်လွတ်လပ်လပ်နေပေါ့"

"ဟုတ်ကဲ့"

"ဒါပဲနော်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

ဝေဆာ ဖုန်းချလိုက်လျှင် ဇာခြည်က နှာခေါင်းလေး ရှုံ့၍ ...

"နင်တို့ စကားပြောတာကလည်း ဟုတ်ကဲ့နဲ့ ပြီးနေတယ်၊ လေးစားရိုသေသံနဲ့ ကိုကိုရဲ့ အဟင့် အဟဲ့လည်း မပါဘူး၊ အသံသေကြီးတွေနဲ့"

"ဟဲ့ ... ငါ့ရည်းစားမှ မဟုတ်သေးတာကို၊ ရိုးရိုးပဲ ပြောတာပေါ့ဟဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ၊ မိဇာခြည် အတော်လျှာရှည်နော်၊ သူ့ဟာသူ အသံသေကြီး Dead Sound ကြီးနဲ့ ပြောတော့ ဘာဖြစ်တုံး ပြောလေကောင်းလေ"

နွေထွေးကို အားလုံး ဝိုင်းရယ်ကြပါသည်။

"စိတ်လေးဘာလေး လျှော့ပါဦး ဒေါ်နွေထွေးငယ်ရယ်"

"ဟင့်အင်း၊ နွေထွေးအကြံကို သိသားနဲ့ ... ဟွန်း"

"အင်း ... ဖွတ်ကြီးပါလားနော်"

"ဖွတ်ပဲ"





## ၅

မိုးသောက်သည် တုတ်တံထိုးထားတဲ့ ကြက်ပေါင်ကင်တွေကို ဟိုဘက်ဒီဘက် ပြောင်းပြန်လှန်ပေးနေရင်း မလှမ်းမကမ်းမှာ ထိုင်လျက် အားလူးပြုတ်လေးတွေကို တုတ်မှာထိုးသိနေတဲ့ ဝေဆာ့ကို လှမ်းလှမ်းခိုးကြည့်နေမိပါသည်။

တော်တော်ချစ်စရာကောင်းတဲ့ မိန်းကလေးပဲ။

ဝေဆာသည် အဖြူရောင်ဆွယ်တာ ခပ်ပါးပါးလေးနှင့် ကာကီရောင်ဖျော့ဖျော့ စကပ်ရှည်ဘောင်းကွဲလေး ဝတ်ထားကာ ဆံပင်လေးတွေ အပြောင်ထုံးလျက် ပန်းရောင်ခရစ်စ်တယ်ကျောက်ပွင့်လေးတွေပါသည့် နားဆွဲလေး တဖျပ်ဖျပ်လက်လျက် နွယ်ရှင်းသန့်နေသည်။

www.burmeseclassic.com



ညာဘက်လက်ဖဝါးနှင့်လက်ကောက်ဝတ် အဆစ် အနားမှာ ပတ်တီးဖြူဖြူ ရစ်ပတ်ထားပါသည်။ ထိုညာလက်နှင့် အာလူးလုံးလေးတွေကို ကိုင်ကာ ဘယ်လက်က တုတ်တံကိုင်လျက် ထိုးသီနေသည်။

ဘယ်လက်ချောင်းလေးတစ်ခုမှာလည်း ခရစ်တယ်လ် ကျောက်ပွင့်ပန်းရောင်လေးတွေ အပွင့်ဖော်ထားတဲ့ လက်စွပ်လေး က လက်လှုပ်တိုင်း တဖျပ်ဖျပ် လက်နေသည်။

အဆီရောင် စိုစွတ်နေတဲ့ နှုတ်ခမ်းပန်းရောင်ကလေး နှင့် လိုက်ဖက်တင့်မော အရောင်ဟပ်နေပါသည်။

"ဟော့ကောင်"

ရစ်ကီက မိုးသောက်ရဲ့ မျက်လုံးတွေရှေ့မှ ဖျတ်ခနဲ လက်ကို ဝှေ့ယမ်းဖြတ်လိုက်တာမို့ မိုးသောက် မျက်လုံးတွေ ဖျတ်ခနဲ လန့်ကာ ပိတ်သွားသည်။

"ဘာလဲကွ မင်းက"

"ကြီးကန်းကြောက်လားလို့ ... ဟဲ ဟဲ"

"အေမီ ... ခင်ဗျား ယောကျ်ားကို မဆုံးမတော့ဘူးလား"





"ဆုံးမဖို့ မလိုဘူး၊ ရှင့်ကို ကြည့်ပြီး ကျွန်မလည်း ရှင့် မျက်လုံးရှေ့က ကြီးကန်းခြောက်ချင်နေတာ"

အေမီက ပြုံးစိစိပြောသည်။

"တော်ပြီ မပြောဘူး ကိုယ့်က တစ်ယောက်တည်း၊ အင်အားနည်းနေတယ်"

"အင်အားနည်းရင် တပ်ကူယူထားပေါ့၊ ဝေဆာ့ကို ဒီနား ခေါ်လိုက်ပါလား"

"မခေါ်ပါနဲ့၊ ဒီနားက ညှော်ပါတယ်"

"ဩော် ... ကိုမိုးသောက် ... ကိုမိုးသောက်"

"ဟိုမှာ အာလူးတွေ ထိုးသီနေတာတောင် ဖြစ်နိုင်ရင် သိပ်မလုပ်စေချင်ဘူး၊ ခင်ဗျား ပြောလိုက်ပါလား အေမီ၊ ဘာပဲဖြစ်ဖြစ် လက်ကောက်ဝတ်အားကို စိုက်ရသေးတာ၊ လက်နာ ပိုဆိုးနေဦးမယ်"

"ကိုယ် ကြင်နာရင် ကိုယ့်ဟာကိုယ် ပြောပေါ့"

"ပြောတာက ပြောလို့ရပါတယ်၊ ပြောရဲပါတယ်၊ ခင်ဗျား တို့က ဝိုင်းနောက်ရင် ရှက်သွားမှာစိုးလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ဒီလိုပဲ နောက်နေကျတွေပဲ"

"ခင်ဗျားတို့ကတော့ ပေါ်တင်ကြီး၊ အသိသာကြီးတွေ နောက်တာ၊ ကြောက်စရာကြီး"

"အင်း ... မိုးသောက် ... မိုးသောက်၊ ငါနဲ့ ကျော်ဇင်က တော့ စိစဉ်ကြည့်ကြတာပဲကွာ၊ ဒါပေမဲ့ ဟိုမှာက အမှုန် တန်းတန်းနဲ့ဆိုသလို ဖြစ်နေပြီ"

"အို ... နောက်မကျသေးပါဘူး မောင်ရ"

အေမိက သူ့ယောက်ျားကို အားပေးအားမြှောက် ပြုသည်။

"ဒီကောင်ကလည်း မလှုပ်မစိနဲ့"

"ဟ ... လှုပ်ချင်တိုင်း လှုပ်နေလို့ရမလားကွ၊ ကိုယ့်သဘော ချည်းမှ မဟုတ်ဘဲ၊ သူ့သဘောလည်း ရှိသေးတာ၊ သူက ဟိုတစ်ယောက်ကို သဘောကျပြီးသား ဖြစ်နေနိုင်တာပဲ"

"ဩော် ... ဒီလောက်အသေအချာ မဟုတ်သေးပါဘူး ဆိုမှ ကိုမိုးသောက်ကလည်း"

"တအားမစ,ပါနဲ့ အေမိရယ်၊ တော်ကြာ လွန်သွားရင် ... စိတ်အနှောင့်အယှက် ဖြစ်ပါ့မယ်"





"စိုးရိမ်တယ်ပေါ့၊ အမှန်တိုင်း ပြောစမ်းပါ ကိုမိုးသောက်၊ ရှင့် ဝေဆာ့ကို သဘောကျတယ် မဟုတ်လား"

"အာ ... ဒုက္ခပါပဲဗျာ"

"မိန်းကလေးလှလှတော်ပဲ၊ သူလည်း အပျို၊ ကိုယ်လည်း လူပျို၊ ကြိုးစားခွင့်ရှိတာပဲဟာ၊ ဘာဖြစ်လဲ၊ ခေါ်လိုက် မယ်"

"အာ ... သူတို့ဟာသူတို့ နေပါစေ"

အေမိက ခွတ်။ ဝေဆာနှင့် နုထွေးတို့ဘက် လှည့် ...ည့်ကာ ...

"ဟော့ ... ဟိုဘက်က ထိုးသီနေတဲ့ သူတွေ မပြီးသေးဘူးလား၊ လာလေ၊ ဒီမှာ လာကင်တော့၊ စားတဲ့ဆီကို မရောက်တော့ ဘူး"

"သူတို့ မီးဖိုက နေရာအားလို့လား"

"ဟိုမှာ ကျော်ဇင် နောက်တစ်ဖို ဖြန့်နေတယ်"

သူ့ဘို့တွေအပြင် ကိုကျော်ဇင်နှင့် နုထွေးတို့ရဲ့ညီ ...တို့မောင်နှမ ဝမ်းကွဲလုငယ်တွေထဲကဆယ်ယောက်လောက်



www.burmeseclassic.com

www.burmeseclassic.com



ပါပါသေးသည်။ တုတ်တံတွေမှာ သားငါးတွေ ဟင်းသီးဟင်းရွက်တွေ ထိုးသီတဲ့သူက သီနေ၊ ဟိုဘက်တစ်ဖိုမှာ ငါးကင်တဲ့သူက ကင်နေ၊ ကိုယ့်အုပ်စုနှင့်ကိုယ် တစ်ယောက်တစ်ပေါက် ဆူညံပျော်ရွှင်နေကြတာပင်။

ကျော်ဇင်တို့ ခြံသည် နယူးစီဗီလိုင်းမှာ။ ခြံကြီးအရောမအကျယ်ကြီးတွင် အိမ်သစ်လည်း ဆောက်ထားသော်လည်း သစ်လွင်ခမ်းနားလှသည်။ ခြံရဲ့ ဘေးနေရာလွတ်မှာ ကျယ်ကျယ်ပြောပြောကြီးမို့ ခုံတွေချ၊ စားပွဲပုတွေချ၊ သီချင်းဖွင့်ကာ ပျော်စရာ။

"ကို ... အဲဒီ မီးဖို ရပြီလား"

"ရပြီ၊ နုထွေးတို့ဟာတွေ ဒီသယ်လာတော့"

အသစ်ဖိုလိုက်တဲ့ မီးဖိုသစ်တွင် အုတ်ခဲနှ သံဇကာကွက်တင်ကာ ကင်ဖို့ အသင့်အနေအထားမို့ နုထွေးတို့ ဝေဆာတို့ အဲဒီဘက်ကို ရွှေ့ခဲ့ကြသည်။ မိုးသောက်တို့ ရှိနေတဲ့ မီးနှင့် ယှဉ်ရက်သား။ မိုးသောက်က ကြက်ကင်နေတဲ့ မီးဖိုရဲ့ ဟိုဘက်စွန်းမှာ။





တုတ်တံတွေကို ဗန်းနှင့်သယ်ကာ ဒီဘက်ရွှေ့လာတဲ့အခါ ဝေဆာ နေရာယူဖို့ ပြင်တော့ အမှတ်တမဲ့နှင့် မိုးသောက်ရဲ့ ဘေးနား ရောက်လာသည်။ မိုးသောက်က ဟိုဒီကြည့်ပြီး ပလတ်စတစ်ခုံပု ရှာနေတဲ့ ဝေဆာ့ကို သူ ထိုင်နေတဲ့ ပလတ်စတစ်ခုံပု ဒီရဲရဲလေး ဆွဲထုတ်ယူပေးရင်း ...

"ဝေဆာ ... ရော့"

နုထွေးနှင့် အေမီက မျက်စပစ်နေပါသည်။

"ဟင် ... ကိုမိုးသောက် ထိုင်နေတဲ့ခုံ မဟုတ်လား"

"ရတယ်၊ ကျွန်တော် ထိုင်နေတာကြာပြီ၊ ခဏ ကျောဆန့်ဦးမယ်"

မိုးသောက်က ထ,ရပ်လိုက်သည်။ ဝေဆာ့ကို ခုံလေး အတင်းပေးနေတာမို့ ဝေဆာက ယူလိုက်ရပါသည်။

"တစ်ယောက်တစ်လှည့် ထိုင်မယ်လေ၊ ကိုမိုးသောက် ထိုင်တော့မယ်ဆိုရင် ပြန်ယူနော်"

မိုးသောက်က ဝေဆာ အားမနာအောင် ထ,ရပ်ပြီး ဟိုလျှောက်ဒီလျှောက် လုပ်နေတာမို့ ဝေဆာက ပြောလိုက်တာပင်။



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေးနော်၊ လူလေး ဆယ့်ငါးယောက်လောက်ရှိ
တစ်ယောက်တစ်လှည့် ထိုင်ရလောက်အောင် ကိုကျော်
မမွဲသေးပါဘူး"

"အဲဒီ နတွေးကလေ တစ်ချိန်လုံး နောက်မယ်၊ စ
ဒါပဲ"

"အေးလေ ... နင်တို့က နောက်စရာဖြစ်အောင် ပြော
နေတာကိုး"

"ဟဲ့ ... သူ့ခုံ ငါ့ကို ပေးလိုက်ရတာ အားနာလို့
"ခုံတွေ အများကြီးရှိတယ်"

"ရှိရင် ထုတ်ပေးပေါ့၊ ဟိုမှာ ကိုမိုးသောက် မတ်တတ်
နေပြီ"

"သူ့ပါးစပ်ကိုက ကျောဆန့်ဦးမယ်၊ အညောင်းဆန့်ဦး
ပြောထားပါတယ် ဒေါ်ဝေဆာရယ်"

မိုးသောက်သည် ,နတွေးကို လက်မြှောက်ပြ
ကျော်ဇင့်ညီတစ်ယောက် ကမ်းနေတဲ့ ဘီယာဘူးကို လှမ်းယူ
ပါသည်။





"ညီလေး မိန်းကလေးတွေဖို့က အအေးလား"

"ဟုတ်၊ ဟို ရေခဲဗေလုံကြီးထဲမှာ"

မိုးသောက်က အအေးပုလင်းတွေ စိမ်ထားတဲ့ ရေခဲ
ဗေလုံကြီးဆီ လှမ်းလာရင်း ...

"ဘယ်သူ ယူကြမလဲ၊ ဖောက်ပေးမယ်"

"စေတနာရှိတဲ့ လူကိုသာတိုက်"

"ဒေါ်နတွေးငယ်တို့ကတော့ စကားပြောရင် အနှောင့်အသွား
ကို မလွှတ်ဘူးဗျာ"

"ဝေဆာ ဘာယူမလဲ၊ နတွေးဖို့ မန်ကျည်းပုလင်းပေး၊
သဘောပေါက်တယ်နော်၊ ကိုယ်တို့က ချဉ်ပါတယ် ဆိုတဲ့
သဘော"

နတွေးကို အားလုံးက ရယ်နေကြပါသည်။ မိုးသောက်
က နတွေးကို မန်ကျည်းဖောက်ပေးလိုက်ပြီး ...

"ဝေဆာ ဘာယူမလဲ"

"ဝေဆာ့ကို လီမွေ်ပဲပေး"

"ချိုပါတယ် တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... နေထွေး၊ နင် စ,လို့ မ၀တော့ဘူးလား"

"ဟင့်အင်း"

ကျော်ဇင်က ခုံပုလေးတွေ သုံးလေးခု ထပ်ယူလာကာ မီးဖိုနားချရင်း မိုးသောက်ကို လှမ်းခေါ်လိုက်ပါသည်။ မိုးသောက်က မလာသေးဘဲ လက်ကာပြ၍ ဇပ်လှမ်းလှမ်းမှာ မတ်တတ်ရပ်နှင့်သာ ဘီယာ မော့နေသည်။

"ကဲ ... ဒေါ်နေထွေး၊ မင်း လုပ်တာနဲ့ ကျုပ်သူငယ်ချင်း အနားမလာရဲဘဲ ဖြစ်နေပြီ"

"ဘာလဲကွ၊ ဘာလို့ မလာရဲရမှာလဲ၊ ပြဿနာပဲ မင်းတို့နဲ့တော့"

ဝေဆာသည် အားလုံးကို ဝေ့ပတ်မျက်စောင်းထိုးကာ ပါးကလေး ဖောင်းအောင် နှုတ်ခမ်းစူစူနှင့် ...

"ကိုမိုးသောက်၊ လာ ... ဒီနားမှာပဲ လာထိုင်၊ သူတို့နောက်နေတာနဲ့ ကျဉ်းကျပ်နေရရင် ပြီးမှာ မဟုတ်တော့ဘူး တွဲထိုင်နေမယ်ဟယ် ... ကဲ ... ဟုတ်တယ်"





ပြောပုံကလေးသည် မိုးသောက်ရင်ကို တဖျပ်ဖျပ် တလှပ်လှပ် ခုန်အောင် မထိခလုတ် ရိုက်ပုတ်ဆော့ကစားသွားပါသည်။ အင်း ... ခက်ရချည်ရဲ့။ ဝေဆာက ရဲရဲသွက်သွက်လေးနှင့် ဂရုမစိုက်တဲ့ပုံ ဖမ်းထားနိုင်ပေမဲ့ သူကတော့ ဝိုင်းစ,နေကြတဲ့ကြားမှာ သက်ပြင်းခိုးခိုးချရင်း ရင်တွေ ဖိုဖိုလာမိတာနဲ့ မလွယ်ပါ။

ဝေဆာက တမင်တကာကိုပင် အစွဲ့တိုက်ကာ ခုံပုတစ်ခုကို သူ့အနား ဆွဲယူလိုက်သည်။ ရှက်ပြနေရင် နောက်မဆုံးတော့ဘူး။ ဘာမှ မဖြစ်ဘူးဟယ်လို့ နေနိုင်မှ တော်ကာကျမှာ။

"လာ ... ကိုမိုးသောက်၊ ဒီမှာပဲ လာထိုင်"

"ဟေး ..."

ကျော်ဇင်၊ ရစ်ကီတို့ရဲ့ ဟစ်ကြွေးသံကြီး အားပါးတရနှင့် လက်ခုပ်တွေများပင် တဖြောင်းဖြောင်း ဝိုင်းဝန်းတီးခတ်လိုက်ကြသေး။ ဟိုးခပ်မှောင်မှောင် အရိပ်ထဲက ကျော်ဇင့် ညီဝမ်းကွဲထံမှ လက်ခေါက်မှုတ်သံပင် ရှီခနဲ အဆစ်ပါလာသေးရဲ့။



www.burmeseclassic.com

www.burmeseclassic.com



ပထမ ဒီအုပ်စုတွင်းလေးပဲ ဝိုင်းစ,ရာမှ နောက်တော့ အုပ်စုကြီးတစ်ခုလုံးရဲ့ ပစ်မှတ်ဖြစ်လာရပါပြီ။

"ဟော့ကောင် မိုးသောက်၊ လာထိုင်ပါ ခေါ်နေတာတောင်

၁ မင်းက ရှက်ကြောက်နေတာလား"

"မင်းတို့ စ,လွန်းတော့ ဝေဆာ့ကို အားနာဖို့ကောင်းတာပေါ့ ကွ"

"အားမနာပါနဲ့ ကိုမိုးသောက်ရဲ့၊ လာထိုင်၊ မောင်နှမတွေ သူငယ်ချင်းတွေလိုပဲဟာ"

ဝေဆာ့ စကားကြောင့် မိုးသောက်သည် ဆက်ငြင်း မနေတော့ဘဲ မီးပုံအသစ်ရဲ့ရှေ့ ဝေဆာ့အနီးချထားတဲ့ ခုံပုအလွတ် လေးဆီ လျှောက်လာဝင်ထိုင်လိုက်ရပါသည်။ ကျော်ဇင်က ကင်မရာ ကောက်ကိုင်ပြီး ...

"ဓာတ်ပုံရိုက်မယ်နော်၊ ရတယ် မဟုတ်လား ဝေဆာ"

"အောင်မာ ... ဘာလို့ မရရမှာလဲ၊ ဓာတ်ပုံထွက်လာရင်သာ ဖိုးစစ်စ်လောက် လာကူးမပေးနဲ့၊ ပုံကြီးချဲ့ပေး"

"ဟာ ... လေးစားတယ်ဗျာ"





ကင်မရာ့မီးရောင်ဟာ တချပ်ချပ် တဖျပ်ဖျပ် ။ မိုးသောက်က ဝေဆာ့ကို အားနာပါးနာနှင့် ခေါင်းကို မငုံ့တငုံ့ လုပ်ထားမိပါသည်။ ဝေဆာကတော့ ခပ်အေးအေးပင်။ ကင်မရာကို ကြည့်၍ အရိုက်ခံသည်။ တစ်ပုံမှာ ခေါင်းလေး စောင်းလိုက်၊ နောက်တစ်ပုံမှာ အာလူးကင် အတံလေး မြှောက်ပြထားလိုက်၊ နောက်တစ်ပုံမှာ လက်နှစ်ချောင်းထောင်ပြီး ပိစ်လုပ်ပြလိုက်နဲ့ အိုက်တင်အမျိုးမျိုးတောင် လုပ်ပြနေပါသေးသည်။

အေမိနှင့် နုထွေးသည် မိုးသောက်နှင့် ဝေဆာကို ငေးကြည့်နေကာ ...

"သူတို့နှစ်ယောက် တကယ်လိုက်တာဟဲ့"

"အေး ..."

"နှစ်ယောက်စလုံးက သဘောဖြူအူစင်းလေးတွေဟ"

"အေး ... သူတို့နှစ်ယောက် ကြည်သွားရင် ငါတို့ သုံးစုံတွဲ သိပ်ပျော်ဖို့ကောင်းမှာပဲဟာ"

"အဲဒါကြောင့် ငါ တမင်အကြံအဖန်လုပ်ပြီး အတူလာဖြစ် အောင် စီစဉ်တာ၊ နင်တို့လင်မယားနှစ်ယောက်က နှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ဆိုတော့ အဖော်မလိုဘူး၊ ဒါပေမဲ့ သူတို့နှစ်ယောက်တည်း လက်မှတ်လုပ်ပေးလိုက်လို့ မကောင်းလို့ လေးယောက် တစ်စုကြီး စီစဉ်လိုက်ရတာ"

"ရန်ကုန်က လူက ဘယ်လိုလဲ"

"ဟို ... ဉာဏ်ရည်သစ် ဆိုတာလား"

"အေး ..."

"သူ့ကို လိုက်နေတယ်၊ လူတော်လူကောင်းမို့ သူလည်း စဉ်းစားနေတယ်ဆိုတာလောက်ပဲ ငါ သိရတာ၊ မြင်လည်း မမြင်ဖူးဘူး၊ စကားလည်း ဒီလောက်မစပ်ဖူးပါဘူး၊ ဒီမိန်းမ ချစ်မိတဲ့အသံတော့ ပြောသံ မကြားပါဘူးဟ"

"ဒါပေမဲ့ နုထွေးရဲ့၊ ဝေဆာ့အကြောင်း ရှင် ပိုသိပါတယ်၊ ဝေဆာက သူကိုယ်တိုင်လည်း တော်အောင် ကောင်းအောင် ကြိုးစားတယ်၊ နေထိုင်တယ်၊ တော်တဲ့ကောင်းတဲ့သူဆိုရင် သိပ်အထင်ကြီးလေးစား သဘောကျတတ်တယ်"

"ဒါတော့ ကိုးမိုးသောက်လည်း လူတော်လူကောင်းပါပဲ"





"ဒါပေမဲ့ ကိုမိုးသောက်က သာမန်လောက် လူတော်လူကောင်းဟ၊ ငါ နေ့လယ်က ဝေဆာ့ကို အဲဒီကိစ္စ အစ်မေးကြည့်နေတာ၊ ဟိုလူက တအားကို Ambitiousဖြစ်တဲ့လူမျိုး၊ သူ့ကိုယ်သူ တော်တော်ပြည့်ဝအောင် အမြဲဆက်တိုက်ကြိုးစားနေတဲ့ သူမျိုးတဲ့၊ စက္ကန့်တိုင်း အထင်ကြီးစရာဖြစ်နေတယ်တဲ့"

"ဒီလောက်တောင်ပဲလား"

"အေး ..."

"အဲလောက်ကြီးကျတော့လည်း လေးစားဖို့အပြင် စိတ်မဝင်စားချင်ပါဘူးဟယ်၊ ကိုမိုးသောက်က ဘယ်လောက်ခင်ဖို့ကောင်းလဲ၊ စီးပွားရေးအရလည်း သူ့မုန့်တိုက်က တစ်လတစ်လ ဝင်ငွေက အမြတ်ချည်း သိန်းငါးဆယ်လောက်ရှိတယ်တဲ့၊ ကိုကျော်ဇင် ပြောတယ်"

"ဟုတ်တယ်လေ၊ ရန်ကုန်မှာ တအားနာမည်ကြီးတာဟဲ့၊ ဆိုင်ခွဲတွေလည်း အတော်များနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ရုပ်ချော သဘောကောင်း၊ အပေါင်းအသင်းဆန့်၊ ပျော်ပျော်နေတတ်၊ တစ်ဖက်သားကို သိပ်အနွံတာခံတာ၊ လူတစ်ယောက် ယောက်ျားတစ်ယောက်ဟာ ပညာဗဟုသုတတွေချည်း ပြည့်စုံချွန်မွန်နေရုံနဲ့ ဘယ်ပြီးမလဲ"

"အဲဒီလူကတော့ သူတို့ ထမင်းတစ်ရက် ဖိတ်ကျွေးလိုက်တာ ဝေဆာ့အဖေတောင် သတိအနေအထားနဲ့ အသက်ရှူမဝ ဖြစ်သွားတယ်တဲ့ ... အဟိ၊ သူက တော်လွန်းတော့ သူ့ဘေးက လူဟာ အမြည့်နေသလို ဖြစ်နေရတယ်ကဲ့"

"အမယ်လေး ... သူ့ဘေးနား မနေမိစေမှ ... အဟိ"

"အဲဒါ ပြောတာပေါ့၊ ငါက ပြောလိုက်တယ်လေ၊ အဲဒါဆိုရင် ဒီလူ့ကိုသာ လက်တွဲမိရင် နင် တံစ်သက်လုံး ညွှံမကြီး ဖြစ်နေတော့မှာပေါ့လို့"

"ဝေဆာက ဘာပြောလဲ"

"နှစ်ယောက်မရှိနိုင်တဲ့ အဲဒီ Typeကို သူက မက်မောပြီး အပိုင်လိုချင်နေတာတဲ့"

"အရှုးမ၊ ဦးနှောက်ပျက်ချင်နေပြီ"





ဝေဆာသည် အိုးရွဲ့ကို စလော့င်းရွဲ့ ဖုံးလျက် ဆော့ဖ်ဖေင် ဓာတ်ပုံရိုက်သမျှ ပြုံးပြုံးလေး လက်ခံနေပြီးမှ နည်းနည်းဆော့ စိုးရိမ်စိတ် ဝင်လာပါသည်။ မတော်တဆများ ဒီဓာတ်ပုံတွေ ကိုညဏ် မြင်တွေ့မိရင် သဘောကျပါ့မလားဆိုတာကိုပင်။

ကိုညဏ်သည် လင်းဦးရဲ့ မိန်းကလေးကို သဘောကျေပါ။ စကားစပ်မိကာ ဝေဆာ့ကို ပြောပြဖူးပါသည်။ လင်းဦးဟာ ဝေဆာနှင့် တစ်ကျောင်းတည်း အလုပ်လုပ်သူမို့ လင်းဦးရဲ့ မိန်းကလေးကို အရင်းနှီးကြီး မဟုတ်သော်လည်း ဝေဆာ မြင်ဖူးတွေ့ဖူး၊ စကားပြောဖူးပါသည်။

လင်းဦးရဲ့ ကောင်မလေး ရီရီသာဟာ Tourist Guide တစ်ယောက်ဖြစ်သည်။ နိုင်ငံခြားသားများနှင့် အတူသွားလာလှုပ်ရှားနေသူဖြစ်သည်။ ကျိုက်ထီးရိုး အတူတက်ရ၊ ဘိချ်အတူရောက်ရ၊ ခရီးအတူသွားရရှိသည်။

ရီရီသာ့ခမျာ ထိုနိုင်ငံခြားသားတွေနှင့်လည်း ကြုံရင်ကြုံသလို ဓာတ်ပုံတွေ ဘာတွေ အတူတွဲရိုက်ရတတ်ပါသည်။ ပုံတွေမှာ လေးငါးယောက်တွဲလည်း ရှိသည်။ နှစ်ယောက်တွဲလည်း ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကို လင်းဦးက ဘယ်သို့မှ မနေသော်လည်း ကိုညာဏ်က မနှစ်သက်တာ ဝေဆာ သိရဖူးသည်။ ဓာတ်ပုံဆွဲ ရိုက်တာလည်း ကိုညာဏ်က သဘောမကျ။ Guide လုပ်တာကို လည်း သဘောမကျပေ။ ယောက်ျားတွေနဲ့လည်း တွေ့ရောယှက် တင် နေထိုင်စားသောက် သွားလာရသည်လို့ ဆိုကာ အပြစ်မြင်ခဲ့ သည်။

ကိုညာဏ်ဟာ ဝေဆာနှင့် တစ်နေရာရာ သွားလာ စားသောက်ဖူးခြင်းမျိုး နည်းပါးပေမဲ့ သွားလာဖူးသမျှတွင် သူ့ ပတ်ဝန်းကျင်ရှိ မိန်းကလေးတို့ကို တစ်ချက်ကလေးတောင် ငဲ့စောင်း မကြည့်တတ်သူမျိုးဖြစ်သည်။

ဝေဆာ့ကိုသာ တည့်တည့်စူးစိုက်၍ အာရုံအပြည့် စိတ်အပြည့် နှစ်မြှုပ်ထားလေ့ရှိသည်။ တခြားဘယ်မိန်းကလေး ကမှ စိတ်ဝင်စားပုံမရတာသည် ဟန်ဆောင်နေတာလည်း မဟုတ် အမှန်အကန်ဖြစ်သည်။

သူက ဘာမှ မပြောဖူးပေမဲ့ သူနှင့် သွားလာရင် အသိမိတ်ဆွေ ယောက်ျားလေးတစ်ယောက်နှင့် ဆုံ၍ ခဏနှုတ်





ဆက်ရ၊ စကားပြောရလျှင် ဝေဆာ့ စိတ်များလည်း ကျဉ်းကျပ်၍ တထင့်ထင့်လည်း ဖြစ်ရသည်။ ယောက်ျားလေးမိတ်ဆွေတွေ များသည်ရယ်လို့ သူ့ တစ်မျိုးမြင်မလား၊ အထင်သေးမလား သေဖြင့် စိတ်ထင့်နေမိကာ တစ်ခါတစ်ရံ အသိအကျွမ်းယောက်ျား လေးကို မမြင်ယောင်ဆောင် ကွင်းရှောင်ဖူးသည်။

ကိုညာဏ် ကိုယ်တိုင်လည်း မိန်းမတစ်ယောက်နှင့် နှုတ်ဆက်တာ၊ စကားပြောတာ မတွေ့ဖူးပေ။ သူ့မျက်နှာထား တည်တဲ့လှ၍ ကိုယ် အပြုံးအရယ်များမိမှာလည်း စိုးရိမ်မိရတတ် သည်။

ဒီပုံတွေများ တွေ့ရင်တော့ ...။ အင်း ...။ နောက် ပြောင်တဲ့သူတွေကို အကြောင်းမခံချင်တာ မှားပြီလား။ အို... ကိစ္စမရှိပါဘူး။ သူငယ်ချင်းတွေနဲ့ ပျော်နေရတဲ့အခိုက် ပျော် သလိုပေါ့။ ကိုကျော်ဇင် ဓာတ်ပုံတွေ ပေးရင်တောင် ဖွက်ထားလို့ လည်း ရတာပဲ။ ဖျက်ဆီးပစ်လည်း ရတာပဲ။

"ဝေဆာ"

"___"



www.burmeseclassic.com

www.burmeseclassic.com



"ဝေဆာ"

"အင် ... ခြော် ... ဘာလဲ ကိုမိုးသောက်"

"ရော၊ ဒီတစ်ကင် ရနေပြီ"

ဝေဆာ့လက်ထဲ ကြက်ပေါင်တစ်ကင် ထည့်ပေး တာမို့ လှမ်းယူလိုက်ပါသည်။

"ဝက်ကို အသားကြိုက်လား၊ ကလီစာကြိုက်လား"

"ကြိုက်ပါတယ်၊ ဘာပဲဖြစ်ဖြစ် စားတာပဲ"

"ဒီဘက်ကိုလည်း မျှဦးဟော့၊ နှစ်ကိုယ်တူကျက်သမျှ ဝေစားမနေနဲ့"

နုထွေးက သီချင်းစာသား လုပ်ဆိုသည်။ ဝေဆာသည် နုထွေးကို မမှိမကမ်း လှမ်းဆိတ်ဆွဲဖို့ပြင်ရင်း ... ရှေ့ငိုက်သွား လက်ကို မီးရာ ထောက်လိုက်ရာ စားပွဲစွန်းနှင့် ရိုက်မိသွားပါသည်

"ဟာ ... ဝေဆာ၊ နာသွားပြီ ...!"

"မနာဘူး ကိုမိုးသောက်၊ လက်စွပ်နဲ့ ရိုက်မိတာ"

"ညာဘက်ပြီးတော့ ဘယ်ဘက် ဖြစ်နေပါဦးမယ် ဝေဆာ ရယ်"





"ဟိုနှစ်ယောက်ကို ဆိတ်ချင်တာ"

နုထွေးက ပြုံးစိစိနှင့် ...

"သူတစ်ပါး မကောင်းကြံ ကိုယ်ဘေးဒဏ်ထိဆိုတာ ကြားဖူး ပါတယ်နော်"

"ငါမှ ဘာမှ မဖြစ်တာ"

ဝေဆာက ပြောရင်း ဘယ်လက်ချောင်းလေးများကို ကော့ထောင်ကာ အမှတ်တမဲ့ ကြည့်မိလျှင် ...

"ဟယ် ..."

"ဘာလဲ ..."

"ငါ့လက်စွပ်လေး ကျောက်တစ်လုံး ပြုတ်သွားပြီ"

"အပ်ဟိ ... ဝမ်းသာတယ်"

မိုးသောက်က လှည့်ကြည့်ကာ ...

"အစစ်လား ဝေဆာ"

"အတုပါ ကိုမိုးသောက်ရဲ့၊ ဒီမှာလေ ပန်းရောင်ကျောက် တွေ မတွေ့ဖူးလား၊ ခရစ်စ်တယ်လေးတွေပါ၊ အတုလေး ဆိုပေမဲ့ နှမြောတယ်၊ ဝေဆာက ဒီလို ပုံနှိပ်စ်လေးတွေ



www.burmeseclassic.com

www.burmeseclassic.com



သိပ်ကြိုက်တာပဲ၊ မက်မက်မောမော ဝတ်တာ၊ ဒီလ

ကို ဘယ်လောက်ပေးရတယ် ထင်လဲ”

မေးနေပုံလေးကို မိုးသောက်က ရှန်းရှန်း

ကြည့်မိကာ ...

“ကျွန်တော် ဘယ်သိပါ့မလဲ”

“ခြောက်ထောင့်ငါးရာတောင် ပေးရတာ သိလား”

“ဩော် ...”

ဝေဆာသည် လက်စွပ်လေးကို ချွတ်ကာ အကင် နေသည့် မီးဖိုစွန်းနား တိုးကပ်၍ မီးရောင်နှင့် သေချာကြည့်သ ကျောက်ဘယ်နှလုံး ပြုတ်သွားသလဲ အသေအချာသိရအောင် ကွင်းနေရာကို လက်ညှိုးလက်မနှင့် ညှပ်ကိုင်ကာ ငုံ့ကြည့် လက်စွပ်လေးသည် လက်ချောင်းကြားမှ ဖျတ်ခနဲ ချော် မီးဖိုထဲ ပြုတ်ကျသွားလေသည်။

“ဟဲတော့ ... ဘုရားရေ”

ပါးစပ်မှ လွှတ်ခနဲ ရေရွတ်မိကာ ဝေဆာ ခေါင်းလေး ရှေ့ထိုး၍ မီးဖိုထဲ ငုံ့ကြည့်လျှင် မီးသွေးခဲတုံးရဲရဲ





းမှာ ပြုတ်ကျကာ တစ်ဝက်တစ်ပျက် ညပ်နေသော လက်စွပ် းကို တွေ့သည်။

“ဘာလဲ ဝေဆာ”

“သွားပါပြီ”

“ဘာဖြစ်လို့လဲ”

“လက်စွပ်လေး ကျသွားတာ”

မိုးသောက်က ဝေဆာ့ လက်ညှိုးညွှန်ပြရာသို့ ဖျတ် ကိုင်းကြည့်လိုက်ရာ မီးသွေးခဲ ရဲရဲတွေကြားက လက်စွပ်လေး မြင်နေရရာ ...

“ဟိုမှာ ... ဟိုမှာ”

မိုးသောက်လက်က မီးခဲတွေနား ဝဲသွား၍ ...

“နေပစေ၊ နေပစေပါတော့၊ ထားလိုက်ပါတော့ ကိုမိုးသောက် ရယ်”

“တွေ့နေရတယ်”

ပြောပြောဆိုဆို မိုးသောက်သည် မီးသွေးခဲ တွေကြား လက်ညှိုးကို ထိုးမွှေလိုက်ရာ ...



www.burmeseclassic.com

www.burmeseclassic.com



"အို ... ကိုမိုးသောက်"

မီးသွေးခဲတွေ ဖယ်ရှားသွားသည့်ကြားမှ ပို၍ ထင်းထင်းပေါ်လာသော လက်စွပ်လေးကို မိုးသောက်က ရဲရဲတင်းတင်းပင် ဖျတ်ခနဲ နှိုက်ယူလိုက်ပါသည်။ မီးဖုတ်ထားသလို ဖြစ်နေသောလက်စွပ်လေးက ပူခြစ်နေ၍ ...

"အားလားလား ... ရှူး ရှူး"

လက်ဖဝါးနှစ်ဖက်ထဲ ဟိုဘက်တစ်လှည့် ဒီဘက်တစ်လှည့် အအေးခံသလို ရွှေ့ရင်း ပြောင်းရင်း အောက်ကကွန်ကရစ်သမံတလင်းပေါ် အသာအယာ ချလိုက်ပါသည်။ ထို့နောက် မီးခဲထဲ နှိုက်လိုက်တဲ့ လက်ညှိုးလက်မကို နားရွက်၌ ညှပ်ကိုင်လိုက်၊ ပါးစပ်ထဲ ငုံလိုက်။

အဖြစ်အပျက်ဟာ ဆယ်စက္ကန့်လောက်အတွင်း ပြီးဆုံးသွားတာဖြစ်ရာ အားလုံးက ဝိုင်းပြီး ကြောင်ငေးကြည့်နေကြပါသည်။ ဝေဆာကလည်း သမံတလင်းပေါ်မှ လက်စွပ်ကို မကောက်မိသေး။ ခဏနေမှ မိုးသောက်ကပဲ ကောက်ယူလိုက်ကာ_

"အေးသွားပြီ၊ ရော့ ... ဝေဆာ"





ဝေဆာသည် မိုးသောက် လက်ထဲမှ လက်စွပ်လေးကြောင်ငေးလေး ယူလိုက်မိပါသည်။ မိုးသောက်က သူ့လက်မသူ ကန့်လန့်ဖြတ် ငုံထားရင်း ...

"တော်ပါသေးရဲ့၊ ကျောက်တွေ အရောင်ပြောင်းမသွားဘူး"

"ဘာလို့ မီးခဲထဲက အတင်း ကောက်ယူရတာလဲ ကိုမိုးသောက်ရယ်၊ အပူလောင်သွားပြီ"

"ရပါတယ်၊ ဘာမှ မဖြစ်ပါဘူး ဝေဆာရဲ့"

"ဟော့ကောင် ရေကြည်ဖောင်းထ,လာမယ်၊ ရေစိမ်လိုက်"

BURMESE CLASSIC .com

ကျော်ဇင်က ရေခဲဗလုံထဲမှ ရေအနည်းငယ်ကို ဖန်ခွက်တစ်ခုနှင့် လှမ်းခပ်ကာ လာပေးသည်။ မိုးသောက်က လက်ညှိုးနှင့် လက်မကို စိမ်ထားလိုက်၏။

ဝေဆာသည် ကျောက်ပြွတ်နေတဲ့ လက်စွပ်လေးကို ဘယ်လက်ချောင်းမှာ ပြန်စွပ်ဝတ်လိုက်ရင်း စိတ်မကောင်းစွာ ...

"ပူသေးလား ကိုမိုးသောက်"

"ဟင့်အင်း"



www.burmeseclassic.com

www.burmeseclassic.com



"တန်ဖိုးလည်း သိပ်မရှိတဲ့ ပစ္စည်းကို ကိုမိုးသောက်ရယ် ထားလိုက်ရောပေါ့"

"တန်ဖိုးဆိုတာက သိန်းတွေသန်းတွေအပေါ် မူမတည်ပါဘူး ဝေဆာရဲ့၊ သက်ဆိုင်သူရဲ့ တန်ဖိုးထားမှုအပေါ်မှာ မူတည် ပါတယ်၊ အတူလေးပေမဲ့ ဝေဆာ ကြိုက်တယ်၊ မက်မော တယ် မဟုတ်လား"

"ဒါပေမဲ့ ..."

"ဒါပေမမဲ့နဲ့တော့၊ ကျွန်တော် ဘာမှ မဖြစ်ဘူး တကယ်"

သူ့လက်များကို ပိုင်စိုးပိုင်နင်း ဆွဲယူကြည့်လို့ မကောင်းတတ်တာမို့ တစ်ချက်တစ်ချက် မြင်သာအောင်သာ လှမ်းလှမ်းကြည့်နေမိသည်။ တစ်ကြိမ်မှာတော့ ဖျတ်ခနဲ မြင်လိုက် ရသည်မှာ လက်မဒ္ဒ တကယ်ပဲ ရေကြည်ဖုဖောင်းလာခြင်းပင်။

အင်း ... စိတ်မကောင်းလိုက်တာ။

စိတ်မကောင်းခြင်းနှင့် တစ်ပြိုင်နက်တွင် ဝေဆာသည် ကတ်သီးကတ်သတ်နှင့် တစ်စုံတစ်ရာကို ဖျတ်ခနဲ လှမ်းသတိရလိုက် မိပါသေးသည်။





တစ်ခါကတော့ လက်တွင် ဖဲန်စီလက်ကောက်မာမာ လေး တစ်ကွင်း ဝတ်ထားလျက်သား။ ပတ္တာနှင့် ဟ၍ အဖွင့်အပိတ် ချုပ်ရတဲ့ဟာမျိုး။ ဝေဆာတို့ ကျောင်းရှေ့မှာ ဝေဆာနှင့် ကိုညာဏ် စကားခဏရပ်ပြောနေတာ။ လက်ချိတ်အိတ်ကလေးကို ကိုင်ဆွဲ ထားရာမှ ဝေဆာ၏ လက်ကောက်ရှိတဲ့ဘက် လက်ဖျံပေါ် အိတ် ကို လျှိုချိတ်လိုက်မိခိုက် လက်ကောက်ရဲ့ ပတ္တာကိုမှ ခလုတ်တည့် တည့် ဖိမိပြီး နဂိုနည်းနည်းချောင်ချင်တဲ့ ပတ္တာဟာ ဖျတ်ခနဲ ဆ,ပြုတ်ပြီး လက်မှ လက်ကောက် ကျွတ်ကျသွားခဲ့တာ။

ဟုတ်တယ်။ မိုးဖွဲဖွဲကလေး ရွာနေတဲ့ တစ်နေ့ ညပဲ။

"ဟယ် ... သွားပြီ"လို့ ဝေဆာ ရေရွတ်အော်ဟစ် ညည်းတွားလိုက်မိအောင် နှမြောလှသည်မှာ ဤဖဲန်စီလက်ကောက် လေးကို ဝေဆာ မနေ့ကမှ ဝယ်ပြီး ဒီကနေ့ ပထမဦးဆုံး ဝတ် ဆင်တာ ဖြစ်လို့ပါပဲ။ ဝယ်ကတည်းက သေချာမစွေးမိလို့ ပတ္တာ ချောင်ပြီး ပါလာတဲ့ လက်ကောက်မာလေးဟာ ခုတော့ ကျောက် ခင်းပေါ် ပြုတ်ကျရာမှတစ်ဆင့် လိမ့်လိမ့်ပြီး ...။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကျောင်းရှေ့ ပလက်ဖောင်းစပ်မှာ ရေနုတ်မြောင်းတစ်ခုရှိကာ အဲဒီပေါ်မှာ သံချောင်းစိပ်စိပ်စီထားတဲ့ မြောင်းဖုံးရှည်တောက်လျှောက် ရှိပါသည်။ ဤသံချောင်းများ ကြားထဲ တည့်တည့်ဝင်သွားပြီး မြောင်းထဲ ကျသွားတဲ့ လက်ကောက်ဟာ ခပ်လေးလေးမို့ ရေစီးထဲ ပါမသွားဘဲ မြောင်းအောက်ခံ နုန်းနှစ်ထဲ တစ်ဝက်ပေါ်တစ်ဝက်နှစ်။

ကျောင်းဆင်းချိန်မို့ လူတွေလည်း ရှုပ်ယှက်ခတ်။ လူတစ်ယောက်မှ မရှိဘဲ ရှင်းနေရင် စေဆာဟာ သံတန်းလေးတွေကြားက တုတ်ချောင်းနဲ့ ထိုးပြီး ကလော်ယူမိဖို့ များပါသည်။ ခုတော့ ကိုညာဏ်ကိုသာ ဘယ်နှယ်လုပ်ရင်ကောင်းမလဲဆိုတဲ့ တိုင်ပင်မျက်လုံးလေးနဲ့ အကဲခတ်ရင်း ...

"နမြော်လိုက်တာ ကိုညာဏ်ရယ်"

"မနမြောပါနဲ့ စေဆာရယ်၊ တန်ဖိုးမှ မရှိဘဲ၊ အသစ်ပြန်ဝယ်လို့လည်း ရသားပဲကွယ်"

စတီးရောင် သတ္တုသားပေါ် အဖြူနဲ့အနက် စစ်တုရင်ကွက်ဆန်ဆန် ဆေးခြယ်ထားတဲ့ လက်ကောက်မို့ ကိုညာဏ်က





တန်ဖိုးမှ မရှိဘဲလို့ လွယ်လွယ်လေး ပြောလိုက်တာ မှားတယ်တော့လည်း မဟုတ်။ သို့ပေမဲ့ မနေ့က လက်ကောက်လေးဝယ်ရင်း လက်ကောက်နဲ့ တစ်ဆင်တည်း တစ်ရောင်တည်း ကွက်ကြားပိတ်စလေးတစ်စကိုပါ ရှာတွေ့ပြီး ဝမ်းသာအားရ ဝယ်လာခဲ့လျက် အင်္ကျီချုပ်ဆိုင်မှာချုပ်ဖို့ ဝင်အပ်ခဲ့ပြီးတဲ့အထိ ဒီအဆင်အကွက်ကို ဖက်ရှင်ကျကျ နှစ်နှစ်သက်သက်ဝတ်ဆင်ဖို့ စေဆာ စိတ်ကူးယဉ်ထားတာ။

အင်္ကျီ ရွေးပြီးတဲ့နေ့ကျ ဘာလုံချည် ဘာဖိနပ်လေးနဲ့ တွဲပြီး လက်ကောက်ကလေးပါ ဆင်ယင်လိုက်ဖို့ မျက်စိထဲ မြင်ယောင်စီစဉ်ပြီးပြီ။

ခုတော့ ... အင်္ကျီတောင် ရွေးတဲ့ဆီ မရောက်။ လက်ကောက်ကို ဆုံးပြီပေါ့။

သံတန်းချောင်းတွေ အကျယ်အဝန်းဟာ ကိုညာဏ့်လက်မပြောနဲ့ စေဆာ့လက်ပင် မဝင်ပါ။ နှိုက်မယ်ဆိုရင် လက်ကောက်ဝတ်ပါ ဝင်အောင် နှိုက်နိုင်မှ မီမှာ။ အဲလိုလည်း နှိုက်ဖို့ ၆၄
မဖြစ်၊ တုတ်ချောင်းနဲ့ ထိုးကော်ဖို့ရာလည်း ကျောင်းပရဝုဏ်မှာ တုတ်တံ၊ ဘာတုတ်ချောင်းမှ မရှိ၊ မတွေ့။



www.burmeseclassic.com

www.burmeseclassic.com



ဝေဆာဟာ တစ်ဝက်တစ်ပျက် မြင်နေရတဲ့ လက်ကောက်ကိုပဲ အသည်းထဲ တယားယား နှမြောစွာ တကြည့်ကြည့် ဖြစ်နေရတော့တာပင်။

"လာပါ ဝေဆာရဲ့၊ နှမြောမနေပါနဲ့၊ ကိုယ် အသစ်ပြန်ဝယ်ပေးပါ့မယ်၊ မြောင်းထဲ ကျပြီးသားကြီး"

ဇာတ်နိမ့်တယ်လို့ပဲ စွပ်စွဲချင်စွပ်စွဲ၊ ဝေဆာကတော့ မြောင်းထဲကျသွားလို့ ရွံ့ပေသွားတဲ့ ဖန်စီလက်ကောက်တစ်ကွင်းကို ရေဆေး၍ ပြန်ဝတ်ဖို့ ဝန်လေးတဲ့သူ မဟုတ်။ မြောင်းထဲကျသွားတဲ့ မုန့်တို့၊ လက်ကိုင်ပဝါတို့၊ ဘာတို့ဆို တစ်မျိုးပေါ့။

လှည့်တကြည့်ကြည့် နောက်ဆံတငင်ငင်နဲ့ ချန်ရစ်ရတဲ့ ဤလက်ကောက်လေးကို နောက်နေ့ ကျောင်းတက်ဖို့ လာချိန်မှာ မြောင်းနားရပ်ပြီး သေချာငုံ့ကြည့်မိပါသေးတယ်။ မရှိတော့ပါ။ ညက မိုးရွာလို့ပဲ ရေစီးအားကောင်းကာ မျောပါသွားလား၊ တစ်ယောက်ယောက် တွေ့လို့ပဲ ဘာလေးလဲဟု တုတ်နဲ့ ထိုးကော်ကြည့်ပြီး ယူဆောင်သွားလေလား ဆိုတာကိုတော့ ဝေဆာလည်း မသိနိုင်။





ဝေဆာ ဘာကြောင့်များ အဲဒီ အဖြစ်အပျက်ကို လှမ်းသတိရပြီး အခု အဖြစ်အပျက်နဲ့ ယှဉ်နှိုင်းတွေးတောမိပါလိမ့်။ ရွံ့မြောင်းထဲက လက်ကောက်အတုကို မနှိုက်တဲ့သူနှင့် မီးဖိုမီးခဲထဲက လက်စွပ်တုကို နှိုက်ကောက်ပေးတဲ့သူကို ဝေဆာ ဘာမှ နှိုင်းယှဉ်ကြည့်နေဖို့ အကြောင်းမရှိ။

လူတစ်ကိုယ် အမြင်တစ်မျိုး၊ စိတ်တစ်မျိုး၊ ဆုံးဖြတ်ပြုမှုပုံ တစ်မျိုးလေ။ ဘာဆန်းသလဲလို့နော်။ ဝေဆာက လက်ကလေးကော့ကာ လက်စွပ်ကို ငုံ့စိုက်ကြည့်လျက် ငြိမ်သက်နေမိလေသည်။

"ကျောက်လေးတစ်လုံးပါ ပြန်တွေ့ရင် ကောင်းမှာနော်၊ စူပါဂလူးနဲ့ ကပ်ရင် ရမယ်ထင်တယ် ဝေဆာရဲ့။ တိုက်မိတဲ့နေရာနား မီးထိုးရှာကြည့်ရအောင်လေ"

"နေပါစေတော့ ကိုမိုးသောက်ရဲ့၊ မြေကြီးပေါ် ကျောက်ကလေးတစ်ပွင့် ရှာဖို့ကိစ္စကတော့ သိပ်မျှော်လင့်ချက်မရှိလောက်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"မျှော်လင့်ချက်ရှိရှိ မရှိမရှိ မျှော်လင့်ကြည့်လို့ကတော့ ရပါတယ်ဗျ၊ စိတ်ချမ်းသာရတာ အမြတ်ပေါ့"

ပြုံး၍ပြောသော သူ့ကို ဝေဆာကလည်း ပြုံး၍ နားထောင်မိသည်။





# ၄

နောက်နေ့မှာ ဝေဆာတို့ မိန်းကလေးသုံးယောက်သားကလည်း ညဘက် ဟော့ပေါ့ပွဲအတွက် ဈေးဝယ်ထွက်။ တခြားဝယ်ချင် ခြမ်းချင်တာတွေလည်း ကြည့်ရှုဝယ်ခြမ်းကြသလို၊ ယောကျ်ားလေးသုံးယောက်ကလည်း တစ်လမ်းထွက်သွားသည်။

"ပျော်စရာကြီးနော်၊ ငါတို့ ခုလို စားလိုက်၊ သွားလိုက်၊ လည်လိုက်ဆိုတဲ့ ဘဝမျိုး ပြန်ရဖို့ လွယ်တာ မဟုတ်ဘူး"

"အမယ် ... အိမ်ထောင်ရှင်မကြီးက ပြောရတယ်၊ နင်က ဘာအလုပ်များ အိမ်မှာ ရှိလို့လဲ အေမိရဲ့၊ သွားလာလည်ပတ်နေလို့ရတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"နောက်ပိုင်းသိရတာတွေက မိတ်ဆွေအဆင့်လောက်ပဲ
စိတ်ရောကိုယ်ပါ နှစ်ပြီး ပြောချင်ရာ ပြောပေါင်းလို့ရ
မဟုတ်ဘူး၊ ဒီလိုဟာမျိုးတွေနဲ့ အတူသွားလာရရင်လည်
ခုလို ဘယ်ပျော်မလဲ"

"နင် အခု ရန်ကုန်မှာ နေပြီပဲ၊ ဝေဆာနဲ့ အမြဲတွေ့လို့ရ

"အေးပေါ့၊ ဒါပေမဲ့ ဝေဆာက အလုပ်တစ်ဖက်
ငါ့လို အားလပ်တာမှ မဟုတ်တာ"

"စနေ၊ တနင်္ဂနွေတွေ အားပါတယ် ဇာခြည်ရဲ့"

"တွေ့မယ်သိလား၊ ချိန်းကြမယ်နော်၊ နင့်အားရက်
တွေ ဟိုလူကို ပေးမပစ်နဲ့ဦး"

"မပေးပါဘူး၊ ငါက သိပ်ပြီး ပေးချင်ဦးတော့၊ သူ
အမြဲအလုပ်တစ်ခုခု ရှုပ်နေတာဟဲ့"

"အလုပ်တွေ၊ တာဝန်တွေ၊ ပညာရပ်တွေကို အရမ်းစိတ်
တစား အချိန်ပေးချင်တဲ့သူမျိုးကို အိမ်ထောင်ဖက်အဖြ
ရွေးရင် ဘဝတစ်လျှောက်လုံး ပျော်စရာကောင်းပါ့မ
ဝေဆာ"





"ဟဲ့ ... ဒါပေမဲ့၊ အိမ်ထောင်ပြု ဘဝတစ်ခုတည်ဆောက်ကြ
တယ်ဆိုတာ ပျော်ဖို့သက်သက်မှ မဟုတ်တာဟယ်"

"ဘာအတွက်လဲ"

"ကဲ ... ခု မေးပြီ၊ အဲလိုကြီးတော့လည်း ဘယ်ပြောပြ
တတ်မလဲနော်ရဲ့၊ ကိုယ့်ဘဝ လုံခြုံဖို့ ... အင်း ... အဲလို
လည်း မဟုတ်သေးဘူး၊ ခုလည်း ငါ့ဘဝ လုံခြုံပါတယ်၊
အားကိုးဖို့၊ ငွေရေးကြေးရေး မဟုတ်တောင် စိတ်ပိုင်းဆိုင်ရာ
ကိုယ်ပိုင်းဆိုင်ရာ အားကိုးအမှီသဟဲဆိုတဲ့သဘော၊ ဒါလည်း
ရာခိုင်နှုန်းနည်းနည်း"

"နောက်ကော"

"ရှင်သန်နေရတဲ့ သက်တမ်းတစ်လျှောက် လူရှိသေ၊ ရှင်
ရှိသေနဲ့ အောင်မြင်တဲ့ အိမ်ထောင်ရေးဘဝတစ်ခု တည်
ဆောက်နိုင်ပြီး ..."

"မတည်ဆောက်ဘူး၊ အပျိုကြီး လုပ်မယ်ဆိုရင်ဟယ် ...
ကဲ ... ဘာဖြစ်သွားမလဲ၊ မရဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ရတာပဲလေ၊ အပျိုကြီးလုပ်နေလည်း ရပါတယ်၊ ကိုယ့်မှာ လည်း ဂုဏ်နဲ့ဒြပ်နဲ့၊ သိက္ခာနဲ့၊ ဝင်ငွေနဲ့၊ ဆွေမျိုးအသိုင်းဝိုင်းနဲ့ ပဲဟာ"

"အဲဒီတော့ လုံခြုံတာ၊ အားကိုးနိုင်တာ၊ လူရိုသေ ရှင်ရိုသေ ဘာညာသာရကာတွေဟာအရံအကြောင်းပြတွေပါ၊ယောက်ျား တစ်ယောက် မယူမဖြစ် အကြောင်းရင်းတွေ မဟုတ်ပါဘူး သိပ်ဆင်းရဲကျပ်တည်းပြီး သူ့ ရှာကျွေးမှစားရမဲ့ အချို့မိန်း ကလေးတွေကလွဲရင် အားကိုးထွက်ပေါက်အဖြစ် ယောက်ျား ယူခြင်းက အသုံးမတည့်ပါဘူး"

"နင် ဘာပြောချင်တာလဲ နုထွေးရဲ့၊ နင်က နက်ဖြန်မင်္ဂလာ ဆောင်မယ်၊ ငါ့ကိုတော့ အပျိုကြီး လုပ်ခိုင်းနေတာလား"

"မလုပ်ခိုင်းပါဘူး၊ ငါ ပြောချင်တာက နင်တို့ ငါတို့ ဘဝအခက်ခဲ မရှိတဲ့ ပြည့်ပြည့်စုံစုံ မိန်းမတွေ၊ ယောက်ျား တစ်ယောက်ကို လက်ထပ်ယူတယ်၊ အိမ်ထောင်ပြုတယ် တာဟာ သူ့ကို ချစ်လို့၊ သူနဲ့အတူ ဘဝခရီးကို လက်တွဲ လျှောက်ချင်လို့၊ ဒါပဲမဟုတ်ဘူးလား"





ဝေဆာက နုထွေးကို ငေးစိုက်ကြည့်နေသည်။

"တခြားလိုအပ်ချက်လည်း မရှိ၊ မိဘကလည်း ဘာပရက် ရှာမှ မပေးဘဲ နင် လူတစ်ယောက်ကို မျက်စိမှိတ်ရွေးချယ် ဖို့လိုလား"

"အင်း ... မလိုဘူးပေါ့"

"ချစ်လို့သာ ရွေးမိရမယ်"

"ထားပါတော့"

"ဒါဟာ ငါက အိမ်ထောင်ရေးတစ်ခုမှာ အချစ်တစ်ခုတည်း သာ အရေးကြီးတယ်လို့ အဓိပ္ပာယ်ဖော် ပြောဆိုနေတာ မဟုတ်ဘူးနော်"

"အင်း ... သဘောပေါက်ပါတယ်"

"နင်က ကိုဉာဏ်ရည်သစ်ကို ရွေးဖို့များတယ်သာ ပြောနေ တယ်၊ ချစ်မိကြောင်းလည်း တစ်လုံးမှမပါဘူး၊ နင် သူ့ကို ချစ်ကော ချစ်လို့လား"

ဝေဆာက သက်ပြင်းလေးတစ်ချက်ရှိုက်ကာ စိတ်ညှိုးပ် မျက်ခုံးတွန့်ကွေး၊ ကိုယ်ကို လိမ်တွန့်မိပြီးလျှင် ...



www.burmeseclassic.com

www.burmeseclassic.com



“သူ့ကို အရမ်းတအားတော့ မချစ်ဘူးပေါ့”

“နည်းနည်းချစ်တယ်ပေါ့”

“ပိုင်ဆိုင်ချင်မှုဟာ လိုအပ်မှု မဟုတ်ဘူးလား”

“လုံးဝ မဟုတ်ဘူး၊ စိန်လက်စွပ်တစ်ကွင်း ပိုင်ဆိုင်ချ ဖြစ်နိုင်ပေမဲ့၊ ဒါဟာ မက်မောမှု၊ ဆန္ဒသာဖြစ်တ လိုအပ်မှု မဟုတ်ဘူးလေ၊ ကိုယ်ပိုင်ချင်တာတိုင်းဟာ အတွက် မဖြစ်မနေ လိုအပ်တာ မဟုတ်ပါဘူး”

“ငါက သူ့ကို ပိုင်ဆိုင်ချင်တယ်၊ သူလိုလူတစ်ယော ကိုယ့်ကို ချစ်တယ်ဆိုတာကို ယုံလည်းယုံကြည်တ ဂုဏ်လည်းယူတယ်၊ ဒါကြောင့် လက်ခံဖို့ စဉ်းစားတ

“သိပ်ပြီးတော့ မခိုင်လုံဘူး၊ နင် ဖြစ်နေတဲ့ စိတ်ဆန္ သူ့ကို လက်ထပ်ဖြစ်ဖို့ထိ လိုအပ်လို့လား”

“ငါမှ တခြားချစ်ရတဲ့သူ မရှိဘဲ”

“အေးလေ ... ကိုဉာဏ်ရည်သစ်ကိုလည်း အပြေးအ လက်ထပ်ဖို့အကြောင်းမှ မရှိဘဲ၊ ဒီလိုလေးပဲ သူ့ကို လာပြီး ခင်ခင်မင်မင် နေနေရင်းကပဲ တခြားကနေ ချစ်ရတဲ့သူ တွေ့လာနိုင်သေးတယ်”





“သူလိုလူတော်လူကောင်းတော့ ထပ်မတွေ့နိုင်တော့ဘူး”

“သူ့ကိုလည်း လက်မခံဖြစ်ဘူး၊ သူလိုလူလည်း ထပ်မတွေ့ဘူးပဲထားပေါ့၊ နင် ဘာဖြစ်သွားမလဲ၊ သေသွားမလား”

ဝေဆာက နုထွေးကို ကြည့်ကာ ရယ်မောပစ်လိုက်မိပါသည်။

“ကဲပါ ... သေတာက ဝေးပါတယ်၊ နင် တစ်သက်လုံး ဝမ်းနည်းဆွေးမြည့်သွားမလား စဉ်းစား”

“အချစ်မပါဘဲ လက်ခံလိုက်မယ် ဆိုတာကို နင်က အားနည်းချက်တစ်ခုလို ထောက်ပြချင်တယ် မဟုတ်လား၊ ငါဟာ ဣန္ဒြေသိက္ခာရှိတဲ့ မိန်းမကောင်း၊ ရည်းစားလည်း တစ်ခါမှ မထားခဲ့၊ မချစ်ခဲ့ဖူးဘူး၊ သူ့ကို လက်ခံလိုက်ပြီးရင် ငါ သူ့တစ်ယောက်ကိုပဲ ချစ်သွားတော့မှာပဲ မဟုတ်လား၊ သူနဲ့ပဲ တစ်သက်လုံး ဝေမျှသွားရတော့မှာလေ၊ သူ့ကိုပဲ ချစ်သွားတော့မှာပေါ့”

“ဖြစ်မလာသေးတဲ့ မရေမရာတွေပါ ဝေဆာရဲ့၊ ကဲ ... နင် သူ့ကို ရွေးချယ်လက်ထပ်လိုက်ပြီ၊ လောကမှာ နင်



www.burmeseclassic.com

www.burmeseclassic.com



ချစ်ရတဲ့ ယောက်ျားတစ်ယောက်ပါလားလို့ နင် နားလည်
လိုက်ရတဲ့ လူတစ်ယောက် ပေါ်လာမယ်ဆိုပါစို့"

"ဖြစ်နိုင်လို့လား"

"သိပ်ဖြစ်နိုင်တာပေါ့"

"ဖြစ်လာရင်လည်း ဒီတိုင်းပဲထားလိုက်ရတော့မှာပေါ့၊ ရှော
လိုက်ရတော့မှာပေါ့၊ ကိုယ်က လက်ထပ်ပြီးသားဆိုရင်"

"နင်က လက်ထပ်မထားသေးရင်တော့ ရှောင်ဖို့မလို"

ဝေဆာက နုထွေးကို ကြည့်၍ တဟင်းဟင်း
မောမိကာ ...

"ငါက အချိန်ယူရဦးမယ်ပေါ့၊ သဘောက"

"မှန်တယ်"

"အေးပါ၊ ငါလည်း လက်မထပ်ချင်သေးပါဘူး"

"ခေါင်းပါ မညိတ်နဲ့ဦးပေါ့၊ ခေါင်းညိတ်အဖြေပေးပြီးသွား
လည်း နင်ဟာ လက်ထပ်ပြီးသလောက်ကိုပဲ သစ္စာ
တည်ကြည်ချင်မဲ့စိတ်၊ မိန်းမကောင်း ဖြစ်ချင်တဲ့စိတ် ရှိ
ပဲ"





"နုထွေးရယ် နင် ဒါပဲ ဘာလို့ ဒီလောက် ဆီးရီးယပ်စ် ဖြစ်နေရတာလဲ"

"ငါ နင့်ကို ကိုမိုးသောက်နဲ့ သဘောတူနေတာဟ"

"မနောက်ပါနဲ့ဟာ၊ နင်တို့က နောက်လွန်း စ,လွန်းတော့ သူရော ငါရော အနေခက်တယ်ဟဲ့"

"လုံးဝ မနောက်ဘူး၊ ထောင်တန်တဲ့စကားရယ်ပေါ့ ဆိုသလို နင် ပြုံးစပ်စပ် လုပ်မနေနဲ့၊ ငါ အလကားနေရင်း ငပေါမ လုပ်ပြီး ပြောင်နောက်နေတာ မဟုတ်ဘူးဟဲ့၊ တကယ်ရည်မှန်းထားတာ"

"နင် ရည်မှန်းတာနဲ့ပဲ ငါက လိုက်နာပြီး ကြိုက်ရမလား"

"ကြည့်ကြည့်လေ၊ တန်းကြိုက်ဖို့ မပြောပါဘူး၊ သူ့ကို ကြည့်ကြည့်ပြီး ထည့်စဉ်းစားစမ်းပါ၊ သဘောကျစရာ ယောက်ျားတစ်ယောက်မို့ ငါချစ်တဲ့ သူငယ်ချင်းအတွက် ရည်ရွယ်မိတာပါ ဝေဆာရယ်၊ ငါ တမင်တကာပဲ နင်တို့ အတူတူ ခရီးထွက်လာဖြစ်အောင် စီစဉ်ခဲ့တယ်၊ နှစ်ယောက်တည်းဆိုရင်လည်း နင့်အတွက် မကောင်းတော့၊ ငါက အေမီတို့စုံတွဲကို အတူရောစီစဉ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"အစက မရိပ်မိပေမဲ့ ခုတော့ ရိပ်မိနေပါပြီဟဲ့"

"အပြန်ခရီးကျရင်တော့"

"နင် ထပ်စီစဉ်မနေနဲ့တော့"

"ငါကတော့ တကူးတက ထပ်မစီစဉ်ရသေးဘူး၊ ဒါပေမဲ့ ခုတော့ နင်နဲ့ ကိုမိုးသောက်ပဲ အတူတူ ပြန်ရဖို့ ဖြစ်လိမ့်မယ်နဲ့ တူတယ်"

"ဘာဖြစ်လို့လဲ"

"အေမိတို့ လင်မယားက ဒီကပြန်ရင် မိတ္ထီလာသွားမှာ သုံးလေးရက်နေဦးမှာ၊ ကိုမိုးသောက်က ကားနဲ့ ပြန်ဖို့များတယ်"

ရထားနဲ့ပဲဆိုရင် အလာတုန်းကလို အိပ်ခန်းမယူဘဲ အပ်ပါးကနေ တခြားခရီးသည်တွေနဲ့ ရောနှောစီးနင်းသွားရရင် နှစ်ယောက်တည်းလို့ မဆိုသာပေ။ တစ်တွဲလုံး နှစ်ယောက်တည်း မဟုတ်ဘဲနဲ့။ ဒါကြောင့် ရစ်ကီနှင့် အေမိ မပါလည်း ကိစ္စမရှိဘူး ဟု တွက်ထားသော ဝေဆာက အံ့သြသြနှင့် ...

"သူက ဘာလို့ ကားနဲ့လဲ"





"ကိုမိုးသောက်က ဒီက ကားဝယ်သွားဖို့ ပြောထားတာ ရှိတယ်၊ မနေ့ညကတောင် အဲဒီကားကို လာပြပြီးသွားပြီ၊ သူတို့ သုံးယောက် ဝိုင်းကြည့်ကြတာ မဆိုးဘူး၊ သဘောကျတယ် ပြောတယ်၊ မနေ့ညက နည်းနည်းမှောင်နေပြီလေ၊ ခုမနက် အခု သွားထပ်ကြည့်ပြီး စစ်ဆေးနေကြတယ်၊ ဈေးတည့်ပြီး အရောင်းအဝယ်ဖြစ်သွားရင် ကိုမိုးသောက်က အဲဒီကားကို မောင်းပြီး ပြန်မှာပေါ့"

ဒါဖြင့် သူ့ကားနဲ့သာ လိုက်ရင် တကယ့်ကို နှစ်ယောက်တည်းပေါ့။ ပုံမှန်အားဖြင့် ဝေဆာသည် ငယ်သူငယ်ချင်းယောက်ျားလေးတွေထဲက တစ်ယောက်ယောက်နှင့် ဒီလို ပြန်ရဖို့ ကြုံလျှင် ဘယ်လိုမှ မနေပေ။ အိုကေပဲဖြစ်သည်။ ခုတော့ မိုးသောက်မို့ မကောင်းတတ်ဘူး ထင်သည်။

မိုးသောက်မို့ ဘာဖြစ်လို့ မကောင်းတတ်ရတာပါလိမ့်။ အင်း ... မစဉ်းစားတတ်တော့ဘူး။ သူများတွေ နောက်ပြောင်ပြောဆိုကြမှာကို ကြောက်တာလားဆိုတော့လည်း နေထွေး

www.burmeseclassic.com



တို့ ဘယ်လိုနောက်နောက် ကိုယ်လည်း ဘာမှ ဖြစ်တာမဟုတ်။ လူချင်း အရင်းအချာတွေ။ ဘယ်လိုမှမနေ။

ဒါဖြင့် ကိုညာဏ် မကြိုက်မှာ စိုးလို့လား။ ကိုညာဏ် သိရင် မကြိုက်တာ ဖြစ်နိုင်ပေမဲ့ ဒါကို တွေးပြီး မကောင်းတတ်ဘူး လို့ ယူဆတာ မဟုတ်။ ဘာကြောင့် မကောင်းတတ်မှန်း ကိုယ် တိုင်လည်း ရှင်းမပြတတ်တော့ပါ။

"ဒါဖြင့် ငါ့တစ်ယောက်ကိုပဲ ရထားလက်မှတ်လုပ်ပေး"

"တစ်ယောက်တည်း ဝေဆာရယ်"

"တစ်ယောက်တည်း ဘာဖြစ်လဲဟဲ့၊ အမယ်လေး ... သွား ရပါတယ်၊ လူတွေ အများကြီးနဲ့ သွားရတာပဲဟာကို"

"ငါကတော့ ကိုမိုးသောက်ကားနဲ့ ပြန်ဖြစ်ရင် သူ့ကားနော် အတူလိုက်သွားဖို့ တိုက်တွန်းချင်တယ်"

"ဟင့်အင်း ... မကောင်းပါဘူးဟယ်၊ ငါ့ကို ရထားလက် မှတ်သာ တစ်စောင်တည်း လုပ်ပေးပါ"

"နင်ကလည်း"





"နင်ကမလည်းနဲ့၊ တကယ်ပြောတာ၊ သူ ပြန်မဲ့ရက်နဲ့လည်း ညှိမနေနိုင်ပါဘူး၊ ငါက နင်တို့ မင်္ဂလာဆောင်ပြီး နောက်တစ်ရက်ညနေ ဒီကထွက်၊ နောက်မနက်ရောက်၊ အဲဒီနေ့လယ်မှာပဲ ကလပ်စ်ဝင်ဖို့ရှိတယ်၊ ခွင့်က ကွက်တိ ပဲဟဲ့၊ ရက်လွန်လို့လည်း လုံးဝ မဖြစ်ဘူး"

"နင့်ဟာကလည်း ကျပ်လိုက်တာ"

"ငါက ခုလို ရှေ့ရက်တွေ ပိုနေချင်လို့ နင့်ကို ရှေ့တိုး စီစဉ်ခိုင်းတာလေ၊ ငါ့စိတ်ထဲ မင်္ဂလာဆောင်ပြီး နောက်နေ့ မနက်ဆိုရင် နင်တို့ ဟန်းနီးမွန်းသွားကြပြီ ထင်တာကိုး၊ အဲဒါကြောင့် ရက်ကို အဲသလို စီစဉ်ပြီး ခွင့်ယူတာ၊ ဒါကြောင့် နင့်ကို ဘယ်နေ့လောက် ထွက်ချင်တယ်ဆိုတာ လှမ်းကြိုပြောထားတာပေါ့"

"ကိုမိုးသောက်ကားကိုလည်း နင် ပြန်ချင်တဲ့နေ့ ပြန်ထွက် ခိုင်းလို့ ရပါတယ်ဟ"

"မကောင်းပါဘူးဟယ်၊ သူ့ကိစ္စနဲ့သူ ရှိပါစေ၊ ငါ့ကိုသာ အန်ဘက်ခါ လက်မှတ်ဝယ်ပေးပါ၊ ဒီနေ့ ဝယ်တော့နော်"



www.burmeseclassic.com

www.burmeseclassic.com



"ပြီးရော ... ပြီးရော၊ ဘာပဲဖြစ်ဖြစ် ရန်ကုန်ကျရင်တော့ နင် ကိုမိုးသောက်ကို ခင်ခင်မင်မင် ရင်းရင်းနှီးနှီး ဆက်နေဦး"

"ဘာအတွက်လဲ"

"ဘာအတွက်မှ မဟုတ်ဘဲနဲ့ကို ကိုမိုးသောက်ဟာ မိတ်ဆွေကောင်းတစ်ယောက်ပါဟ"

ဤအချက်ကို ဝေဆာက ချွင်းချက်မရှိ ယုံကြည်လက်ခံနိုင်ပါသည်။ ဘာမှ မရှိသေးတဲ့ ရက်ပိုင်း၊ နာရီပိုင်းတွေအတွင်းမှာ ဝေဆာကိုယ်တိုင်လည်း ကိုမိုးသောက်ကို ခင်မင်ကျွမ်းဝင်မိပါသည်။ သူ့ရဲ့ စိတ်နှလုံးဟာ သူ ဘာမှ အထူးတလည် မလုပ်ဘဲ ဒီတိုင်း ထိုင်နေရုံနှင့်ပင် သူ့မျက်နှာပြင်၊ သူ့မျက်လုံးများနှင့် သူ့အပြုံးမှာ ဖြူစင်ကြည်လင်ကြောင်း ဖော်ပြနေကြပါသည်။

"သူ့ကို မိတ်ဆွေကောင်းတစ်ယောက်အဖြစ် ငါ ယုံကြည်လက်ခံပါတယ် နုထွေးရယ်၊ ခင်ခင်မင်မင် ဆက်နေမှာပါ"

ဒီတော့မှပဲ နုထွေးက အခိုက်အတန့် ကျေနပ်သွားခဲ့ရပါသည်။ သူတို့သုံးယောက် အပြင်က ပြန်ရောက်လာပြီးမကြာခင် နုထွေး အိမ်ကို ကိုကျော်ဇင်တို့သုံးယောက်ပါ ရောက်လာကြသည်။





"ကိုမိုးသောက် ကားဝယ်ဖြစ်လား"

နုထွေးက ခရီးရောက်မဆိုက်ပင် မေးရာ ...

"ဝယ်ဖြစ်တယ် နုထွေး၊ ကျွန်တော်တော့ အဲဒီကားပဲ မောင်းပြန်ဖြစ်တော့မှာပေါ့၊ ရစ်ကီက မိတ္ထီလာ ခဏဝင်ဦးမှာ ပြောတယ်"

"ကိုမိုးသောက် ဘယ်နေ့ ပြန်မှာလဲ"

"ကျွန်တော်က ဘယ်နေ့ပြန်ပြန် ရပါတယ်၊ ခုလောလောဆယ်တော့ ကားကို ရန်ကုန်ထိ တောက်လျှောက် မောင်းသွားနိုင်ဖို့ ဝပ်ရှော့မှာ လိုအပ်တာ အိုဗာအောလ် ကြည့်ရှုစစ်ဆေးနေတယ်။ ဝေဆာ ကျွန်တော်နဲ့ ပြန်လိုက်လို့ ဖြစ်တယ်လေ"

မိုးသောက်က ဝေဆာ့ကို ကြည့်ကာ ဖိတ်ခေါ်သလို ပြောလိုက်တာမို့ ...

"ကိုမိုးသောက် ကားကို လိုတာစစ်ဆေးပြုပြင်ပါ၊ တော်ကြာ ကားသိပ်မကောင်းသေးဘဲ ထွက်လိုက်ရလည်း မကောင်းဘူး၊ ဝေဆာက ပွဲပြီး နောက်တစ်ရက် ပြန်မှ ဖြစ်မှာဆိုတော့ ဝေဆာ့ဘာသာ ရထားနဲ့ပဲ ပြန်လိုက်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"နောက်တစ်ရက်မှာ ကားလည်း ရယ်ဒီ ဖြစ်လောက်ပါတယ် ဝေဆာရဲ့၊ ကျွန်တော်လည်း အဲဒီရက် ပြန်လိုက်မှာပေါ့"

"ဝေဆာ ပြန်မဲ့ရက် လိုက်ပြန်ရတာ ဖြစ်နေပါ့မယ် ကိုမိုးသောက်ရယ်၊ အေးအေးဆေးဆေး လုပ်ပါ၊ ဝေဆာ့အတွက် လက်မှတ်တောင် နုထွေး အစ်ကိုဝမ်းကွဲကို သွားလုပ်ခိုင်းလိုက်ပါပြီ"

"ဝေဆာကလည်း တစ်ယောက်တည်း ဖြစ်နေမှာပေါ့"

"ကိစ္စမရှိပါဘူး၊ ရထားပေါ်ဆိုတာ ခရီးသည် အများကြီးပဲဟာ၊ ဘာမှ မဖြစ်ပါဘူး၊ အဆင်ပြေပါတယ် ကိုမိုးသောက်"

မိုးသောက်မှာ ဝေဆာ့ကို ဘာမှ ထပ်မပြောနိုင်။ အတင်းအကျပ် ကိုယ်နဲ့ ခေါ်ရလောက်အောင်လည်း ကိုယ်က အပိုင်အနိုင် မဟုတ်။ ကားယူဖြစ်ကတည်းက ကားပေါ် ဝေဆာပါလာမှာလို့ အသေအချာ တွက်မိကာ ကျေနပ်စိတ်ကြည်လင်နေသော မိုးသောက်မှာ အပျော်လေးတွေ လူမသိ သူမသိ ပျက်စီးရသော်လည်း ဘာမှ မဖြစ်သလိုသာ နေလိုက်ရပါသည်။





ဒါပေမဲ့ ထိုနေ့တစ်နေ့လုံး လက်မှတ်လိုက်ကြိုးစားသော နုထွေးရဲ့ အစ်ကိုထံမှ ...

"သန်ဘက်ခါ လက်မှတ်မရနိုင်ဘူး နုထွေး၊ နောက်တစ်ရက်မှ ရမယ်၊ ငါ မျိုးစုံကြိုးစားပြီးပြီ၊ ဘယ်လိုမှ မရဘူးဟ"

ဤသို့ အကြောင်းကြားသောအခါ နုထွေးမှာ ကျိတ်၍ ...ကာ ကျေနပ်သွားမိပါသည်။

"သန်ဘက်ခါမှ ပြန်လို့တော့ မရဘူး၊ ရလိုရငြား ထပ်ကြိုးစားကြည့်ပေးနေပါဦး နုထွေးရယ်၊ ဥပမာ မလိုက်ဖြစ်တဲ့ သူတို့ ဘာတို့ ရှိခဲ့ရင်"

နုထွေးက သူ့အစ်ကိုကို မရမက ထပ်ကြိုးစားကြည့်ပို့တော့ မှာလိုက်ပါသည်။

"လေယာဉ်လက်မှတ်ရရင်လည်း လေယာဉ်နဲ့ ပြန်မယ်"

"လေယာဉ်လက်မှတ်က ပိုခက်ဦးမယ်၊ ခုဟာက မြန်မာပြည်အရပ်ရပ် ပွဲတော်ရာသီဖြစ်ပြီး၊ လူတွေ ခရီးအသွားအပြန် လုပ်နေကြတာ ဝေဆာရဲ့၊ Touristတွေ ခုပ်စုလိုက်



www.burmeseclassic.com

www.burmeseclassic.com



သွားဖို့ ပြန်ဖို့ ရှိတဲ့ရက်ဆိုရင် လက်မှတ်က ဘယ်လို
မရနိုင်တော့ဘူးဟ"

ဘယ်လိုပင်ဖြစ်စေ အဲဒီည ဟော့ပေါ့စားတဲ့ပွဲမှာ တော့ ဝေဆာ့အတွက် လေယာဉ်လက်မှတ်လည်း မရနိုင်၊ ရထား လက်မှတ်လည်း မရနိုင်ဆိုတာ သိရသည်။ ရထားလက်မှတ် ဝေဆာ လိုချင်တဲ့ရက်ရဲ့ နောက်တစ်ရက်မှာ ရှီးရှီးက ရမည် လေယာဉ်လက်မှတ်ကတော့ တစ်ပတ်တောင် စောင့်ရမတဲ့။

ဝေဆာ ပြန်ဖို့ ကိစ္စကိုပဲ တိုင်ပင်ဆွေးနွေးနေ မိန်းကလေးအုပ်စု စကားကို မိုးသောက်က ဘေးမှ အသာအယ ငြိမ်ပြီးသာ နားစွင့်နေမိသည်။

ဝေဆာရဲ့ စိတ်ရှုပ်ရှုပ် စိတ်ပျက်ပျက် ညည်းသံ ကို ကြားနေပေမဲ့ သူ ဘာမှ ဝင်မပြောမိ။ ဝေဆာဟာ သူ့နှင့်အ ကားနဲ့ ပြန်လိုက်လိုက်ရင် အလွယ်လေးပေမဲ့ လက်မှတ် ကြိုးစားနေတာကိုက သူနဲ့ နှစ်ယောက်တည်း မပြန်ချင်လို့ အဓိပ္ပာယ်ထွက်နေရာ သူ့မှာ ထပ်ပြီးတော့လည်း ဇွတ်ဝတ်မ မဖိတ်ခေါ်ရဲပါ။





"ဘာစိတ်ညစ်နေစရာရှိလဲဟယ်၊ ကိုမိုးသောက်နဲ့ပဲ ပြန်လိုက် ပြီးနေတာကို"

အမေက နောက်ဆုံးပိတ် ဝင်ပြောလျှင် သူက ဆာ့ မျက်နှာလေးကို အကဲခတ်မိသည်။ ဝေဆာ့ အသံတိုးတိုး းက ...

"ကိုမိုးသောက်က ဒီရက် ပြန်ချင်မှ ပြန်မှာပေါ့"

"သြော် ... ဘယ်တော့ပြန်ပြန်လို့ သူ ပြောနေပြီပဲ"

သူသည် မနေနိုင်ပြန်ဘဲ ...

"ဟုတ်ပါတယ် ဝေဆာရဲ့၊ ကျွန်တော်က ဘယ်တော့ပြန်ပြန် ဆိုတာ တကယ်ပါ၊ ပြန်ချင်တဲ့အချိန် ကောက်ပြန်လို့ရတယ်၊ အချိန်မမီတာ၊ ငြိနေတာတွေ၊ အဆင်မပြေတာတွေ ဘာမှ မရှိဘူး၊ ဝေဆာ့အတွက် တကူးတက စောပြန်ပေးလိုက်ရ တယ်ဆိုတာမျိုးလည်း လုံးဝ မဖြစ်ဘူး၊ ဝေဆာ အားနာလို့ သက်သက်တော့ လက်မှတ်မျိုးစုံ လိုက်ကြိုးစားမနေပါနဲ့"

ဝေဆာသည် 'ရှင်နဲ့ နှစ်ယောက်တည်းလည်း ပြန်ချင်'လို့ ဘယ်လို ပြောရပါမည်နည်း။ နှစ်ယောက်တည်း



www.burmeseclassic.com

www.burmeseclassic.com



မပြန်ချင်တာဟာ သူ့ကို မယုံကြည်စိတ်မချရတာမျိုးရှိလို့ မဟုတ်။ အများအသိမှာ နှစ်ယောက်တည်း တူတူပြန်ကြ ဆိုတာဟာ မကောင်းမှာကိုသာ ဝန်လေးနေတာ။

"ကိုမိုးသောက် ကားကရော အဲဒီရက် သွားဖို့ အသင့် မလားလို့ပါ၊ သေချာပြင်ဆင်ပြီး စိတ်ချရမှ ကိုမိုးသော အေးအေးဆေးဆေး ထွက်ချင်မှာပဲလို့ ဝေဆာ စဉ်း တာပါ"

တကယ်တော့ အဝေးပြေး အဲကွန်းဘတ်စ်ကြီး ပြန်လို့ ရပါသေးသည်။ ဒီလက်မှတ်မျိုးကလည်း လွယ် ရမည် ထင်ပါသည်။ ကိုမိုးသောက်က ကားနဲ့ ခေါ်နေပါလ သူ့ကားနဲ့ မလိုက်ဘဲ၊ ဘတ်စ်ကားနဲ့ ပြန်ဖို့ ကြိုးစားသည်ဆို တော့ သူ့ကို မယုံကြည်ရာ၊ မလိုလားရာ၊ စော်ကားရာ၊ တ တကာငြင်းပယ်ရာသို့ လုံးလုံးလျားလျား ကျရောက်သွားမှာမို့ ဘတ်စ်ကားကို ကြိုးစားဖို့ နေ့ထွေးကို မပြောရဲတာ။

ဝေဆာတောင်မှ ကိုညာဏ့်ကို ကိုယ့်ဘဝအဖော်အ ရည်မှန်းစဉ်းစားထားပါလျက် ရင်ထဲ ဘာလိုလို ဖိုတိုတို ဖြစ်ချင်တာ





သောက်အဖို့မှာတော့ သူ့မျက်ဝန်းညိုညိုစိုစို ရှိတောက်တောက် ထဲက အလူးအလဲ အသည်းအသန် ဖြစ်ခြင်းကို ဟန်ဆောင်ပန် င်လေး ဣန္ဒြေဆည်နေတာ အထင်းသားကြီး ဖြစ်နေမှတော့ ကို ဒီထက်ဒီ မျှော်လင့်ချက်၊ ခံစားချက် မတိုးစေချင်တာလည်း ပါသည်။

"တကယ်ပြောရရင် ထုံးစံအရသာ ခရီးဝေးသွားမှာမို့ ကားကို ပြန်စစ်ပြန်ကြည့်ထားတာပါ၊ ကားက အသစ်၊ စက်လည်း အရှမ်းကောင်းနေတယ်၊ အိဖူးဖူးဒပ်ဘယ်လ် ကက်ဘ်ပါ၊ ဘာမှ ပြန်မကြည့်ဘဲလည်း ရတယ်၊ ကျွန်တော် မယုံဖြစ်ရင်တောင် ပိုင်ရှင်က ဒီရက်ပဲ ရန်ကုန်ဆင်းရောင်း ဖို့ စီစဉ်ပြီးသား၊ ဒီရက်မှာ ရန်ကုန် သွားဖို့ နဂိုတည်းက အသင့်ဖြစ်နေတဲ့ ကားပါ၊ ထွက်ချင်တဲ့အချိန်မှာ မပြီးမှာ မမီမှာ မစိုးရိမ်ရပါဘူး ဝေဆာ"

အင်း ... သူ ပြောလိုက်တော့ စကားကို ကုန်ရော။ မှ အထွန့်တက်စရာမကျန်။ ဝေဆာ့မှာ ပြုံး၍သာ ငြိမ်နေလိုက် သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြုံးနေတာလဲ"

"မပြုံးရဘူးလားဟယ်၊ တခြားဟာတွေ အဆင်မပြေတော ကိုမိုးသောက်နဲ့ ပြန်လို့ အဆင်ပြေနေတာမို့ စိတ်အေးလ အေး ပြုံးနေတာပေါ့"

"အစောကြီးကတည်းက စိတ်အေးလက်အေး ပြုံးနေရင် ရော၊ ငါ့အစ်ကိုတွေ မောင်တွေ ပတ်ကြိုးစားရ ပြေးလွှာ တာတောင် မောတာအဖတ်တင်တယ်၊ ဒါဖြင့် ကိုမိုးသော ကားနဲ့ပဲ ပြန်ဖို့ အတည်ဖြစ်ပြီပေါ့၊ ဟုတ်လား"

"ဟုတ်ပါတယ်၊ အဲသလိုပဲ ပြန်တော့မှာပေါ့"

မိုးသောက် မျက်နှာက ပြုံးမြဝင်းလက်သွားကာ

"ကျွန်တော့် ကားမောင်းလည်း ကျွမ်းပါတယ် ဝေဆာ ဘာမှ စိတ်မပူနဲ့၊ ကားကို အပရိက နည်းနည်းပါး လောက်လည်း ပြင်တတ်သေးတယ်"

"အာမခံနေရတဲ့သူ သနားဖို့တောင် ကောင်းနေပါပြီဟယ်"

ဝေဆာ့မှာ ရယ်မောရပါတော့သည်။





မနေ့က အကင်ပွဲတုန်းက ဓာတ်ပုံတစ်ထပ်ကြီးကို ကျော်ဇင့်ညီ ဈေးလာပြီမို့ ဝိုင်းအုံကြည့်ကြ၊ ရယ်မောကြ၊ အော် ဟစ်ကြ။ ဒီနေ့ ပျော်ပေါ့ပွဲမှာ ရိုက်မဲ့ပုံများကို နက်ဖြန်ရမှာဖြစ်ပြီး နက်ဖြန် မင်္ဂလာပွဲမှာ ရိုက်မည့်ပုံတွေကိုတော့ သန်ဘက်ခါမှာ ရမည်မို့ ရန်ကုန်အပြန်မှာ ကိုယ်ပါတဲ့ပုံတွေကို တစ်ပါတည်း ယူသွားနိုင်ပါသည်။

ဒီညလေးဟာလည်း ပျော်စရာပင်။ တကယ်တော့ အသက်တွေ သိပ်မကြီးကြသေးတာတောင် ကျောင်းပြီးကြလို့ ကိုယ့်လုပ်ငန်းခွင် ကိုယ်ဝင်နေကြရပြီဖြစ်သည့် သူတို့တစ်တွေမှာ ထိတ်ဟန်မရှိ တရင်းတနှီး အားမနာ ပါးမနာ ပြောဆိုရယ်မော ကြ၊ ချွတ်ကြ၊ နှိပ်ကွပ်ကြနှင့် ဘာပြောပြော မနာမကျင် ဖွေယူ တယ်မရှိဆိုတဲ့ ပကတိ အပြောင်ရှင်း အရင်းနှီးဆုံး ဆက်ဆံမှု မျိုးမှာ အလုပ်ခွင်တွေထဲ မရနိုင်ဘဲ ခုလို ငယ်ပေါင်းတွေ ပြန်ဆုံ ည်းမှပဲ ရနိုင်တာမျိုး။

အားလုံးရဲ့ စိတ်တွေဟာ ဟက်ဟက်ပက်ပက် လှိုက်လှိုက်လှဲလှဲနှင့် ဆုံတွေ့ရတဲ့ ဒီရက်ပိုင်း တစ်ခဏအတွင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



စိတ်တွေကို လွတ်လပ်ချမ်းသာစွာလည်း ဖွင့်လွှတ်ပေးထား
သားမို့ အဖြစ်အပျက်တိုင်း အရာတိုင်းဟာ ပျော်စရာ ဖြစ်နေရ

လူကြီးတွေက ...

"ဟဲ့ ... သတို့သားနဲ့ သတို့သမီး စောစောပြန်အိမ်
စမ်း" လို့ ...

အတန်တန် သတိပေးနေတဲ့ကြားက သူတို့ ပွဲ
ချိန်က ဆယ့်တစ်နာရီအထိ ရောက်သွားပါသေးသည်။ အ
ဟာ ညတောင် မအိပ်ချင်လုနီးပါ။ ဒီညမှာ ဂစ်တာနှင့် အဆို
ကလည်း ဖြည့်စွက်ပါဝင်သေးရာ၊ ကိုကျော်ဇင်နဲ့ နှထွေး
မောင်နှမတွေပါ သီချင်းတွေ ဝင်ဆို ဝင်နွှဲကြပါသေးသည်။

ဝေဆာတို့ နှထွေး အိမ်ပြန်ကြတော့မယ်လို့
ဆည်းအပြီး အထွက်မှာ အလွယ်တကူ ရေသွန်ထားမိတဲ့ တစ်
က ရေစပ်စပ်နဲ့ ဗွက်ပေါက်သလို ဖြစ်နေတဲ့ မြေတစ်နေ
ဝေဆာ ခြေလှမ်းမိကာ ခြေဖျားထိပ်ဦးနှင့် ရွံ့တွေကို ကလော
လိုက်သလို ပေကျံသွားရတာမို့ ...

"ဟယ် ... သေပါပြီဟယ်၊ ပေကုန်ပြီ"





ဝေဆာက လွတ်ခနဲ ရှုတ်မြည်သည်းတွားကာ ဆောင့်
ကြောင့်လေးထိုင်ပြီး အနီးမှာ တွေ့ရတဲ့ သစ်ကိုင်းခြောက်သေးသေး
တစ်ခုနှင့် ဖိနပ်ထိပ်ဦး ခြေချောင်းဖျားတို့က မြေပျော့တို့ကို ခြစ်
ထုတ်ခွာချရကာ အဲဒီအဖြစ်ကိုလည်း နှထွေးတို့ ဓာခြည်တို့က
ယ်မဆုံးအောင် ဖြစ်နေကြတဲ့အခိုက် ...။

"ဝေဆာ ... ရော့၊ ရေခပ်လာတယ်၊ ခြေထောက်ကို ဆေး
ပစ်လိုက်"

အသံနှင့်အတူ ရေတစ်ဖလား ကမ်းပေးနေသူက
ကိုမိုးသောက်။ မိုးသောက်ဟာ ဟိုးခြံနောက်ဘက်ထဲက အုတ်ကန်
ကို ချက်ချင်း ပြေးပြီး ရေတစ်ဖလား ခပ်ယူလာတာပင်။

"ဟယ် ... ကိုမိုးသောက်ကလည်း ရပါတယ်၊ အိမ်ကျမှ
သေချာဆေးလိုက်တော့မှာပေါ့၊ ခုတော့ ရွံ့တွေ ကပ်မနေ
တော့ရင် ပြီးတာပဲဟာ"

ခပ်အားနာနာ ခပ်ရှက်ရှက်နှင့် ဝေဆာ ပြောမိအောင်
ဝင် ကိုရစ်ကီတို့ထံမှ 'လျှင်တယ်ကွာ၊ ငါတို့ ကောင်ကြီးက'၊



www.burmeseclassic.com

www.burmeseclassic.com



'ဒါမျိုးလေးတွေ အလိုက်သိတတ်တာ' စသဖြင့် တိုးတိုးကျိတ်[illegible] အားပေးနောက်ပြောင်သံတွေ ဆက်တိုက်ထွက်နေကြပြီလေ။

"လမ်းမှာ ခြေထောက်ကြီး ကပ်စီးစီးနဲ့ ဖြစ်နေမှာ[illegible] ခြောက်သွားရင်လည်း ယားလာမယ်၊ ဝေဆာ မတ်[illegible] ရပ်လိုက်၊ ကျွန်တော် လောင်းပေးမယ်"

"အိုး ... ရပါတယ်၊ ဝေဆာ့ဘာသာ လောင်းပါ့မယ်"

ဝေဆာက ထရပ်ကာ ပြောသော်လည်း မိုးသော[illegible] က ရေဖလားကို ကမ်းမပေးတော့ဘဲ လုံခြည်လေး မ,ထား[illegible] ဝေဆာ့ ခြေဖျားထိပ်ဆီသို့ ခါးအနည်းငယ် ကိုင်းကာ [illegible] ခပ်ဖြည်းဖြည်း လောင်းချပေးလေသည်။

ဘယ်လိုပင်ဖြစ်ဖြစ် လူတစ်ယောက်က ကိုယ့်ခြေ[illegible] ထောက်ကို ရေလောင်းဆေးပေးနေတဲ့ အဖြစ်ပဲမို့ ဝေဆာ့မှာ [illegible] ကို အားနာလှသည်။

"အားနာလိုက်တာ ကိုမိုးသောက်ရယ်၊ ကန်တော့ ... [illegible] တော့"





"ဟော့ကောင်၊ ကန်တော့တဲ့၊ ကန်တော့ခိုင်းနေတယ်၊ ကန် တော့လိုက်ဦးလေ"

"အို ... ကိုရစ်ကီကလည်း ဝေဆာက ကန်တော့တာကို ပြောတာပါ"

"ဒါဖြင့်လည်း မင်းက ဆုပေးလိုက်လေ၊ ကန်တော့တယ် ဆိုရင် ဆုပေးရတယ်ကွ"

မိုးသောက်က ရယ်ကျဲကျဲနှင့်ပင် ရေကုန်သွားတဲ့ ဖလားကို ကျော်ဇင့် ညီတစ်ယောက်လက်ထဲ ထိုးပေးလိုက် သည်။ ကောင်လေးက ဒီမှာ ညအိပ်မှာမို့၊ ဒီမှာ ကျန်ခဲ့တဲ့ သူမို့ ဟိုးနောက် အထိ သူ ပြန်ဝင်မထားတော့ဘဲ လှမ်းပေးလိုက် တာ။

"ဟော ... မျက်နှာလည်း လုပ်ပြီးရော၊ သူများလက်ထဲ ထိုးထည့်လိုက်ရော၊ ပိုင်တယ်ကွာ"

"ကျေးဇူးပဲ ကိုမိုးသောက်"

ဝေဆာက တိုးတိုးပြောလိုက်ပါသည်။ နှစ်ယောက် သား ပြုံးမျက်ဝန်းချင်း ဆုံမိတဲ့အခိုက် ရင်ထဲကိုယ်စီ တစ်မျိုးတစ်မည်



www.burmeseclassic.com

www.burmeseclassic.com



နှင့် ဘာမှန်း နာမည်တပ်ရခက်တဲ့ ခံစားချက်တချို့ကြောင့် ကိုယ်စီ ပူဆွေးတုန်လှုပ်ခဲ့ကြရသည်တည်း။

အပြန်ကားပေါ်တွင် ဝေဆာက အပြင်ဘက်ကို ငေးမောပြီး ငြိမ်သက်၍ လိုက်ပါလာသည်။ ဝေဆာတို့ ကားထဲတွင် မိန်းကလေးချည်းပင်။ နုထွေးရဲ့ ဝမ်းကွဲညီမတွေလည်း ပါသည်။ သူတို့မှာ ခုထိ အပျော်ရှိန် မသေသေးဘဲ တဟီးဟီး တခစ်ခစ်နှင့် ခုနက အဖြစ်အပျက်တွေထဲက တချို့ကို စားမြုံ့ပြန်ကြဆဲ။

ဝေဆာသည် ကိုဉာဏ့်ကို မြင်ယောင်သတိရမိသည်။ သတိရမိသည်မှာ အိမ်ကို ထမင်းစားလာတဲ့ ညနေက ဘာမှ မဟုတ်တဲ့ အဖြစ်ကလေးမျှသာ။

ဖေဖေနှင့် စကားမျှင်မပြတ်တဲ့ ကိုဉာဏ်ဟာ ထမင်းစားပွဲပေါ်မှာ လင်ဗန်းယော်ခံပြီး ချထားတဲ့ ရေခဲရေသန့်ဘူး အေးအေးသော်လည်းကောင်း၊ သူ့အတွက် ဖန်ခွက်သော်လည်းကောင်း သူ့ရှေ့နီးနီးကလေး မှာပဲဖြစ်လျက် ...

"ဝေဆာ ... ကိုယ့်ကို ရေတစ်ခွက်လောက် Please"





တောင်းဆိုလိုက်ပြီး ဖေဖေနှင့် စကားဆက်ပြောနေတာ။ စကားပြောရင်း ရေဘူး လှမ်းယူ၊ ဖန်ခွက်ထဲ လောင်းထည့်လိုက်လည်း သူ့လက်တစ်လှမ်းစာအတွင်းမို့ မခက်မခဲပင်။ သို့သော် သူ ဤသို့ ရေတောင်းလိုက်တာကိုလည်း ဝေဆာက ဘယ်သို့မှ မနေခဲ့ပါ။

ကိုယ့်အိမ် ထမင်းစားလာတဲ့ ဧည့်သည်ပဲ။ ကိုယ်က သောက်ရေထည့်ပေးရတာဟာ ဘာအပန်းတကြီးမှ မရှိ။ သူ့ဘာသူ မထည့်ဘူးလို့လည်း မတွေးမိခဲ့။ လုပ်ရိုးလုပ်စဉ် အမှတ်တမဲ့လိုပင် ရေကို ငှဲ့၍ မတ်တတ်ထ,ရပ်ကာ သူ့ရှေ့ ကိုင်ပြီး ချပေးခဲ့သည်။

အင်း ... ဒီအဖြစ်ကို ဘာကြောင့် လှမ်းတွေးမိပါလိမ့်။ ဝေဆာရေ ညည်းတစ်ယောက် ကိုမိုးသောက်ရဲ့ အပြုအမူတိုင်းကို ကိုဉာဏ့် အပြုအမူတို့နှင့် နီးစပ်ရာ နီးစပ်ရာ တွဲကောက်ပြီး ဘာကြောင့်များ ယှဉ်ကြည့်မိသကဲ့သို့ ဖြစ်ရပါသနည်း။

တစ်ယောက်က သူ သောက်ဖို့ သောက်ရေကို ငှဲ့ထည့်ခိုင်းတဲ့သူ။ တစ်ယောက်က ကိုယ် ခြေဆေးဖို့ ရေကို



www.burmeseclassic.com

www.burmeseclassic.com



အပြေးခတ်ကာ ကိုယ်တိုင် သောင်း၍ ခြေဆေးပေးခဲ့သူ။ သူ့ဟန်ပန်မှာ တမင်တကာ မျက်နှာလို မျက်နှာရ လုပ်ပုံမျိုးလည်း မပါ။

ဝေဆာက အတွေးတွေ ပျောက်အောင် ခေါင်းကလေးကို ခါထုတ်လိုက်သည်။ သူ သောက်ဖို့ ရေကို ထည့်ခိုင်းတာဟာ ယောကျ်ားတစ်ယောက်ရဲ့ ဆိုးဝါးတဲ့ ပြစ်မှုမှ မဟုတ်ဘဲနဲ့။ ဒီလောက်တော်တဲ့ ကောင်းတဲ့ လူတစ်ယောက်ကို ဒီကိစ္စကလေးမျိုးနဲ့ အပြစ်မြင်ဖို့ ဘယ်လိုမှ အဓိပ္ပာယ်မရှိပါ။

ဝေဆာ အပြစ်လည်း မမြင်နိုင်ပါ။ ဒါဖြင့် ဘာဖြစ်လို့ သွားသတိရမိ၊ တွေးကြည့်မိလဲ။ မသိဘူး။ စိတ်ဆိုတာ ကိုယ်က ဖန်တီးစေစားလို့ရနေတာမှ မဟုတ်ဘဲနဲ့။ ဖျတ်ခနဲ သူ ရောက်ချင်ရာကို ရောက်လွင့်ကာ တွေးချင်ရာကို တွေးလိုက်မိတာပဲပေါ့။

နောက်တစ်နည်း တခြားတစ်ဖက်က ပြောရဦးမယ်ဆိုရင်လည်း ကိုယ် ခြေထောက်ဆေးဖို့ ရေတစ်ခွက် သွားပြေးခပ်လာကာ ရေလောင်းဆေးပေးလိုက်တာမျှလောက်နှင့်စော့ ယောကျ်ား





တစ်ယောက်ကို မကုန်မခမ်း အမှတ်တွေ တရကြမ်း ပေးပစ်ဖို့ မလိုအပ်ပါဘူး မဟုတ်လား။

လူတိုင်းဟာ သူတို့ပုံစံနဲ့သူတို့ ခေါက်ရိုးကျိုး အသားသေနေပြီးသားပဲ။ ကိုယ့်တစ်သက်တာတစ်လျှောက်လုံး ပတ်ဝန်းကျင်က အရာတွေအပေါ်၊ လူတွေအပေါ် ကိုယ့်အပြုအမူ တုံ့ပြန်မှုက ကိုယ့်မူပိုင်ပုံစံအတိုင်းပဲ ဖြစ်နေမှာပေါ့။

"ဝေဆာ တိတ်လှချည်လား၊ နင်ဘာတွေ စဉ်းစားနေတာလဲ"

ဝေဆာသည် နုထွေး အမေးကို တမင်တကာပင် ...

"ငါ ကိုညာဏ့်ကို သတိရလိုက်လို့၊ သူ့အကြောင်း တွေးနေတာ"

အတွေးတစ်ဝက်မှာ ကိုမိုးသောက်ဖြစ်ကြောင်း ဝန်ခံဖို့ မလို။

"ဘာလဲ ... သူသာဆိုရင် နင့်ကို ခုလို ရေခပ်၊ ခြေဆေးပေးမှာ မဟုတ်ဘူးလို့ သဘောပေါက်နေတာ မဟုတ်လား"

ဝေဆာသည် သူ ခင်မင်သူဘက်ကိုချည်း တွန်းပို့မြှင့်တင်လှတဲ့ နုထွေး စကားကို အမြင်ကတ်ကတ်နှင့် —



www.burmeseclassic.com

www.burmeseclassic.com



"ကိုဉာဏ်က မိန်းကလေးတစ်ယောက် ခြေဆေးဖို့ ရေခပ်ပေးတာမျိုး မလုပ်မဲ့သူတော့ မှန်တယ်၊ ဒါပေမဲ့ သူမှ ဒါမျိုး လုပ်ဖို့ မလိုအပ်ဘဲ"

နုထွေးသည် ချက်ချင်းပင် မျက်ခုံးတွန့်ချိုး မျက်လုံးပြူးကာ ...

"ဟယ် ... နင်က ကိုမိုးသောက်ကိုတော့ လိုအပ်လို့ လုပ်ရတယ်ဆိုတဲ့ သဘောလား၊ ကိုမိုးသောက်က ဘာတွေနိမ့်ကျနေလို့ ဒီလို လုပ်ရမှာလဲ၊ သူ့ဟာသူ အောက်သက်ကြေမှု အလိုက်သိမှု၊ ကြင်နာမှုသက်သက်ဟဲ့၊ နင်က ကိုမိုးသောက်ကို နင့်ကိုဉာဏ်ထက် နိမ့်ကျတယ်လို့ ဆိုလိုလိုက်တာလား၊ သူ့အဆင့်က ဒီလို ဖားပြီး ပေါင်းရမဲ့ အဆင့်လို့ နင်က ယူဆလို့လား"

"ငါ ဘာမှ ယူဆလို့ မဟုတ်ပါဘူး၊ ဒါပေမဲ့ လူတိုင်းက ကိုယ့်ပုံစံနဲ့ ကိုယ်ပဲလေ"

နုထွေးသည် အတော်လေး မခံမရပ်နိုင် စူပုပ်ပုပ်နှင့် ...





"အဲဒီကိုမိုးသောက်ကိုလည်း ပြောကိုပြောထားဦးမှပဲ၊ လူတကာကို သူ့ဘက်က လျှော့ပေါ့နိမ့်ချဆက်ဆံလွန်းတယ်၊ သူ့ဘက်က အနစ်နာခံတာချည်းပဲ။ သူများကို သူက ကြောရ သာရတယ်ပဲ မရှိဘူး၊ နေကိုမနေတတ်ဘူးတော့၊ တချို့က ဒီလူ အင်မတန် သဘောထားပြည့်ပါလား၊ ကိုယ့်ကိုယ်ကိုယ် နှိမ်ချပါလား၊ နားလည်မှုရှိတာ မဟုတ်ဘူး၊ အထင်သေးရင် သေးတတ်တာ"

ဇာခြည်က ကြားဝင်ကာ ...

"သူ့ပုံစံနဲ့ သူပဲ ရှိပါစေ နုထွေးရယ်၊ ဒါကြောင့်လည်း သူ့ကို လူချစ်လူခင် ပေါသားပဲ၊ တကယ်တမ်း အရေးကြုံတော့လည်း လူတွေဟာ အမှန်ကို မြင်နိုင်နားလည်နိုင်ပါတယ်၊ လူတိုင်းဟာ ကိုယ့် ကိုယ်ရည်ကိုယ်သွေးနဲ့ကိုယ် ပေါ့ဟယ်၊ ကိုဉာဏ်ရည်သစ်လည်း သူ့ကိုယ်ရည်ကိုယ်သွေးနဲ့သူ၊ ကိုမိုးသောက်လည်း သူ့ကိုယ်ရည်ကိုယ်သွေးနဲ့သူပဲပေါ့၊ ဘယ်သူ့ပုံစံကိုမှ ဝင်ပြုပြင်ဖို့ မလိုအပ်ပါဘူး၊ လူတွေဟာ ကိုယ် ဘာကို သဘောကျတယ် ကိုယ် ဘာကို လိုအပ်တယ်ဆိုတာ အချိန်တန်တော့ သိကြပါတယ်"

www.burmeseclassic.com



ခါခြည့်စကားက မျှတမှန်ကန်ပါသည်။ နုထွေးကတော့ ဖွတ်တိုးတတ်တဲ့ သူ့ရဲ့ ညဉ်အတိုင်း ဝေဆာ့ကို တံတောင်နှင့် တွတ်ကာ ...

"နှင့်ကို ကိုမိုးသောက် ချစ်နေပြီတဲ့ သိရဲ့လား"

"အို ... မြန်လိုက်တာဟာ၊ အဓိပ္ပာယ်မရှိ"

ဝေဆာက ရင်ထဲ ရှက်ခုခုနှင့် တုံးတိလေး တုံ့ပြန်ရေရွတ်သည်။





## ၇

နေ့လယ်ကတည်းက ဝတ်စားပြင်ဆင်ဖို့ လိုအပ်သမျှ အထုပ်အပိုးနှင့် သယ်ကာ ကျော်ဇင်တို့ ခြံထဲ လာခဲ့ကြပါသည်။ ဧရာမအိမ်ကြီးပေါ်တွင် နုထွေးတို့ နေမည့် မင်္ဂလာခန်းကလည်း အကျယ်ကြီးပါ။ မနက်စောစော ရုံးမှာ လက်မှတ်သွားရောက်ရေးထိုး။ ပြန်လာ ခဏနား၊ နံနက်စာ စားပြီးသည်နှင့် ကိုကျော်ဇင်တို့ ခြံကို ရောက်ခဲ့ကြသည်။

မနက်အစောကြီး ထ,ကာ ခြံထဲ၌ ပြင်ဆင်ခင်းကျင်းနေကြသူတွေက အင်အားတောင့်တာမို့ အတော်ပြီးစီး သပ်ရပ်နေပြီ။ ချစ်ကီနှင့် မိုးသောက်လည်း စားပွဲတွေ ခုံတွေ ခင်း၊ စားပွဲခင်း ပန်းအိုးတွေ ပြင်ဆင်သည့်နေရာမှာ ကူညီဝင်ပါနေကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နွေးတို့အတွက် အိပ်ရာခမ်းနား ပြင်ထားသည် အိပ်ခန်းကျယ်ကြီးမှာပင် ဝေဆာတို့ အထုပ်အပိုးတွေ ထည့်သွင်းထာ ပြင်ဆင်ကြပါသည်။ အလှပြင်သမား ရောက်လာတော့ နွေး စာခြည်နှင့် နွေး ညီမဝမ်းကွဲတစ်ယောက် အလှပြင်သည် ကျန်တချို့က အပြင်မှာပဲ ပြင်ဆင်လာကြမည်။

ပွဲထုတ်တာမျိုး မဟုတ်၍ သတို့သမီး သတို့သာ အရန်တွေ ဘာတွေ မပါ။ ခြိမ့်ညီခံပွဲပဲဖြစ်၍ နွေး ဝတ်ဆင်သည် ဝတ်စုံကလည်း ပိုးနှင့် မှန်ဇာ ဂါဝန်ဖြူဖွားဖွားလေးပါ။ ဝေဆာ တော့ မိတ်ကပ်အပြည့် ပြင်ရတာကြီးမျိုး မကြိုက်၍ အလှပြင် ဆရာနှင့် မပြင်ပါ။ အချိန်နီးမှ L'oreal ဖောင်ဒေးရှင်းမိတ်ကပ် လေး ပါးပါးလိမ်းကာ Loose Powder ပဲ ထပ်ရိုက်လိုက်သည်။

ကိုယ့်ဘာသာကိုယ်ပဲ မျက်ခုံးကို ဆွဲမှန်း မသိသာ ရအောင် နည်းနည်းလေးဆွဲ၊ မျက်လုံးခြယ်၊ နှုတ်ခမ်းနီဆိုးလိုက် တော့ ပြီးပြီ။ ဝေဆာ့ ဆံပင်က ကျောလယ်လောက် ဖျော့အိဆင်း လာပြီး အဖျားဒွိ ခွေလိပ်တယ်ဆိုရုံ ကောက်ထားပုံမို့ ဘာမှ မ ပြင်ဘဲ ဒီအတိုင်း ဖြီးချထားပါသည်။





"နင့် မျက်နှာက နည်းနည်းကလေးဟယ်၊ လာပါ၊ လိမ်းလိုက်ပါဆို"

"ငါ မလိမ်းတတ်လို့ပါ နွေးရာ၊ နင် သိသားနဲ့၊ မနေ တတ်ဘူးဟဲ့၊ တအား မပြင်ချင်ဘူး"

"ပွဲလမ်းမို့ ပြင်တာပဲဟာ"

"မိတ်ကပ် အများကြီးနဲ့ ငါနဲ့လည်း မလိုက်ဘူးဟဲ့"

"နင် မင်္ဂလာဆောင်တော့ ဘယ်လိုလုပ်မှာလဲ"

"အဟိဟိ၊ အဲဒီကျတော့လည်း အခြေအနေအရပေါ့ဟယ်"

ဝေဆာသည် သူများ ပြင်ဆင်ခြယ်သ ထုံးဖွဲ့နေတာ တွေကိုသာ လိုက်ကူညီပေးနေသည်။ နွေးရဲ့ လှပကြွရွသော ဆံထုံးမှ ဆံပင်တု အလိမ်အခွေမျှင်လေးတွေကို အစေးက ခွာ ကြည့်၊ အနီးကပ်ကြည့်နှင့် ကပိုကရိုစတိုင်ပေါက်အောင် တိုဖို့ ည်ဖို့ ညွှန်ကြားရသေးသည်။

နွေး ဂါဝန်ဝတ်တော့လည်း ခါးသေးအောင် ာပ်ရစည်းရ ကူညီရပါသည်။ နွေးပြီးတော့ စာခြည်။ မိတ်ကပ် အပြည့်ပြင်ထားတဲ့ စာခြည့်ကိုလည်း တတ်သလောက် မှတ်သ

www.burmeseclassic.com

www.burmeseclassic.com



လောက် ကူကြည့်ပေး ပြောပေး၊ ပန်းပန်ပေး၊ ဖစ်တပ်ပေးနှင့် ရှုပ်နေသည်။

ဓာခြည်က ဓာပန်းရောင်လေးနှင့်။ ဝေဆာ့ ဝတ်စုံက ကတ္တီပါပြာလို စိမ်းမှောင်လက်တောက်နေတဲ့အရောင်။ လှုပ်ရှားတိုင်း အရောင်လဲ့ကာ ပြေးနေသည်။ ဝတ်စုံနှင့် တစ်ရောင်တည်း စီးကွင်းစ်ထိုး ရှူးဖိနပ်ဦးချွန်နှင့် ဒေါက်မြင့်ဖိနပ်လေးလည်း ရန်ကုန်မှ အသစ်ဝယ်လာပါသည်။

တစ်ယောက်ကို တစ်ယောက် လက်ဝတ်လက်စားတွေပါ ဆင်ပြင်ဝတ်စားပေးကြကာ အားလုံး အသင့်ဖြစ်တော့ ပွဲစမည့် အချိန်လောက် အံကိုက်ကွက်တိပင်။

"နုထွေး နင် မကုန်းကွနဲ့တော့၊ နင့် ဖိနပ်က ဘယ်မှာလဲ ဒီဘူးထဲလား"

"ဟုတ်တယ်၊ အဲဒီဘူးထဲမှာ"

နုထွေးကို ဖိနပ်ပါ စွပ်ဝတ်ပေး၍ မွှေ့ပိုက်ပန်းစည်းလေးပါ အသင့်လက်ထဲ ထည့်ပေးထားပြီး ကုလားထိုင်မှာ ဂါဝန်မကြေအောင် ဂရုစိုက်ထိုင်နိုင်းထားသည်။





"ဝေဆာ ဒါက ငါ့အိတ်၊ ဒီဟာ ငါ့ ဖိနပ်ဘူး၊ နင့် ဖိနပ်ဘူးရော"

"ဘူးအနက်လေးလေ"

"မတွေ့ဘူးနော်၊ ကြည့်ဦး"

ဓာခြည် ပြောမှ ကိုယ့်ရဲ့ အထုပ်အပိုးအိတ်တွေထဲ ကြည့်မိတဲ့အခါ ဖိနပ်ဘူးကို လုံးဝ မတွေ့။

"ဟယ် ... မတွေ့ဘူး"

"နင် ကျန်ခဲ့ပြီ ထင်တယ်"

"ဟုတ်တယ် ထင်တယ်"

"ကဲ ... အဲဒါ ဘယ်လိုလုပ်မလဲ၊ ဒီမှာလည်း အစားဝတ်စရာ ဖိနပ်လှလှပပ မရှိဘူး၊ ငါတို့ ဒီကို စီးလာတာတွေကလည်း ရိုးရိုးကတ္တီပါဖိနပ်စလစ်ပါတွေ"

ဝေဆာသည် မေ့ကျန်ရစ်မိသော ကိုယ့်ကိုယ်ကိုယ် အပြစ်တင် စိတ်ရှုပ်သွားမိသော်လည်း သူများ မင်္ဂလာပွဲ၌ ပွစိဖျစ်တောက်လည်း ဖြစ်မနေလို၊ ကိုယ့်ကြောင့်လည်း တစ်ရေးမှောက်ပြီး အလုပ်ရှုပ်ဗျာများတာ မပိုစေချင်၍ ဝတ်စုံနှင့် မလိုက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



အောင် တစ်ရောင်တည်းရအောင် ပလာဇာတွေ၊ ဆိုင်တွေပေါင်းစုံ ပတ်ရှာထားရတဲ့ ဖိနပ်လေးကို ဝတ်ချင်လှပါလျက် စိတ်ကိုလျှော့ဖြေလိုက်ပါသည်။

"နေပါစေတော့ဟယ်၊ ညဘက်ပဲ၊ ခဏနေ မှောင်မှာပဲ ရှိတဲ့ဖိနပ်ပဲ စီးလိုက်တော့မယ်"

"အို ... ရှိတာက နင့် ဝတ်စုံနဲ့ ဘယ်လို အပ်စပ်မှာလဲ အပေါ်က အပျံစား အောက်က ဖိနပ်စုတ် ဖြစ်နေမှာပေါ့"

"ထားလိုက်တော့ဟာ"

"ဟဲ့ ... ဘယ်ဖြစ်မလဲ"

နထွေး သိသွားလျှင် ...

"အို ... အချိန်တွေ ရှိသေးတာပဲ၊ တစ်ယောက်လွှတ်ယူခိုင်းလိုက်ပေါ့၊ ဖိနပ်စုတ်နဲ့ ထွက်လို့တော့ ဘယ်တင့်တယ်မလဲ"

"သတိုးသမီးမှ မဟုတ်တာဟာ"

"မဟုတ် မဟုတ်၊ မရပါဘူး၊ သွားပြန်ယူခိုင်းဖို့ စီစဉ်"





"နင်တို့ အိမ်မှာရော၊ လာပို့လို့ရတဲ့သူ ဘယ်သူရှိလဲ၊ ဖုန်းဆက်လိုက်ရင် မဖြစ်ဘူးလား"

"မဖြစ်ဘူး အေမီ၊ အားလုံး ဒီရောက်နေပြီ၊ ဟိုမှာ အိမ်လာစောင့်ပေးမဲ့ ကြီးတော်ဝမ်းကွဲတစ်ယောက်ပဲ ကျန်တော့တယ်၊ ကဲပါ ပြောနေတာကြာတယ်၊ သွားယူပေးနိုင်တာ ဘယ်သူရှိလဲ၊ ရှာပါခိုင်းပါဦးဟဲ့"

ဇာခြည်သည် လှစ်လှစ်လှစ်နှင့် ထွက်သွားကာ ခဏကြာတွင် ပြန်ဝင်လာသည်။

"ငါက ကိုရစ်ကီ သွားခေါ်တာပါပဲ၊ ဒါပေမဲ့ မောင်ကလည်း မရှိဘူး၊ တီးဝိုင်းက လူတစ်ယောက် ဘာလဲ မသိဘူး ကျန်ရစ်ခဲ့တယ်ဆိုလို့ ပြန်ယူတာ လိုက်ပို့နေရတယ်၊ အဲဒါ ကိုမိုးသောက်ပဲ ပြောခဲ့ရတယ်"

"အေး ... အေး ... ကိုမိုးသောက် ရှိလို့ တော်ပါသေးရဲ့"

သူတို့နှစ်ယောက် အချီအချ စီစဉ်ပြောဆိုနေတာကို ဆဆာက ခေါင်းလေးယမ်းရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... မလုပ်ပါနဲ့ဟဲ့၊ ကိုမိုးသောက် အားနာစရာကြီး ပြန်ယူရမှာက ဖိနပ်ကြီး၊ နေပစေပါတော့၊ ရှိတာစီးလို့ရပါ တယ်ဆို"

"ရမှမရတာ၊ အပေါ်ပိုင်းကဖြင့် တောက်ပပြီး စိန်တွေ ဘာတွေလည်း တလက်လက်နဲ့၊ အောက်က ကတ္တီပါစလင် ပါစုတ်လေးနဲ့ ဖြစ်မလားဟဲ့၊ မဖြစ်ဘူး၊ မရဘူး၊ မေ့တုန်းက မေ့ကျန်ခဲ့ပြီး၊ ခုမှ အားနာမနေနဲ့တော့"

"အားနာတယ်ဟာ"

"အားမနာနဲ့ ဝေဆာ"

အခန်းပြင်က အသံထွက်လာတာမို့ ခေါင်းလည်ကာ ကြည့်လိုက်မိပါသည်။ အိပ်ခန်းတံခါးဟာ ဟ,စိနှင့် အထဲမှာ အမျိုးသမီးတွေမို့ မိုးသောက်က လူလည်း ဝင်မလာ၊ အရိပ်အယောင် လည်း မပြ။ တံခါးနှင့်ကွယ်နေတဲ့ အပြင်ဘက်ကိုတော့ ရောက်နေ ပါသည်။

ဝေဆာက အခန်းဝကို ထွက်သွားလိုက်ကာ ...





"ဝေဆာက ရှိတဲ့ ဖိနပ်ပဲ စီးလိုက်လည်း ရတယ်လို့ ပြောနေတာပါ"

မိုးသောက်သည် အမှောင်ဘက်လုသော ကတ္တီပါပြာ နမ်းနမ်းရောင် ဝတ်စုံနှင့် အလှကြီး လှပနေတဲ့ ဝေဆာ့ကို အံ့ချီး ဘာနန်း အငိုက်မိငေးမောနေမိပါသည်။ ခဏကြာမှာပင် ...

"ဝေဆာရယ် ... ဒီလောက်ပြည့်ပြည့်စုံစုံ လှနေပြီးမှ ဖိနပ် ကျမှ တွေ့ရာ ကောက်မဝတ်ပါနဲ့"

ပြောမိပြောရာ ပြောထွက်လိုက်မိလျှင် အနားရောက် နေတဲ့ ဇာခြည့်မှာ သဘောတွေကျကာ ဟက်ဟက်ပက်ပက်ပင် ရယ်မောနေပါတော့သည်။ ဝေဆာကလည်း ရှက်လွှန့်လွှန့်နှင့် ...

"လူလည်း သိပ်မမြင်ပါဘူး၊ ဖိနပ်ကြီးဆိုတော့"

"ဖိနပ်ဆိုတာ ခြေထောက်မှာ ဝတ်လို့သာ လူတွေက အောက်ကျတဲ့ပစ္စည်းလို့ တစ်ယူသန်နေတာပါဗျာ၊ ဖိနပ် ဟာလည်း တစ်ကိုယ်ရေသုံး လူ့အသုံးအဆောင်ပစ္စည်းပါ၊ ပြီးတော့ ခုဟာက နွံ့တော ဇွက်တောထဲက ဖိနပ်စုတ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



သွားကောက်လာရမှာမှ မဟုတ်တာ၊ ပွဲလမ်းစီးဖို့ အသင့်ထား တဲ့ သစ်သစ်လွင်လွင် လှလှပပ ဖိနပ်ပဲ၊ ဝေဆာ့ ဖိနပ် ဘူးက အိမ်ရှေ့က ထီး၊ ဦးထုပ် ချိတ်တဲ့ စင်ကလေးအောက် ခြေမှာချထားတဲ့ ဘူးအနက်လေး မဟုတ်လား"

သူက မှတ်မှတ်ရရ သိနေတာမို့ ဝေဆာ တစ်မျိုးလေး ဖြစ်သွားပုံရသဖြင့် ...

"အေမို့ ဖိနပ်ဘူးက အဖြူလေးလေ၊ မနေ့ကတည်းက တစ်ယောက်ကိုတစ်ယောက် ထုတ်ပြနေတာ မှတ်ထားလိုက် တာပါ၊ လွဲနေမှာစိုးလို့ သေချာအောင် လာထပ်မေးနေတာ နို့မို့ ခုလောက်ဆို ကျွန်တော် သွားယူနေပြီ"

ဝေဆာ ဘာမှ ထပ်မပြောနိုင်တော့ပေ။

"ဒီဝတ်စုံ အရောင်လေးပါပဲ၊ ကျွန်တော် တွေ့လိုက်ပါတယ် ကဲ ... ကျွန်တော် ပြေးယူလိုက်မယ်၊ ဘာမှ မကြာဘူး၊ အသွားအပြန် ဆယ်မိနစ်ပေါ့၊ နုထွေး ကြီးတော်ဆီ တစ်ချက် လောက် ဖုန်းလှမ်းဆက်ထားလိုက်ပါလား"





"ဆက်လိုက်မယ် ကိုမိုးသောက်"

မိုးသောက်က လှစ်ခနဲ အပြေးအလွှား ထွက်သွားပါ တော့သည်။ အဲရီးကဲန့်ထဲ ရှပ်ဖြူဖြူ လက်ရှည်နှင့် ပိုးပုဆိုးနက်ပြာ မှောင် ဝတ်ထားတဲ့ သူ့နောက်ကျောကိုသာ ဝေဆာ အငေးသား ကြည့်ကျန်ရစ်တော့သည်။

"နင်တို့နှစ်ယောက်လည်း ချိန်းဝတ်တဲ့အတိုင်းပဲ၊ ပြာမှောင် မှောင်လက်လက်လေးတွေ ဆင်တူပေါ့လေ"

"ဟုတ်ပါ့ဟယ်၊ အရေးထဲ လာတူနေပြန်တယ်"

ဝေဆာက ရယ်မောဝန်ခံရပါသည်။ တကယ့်ကို အရောင်ချင်း ဆင်နေတာပါ။

"စိတ်ချင်း အကြိုက်ချင်း နီးစပ်တာကို ပြတာလေ၊ နော် ... နုထွေး"

"အင်း ... ငါတို့ ကိုမိုးသောက်ကြီးခမျာလည်းနော်၊ ခြေ ထောက်ဆေးဖို့ ရေခပ်ပေးရ၊ ဖိနပ်ယူပေးရနဲ့၊ သူ့မှာ ဒီလို အောက်ခြေကိစ္စကကို မတက်ရဘူး"

www.burmeseclassic.com



"အမယ် ... နင်တို့ပဲ အတင်းသွားယူခိုင်းဖို့ လုပ်ကြတာလေ ငါက ဘယ်ခိုင်းချင်ပါ့မလဲ၊ အားနာစရာကောင်းလိုက်တာ"

"အဲဒီအားနာစရာကောင်းလောက်အောင် အလိုက်သိမှုလေးတွေကို အမှတ်လေးတွေ ပေးပြီး ရေတွက်ပေါင်းထားသင့်တယ်"

"နင်တို့ ဒါပဲ၊ ဒီ အလျော်ကိစ္စထဲကကို မထွက်ကြတော့ဘူး"

ညှိသည်တွေလည်း အတော်ရောက်လှပြီ။ လူကြီးတွေကတော့ ဆင်းညှိခံနေကြပြီဖြစ်ကာ သတို့သမီး သတို့သားထွက်ချိန် သင့်ပြီမို့ ကိုကျော်ဇင်နှင့် နုထွေးတို့ ခြံထဲ ဆင်းကြရာ ဓာခြည်က နုထွေးနောက်နားကနေ လိုအပ်တာ လုပ်ကိုင်ပြုပြင်ပေးဖို့ ဂါဝန်တွေ ပဝါတွေ ကြည့်ကျက်ပေးဖို့ အတူလိုက်ကာ ဆင်းသွားသည်။

ဝေဆာ့မှာ အတူလည်း လိုက်ဆင်းလိုပါလျက် ဖိနပ် ပြန်ယူပေးနေတဲ့ ကိုမိုးသောက်ကို အားနာ၍ တခြားဖိနပ်နှင့်လည်း မဆင်းဘဲ ညှိခန်းပြတင်းပေါက်ကသာ ခြံထဲကို ကြည့်နေသည်။





ခဏာနေလျှင် ခြံဝမှာ မိုးသောက်ကို လှမ်းမြင်လိုက်ရပါသည်။ အနက်ရောင် စက္ကူကတ်ဘူးတစ်ခု လက်မှာ ပိုက်ကာ ဝင်လာပုံက အပြေးအလွှား။ ကားတွေ ခြံထဲ ရပ်မရ၍ အိမ်ကကားတွေရော၊ ညှိသည်တွေရဲ့ ကားတွေပါ ခြံပြင်လမ်းမတစ်လျှောက် စီတန်းရပ်ထားရရာ၊ သူ့ကားကို ဘယ်နေရာလောက်အထိ သွားရပ်ရပြီး ဘယ်လောက်ဝေးဝေးကနေ ပြေးလာရတယ်မသိ။

လမ်းမှာ သူ့ကို လှမ်းစကားပြောတဲ့သူ၊ မေးမြန်းတဲ့သူ၊ နှုတ်ဆက်တဲ့သူတွေကို 'ခဏ'လို့ လက်ထောင်ပြခဲ့ကာ တိုက်အိမ်ကြီးဆီကို တန်းတန်းမတ်မတ် မပြေးရုံတမယ် လာနေတဲ့ မိုးသောက်ကို ကြည့်ရင်း ဝေဆာ့နှုတ်ခမ်းလေးတွေ အလိုအလျောက် ပြုံးနေမိသည်။

အိမ်ထဲ ရောက်လျှင် ရောက်လာချင်း ...

"ဝေဆာ ... နည်းနည်း နောက်ကျသွားတယ်၊ ဆောရီးနော်၊ နုထွေးတို့တောင် ဆင်းသွားပြီ"

"ရပါတယ် ကိုမိုးသောက်ရယ်၊ ဝေဆာက ဘယ်တော့မှ ဆင်းဆင်းပါ"



www.burmeseclassic.com

www.burmeseclassic.com



အမောတကော သွားယူလာပေးရတဲ့ သူက 'ဆောရီး' ပြန်လုပ်နေပြန်သည်။ ဘူးထဲက ဖိနပ်ကလေး ထုတ်ချ၍ ဝေဆာ စီးလိုက်လျှင်တော့ ဝတ်စုံနှင့် တစ်ရောင်တည်း ထပ်ပြီး စီးကွင်း ရောင် လက်လက်ထနေတဲ့ ဖိနပ်လေးနှင့် ဝေဆာ တင့်တယ်ပထား ရသွားတာကို ကြည့်ကာ မိုးသောက် မျက်နှာက ပြုံးမြနေပါသည်။

သူက သူ့ဟာသူ မသွားနှင့်၍ ဝေဆာ့မှာ အတူဆင်း သွားဖို့ပဲ ဆုံးဖြတ်ရကာ ...

"ကိုမိုးသောက်၊ လာလေ ဆင်းစို့"

"ဟုတ်ကဲ့"

"တိုက်ပုံရော၊ တိုက်ပုံ မပါဘူးလား"

"ပါတယ်၊ ခြံထဲမှာ၊ ခုနက အောမီ လာခေါ်တော့ တိုက်ပုံ ကို ချွတ်ပြီး ကျော်ဇင့်ညီတစ်ယောက်ဆီ ခဏပေးခဲ့တာ"

မိုးသောက်နှင့် ဝေဆာ အိမ်ထဲမှ ထွက်လာကြသည်။ အိမ်မျက်နှာစာက ကျောက်လှေကား အလျားရှည်ရှည်ကြီး ငါးထစ် ကို ဖြတ်၍ ခြံထဲ မြက်ခင်းစပ်အထိ ကော်ဇောအပြာကို လျှောက် လမ်းအဖြစ် ခင်းထားရာ အိမ်ဝမှ ဝေဆာနှင့် မိုးသောက် ထွက်





ပေါ်လာတာကို ဧည့်ပရိသတ်တချို့က ဘာများလဲဟု စူးစူးစမ်းစမ်း ကြည့်ကြသည်။

အရန်စုံတွဲ ဆိုလည်း ခုနကတည်းက ပြိုင်လို့ ခင်း ည်ပေါ့။ ခုတော့ သူတို့က သတ်သတ်မို့ ဇဝေဇဝါ လှမ်းကြည့် ကြတာပင်။ ဒီအဖြစ်ကို သတိပြုမိတဲ့ ကျော်ဇင့် ညီအစ်ကိုများအုပ်စု က သူတို့ စားပွဲမှ ခွီးခွီးခွစ်ခွစ် ဖြစ်နေပါသည်။

ကျော်ဇင့် ညီတစ်ယောက်က တံတောင်ဆစ်ကို ထောင်၍ ဗီဒီယို ရိုက်ဟန်ပြုကာ လှမ်းစ,နေပြန်ပါသည်။

"ဟာ ... ဟုတ်သားပဲ၊ ဟိုမှာ နောက်ကုန်ပြီ၊ ကျွန်တော် တို့ကလည်း သတို့သား သတို့သမီး လျှောက်လမ်းအတိုင်း ဆင်းလာမိတယ်"

"ဟယ် ... ဟုတ်ပါရဲ့"

ခုမှ ဝေဆာ့မှာ ရှက်သွေးဖြန်းသွားရရင်း ကော်ဇော င်း လျှောက်လမ်းပေါ်မှ ဘေးတစ်ဖက်သို့ ဆင်းလိုက်ပါသည်။ ိုးသောက်ကလည်း သူ့ဘက်ခြမ်း ကော်ဇောလွတ်ရာကိုဆင်း။ ှစ်ယောက်သားဟာ အလယ်မှာ ကော်ဇောတစ်ပြားစာခြားလျှက်

www.burmeseclassic.com

www.burmeseclassic.com



ရှက်ဝဲဝဲ ပြုံးတုံ့တုံ့ ဖြစ်နေကြရာမှ မိုးသောက်က သတိ
လက်ညှိုးလေးထောင်ကာ ...

“ဝေဆာ ... ပန်း ... ပန်း”

“ဘာပန်းလဲ”

“ပန်းပန်ဖို့လေ၊ ဝေဆာ မေ့နေပြီ၊ ရန်ကုန်ကလူ ပို့
တဲ့”

“သြော် ... အဲဒါ ဝေဆာ မေ့တာ မဟုတ်ပါဘူး၊
ချင်လို့ မပန်တာပါ”

ဝေဆာ့ စကားကြောင့် မိုးသောက်က ဝေဆာ့
လှမ်းကြည့်နေသည်။

“ပန်းပန်မယ်ဆိုရင် ဆံထုံးထုံးနေရမှာ၊ ဝေဆာက ဆံ
လည်း မထုံးချင်ဘူး၊ ခုလို ဆံပင်ရှီးရှီးချထားတာနဲ့လ
အဲဒီပန်းပွင့်ကြီးနှင့်ပွင့်က ဘယ်လို လိုက်မလဲ။
ဘယ်နားသွားပန်ရမလဲ”

“သြော် ... ကျွန်တော်က မေ့နေတာမှတ်လို့၊ မေ့ကျ
ဆိုရင် နောက်တစ်ခေါက် သွားထပ်ယူပေးမလို့”





“အဲဒါဆိုရင်တော့ မင်္ဂလာပွဲအချိန်အတွင်း ကိုမိုးသောက် ဟိုအိမ်နဲ့ ဒီအိမ် ပြေးနေရတာနဲ့ အချိန်စေ့သွားတော့မှာ”

“တကယ်မပန်ချင်တာနော်”

“တကယ်ပါ ကိုမိုးသောက်ရယ်”

ဒီတော့မှ မိုးသောက်က ပြုံးကာ နှစ်ယောက်သား ကော်ဖီကို အလယ်ထားကာ တစ်ယောက်တစ်ဖက်စီကို လျှောက် ခဲ့ကြသည်။ မိုးသောက်က ကျော်ဇင့်ညီများရဲ့ စားပွဲဆီ။ ဝေဆာက ခြည်ရှိရာဆီ။ ကိုယ်ရောက်တဲ့ နေရာမှာ ကိုယ့်ကို ဆီးကြိုပြီး ပျော်နေကြသူတွေ အသီးသီးနဲ့။ သူတို့နှစ်ဦး လိုက်ဖက်တင့်တယ် လှတယ်လို့လည်း အားလုံး စိတ်ထဲ ညီတူစွာ တွေးမိခဲ့ကြပါ သည်။



www.burmeseclassic.com

www.burmeseclassic.com



၈

နောက်ဆုံးတော့ ဝေဆာမှာ ရှောင်မရ လွှဲ
မိုးသောက် မောင်းပြန်တဲ့ကားနှင့်ပင် လိုက်ပါခဲ့ရသည်တည်း
ဘာလက်မှတ်မှလဲ အဆင်မပြေ။ ကားနဲ့ ပြန်မည့်တူတူ
မိုးသောက်ကားနဲ့ပဲ လိုက်သွားပါတော့မယ်လို့ ဝေဆာ ဆုံးဖြ
လိုက်ရပါသည်။ ကားကို ခပ်မှန်မှန်ပဲ 'မောင်းသွားဖို့' ကျော်
တို့က ပြောကာ နောက်တစ်နေ့ မွန်းလွဲပြီး သုံးနာရီခွဲလော
ကတည်းက ထွက်ခဲ့ကြသည်။

ကားပေါ် ပစ္စည်းတွေ ဝိုင်းတင်ပေးကြ။ ဝိုင်းသ
နှုတ်ဆက်ကြနှင့်။ သတိုးသား သတိုးသမီးစုံတွဲက နောက်တစ်





မှ ရန်ကုန်ကို ဆင်းလာပြီး ဘန်ကောက်ကို ဟန်နီးမွန်းထွက်ရန် စီစဉ်ထားတာမို့ သူတို့ကလည်း ကျန်ရစ်၊ မိတ္ထီလာသွားမည့် ရစ်ကိုတို့ လင်မယားကလည်း ကျန်ရစ်။

ဝေဆာနှင့် မိုးသောက်တို့ ကားဟာ သတိုးသား သတိုးသမီးရဲ့ ဟန်းနီးမွန်းထွက်တဲ့ကားသဖွယ်။ ဘေးမှာ ဝိုင်းဝန်းနှုတ်ဆက်သူတွေ တစ်ပုံတစ်ပင် အုံနေကာ၊ တဟီးဟီး တဟားဟား နောက်ကြ ပြောင်ကြ။ ကျော်ဇင့်ညီတစ်စုကဖြင့် ကားနောက်မှာ နို့ဆီခွက်တန်းလန်းတွေပင် ချိတ်ဆွဲလွှတ်လိုက်မလို လုပ်နေသေးတာမို့ တားရပါသေးသည်။

"မိုးသောက်ရေ ရန်ကုန်ကို တည့်တည့်မတ်မတ် ပြန်နော်၊ တခြားရောက်မသွားစေနဲ့ ... ဟင်း"

"နက်ဖြန် အိမ်နှစ်အိမ်လုံးကို ဖုန်းလှမ်းဆက်ပြီး ချက်ကင် လုပ်မှာနော်"

ပေါက်တတ်ကရတွေ ပြောနေကြသမျှ စိတ်ဆိုးလို့ ဆွေယူလို့လည်းမရ။ ဝေဆာမှာ မချိသွားဖြဲလေးနှင့် အစ,ခံနေရသောကို မိုးသောက်မှာ အားနာလာရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့တွေကွာ၊ ဝေဆာ့ကို နည်းနည်းပါးပါး အားနာကြဦး"

"ဘာလို့ အားနာရမှာလဲ၊ နာနိုင်ဘူး"

"ဝေဆာက မိန်းမသားကွ၊ ငါက ယောက်ျားလေး တော်သေးတယ်"

"ဝေဆာက မိန်းမ၊ မင်းက ယောက်ျားဆိုတာ အားလုံး သိပြီးသား၊ မိတ်ဆက်ကြေညာစရာ မလိုဘူး"

သူတို့ဟာ သူတို့ပြော၊ သူတို့ဟာသူတို့ တဟီးဟီး တဟားဟား။ ဤအသံတွေကို ကျောခိုင်းလက်ပြရစ်ကာ သူတို့ နှစ်ဦး ထွက်လာခဲ့ကြပါသည်။ ကားက သစ်လည်းသစ်၊ စက်လည်း အင်မတန် ကောင်းပါသည်။ လမ်းမှာ အလျဉ်းသင့်တဲ့နေရာ ရပ်ပေးကာ ရေသောက်ဖို့၊ တစ်ခုခု ဗိုက်ဖြည့်ဖို့၊ အပေါ့အပါးသွားဖို့၊ ထမင်းစားဖို့ အစစအရာရာ အချိန်ကိုက် အဆင်တပြေရှိအောင် မိုးသောက်က စီမံပေးသွား၍ ဝေဆာ့မှာ အဆင်ပြေလှသည်။

ပင်ပင်ပန်းပန်းလည်း မရှိ။ ခုံကို ခပ်မှီမှီပုံစံ အောင် လျှောကာ သက်သောင့်သက်သာ လိုက်ပါလာရသည်။ ညလုံးပေါက် ကားမောင်းရမည့် မိုးသောက်ကို အားနာမိ သနားမိ သည်။

"ညကြီး မှောင်ကြီး မောင်းလို့ အဆင်ပြေရဲ့လား ကိုမိုးသောက်"

"ပြေပါတယ် ဝေဆာ၊ ရန်ကုန်နဲ့မန္တလေးကို ဒီကမဟို ဟိုကဒီ အခေါက်ခေါက် မောင်းဖူးပါတယ်"

ကားကို တရကြမ်းလည်း မမောင်း။ အေးအေးသက် သာပင် မောင်းပါသည်။ ထွက်လာကာစက စကားမရှိစကားတွေ ရှာကာ ပြောလာကြသော်လည်း ကြာတော့ ပြောစရာစကား ကုန်သလို ဖြစ်လာသည်။ ဘာပြောရမှန်း မသိတော့။

ကားထဲမှာ မိုးသောက်က ဝိုင်ဝိုင်း သီချင်းခွေ ဖွင့် လာသည်။ ဝေဆာ အရင်က မှတ်မှတ်သားသား နားမထောင်ဖူးလှ တဲ့ သီချင်းလေးတွေက နားထောင်ကောင်းလှသည်။

"အချစ်ဆိုတာ ကိုယ့်ရဲ့ ဘဝမှာ အိပ်မက်လောက်ပါ

အားငယ် ဖေးကူသူမရှိ

အကောင်းဆုံး အချစ်မဟုတ်တောင်မှ





www.burmeseclassic.com

www.burmeseclassic.com



အဖော်မွန်အစစ်နဲ့ တွေ့ချင်တယ် ...

ကိုယ့်အပေါ်မှာ ပရင်းနီးဆုံးလူ သူစိမ်းများကြားမှာ ရှိရင်

အရာရာပြည့်စုံမလား

မင်းကို ... တွေ့ဆုံခွင့်ပေးပါ"

အမှောင်ထု ကြီးစိုးသော ကားရဲ့ အပြင်ဘက်ကို မှန်ပြတင်းမှ ဖောက်ကာ သဲသဲမဲမဲ ကြည့်ရင်း သီချင်းငြိမ့်ငြိမ့်လေးရဲ့ စာသားကို အဓိပ္ပာယ်တွေးကာ လိုက်ခံစားနေမိပါသည်။ ညင်သာ တဲ့သီချင်းသံသာ ကြီးစိုးနေတဲ့ ကားထဲမှာ စကားဆိုစရာမရှိတဲ့ နောက်တော့ နေရအဆင်ပြေအောင် မျက်စိလေး မှိတ်ထားလိုက် သည်။

ဝေဆာ့ မျက်လုံး ပိတ်ထား၍ အိပ်မည်ဟု ထင် သလားမသိ။ မိုးသောက်က ကက်ဆက်ကို အသံတိုးလိုက်ပါသည်။ တိုးငြိမ့်ငြိမ့်မျှသာ ကြားနေရတော့တဲ့ တေးသံတွင် တမင်တကာ မှေးမှိတ်ထားသော ဝေဆာ့ မျက်လုံးများ တကယ်ပဲ ငိုက်မြည်း မှေးရီလာသည်။ အဲဒီနောက်တော့ ဝေဆာသည် ချော့သိပ်နေသလို ရှိသော တေးသံငြိမ့်ငြိမ့်နှင့် ကားရဲ့ အလှုပ်အငြိမ့် နှစ်ခုအကြားမှာ





တကယ်ပဲ အိပ်မောကျ ခြင်းဆီသို့ ဘယ်လိုရောက်သွားခဲ့သည် သိ။

ခဏအကြာ နိုးသလို၊ အိပ်ပျော်သလို သိတစ်ချက် သိတစ်ချက် နိုးတစ်ဝက်ကဲ့သို့ ဖြစ်နေစဉ် တငြိမ့်ငြိမ့်သွားနေတဲ့ကား အသိမ့်ခနဲ ထိုးရပ်သွားတာကို ဝေဆာ သတိပြုလိုက်မိပါသည်။ မျက်လုံးမပွင့်လာသေးပေမဲ့ ကားရပ်သွားတာကိုတော့ ပျက်ပျက် ချင်ထင် သိလာသည်။

အဲဒီနောက်တော့ နံဘေးဆီက လှုပ်ရှားမှုတချို့။ ဝေဆာသည် မှီစောင်းစောင်းလေး ရှိနေသော ခန္ဓာကိုယ်ကို လှုပ်ဘဲ မျက်လုံးကို ဖျတ်ခနဲ ဖွင့်ကြည့်လိုက်ပါသည်။

နံဘေးမှာ မိုးသောက် ရှိမနေ။ မိုးသောက်ရဲ့ တံခါးဟာ ဖွင့်ဟလျက် ရှိနေသည်။ ရှေ့ကို စူးစူးရဲရဲ ထိုးဖွင့်ထားတဲ့ ကားရဲ့ မီးကြီးအရောင်တစ်ဆုံးအတွင်းကလွဲလျှင် အပတ်လည်တစ်ခွင်ဟာ ကြောက်စရာကောင်းလောက်အောင် ပိတ်မှောင်မဲနေသည်။

သူ ဘာလုပ်ပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



ဝေဆာ့ရင်ထဲ တထိတ်ထိတ် စတင်ခုန်ပေါက်လာသည်။ ခုမှ ကြောက်ရမှန်း လန့်ရမှန်း သိလာသည်။ ဒီလိုအချိန် ဒီလိုနေရာမျိုးမှာ ကိုယ့် ကားကြုံလိုက်လာတဲ့ ယောကျ်ားဟာ လူယုတ်မာတစ်ယောက် ဖြစ်ပါက ဝေဆာ ခုမှ ဘာမှမတတ်နိုင်တော့ပြီ။

သူ့ဒါ ဆိုးညစ်မှာ ကြံစည်လိုတဲ့ဆန္ဒ ရှိခဲ့ရင် ဝေဆာ့အဖို့ ဘယ်လိုမှ ခုခံကာကွယ်နိုင်စွမ်း မရှိတာ သေချာသည်။ ဤသို့ တွေးမိလျှင် ဝေဆာသည် ဝမ်းပန်းတနည်း ထိတ်လန့်လာလေသည်။

သူ အခု ဘေးမှာ မရှိ။ ကားရပ်ကာ ဘယ်မှာ ဘာလုပ်နေလဲမသိ။ လူကိုတော့ တုတ်တုတ်မျှ မလှုပ်မိဘဲ ဝေဆာ့သည် မျက်လုံးကလေးကိုသာ ရနိုင်သလောက် ထောင့်ကပ်ကာ ကြည့်မိသည်။ ကားပေါ်က ဆင်းပြီး တစ်နေရာရာမှာ (ရိုးရိုးသားသား) ကျန်းမာရေးကိစ္စများ လုပ်နေသလား။

သို့သော် ကားရဲ့ နောက်ခန်းဘက်ဆီက လှုပ်ရှားသံ ကြားနေရသည်။ ဒီကားမှာ နောက်ခန်းလေးလည်း ရှိသည်။





နောက်ဘက်မှာလည်း ပစ်ကပ်ပ်ကားရဲ့ ကိုယ်ထည်ပက်လက်လို ပါရှိသည်။ နှစ်နေရာစလုံးမှာ သူတို့နှစ်ယောက်ရဲ့ အထုပ်အပိုးတွေ ထားထားသည်။

သူက ဘယ်မှာလဲ။ ပတ်ဝန်းကျင်က အေးစိမ့်ကာ လေလည်း တဖြူးဖြူး တိုက်ခတ်နေ၍ ချမ်းစိမ့်နေသည့်ကြားကပင် ဝေဆာ့ နဖူးစပ်၌ ချွေးဥများ စို့သီးလာသည်။ လက်ဖျားတို့ ကတော့ အေးစက်နေပေသည်။ ဝေဆာသည် မျက်ခွံလေးကို စိုက်ချကာ လက်မှာပတ်ထားသော နာရီဒိုင်ခွက်မှ မီးစုံးလက်တံ လေးကို ကြည့်မိသည်။

ဘုရား ... ဘုရား ...။

ညသန်းခေါင်ကျော် တစ်နာရီထိုးတော့မည်။ မိနစ် ပိုင်းပဲလိုတော့သည်။ ဒီလို အချိန်ကြီး လူပြတ်တဲ့လမ်းမှာ သူ ဘာကြောင့် ကားကို ရပ်ဖို့ အကြောင်းကိစ္စ ရှိပါသနည်း။ တစ်ခုခုများဆိုလျှင် ဝေဆာ ဘာလုပ်မလဲ။

အနီးအနား၌ ဝေဆာ မျက်စိ ဝေ့ဝဲကြည့်မိသမျှ ခုခံကာကွယ်စရာ ဘာပစ္စည်းမှ မတွေ့။ ထိုင်ခုံနှစ်ခုကြားမှာတော့



www.burmeseclassic.com

www.burmeseclassic.com



ရေသန့်ဘူးတစ်ဘူး ရှိသည်။ ရေတစ်ဝက်လောက်ရှိသည်။ ဒါနဲ့ ရိုက်လို့တော့ ဘယ်ယောက်ျားကမှ မှုလိမ့်မည်မဟုတ်။

နောက်ဘက်က လှုပ်ရှားမှုတွေ ငြိမ်သွားပြီ။ တွန်းသံ ရွေ့သံတွေ၊ လူလှုပ်ရှားမှုကြောင့် ကားသိမ့်ခနဲ ဖြစ်သွားတာတွေ ငြိမ်သက်သွားပြီး မကြာခင် ဖွင့်ထားတဲ့ မောင်းသူဘေးတံခါး၌ မိုးသောက် ရိပ်ခနဲ ပေါ်လာသည်။

ဝေဆာသည် ထိတ်လန့်တုန်လှုပ်စွာ ရင်တဒိတ်ဒိတ် တုန်စွာ မျက်လုံးလေးကို ဖျတ်ခနဲ စေ့မှိတ်ချထားလိုက်ပါသည်။ မျက်ခွံလေးများတော့ တဆတ်ဆတ် လှုပ်ကောင်းလှုပ်နေနိုင်သည်။

အသက်ရှုကို အောင့်ထားမိကာ မလှုပ်မယှက် ငြိမ်နေခိုက် ကိုယ်ပေါ်ကို အလေးချိန်တစ်ခု ဖျတ်ခနဲ ဖိကျလာသည်။

အတွေ့အထိအရ အဝတ်စတစ်ခုခုဆိုတာ သိရသည်။ ချက်ချင်းပင် ဒါဟာ မျက်နှာသုတ်ပဝါတစ်ထည် ဖြစ်နိုင်သည် ဆိုတာ သတိပြုမိပါသည်။ ထို့နောက်တွင်တော့ မိုးသောက်ရဲ့ လက်များသည် မျက်နှာသုတ်ပဝါရဲ့ အနားစများကို ကိုင်တွယ်





ခွဲဆန့်လျက် ဝေဆာ့ရဲ့ ခန္ဓာကိုယ်အသားကို မထိမိအောင် အထူးဂရုစိုက်ကာ ဝေဆာ့ကိုယ်ပေါ် စောင်တစ်ထည် ခြုံသကဲ့သို့ မျက်နှာသုတ်ပဝါကို ဆွဲခြုံပေးနေတယ်ဆိုတာ တဖြည်းဖြည်း သိလာပါသည်။

မျက်နှာသုတ်ပဝါရဲ့ ထူထူထွေးထွေး လေးလေးလံလံ အထိအတွေ့ကြောင့်ရော၊ နောက်ထပ် တစ်စုံတစ်ရာကြောင့်ရော ဝေဆာ့ ကိုယ်လေးဟာ ချက်ချင်းပဲ နွေးထွေး လုံခြုံသွားသကဲ့သို့ ခံစားရသည်။

တဒုတ်ဒုတ် မြည်သော အလန့်တကြား ရင်ခုန်သံများသည် အမျိုးအမည်ပြောင်းလဲသွားကာ တစ်မျိုးကလေး ဘာသိမ့်သိမ့် နွေးခုန်လာကြပါသည်။ သူဟာ နောက်ခန်းကအိတ်တွေထဲက ဝေဆာ့ကို ခြုံလွှမ်းပေးနိုင်မည့် အရာတစ်ခု သွားရှာဖွေ ဆုတ်ယူနေခဲ့တာ။

ခဏအကြာတွင် ခြင်ရိုက်သည့် လက်ဖဝါးချင်း ထိခတ်သံ ထွက်ပေါ်လာသည်။

"အာ ... ခြင်တွေကလည်း များလိုက်တာကွာ"



www.burmeseclassic.com

သူ့ထံမှ တိုးဖွသော နှုတ်က ဖွင့်ဟရေရွတ်သံ တစ်သံလည်း ထွက်ပေါ်လာခဲ့သည်။ တို့နောက် နဖူးနှင့် မျက်နှာများ တစ်ဝိုက် လက်ဖဝါးနှင့် တဖျပ်ဖျပ် ယပ်လိုက်၍ လေတိုးမှုတစ်ချက် နှစ်ချက်ကို အေးခနဲ ခံစားရပါသည်။

"ကျွတ် ... ဘယ်က ရောက်လာတဲ့ ခြင်တွေလဲ ကွာ"

ဝေဆာသည် အိပ်ချင်ယောင်ဆောင်နေရာမှ ပြုံးချင် သွားပါသည်။ ဘယ်က ရောက်လာရမှာလဲ။ ရှင် ဖွင့်ခဲ့တဲ့ ရှင့် ဘက် ကားတံခါးက တစ်ဆင့် အပြင်ဘက်လမ်းဘေးကွင်းပြင်တွေ ဆီက ဝင်လာတဲ့ခြင်တွေရယ်ပေါ့။

ထို့နောက်တွင် ကားတံခါး ပိတ်သံ၊ စက်နှိုးသံနှင့် ကားကို မောင်းထွက်လိုက်ခြင်းတို့ကို အာရုံနှင့် သိနေပြီးတဲ့နောက် ဝေဆာသည် စိတ်ချလက်ချ ပြန်လည်အိပ်မောကျသွားခဲ့ပါသည်။





"ကိုမိုးသောက် တအားပင်ပန်းမှာပဲနော်"

မိုးသောက်က အိပ်ရေးဝ၍ ကြည်လင်ပြည့်ဖြိုးနေတဲ့ ဝေဆာ့ မျက်နှာလေးကို ပြုံးငုံကြည့်ရင်း ...

"မပင်ပန်းပါဘူး၊ ကျွန်တော် ဒီလိုမောင်းတဲ့ အတွေ့အကြုံ ရှိပါတယ် ဝေဆာရဲ့"

"ကိုမိုးသောက် မနေ့က ညနေမတိုင်ခင်ကတည်းက ခုထိ။ တစ်မှေးမှလည်း မနားရဘူး။ ဝေဆာကတော့ အိပ်လိုက် ရတာ သိုးလို့ ... အဟင်း"

"ဝေဆာက အိပ်ရမှ ဖြစ်မယ်၊ ဒီနေ့နေ့လယ် ကျောင်းရှိတယ် ဆို၊ ကျွန်တော်က အိမ်ကျ ထိုးအိပ်လို့ရတာပဲဟာ"

"မုန့်ဆိုင်ကနေ ဘယ်နှရက်တောင် ခွင့်ယူခဲ့တာလဲ"

မိုးသောက်က ဝေဆာ့ကို ပြုံးစိစိ ငုံကြည့်ကာ ...

www.burmeseclassic.com



"ရုံးအလုပ်လိုမှ မဟုတ်ဘဲ ဝေဆာရယ်၊ ကိုယ်အလုပ် ပြန်ဆင်းချင်တဲ့နေ့ ဆင်းပေါ့"

"ဒီကြားထဲ ကိုမိုးသောက် တပည့်တွေ မုန့်လုပ်တာ လက်မှန်ပါ့မလား၊ အရသာတွေများ ပြောင်းနေမလား"

"မှန်ပါတယ်၊ ကျွန်တော် လုပ်နေလည်းပဲ ဝင်ကြီးကြပ်နေ တာပါပဲ၊ တပည့်တွေက ကိုယ်တိုင် လုပ်နေကျဖြစ်နေတာပဲ သူတို့ အဆင်ပြေပြေ လုပ်နိုင်ပါတယ်၊ ဒီလိုမှ စိတ်မချ ရရင်လည်း ဝေဆာရယ်၊ ကျွန်တော့်မှာ ဘယ်မှ မသွားမလာ ရတော့ဘူး ဖြစ်နေမှာပေါ့"

"အင်းနော်"

ဝေဆာသည် အိမ်နားရောက်လာပြီဖြစ်၍ ကိုယ်ကို ပြင်ထိုင်လိုက်ပါသည်။ နှုတ်ခမ်းတို့ထံမှာ စကားတွေ ပြောဆိုနေဖြစ် ကတည်းက ဝေဆာ့နေရပ်ကို မိုးသောက် သိခွင့်ရတာမို့ ခုလည်း လမ်းတောင်မညွှန်ရဘဲ သူ့ဟာသူ မောင်းလာသည်။

"မုန့်လုပ်တာကို ကိုမိုးသောက် ဘယ်ကသင်သလဲဟင်"

"ကျွန်တော် ယိုးဒယားက သင်လာတယ်"





"သြော် ..."

ဝေဆာ့ တကယ်ပဲ အံ့သြသွားမိပါသည်။

"သင်တန်းလည်း တက်တဲ့အပြင် ဗန်ကောက်က ကိတ်မုန့် ဆိုင်တစ်ခုမှာလည်း အလုပ်ဝင်လုပ်ခဲ့တယ်၊ သင်တန်းတက် ထားအပြီး အလေ့အကျင့် ဖြစ်သွားတာပေါ့၊ ကိုယ်တိုင် လုပ်ခဲ့ရတော့ ကျွမ်းကျင်မှု ပိုရသွားတာပေါ့"

"သြော် ..."

"ကျွန်တော် မုန့်လုပ်တာအပြင် ယိုးဒယားအစားအသောက် အတော်များများလည်း ချက်တတ်တယ်"

"သြော် ... ကိုမိုးသောက်က ယောကျ်ားဖြစ်ပေမဲ့ တော် တယ်နော်၊ ဝေဆာတောင် အဲသလိုတွေ "မတတ်ဘူး"

"ဒါတော့ ကိုယ်တစ်သက်လုံး လုပ်သွားရတော့မဲ့ အလုပ် ဖြစ်နေပြီပဲဗျာ၊ ကျွမ်းကျင်ရတော့မှာပေါ့"

ဝေဆာ့ စိတ်ထဲတစ်မျိုးလေး ဖြစ်သွားပါသည်။ တစ် သက်လုံး ဒီလို မုန့်ဖုတ်သမားပဲ လုပ်သွားမှာတဲ့လား ကိုမိုးသောက် ရယ်။ ဒီထက် ဂုဏ်ရှိရှိ၊ အထက်တန်းကျကျဖြစ်မဲ့ အသက်မွေး ဝမ်းကြောင်းမှု တစ်ခုခုများ ပြောင်းလဲဖို့ စိတ်မကူးတော့ဘူးလား။



www.burmeseclassic.com

www.burmeseclassic.com



"ဒီထဲနော် ဝေဆာ"

"ဟုတ်ကဲ့ ကိုမိုးသောက်၊ ဟိုဘက်က တိုက်ဝါဝါ"

မိုးသောက်က ဝေဆာ ညွှန်ပြသော ကွန်ဒိုမီနီ အဆောက်အဦရှေ့ ကားကို ကွေ့ဝင်ကာ ထိုးရပ်လိုက်ပါသည်။ ဝေဆာသည် ကားကွေ့ဝင်လိုက်သည်နှင့် မျက်ခုံးလေးပင့် အံ့အားတသင့် ကယောင်ကတမ်း စိတ်လှုပ်ရှားသွားရသည်။ တိုက်ရှေ့တွင် ကိုညက်၏ ကားကို တွေ့လိုက်ရ၍ပင်။

အဲဒီနောက် တိုက်အောက်ခြေထဲမှ ထွက်လာ သူ့ကားဆီ လျှောက်လာနေတဲ့ ကိုညက်ကိုပါ တစ်ဆက်တည်း လှမ်းတွေ့လိုက်ပါသည်။ ကိုညက် ကားအနားသို့ပင် မိုးသောက် ကားက ကွေ့ရပ်လိုက်တာမို့ လှမ်းကြည့်လိုက်တဲ့ ကိုညက်ကို ဝေဆာ လက်လှမ်းပြလိုက်ပါသည်။

ကိုယ့်အိမ်ကိုယ့်ရာ ပြန်ရောက်လာပြီမို့ ဝမ်းသာ ရင်ခုန်ရပုံကလည်း တစ်မျိုးတစ်ဖုံပင်။ ကိုညက်က ခြေလှမ်း ရပ်ကာ ဝေဆာ့ကို လက်ပြန်ပြရင်း ကားရှိရာ လျှောက်လာ သည်။





ကားရပ်လိုက်ပြီးတဲ့ မိုးသောက်ကတော့ ဘာမှ မသိ။ ကားရပ်သည်နှင့် တံခါးဖွင့်ဆင်းကာ နောက်ခုံကရော၊ နောက်ဘက် ပက်လက်ထဲကပါ ဝေဆာ့ ပစ္စည်းတွေ ဆွေးချယ် ဆွဲချနေပါသည်။

ဝေဆာသည် ကားတံခါးဖွင့်ကာ ဆင်းလိုက်သည်နှင့် ညက်ရည်သစ်နှင့် မျက်နှာချင်းဆိုင် ဖြစ်သွားသည်။

"ဝေဆာ၊ ကိုယ် ခုပဲ အန်ကယ့်လ်ကို လာမေးတာ၊ ဝေဆာ ဘယ်အချိန် ပြန်ရောက်မလဲလို့၊ ဖုန်းဆက်ရင် မလေးစားရာကျမှာစိုးလို့ ကိုယ်တိုင်ပဲ လာမေးလိုက်တာ၊ အန်ကယ်လ်က မိတ်ဆွေတစ်ယောက် ကားနဲ့ လိုက်လာမယ် တဲ့၊ အချိန်တော့ အတိအကျ မပြောတတ်ဘူး ပြောတယ်၊ ဝေဆာ ရောက်လာတာနဲ့ အချိန်ကိုက်လေးပဲ၊ ကိုယ်က ပြန်တော့မလို့"

ဝေဆာသည် အပြုံးနှင့် ပြောနေသော ညက်ရည်သစ် ကို တစ်လှည့်၊ သူတို့ကို အကဲခတ်ကာ ဝေဆာ့ အိတ်တွေ ဆောအနား သယ်ချလာပေးသည့် မိုးသောက်ကို တစ်လှည့် ကြည့်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ဒီက မိတ်ဆွေ ကားကြိုတာနဲ့ ဒီကားနဲ့ ပြန်လိုက်လာတယ် ကိုဉာဏ်၊ ရထားလက်မှတ်ရော လေယာဉ်လက်မှတ်ရော သိပ်ခက်တာပဲ၊ ကြိုးစားလို့ မရလို့"

ဝေဆာ့ရဲ့ ဖြေရှင်းသလို လေသံလေးကြော မိုးသောက်မှာ သူတို့ အနားရပ်နေရခက်ကာ ...

"ဝေဆာ အိတ်တွေ စုံလား"

"အင်း ... အင်း ... စုံပြီ ကိုမိုးသောက်၊ ဟို ... ဒါ ကိုဉာဏ်ရည်သစ်တဲ့၊ ကိုဉာဏ် ဒါ ကိုမိုးသောက်တဲ့"

ယောကျ်ားနှစ်ယောက်က ရုပ်ရှင်ထဲကလို လက် နှုတ်မဆက်ကြပါ။ ယဉ်ကျေးသော အပြုံးကိုယ်စီ တပ်ဆင်ရင်း ပင် ခေါင်းညိတ်အသိအမှတ်ပြုကြပါသည်။

ပထမတော့ ဝေဆာ့ အိမ်ပေါ်အထိ အထုပ်အပိုး သယ်ပေးဖို့ စိတ်ကူးထားသော မိုးသောက်မှာ ကြောင်ငေးဖြစ် အထုပ်တွေကို ဒီနားပဲ ချထားပြီမို့ ဉာဏ်ရည်သစ်က ကောက် လိုက်ပါသည်။





"ရပါတယ် ကိုဉာဏ်၊ ဝေဆာ့လည်း ပေးဦး"

မိုးသောက်သည် အိတ်တွေ ဆွဲလွဲနေကြပြီဖြစ်သည့် သူနှစ်ယောက်ကို ကြည့်ရင်း ...

"ကျွန်တော် ပြန်လိုက်တော့မယ် ဝေဆာ"

"ဩော် ... ဟုတ်ကဲ့ ကိုမိုးသောက်"

ဝေဆာသည် ဉာဏ်ရည်သစ်နှင့် မိုးသောက် နှစ် ယောက်အလယ်မှာ ကယောင်ကတမ်း ဖြစ်နေသလိုပင်။ မန္တလေး တုန်းက သွက်လက်ပေါ့ပါးရွှင်ပျမှုမျိုး မမြင်ရဘဲ ဣန္ဒြေပိုရသွား သလိုလို ငြိမ်သက်သွားသလိုလို ရှိသည်။

အမှန်က ဒီထက်ပို၍ နှုတ်ဆက်စကားတွေ ပြောဖို့ တစ်ညလုံး ကားမောင်းရင်း စာစီထားသမျှ ဘာတစ်လုံးမှ မပြောလိုက်ရတော့ပြီ။ ကားပေါ် လှည့်တက်လိုက်ရတဲ့ မိုးသောက် ကို ဉာဏ်ရည်သစ်က ...

"ကျေးဇူးတင်ပါတယ်ဗျာ ကိုမိုးသောက်"

"ကိစ္စမရှိပါဘူးဗျာ၊ ရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်ရည်သစ်ရဲ့ ကျေးဇူးတင်စကားက သူဟာ ကာယကံရှင်နှင့် အများဆုံး ပတ်သက်သူကဲ့သို့ အဓိပ္ပာယ်ရောက်ပြီး မိုးသောက် ပြန်ပြောလိုက်ပုံကကျတော့ တာဝန်တစ်ခု ကျေပွန်အောင် ဆောင်ရွက်ပေးရတဲ့သူလို အရာရောက်စေပါသည်။

ဉာဏ်ရည်သစ်က အိတ်တွေ အထုပ်တွေ ဆွဲကာ တိုက်ဘက် လှည့်လျှောက်သွားပြီမို့ နောက်က လိုက်တဲ့ ခြေလှမ်းများ လှမ်းရင်းကပင် ဝေဆာက မိုးသောက်ကို လှည့်ကြည့်သည်။ အကြည့်ချင်း အဆုံတွင် ပြုံး၍ လက်ပြလိုက်တဲ့ ဝေဆာက ခြေလှမ်းကိုတော့ မရပ်ပါ။ ခလုတ်တိုက်မိမှာတောင် စိုးရတဲ့အတွက် မိုးသောက်က အပြုံးတစ်ချက်သာ ပြန်ပေးခဲ့မိပြီး ကားကို တစ်ချက်တည်း ကွေ့ချမောင်းထွက်လာခဲ့သည်။

ရင်ထဲ တစ်မျိုးကြီး ဆို့နင့်နင့် ဝမ်းနည်းနည်းကြီး ဖြစ်ကာ စတီယာရင်ကို လက်သီးဆုပ်နှင့် တဘုတ်ဘုတ် ထုလာမိသည်။ ဘယ်လိုကြီးလဲ မသိဘူးကွာ ဝေဆာရယ်။ ရည်ရွယ်ထားတာတွေ (ရိုးရိုးနှုတ်ဆက်စကားမျိုးတွေပါပဲ) ကိုလည်း မပြောခဲ့ရဘူး။



ဝေဆာ့အိမ် ရောက်ရောက်ချင်း ကြိုတင်နာမည်ကြား သိထားဖူးပြီးသား ဉာဏ်ရည်သစ်ဆိုတဲ့ လူကို တန်းတွေ့လိုက်ရခြင်းက ရင်ထဲမှာ အတော်ကို ဖိလင်အောက်သွားစေသည်။ ဘာမှ မပြောခဲ့ရဘဲ သူတို့နှစ်ယောက်ကို ကျောခိုင်းလှည့်ပြန်ခဲ့ရတာဟာလည်း နောက်ကောက်ကျတဲ့ အပြန်မျိုးလိုပါပဲ။

ဘယ်လိုကြီးများလဲကွာ။ တစ်ညလုံး တသိမ့်သိမ့် ရင်ခုန်နွေးကာ နံဘေးက Sleeping Beauty လေးကို ငုံ့ငုံ့ကြည့်ရင်း မပင်ပန်းတတ်တဲ့သူလို လန်းဆန်းနိုးကြားနေခဲ့သမျှ အခုတော့ ခေါင်းပဲ ထိုးကိုက်လာသလိုလို၊ ခြေကုန်လက်ပန်းပဲ ကျသလိုလို၊ မျက်စိတွေပဲ ကျိန်းစပ်ဖန်တွတ်လာသလိုလို ဝေဒနာပေါင်းစုံ ကိုယ်ထဲက စုပြုံကြွထလာတာ ဆင်းရဲနာကျင်ပါဘိတော့။

ထိုအချိန်တွင် ရုတ်တရက် မောင်းထွက်သွားတဲ့ ကားဆီ နောက်ဆံတငင်ငင်၊ လှည့်တကြည့်ကြည့်နှင့် ထက်ကြပ်ပါမလာတဲ့ နောက်ကျကျန်ရစ်တဲ့ ဝေဆာ့ကို လှေကားရင်းမှ ဉာဏ်ရည်သစ်က ရပ်စောင့်ရင်း ...

"မိတ်ဆွေ ကားနဲ့ဆိုတော့ ကိုယ်က မိသားစုလိုက် ထင်နေတာ"

www.burmeseclassic.com

www.burmeseclassic.com



ဝေဆွာသည် ဘာပြန်ပြောရမည် မသိ၍ ဘာမှ မပြောမိ။

"မိတ်ဆွေဆိုတော့ ဟိုကျမှ သိကြတာလား"

"ဒီကတည်းက သိတာပါ၊ ဝေဆာတို့ အတူသွားတဲ့ လေးယောက်ထဲမှာ သူလည်း ပါတယ်လေ၊ သူက ကိုကျော်ဇင်ဘက်က သူငယ်ချင်းလေ"

"ဪ ... အခုကော လမ်းမှာ ဆင်းတဲ့သူ ရှိလို့လား"

"မဟုတ်ပါဘူး ကိုညာဏ်၊ ဝေဆာတို့ မန္တလေးက ထွက်လာကတည်းက နှစ်ယောက်တည်းပါပဲ၊ ကျန်တဲ့နှစ်ယောက်က ရန်ကုန်မပြန်ဘဲ မိတ္ထီလာ သွားကြဦးမှာမို့"

"ဪ ..."

ဤအဖြစ်အပျက်ကို ဉာဏ်ရှည်သစ် သိပ်သဘောတွေ့ပုံမရပါ။ သူ မကြိုက်ရင်လည်း မကြိုက်စရာပဲ ထင်ပါရဲ့။ သူ ကိုယ့်အပေါ် ဘယ်လိုများ အပြစ်တင်မလဲ တထင့်ထင့်နှင့် ရန်ခုန်မှုက တစ်မျိုးဖြစ်လာပြန်သည်။ ဒီအတောအတွင်း အမျိုးမျိုး အဖုံဖုံ ရင်ခုန်မှုကြောင့် နှလုံးရောဂါများတောင် ရလောက်ပါရဲ့။





"ညက ဘယ်မြို့မှာ အိပ်ဖို့ နားသေးလဲ"

"မနားပါဘူး ကိုညာဏ်၊ တောက်လျှောက်မောင်းတာပါ၊ ဝေဆာကတော့ ကားပေါ်မှာ နည်းနည်းမှေးရတာပေါ့၊ ကိုမိုးသောက်ကတော့ မနားရဘူးပေါ့၊ ညလုံးပေါက် မောင်းလာတယ်"

"ဝေဆာလည်း ခရီးပန်းမှာပဲ၊ ဒီနေ့ ကျောင်းက မတက်လို့ မရဘူးလား"

"မရဘူး ကိုညာဏ်၊ ဝေဆာ ခရီးမပန်းပါဘူး၊ အိပ်ရသလောက်လေးက နှစ်နှစ်ခြိုက်ခြိုက် ဖြစ်တော့ လူက လန်းပါတယ်"

အိမ်တံခါးဝရောက်လာပြီမို့ ဖေဖေက တံခါးဖွင့်အသင့်ကြိုနေပါသည်။ ဖေဖေ အပေါ်ကနေ ကားပါကင်နေရာဆီ လှမ်းမြင်နေသည်ဖြစ်မည်။

ကိုမိုးသောက် မောင်းတဲ့ကားနှင့် နှစ်ယောက်တည်း တူတူ မောင်းချပြန်လာတဲ့အတွက် ဖေဖေ ဆူမှာ ဝေဆာ စိုးရိမ်ပေ။ ဖေဖေ့ကို ဟိုကနေလည်း ဝေဆာ ဖုန်းလှမ်းဆက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သား။ ဒီရက်ပေါ် မရောက်ရောက်အောင် အဆင်ပြေအောင် ဖန်တီးစီစဉ်ရတာပဲ ဖြစ်တဲ့အပြင် ဝေဆာ့ရဲ့ အနေအထိုင် အပြုအမူ အဆုံးအဖြတ်တို့ကို ဖေဖေက နားလည်ယုံကြည်သဘောပေါက်ပြီ ဖြစ်၍ပင်။

"ဖေဖေ"

ဖေဖေ့ကို တွေ့လျှင် ဉာဏ်ရည်သစ် စိတ်ဆိုးမလား စိတ်ထင့်ကျဉ်းကျပ်နေရာမှ အဖော်အားကိုးရသွားသလို၊ လွတ်ငြိမ်း သွားသလို ခံစားရကာ လှစ်ခနဲ ခေါ်ပြီး ပြေး၍ ဖက်လိုက်ပါသည်။ ဖေဖေက ဝေဆာ့ ပခုံးကို ပြန်ဖက်ရင်း ...

"မောင်မိုးသောက်ကို အိမ်ပေါ် မဖိတ်ဘူးလား သမီးရဲ့"

ဖေဖေ ပြောလိုက်မှ ဝေဆာ ပါးစပ်လေးအဟောင်း သား ဟမိသည်။ သူ အပြန်ခရီးကို ကိုယ်က ကပ်လိုက်တာ ဖြစ်ပေမဲ့ ဘာပဲဖြစ်ဖြစ် ကိုယ့်ကို ပြန်ပို့ပေးတဲ့သူပါပဲ။ အိမ်ပေါ် တက်ပါဦး ဖိတ်ခေါ်ဖို့ကို မေ့လောက်တဲ့အထိတော့ ဝေဆာ ပျက် ကွက်ဖို့ မကောင်းဘူးပေါ့။

"ဝေဆာ မေ့သွားတယ် ဖေဖေရယ်"





"သြော် ... သမီးကလည်း၊ အိမ်ပြန်ရောက်ပြီဆိုပြီး ပျော်ပြီး ဘာမှ သတိမရတော့ဘူးပေါ့"

"အဟင်း ... သူလည်း မြန်မြန်ပြန်၊ မြန်မြန်နားရတာပေါ့ ဖေဖေ"

"သြော် ... ကိုမိုးသောက်က အန်ကယ်လ်နဲ့ပါ သိတယ် ခင်တယ်လား"

ဉာဏ်ရည်သစ်က မေးခွန်းထုတ်လိုက်၍ ...

"သူတို့ ခရီးမထွက်ခင် အန်ကယ်လ်နဲ့ ဆုံလိုက်တာလေ၊ ဒီလူငယ်က ရည်မွန်ပါတယ်"

"ကဲ ... ဒါဖြင့် ကျွန်တော်လည်း ပြန်လိုက်ပါဦးမယ် အန်ကယ်လ်၊ ဝေဆာ ဘယ်လိုပြန်လာမယ် မသိတော့ ကြိုဖို့တွေ ဘာတွေ လိုမလားလို့ အကျိုးအကြောင်းလည်း သိချင်လို့ လာလိုက်တာ၊ အခုတော့ ပြန်ရောက်ပြီဆိုတော့ စိတ်ချပြီ၊ ဝေဆာလည်း ခဏနားပြီး ကျောင်းသွားရမယ် ဆိုတော့ နားဦးလေ၊ ကိုယ် သွားတော့မယ်"

"ဟုတ်ကဲ့ ကိုဉာဏ်"



www.burmeseclassic.com

www.burmeseclassic.com



ဝေဆာလည်း စိတ်ပေါ့ပါးသွားပါသည်။ ဉာဏ်ရည်သစ်က ဖေဖေ့ကို နှုတ်ဆက်၍ ပြန်သည်။ ဝေဆာသည် ပစ္စည်းအိတ်တွေသိမ်း၊ ရေချိုးခန်းတန်းဝင်ကာ မျက်နှာသစ်၊ သွားတိုက်၊ ရေချိုးရင်း လမ်းခရီးက အကြောင်းလေးတွေ အတွေးထဲ ငွေငွေဝဲဝဲ။

အို ... တော်လောက်ပါပြီ။

သိပ်ပြီးတော့လည်း အကြိမ်ကြိမ် ထပ်မတွေးနေချင်တော့ဘူး။ ညက သူ့ကို ကိုမိုးသောက် တိတ်တိတ်ဆိတ်ဆိတ်လေး စောင်ခြုံပေးစဉ် ရင်ထဲ နွေးနွေးသိမ့်သိမ့်လေး ဖိုလှိုက်ခံစားရပုံ၏ ဆန်းကျယ်သိမ်မွေ့ခြင်းကို ခေါင်းထဲက အပြီးထုတ်လိုက်တော့မယ်။

ဝေဆာ ထိုနေ့အဖို့ ကျောင်းက စာသင်ချိန်အတွင်း တစ်ချက်တစ်ချက် ဖောက်ကာ မေ့မည်ကြံရွယ်တဲ့အကြောင်းအရာ ေ ဒ့ကို မမေ့နိုင်ဘဲ ခေါင်းထဲ ရောက်ရောက်လာပါသည်။ ဒီခရီးကလေးဟာ စိတ်ချမ်းသာစရာကောင်းတဲ့ အိပ်မက်တစ်ခုထဲ ခဏရောက်ရသလိုပါပဲ။





ညနေ ကျောင်းကပြန်ရောက်လာသည်တွင် ဝေဆာ ည် ဖိနပ်ကိုချွတ်ကာ ဖိနပ်စင်တွင်တင်ရင်း ဝရန်တာသို့ လှမ်း င်လိုက်မိရာ တစ်ခဏ ရပ်ပြီး ငြိမ်သက်ငေးစိုက်ကြည့်နေမိသည်။ တ်နှာကြက်မှ ချိတ်ဆွဲချထားသော သစ်ခွပန်းအိုးကို မြင်လိုက် ၍ပင်။

"သမီး ပန်းအိုးမေ့ကျန်ခဲ့လို့တဲ့၊ နေ့လယ်က မောင်မိုးသောက် တစ်ခေါက် ပြန်လာပြီး ပေးသွားတယ်၊ သူပဲ ဝရန်တာမှာ ချိတ်ပေးသွားတယ် သမီးရဲ့၊ ပန်းအိုးက နောက်ဘက်ခန်း ကားကြမ်းပြင်ပေါ် ချထားတာမို့ ရုတ်တရက် တွေ့လည်း မတွေ့၊ သတိလည်း မရလို့တဲ့၊ ချမပေးလိုက်မိတော့ သမီးလည်း မေ့သွားတယ် ထင်တယ်တဲ့"

"ဟုတ်တယ် ဖေဖေ၊ အခု တွေ့မှပဲ သမီး သတိရတယ်"

"မောင်ဉာဏ်ရည်သစ် လှမ်းပို့တာ ဆိုတာလည်း သူ ပြောပြတယ်၊ အဲဒါကြောင့် တွေ့တာနဲ့ သတိရတာနဲ့ သူ ချက်ချင်း လာပြန်ပို့ပေးတာတဲ့"

"ဟုတ်တယ် ဖေဖေ၊ သူ့ပန်းတောင် သမီး မပန်လိုက်ဖြစ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကက်တလီယာကြီးနှစ်ပွင့်က အခုထိ ပန်းအိုးထဲမှာ ရှိနေတုန်းပင်။ အပင်မှာပဲမို့ နွမ်းလည်းမနွမ်းသေး။ လန်းဆန်းဆဲ။

"သူလည်း ဒီနေ့ နားမှာပဲဆိုပြီး အိမ်မှာ ဖေဖေ့ အတော်ကြာအောင် စကားပြောသွားသေးတယ်"

"ဟုတ်လား ဖေဖေ၊ သူ မအိပ်ရသေးဘဲနဲ့ အိမ်ပြန် မအိပ် ဘူးလား မသိဘူး"

"မအိပ်ချင်လို့တဲ့၊ ဘာမှ အလုပ်တာဝန် မယူဘဲ နေတာဟာ လဲ မအိပ်ရပေမဲ့ အနားယူရတာပါပဲဆိုပြီး စကားတွေ ထိုင်ပြောနေတာ၊ စကားစပ်မိပြီး ဖေဖေ့ ပန်းချီကားတွေ တောင် ကြည့်သွားသေးတယ်"

ဝေဆာ ပြုံးနေမိရင်း ...

"ဖေဖေ့ ပန်းချီကားတွေကို သူ ဘယ်လိုဝေဖန်လဲ"

ကိုညာဏ်ကတော့ ပန်းချီရဲ့ သဘောတရား အရေ အဆတို့ကို ဖတ်မှတ်ခြင်းဖြင့် သိနားလည်ထားကာ ဖေဖေ့ ကား တို့ကို ဆွေးနွေးဝေဖန်နိုင်ခဲ့သည်။ ဖေဖေက ပြုံးရင်း ...





"သူက ပန်းချီနားမလည်ဘူးတဲ့၊ သူ့စိတ်ထဲမှာ ဒီကားတွေ ကြည့်ရင်း အပြစ်ပြောစရာ မတွေ့ဘူးဆိုတာပဲ သူ ပြော တတ်တယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



## ၉

"ဟဲ့ ... မိုးသောက်၊ သားရယ် ... ဘယ်လိုဖြစ်တာလဲကွ
လက်က ဘာဖြစ်သွားတာတဲ့လဲ"

ဆွေမျိုးတစ်ယောက်၏ အလှူအိမ်မှာ ခပ်ကြာကြာ
နေပြီးမှ ပြန်ရောက်လာသည့် မေမေက မိုးသောက် အနီး
အပြေးအလွှား ရောက်လာကာ ရင်ဘတ်ဖိရင်း မေးလိုက်တာ
မိုးသောက်က ပတ်တီးဖြူဖြူ ပွပွနွှေးနွှေး သစ်သစ်လွင်လွင်
စည်း နှောင်ထားသည့် ညာလက်ကို မြှောက်ပြရင်း ...

"ဘာမှ သိပ်မဖြစ်ပါဘူး မေမေရဲ့၊ လက်ဖနောင့်
အက်သွားတာပါ"



"အမယ်လေးတော်၊ အရိုးအက်သွားတာ ဘာမှ မဖြစ်ဘူး
လား၊ ခု ဘာလုပ်ထားလဲ"

"ဆရာဝန်က လက်အကွေးအကော မလုပ်မိအောင် ကျပ်
စည်းပေးလိုက်တာပါပဲ၊ ဘာမှ မဖြစ်နိုင်ဘူးတဲ့၊ ငြိမ်ငြိမ်
ထားလိုက်ရင် ပြန်ကောင်းသွားမယ်၊ ခဏပါပဲ"

"ဘယ်က ဘယ်လို လိမ့်ကျတာလဲ"

"ခွလှေကားထောင်ပြီး ကျွန်တော် စာအုပ်တက်ရှာတာ
ပါ"

"ဘာစာအုပ်လဲ၊ ဘာလုပ်ဖို့လဲ"

"ဩော် ... မိတ်ဆွေတစ်ယောက် လိုချင်တဲ့ စာအုပ်တစ်အုပ်
နှစ်အုပ်ပါ၊ လှေကားပေါ်က ခြေချော်ပြီး စောင်းပြုတ်ကျ
တာ ဒီလက်နဲ့ ထောက်လိုက်မိတာပါ၊ ကျွန်တော်က
အဘိုးကြီးမှ မဟုတ်သေးဘဲ၊ ငြိမ်ငြိမ်လေး ထားလိုက်ရင်
အရိုးက ချက်ချင်း ပြန်ကောင်းသွားမှာပါ"

"မကြီးမငယ်နဲ့၊ ဆိုင်က ကလေးတစ်ယောက်ယောက်
တက်ရှာခိုင်းတာ မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ချာတိတ်တွေ တက်ခိုင်းလည်း ခုလို အခန့်မသင့်ရင် သူတို့ ပြုတ်ကျကျိုးနေမှာပေါ့၊ မေမေ ပြောနေကျလိုပေ ဖြစ်ချိန်တန်လို့ ဖြစ်တာပါ မေမေကလည်း၊ အသေးအမွှ ပါ"

မေမေက မျက်စောင်းထိုးသဖြင့် မေမေ့ကိုယ် ထေ ကြီးကို ဖက်ကာ မိုးသောက်က ရယ်သည်။

"အမယ်လေး မဖက်ပါနဲ့၊ လက်ကို ငြိမ်ငြိမ်ထားစမ်းပါကွယ် သားရယ်၊ ပြန်လာတော့ ကောင်လေးတွေ ဆီးပြောတော့ ရင်ကို ထိတ်သွားတာပဲ၊ သောက်ဆေး ပေးသေးလား သောက်ပြီးပြီလား"

"သောက်ပြီးပါပြီ၊ စိတ်မပူပါနဲ့ မေမေရဲ့"

သူတို့အိမ်မှာ စာအုပ်ခန်းတစ်ခန်း ရှိကာ အဘိုး လက်ထက်ကတည်းက စတင်စုဆောင်းခဲ့တဲ့ အဖိုးတန်စာအုပ်မျိုး စုံကို စင်ကြီးတွေနှင့် ထားသည်။ ဖေဖေ့ လက်ထက်၊ သူ့လက် ထက်အထိ ဝယ်ယူသိမ်းဆည်းထားတဲ့ စာအုပ်တွေက မနည်း မနော။





ဟိုတစ်နေ့က-စကားစပ်ရင်း ဝေဆာ့ အဖေဟာ ပန်းချီပညာရပ်နှင့် ပတ်သက်သော စာအုပ်တွေကို ရှာဖွေဖတ်ရှု နေတာ၊ ဖတ်လိုတဲ့ဆန္ဒရှိတာ သိခဲ့ရသည်။ သူတို့ စာအုပ်စင်မှာ ဘိုးတုန်းက ပန်းချီပညာနှင့် ပတ်သက်သည့် စာအုပ်တွေ သုံးလေး အုပ်ရှိတာ သူ သိထားသည်။

သူ ဖတ်ဖူးတဲ့ စာအုပ်မျိုးတွေ မဟုတ်ပေမဲ့ ရှိတာ သိ၍ ဝေဆာ့ အဖေကို လက်ဆောင်ပေးချင်ကာ တက်ရှာတာပင်။ အလူမီနီယံခွလှေကားနှင့် တက်၍ မျက်နှာကြက်အထိ ရှာဖွေသည်။ အဲဒီမှာ ပြုတ်ကျတာ။ ပြုတ်ကျရကျိုး နပ်ပါသည်။ အင်္ဂလိပ်ဘာသာ နှင့် ရေးသားထားတဲ့ ပန်းချီအယူအဆ သဘောတရား စာအုပ်တစ် အုပ်နှင့် ရှားပါး ရေးပန်းချီကားတွေရဲ့ ပုံပေါင်း ရာနှားနီးပါးပါဝင်တဲ့ အင်္ဂလိပ်စာအုပ် အထူကြီးတစ်အုပ် တွေ့ရသည်။

အဲဒီစာအုပ်ကြီးက ဆိုဒ်ကြီး ကတ်ထူဖုံးချုပ်နှင့် အထူကြီးမို့ အဲဒီစာအုပ်ကြီး တစ်ဖက်နှင့် ပြန်အဆင်း စာအုပ်ရော လူပါ ချော်ယိုင်ပြုတ်ကျတာ။ လူက လက်ဖနောင့်ရိုး အက်ပေမဲ့ စာအုပ် ဘာမှ မဖြစ်၍ တော်ပါသေးသည်။ အဖိုးတန် ရှားပါး



www.burmeseclassic.com

www.burmeseclassic.com



ဤစာအုပ်ကြီးကို မြင်လျှင် ဝေဆာ့ အဖေ အင်မတန် သဘောကျ
မှာ သေချာသည်။

"မမေ ပြန်ရောက်ပြီဆိုတော့ ကျွန်တော် ကားရော ဦးမြရော သုံးလို့ ရပြီပေါ့"

"ဘယ်သွားစရာရှိလို့လဲ"

"ရှာထားတဲ့ စာအုပ်တွေ သွားပေးမလို့ပါ"

"အို ... လက်ကဖြင့် အကျိုးနဲ့၊ နားပါဦး သားရယ်၊ မသွားပါနဲ့ဦး"

"အဲဒါကြောင့် ကားမမောင်းဘဲ မောင်းမဲ့သူ ခေါ်သွားမှာပေါ့ မမေရဲ့၊ ဦးမြ မအားလည်း ရတယ်၊ တစ်ယောက်ယောက် မောင်းခိုင်းရင် ရတာပဲ"

အိမ်မှာ ယောကျ်ား အလုပ်သမား အင်အားထုတောင့်လှ၍ ကားမောင်းတတ်သူ တစ်ယောက်မဟုတ် တစ်ယောက် ခေါ်မောင်းခိုင်းလို့လည်း ရပါသည်။ မုန့်ဆိုင်တွင်းမှာရော၊ ဆိုင်ခွဲတွေမှာပါ မိုးသောက်က ဆွေးမျိုးသားချင်း၊ ညီဝမ်းကွဲတွေ တူတွေ သူတို့ သူငယ်ချင်းတွေကို ခေါ်ထည့်ခန့်ထားသည်။





သူတို့ဟာ မိုးသောက်ကို အလုပ်ရှင်လို မဆက်ဆံ။ တစ်ခါတစ်ရံများ ဂျစ်ကန်ကန် ဘုကျကျ သူငယ်ချင်းပြော ပြောပေါင်းကြပေမဲ့ မိုးသောက်ကို အလွန်ချစ်ကြရာ မိုးသောက် သက်ရှိးအက်သည်ဆိုတော့ မကြာမကြာ တစ်ယောက်ပြီးတစ်ယောက် ဝင်လာကာ ဘာလုပ်ပေးရမလဲ မေးနေကြသည်။

"ဒီလောက် အရေးတကြီး ပေးစရာလိုလို့လား သားရယ်၊ ဟိုက ဒါကို ကျက်ပြီး နောက်နေ့ စာမေးပွဲဖြေမှာမျိုးမို့လို့လား"

"လက်က လှုပ်မရတော့ မုန့်ဖိုထဲလည်း မဝင်ရ၊ ဘာမှ ဝင်မလုပ်နဲ့ ပျင်းလို့ ထွက်မှာပါ မမေရ"

"မသိပါဘူး၊ မျက်နှာလုပ်ရမဲ့သူများ ရှိနေပြီလားလို့"

မုန့်လိုက်လေ မမေရယ်။ မျက်နှာလုပ်ချင်လို့ စစ်စစ်ပါပဲ။ စေတနာတွေ ဒလဟောကို ပိုနေမိတာ။ ပြန်လာတဲ့ ရက်က ကားပေါ်က ဝေဆာ ဆင်းသွားကာ ဟိုလူနှင့်အတူ တိုက်ပေါ် တက်သွားတော့ မိုးသောက် ရင်ထဲ အုံ့ဩရလောက်အောင် ဖျပ်ဖျပ်လူး နင့်၍ ခါးခါးနင်နင်ကြီး ကျန်ရစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်နံဘေးက ထွက်ခွာပြီး တခြားနံဘေးကို ပါသွားတာဟာ ခံစားရခက်လိုက်တာ။ ကတုန်ကယင် ကယောင်ကတမ်းနှင့် အိမ်ကိုပင် မပြန်ချင်။ ကားကို ပတ်မောင်းနေမိခဲ့သည်။ ခဏကြာမှ လက်ဖက်ရည်ဆိုင်ကြီးတစ်ဆိုင်ကို ဝင်ပြီး မျက်နှာမသစ် ဘာမသစ် လက်ဖက်ရည်နှင့် ပဲပြုတ်ထမင်းကြော် ဝယ်စားကာ ငူငူကြီး ထိုင်နေမိခဲ့ပါသည်။

သူ့ရင်ထဲက ဆုံးရှုံးလစ်ဟာသွားမှုကို ဘာနှင့် အစားထိုးရ၊ ဖြေသိမ့်ရမယ် မသိဘဲ ဟာတာတာ ဆို့တို့တို့နှင့် ကလေးသာဆိုရင် ငိုပစ်လိုက်ချင်တဲ့ ခံစားချက်မျိုး ဖြစ်နေခဲ့တာပင်။ ဒီလောက်တောင်ပဲ စွဲလမ်း သွားရသလား။ အနားက ပျောက်သွားသည်နှင့် အရူးအမူး၊ အလူးအလဲ ဖြစ်သွားတာ။

အိမ်ကိုလည်း မပြန်ချင်။ ဝေဆာ့ထံကိုပဲ သွားချင်နေသည်။ ဝေဆာ အလုပ်လုပ်တဲ့ ကျောင်းက နာမည်ကြီး အင်္ဂလိပ်ကျောင်းမို့ သူ သိသည်။ လိုက်သွားမိခဲ့ရင်တော့ အလုပ်ထဲ ချက်ချင်း လိုက်ချလာပုံကို ဝေဆာ့လို စိတ်ထားရှင်းပြီး တည်လည်းတည်ကြည်တဲ့ မိန်းကလေးတစ်ယောက်က ကြိုက်လိမ့်မယ် မထင်။





ဒါကြောင့် သူသည် အိမ်မပြန်ဘဲ ကားကို အရူးလို ပတ်မောင်းနေမိခဲ့ပြီးနောက်၊ ဝေဆာတို့ အိမ်ကိုပဲ ပြန်မောင်းသွားခဲ့ပါသည်။ ဒီအချိန်လောက်ဆို ဝေဆာ ကျောင်းကို ပြန်ထွက်သွားလောက်ပြီကို သိသည်။ သူ့အဖေနဲ့ပဲ တွေ့ရတွေ့ရ။ ဝေဆာ့ အိမ်ထဲ ဝင်ထိုင်လိုက်ရလျှင်တော့ ဝေဆာ့ အငွေ့အသက် လွှမ်းခြုံနေရသလိုဖြစ်ကာ နွေးထွေးပြည့်စုံသွားမှာပဲ၊ တင်းတိမ်သွားမှာပဲလို့ ထင်မိကာ အကြောင်းရှာရင်းကမှ နောက်ခန်းကြမ်းပြင်မှာ ချထားတဲ့ ပန်းအိုး ကျန်ရစ်ခဲ့တာကို ဝမ်းသာအားရ တွေ့မိတာ။

အကြောင်းပြကောင်းကြီးဖြစ်သော ပန်းအိုးကို လက်ကဆွဲကာ ဝေဆာတို့ အိမ်ပေါ် ရဲရဲတင်းတင်းပင် တက်သွား၊ တံခါးခေါက်လိုက်တော့တာပေါ့။ ဝေဆာ့ အဖေဟာ အင်မတန် ရင့်ကျက်ပြည့်ဝတဲ့ လူကြီးတစ်ယောက်ဖြစ်သည်။

မိုးသောက်မှာ အဖေ မရှိတော့လို့လားလည်း မသိပါ။ ဝေဆာ့ အဖေကို စကားပြောရင်း ပြောရင်း ကိုယ့်ရဲ့ ဖခင်တစ်ယောက်လို ချစ်ခင်ရင်းနှီးစိတ် တစ်ထိုင်တည်း ဝင်လာသည်။ ခင်း ... ခက်ပဲခက်ပါရဲ့။ မိန်းကလေးတစ်ယောက်ရဲ့ အဖေကို



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အဖေလိုပဲ ချစ်ခင်လေးစားမိသည်ဆိုတော့ အဲဒီ အဖေ ကိုယ့်ကို ရိုက်ချင်မလား၊ ကိုယ့်အဖေကပဲ ကိုယ့်ကို နှက်ချင်မလ

ဝေဆာ့ အဖေနှင့် စကားပြောရတာလည်း ကော လှသည်။ ဘာတွေမှန်းကို မသိ။ အကြောင်းအရာစုံ ခေါင်း အောက်ကို ရောက်ကာ အားရပါးရ စကားထိုင်ပြောနေမိကြသ သူ့အကြောင်းတွေလည်းပါ။ ဝေဆာ့ အကြောင်းတွေလည်း

သူ့အဖေရဲ့ အတွေ့အကြုံ၊ ဗဟုသုတတွေ အကြေ လည်းပါ။ စာအုပ်တွေ၊ ရုပ်ရှင်တွေ၊ ပန်းချီကားတွေ၊ ဘော တွေ၊ နိုင်ငံရပ်ခြား အကြောင်းတွေ၊ အင်တာနက်တွေ၊ ကား အိမ်ဈေးတွေ၊ ကျန်းမာရေးတွေ၊ ဆေးရုံသစ်ကြီးတွေ၊ အ အသောက်တွေအကြောင်းတွေ စုံနဖာစီလို့ သွားတော့သည်

အဲဒီမှာ ဝေဆာ့ အဖေ ဖတ်ချင်တဲ့ ပန်းချီစာအု အကြောင်း နားထောင်ရတာ။ သူကလည်း အိမ်မှာ စာအုပ်အ များများရှိ၍ ရှာကြည့်ပေးမည့်အကြောင်း ကတိပေးခဲ့ ခုတော့ ဝေဆာ့ အဖေ နှစ်သက်မဲ့ စာအုပ်မျိုး နှစ်အုပ် ရပြီလေ။





မကြာခင် ပြန်ကောင်းသွားမဲ့ ဒီအရိုးအက်တာလေး လောက်ကို သူ မှုနေစရာလား။ ဒီနေ့ဟာ ပြန်ရောက်တဲ့နေ့၊ ပြီးတော့ နောက်နှစ်ရက်ခြားပြီး ရောက်တဲ့တစ်နေ့။ ကြားရက်တွေ အားလုံးထဲ ဒီစာအုပ်ကိုပဲ သူ သဲမဲရှာနေတာ။ စာအုပ်တွေက များလှတဲ့အပြင် စနစ်တကျ အရွေ့ကြောင်းအရာတူ စုစည်းပြီး စားရင်းဇယားနဲ့ ထားရှိတာ မဟုတ်တာမို့ ရှာရခက်သွားတာ။

ဒီကြားထဲ သူ ဝေဆာ့ဆီ ဖုန်းလေးပဲဖြစ်ဖြစ် ဆက်လိုက်ချင်တဲ့ဆန္ဒ မကြာခဏ ဖြစ်ပါသည်။ ဆက်ဖြစ်ရင် ဘာပြောရမယ် မသိ။ သူဟာ ဖုန်း ဖွဲ့ဖွဲ့နွဲ့နွဲ့ ချွဲ့ချွဲ့လျှားလျှား ပြောတတ်သူမဟုတ်။ ဖုန်းဆက်တယ်ဆိုလျှင် ကိစ္စရှိမှ ဆက်တတ် ပြီး၊ ကိစ္စပြောဆိုပြီးသည်နှင့် ဖုန်းချမြဲဟာ သူ့ထုံးစံ။ မျက်နှာကြည့် စကားပြောရမှ ပြောစရာတွေ ထွက်လာနိုင်တာ။ ဒါကြောင့်ပဲ နံပါတ်လေးကိုသာ ရွတ်ကြည့် ရွတ်ကြည့်ကာ ဖုန်းဆက်တဲ့ဆီကို သူ မရောက်။

သွားရင်တော့ ညနေ ခြောက်နာရီလောက် သွားမှ ဝေဆာနှင့် တွေ့ရမှာကို သူ သိထားသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီနေ့က ဝေဆာ ကားတံခါး ဖွင့်ဆင်းလိုက်တဲ့ နေရာမှာ ကိုယ် ရပ်ပြီး ဆီးကြိုလိုက်တဲ့ မြင်ကွင်းကို လှမ်းကြည့်လိုက်တဲ့ သူ့ရဲ့ မျက်နှာဟာ သိပ်သိသာတယ်"

ဝေဆာသည် ရင်မောကျဉ်းကျပ်စွာ သက်ပြင်းလေးကို ကျိတ်၍ ရှိုက်၊ ကျိတ်၍ မှုတ်ထုတ်လိုက်မိသည်။

"သူ့ရင်ထဲက တန်ဖိုးထားတဲ့ အရာတစ်ခု အကြီးအကျယ်ဆုံးရှုံးလိုက်ရသလိုပဲ၊ မယုံကြည်နိုင်တဲ့ မျက်နှာနဲ့ လှမ်းကြည့်လိုက်တဲ့ သူ့မျက်လုံးတွေရဲ့ ကြေကွဲဆိတ်သုဉ်းမှုကို ခပ်ထူထူလူတစ်ယောက်တောင်မှ ရိပ်မိနိုင်ပါတယ်"

ဉာဏ်ရည်သစ်က ခပ်အေးအေး ပြောနေသည်။ သူ့ပုံစံဟာ ဤစကားမျိုး ပြောနေရတဲ့အတွက် သူဟာ သေးသိမ်တဲ့သူတစ်ယောက်အဖြစ် အထင်ခံရမှာကို စိုးရိမ်ကာ ကြိုးစားစကားလုံးရွေးချယ်ပြီး အယဉ်ကျေးဆုံး နားဝင်အချိုသာဆုံးဖြစ်အောင် ပြောဆိုနေတာပင်။





"ကိုယ် အဲဒီနေ့ကပဲ စိတ်ထဲ ထင့်မိပေမဲ့ ဒီစကားမျိုး ပြောဖို့ လိုအပ်ချင်မှ လိုအပ်မှာပါလို့ တွေးပြီးသားပါ ဝေဆာ၊ ဝေဆာတို့ တအားကြီးလည်း ကြိုတင်ရင်းနှီးပြီးသားမှ မဟုတ်တာမို့လား၊ ဝေဆာက အရည်အချင်းပြည့်စုံတဲ့ လှပနူးညံ့တဲ့ မိန်းကလေးတစ်ယောက်ဖြစ်တော့ ဝေဆာ့ကို သဘောကျတဲ့ သူတွေ အများကြီး ရှိနိုင်တာ ကိုယ်သိတယ် ...

သူလည်းပဲ အတူခရီးသွားလာရ၊ ဟိုမှာ အတူတရင်းတနှီး ဆုံတွေ့ ... ပွဲတက်ရောက်ရ ဆိုတဲ့ အခွင့်အရေးတွေ ရခဲ့တော့ ဝေဆာ့ကို စိတ်ညွှတ်နိုင်တာဟာ မဆန်းပါဘူး"

ဝေဆာသည် ပြန်ရောက်ပြီးကတည်းက မိုးသောက်ကို အတတ်နိုင်ဆုံး မေ့မေ့ပျောက်ပျောက် ထားပါတယ်ဆိုခုတော့ သူ လုပ်တာနှင့် ပိုသတိရစရာ ဖြစ်ရသည်။ မိုးအိုး



www.burmeseclassic.com

www.burmeseclassic.com



နောက် တစ်ကြိမ် လာပေးခြင်းကိုလည်း ဖုန်းဆက်၍ပင် ဝေဆာ
ကျေးဇူးတင်စကား မဆိုမိဘူး။

"သေချာပါတယ်၊ ဝေဆာ့ကို ဒီလူ ချစ်နေတယ်"

ဝေဆာသည် အနေရခက်ခက်နှင့် ...

"သူ ဘယ်လိုသဘောထားထား ဝေဆာ စိတ်မဝင်စားပါဘူး
သိလည်း မသိဘူး၊ သူ့ဟာသူ ဘယ်လိုရှိရှိပေါ့"

"ဝေဆာက ဒီသဘောရှိပေမဲ့ သူကတော့ ယောကျ်ားတ
ယောက်ပဲ၊ သူစိတ်ဝင်စားတဲ့ လှတ်လည်းလှတ်လင်
တဲ့ မိန်းကလေးတစ်ဦးကို အနေးနဲ့အမြန် ချစ်ရေးဆို
ပါ"

"ဆိုလည်းပဲ ဝေဆာ စိတ်ဝင်စားမှ ဖြစ်တာပါ၊ ဝေဆာ
ပြောပြီးပြီပဲ၊ ဝေဆာ ကိုညာဏ့်ကိုပဲ ခေါင်းထဲ ထည့်
စဉ်းစားနေပါတယ်လို့"

"ဒါဖြင့် ကိုယ့်ကို ခေါင်းမညိတ်သေးတာဟာ ခေါင်းမည
လောက်သေးတဲ့ ကြောင့်ကြစရာ နောက်တွန့်စရာ ဆင်ခြ
စရာ အချက်တွေများ တွေ့နေလို့လား ဝေဆာ"



"ဒီလိုလည်း မဟုတ်ပါဘူး ကိုညာဏ်၊ ဝေဆာ့သဘောက
ကိုညာဏ့်တစ်ယောက်ကိုပဲ ဝေဆာ ခေါင်းထဲ ထည့်စဉ်းစား
နေတာဆိုတော့ ဘာမှလဲ အရေးတကြီး အလောသုံးဆယ်
အချိန်မီဆိုတာမျိုး လေ့ဖို့ မလိုအပ်ဘူး ထင်လို့ပါ"

"ကိုယ် ခုလို ဒီစကားတွေ ပြောဖြစ်တာကလည်း ခုနက
ဝေဆာ ပြန်မရောက်ခင်ကတည်းက ကိုယ် ရောက်နေတော့
အန်ကယ်လ်နဲ့ စကားပြောနေတဲ့ အထဲမှာ ဒီလူက အဲဒီ
နေ့ပေါ်မှာပဲ နောက်တစ်ခေါက် ထပ်ရောက်လာပြီး ကိုယ့်
ပန်းအိုးကို လာပေးသွားတာလည်း ကိုယ် သိရတယ်၊
အန်ကယ်လ်နဲ့ စကားတွေ အားရပါးရ ထိုင်ပြောသွားတယ်
ဆိုတာရော၊ ဒီလူ မဆိုးဘူးလို့ အန်ကယ်လ်က သဘောတကျ
ရှိတာကိုရော ကိုယ် သိလိုက်ရလို့ပါ"

အင်း ... ဖေဖေကလည်း မကွယ်မဝှက် ပွင့်ပွင့်လင်း
လင်းကို ပြောချနေတော့တာပဲ။ ဖေဖေ ကိုမိုးသောက်ကို စကားပြော
ရတာ သဘောကျတဲ့အကြောင်း ဝေဆာ့ကို ပြောပြောနေတာလည်း
သုံးကြိမ်လောက် ရှိပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



"ဒီကတည်းက ဒီလူဟာ ထပ်ဝင်ထွက် ပတ်သက်ကြိုးစား နေဦးမှာပဲဆိုတာလည်း ကိုယ် သိလိုက်တယ်၊ အဲဒါအပြင် ကိုယ့်အပေါ် ဝေဆာ စဉ်းစားတယ်ဆိုတာထက် ပိုတဲ့ သိပ်ပြီး အလေးအနက် ရှိနည်းမျိုး မရှိသေးဘူး ဆိုတာကို လည်း ကိုယ် နားလည်လိုက်လို့ပါ"

တည်ငြိမ်အေးဆေးတဲ့ သူ့စကားသံတွင် ဝေဆာသည် ခေါင်းကိုက်ချင်သကဲ့သို့ ဖြစ်လာသည်။ ဖေဖေ ပြောသလိုပင် ကိုယ့်မှာ အပြစ်ရှိမှာ စိုးနေသည်။

"ဘာဖြစ်လို့လဲ ကိုဉာဏ်"

"ပန်းအိုးကို ဝေဆာ မေ့ကျန်ရစ်ခဲ့တယ်၊ ကိုယ် အပြစ်ပြောတာ မဟုတ်ဘူးနော် ... ဝေဆာ၊ ကိုယ် သဘောပေါက်နိုင်တာကိုပဲ ပြောနေတာပါ၊ တစ်အချက်က ဝေဆာ သိပ်တန်ဖိုးမထားတာရယ်၊ နှစ်အချက်က အဲဒီအချိန် အခိုက်အတန့်လေးမှာ ဝေဆာဟာ ဒီဘက်မှာ ကျွန်တော်၊ ဟိုဘက်မှာ သူ၊ နှစ်ယောက်စလုံးကြားမှာ ညှိဝတ်ကျေမှု ဘယ်သူ့ကိုမှလဲ မပျက်ကွက်အောင်၊ မလစ်ဟင်းအောင် ဆက်ဆံဖို့ရာ





စိတ်ရှုပ်ထွေး ဗျာများသွားပုံရပါတယ် ... ဒါကြောင့် ပန်းအိုးကို အာရုံထဲက လုံးဝမေ့သွားတာ ..."

အင်း ... သူဟာ အဘက်ဘက်က တော်တဲ့သူပါပဲ။ စဉ်းစားတွေးခေါ်တတ်ပုံကလည်း နှစ်ချက်လုံး ကွက်တိမှန်ပါသည်။

"ဒါကိုကြည့်ရင် ... သူ့ဘက်က ဘယ်လိုနေနေ ဘယ်လိုသဘောထားထား ဝေဆာ စိတ်မဝင်စားဘူးဆိုတဲ့ စကား၊ ဝေဆာ့အထင် မှားနေတာ ဝေဆာ ပြန်တွေ့ရမယ်"

ဝေဆာ မျက်ခုံးလေး ပင့်မိကာ ...

"ဝေဆာ ..."

"ဝေဆာကို အပြစ်ပြောတာ မဟုတ်ပါဘူး ဝေဆာ၊ ခုချိန်မှာ ဒါတွေအားလုံးဟာ ဝေဆာ့ လွတ်လပ်ခွင့်ပါ"

"ဝေဆာ သူ့အပေါ် ရိုးရိုးသားသားပဲ ရှိတယ် ကိုဉာဏ်"

"ဝေဆာ့ စိတ်က ရိုးသားချင်တာလည်း ရှိတယ် ... ရိုးရိုးသားသားလည်း ထားထားတယ် ... ဒါပေမဲ့ ဝေဆာ့ အာရုံထဲ ဒီလူရှိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုဉာဏ် ထင်သလို ပုံစံမျိုးနဲ့ မရှိဘူး"

ဝေဆာက အမောတကော ငြင်းချက်ထုတ်မိလျှင် ဉာဏ်ရည်သစ်က ငြိမ်းငြိမ်းချမ်းချမ်းပဲ ပြုံးနေလျက် ...

"ကိုယ်ပြောပြီကော၊ ရှိခဲ့ရင်လည်း ဝေဆာ့ အပြစ်မှမဟုတ်ဘဲ၊ ဒီအချိန်မှာ ဝေဆာ ဘယ်သူ့ကို အာရုံထဲရှိရှိ၊ ဘယ်သူ့ကို ဘယ်လိုစဉ်းစား စဉ်းစား ... ဘယ်သူ့ကို ရွေးချယ်ချယ် ... ဒါဟာ ဝေဆာ့ လွတ်လပ်ခွင့်၊ ဘာမဆို လုပ်ခွင့် ရှိနေတယ်"

"ဟင့်အင်း ... ဝေဆာက သူ့ကို ဒီလိုရွေးချယ်ဖို့တို့ ဘာတို့ ဘာမှ လုံးဝမစဉ်းစားမိဘူး"

ဝေဆာကား ဖွတ်ကန်ငြင်းဆန်လျက် ရှိသည်။ သူကအပြစ်မရှိဘူး အပြစ်မပြောဘူး ဆိုပေမဲ့ ဝေဆာ့ကို ရက်တိုတို အတွင်း စိတ်လှုပ်ရှားသွားတဲ့ မိန်းမလို့တော့ တိတ်တခိုး တွက်ဆမှတ်ချက်ချမှာ မလွဲ။ သူလိုလူထံက ဤမှတ်ချက်မျိုး (ကိုယ်မသိလိုက်ပဲရရ) ရမှာ ရှက်မိသည်။





"ဝေဆာရယ် ... ကိုယ်ပြောချင်နေတာက ကိုယ်သဘော ပေါက်သွားတာ ရှိတယ်၊ ဒါကတော့ ဝေဆာ့ကို ကိုယ် ဒီထက် ကြိုးစားရမယ်၊ အချိန်ပေးသင့်တယ်၊ အပြိုင်အဆိုင် ယှဉ်ပြိုင်သူဆိုတာ အချိန်မရွေး ရှိလာနိုင်တယ်၊ ဝေဆာ့ဆီက အဖြေရဖို့ အဖြေပေးချင်လာဖို့၊ ကိုယ် အာရုံထားရမယ်၊ ကြိုးစားရမယ်၊ အဲဒါကို ပြောချင်တာပါ၊ ဝေဆာ မသိပေမဲ့ ကိုယ့်မှာ ပြိုင်ဘက်ရှိလာပြီဆိုတာ ကိုယ် သိပါတယ်"

"အဲဒါ ... မဟုတ်ဘူး"

ဖွတ်မိုက်ငြင်းလိုက်သော ဝေဆာ့ စကားကြောင့် ဉာဏ်ရည်သစ်က မျက်ခုံးပင့် နှုတ်ဆိတ်သွားပါသည်။ ကဲ ... မှားသွားပြန်ပြီလား။ ကမ္ဘာ့ရှူးထိုး အတင်းငြင်းမိခြင်းဟာလည်း မယုံချင်စရာ ဖြစ်သွားပြန်ပြီလား။ ဝေဆာ စိတ်ညစ်လာမိသည်။ ဝေဆာသည် သူလို မှန်ကန်သန့်ရှင်းသော လူတစ်ယောက်ရှေ့မှောက်တွင် သူ့လောက်နီးနီး အမှားကင်းသူ ဖြစ်လိုအား ကြီးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ထိုင်တည်းမှာပင် သူ့လို မဟုတ်တော့ရော ဘာဖြစ်လဲလို့လဲ ကိုယ့်ကိုယ်ကိုယ် စောဒကတက်နေမိပါသည်။ ဒီလောက်မှုလောက်နှင့်လည်း ကိုယ်ဟာ မှားနေတဲ့သူ အပြစ်ရှိတဲ့သူ ဖြစ်သွားမှာ မဟုတ်။ သူလည်း ပြောနေသားပဲ။ ဝေဆာ လွတ်လပ်ခွင့် ဆိုတာဟာလည်း အမှန်ပင်။ ဘယ်သူ့ကို စဉ်းစား စဉ်းစား ဘာဖြစ်လဲ။

သို့သော် ဤသို့ တစ်ပြိုင်နက် တွေးနေတာက တခြား။ ဝေဆာသည် သူ့အထင်အမြင်၌ ရက်တိုအတွခရီးသွားလာခဲ့သူ အမျိုးသားတစ်ယောက်ပေါ် စိတ်ဝင်စား လှုပ်ရှားမှုနှင့် ထည့်သွင်းစဉ်းစား အဆင့်ကိုပင် အချိန်တိုအတွင်း ပေးလိုက်ပြီ ဆိုတဲ့ မိန်းမတစ်ယောက်ရဲ့ ပုံစံလောက် စိတ်မပျော့ညွတ်ချင် အညာမလွယ်ချင်။

ထို့ပြင် တစ်ပြိုင်နက်တည်းမှာပင် "စိတ်ထဲက ဘာမှ မိနစ်အတွင်းပဲ ချစ်မိသွားသွား၊ အပြင်မှာ ဣန္ဒြေရရ သိက္ခာရှိရှိ နေနေနိုင်ရင် ပြီးတာပဲ မဟုတ်လား"လို့လည်း ကိုယ့်ဘာသာ စောဒကတက်ပြန်သည်။ စိတ်ဆိုတာကို ကိုယ်ပိုင်တာ အစိုးရတာ မှ မဟုတ်ဘဲ။ စိတ်ကူးထဲမှာ ဒုစရိုက် အကုသိုလ် မဟုတ်သော ငါးပါးသီလ မကျိုးသော၊ ဘယ်လိုအတွေးမျိုးပဲဖြစ်ဖြစ်၊ လျှပ်တစ်ပြက်တွေးကြ ခံစားမိတာမျိုးဟာ အပြစ်ကြီးပါသလား။

တစ်ခါတစ်ရံတော့လည်း ကိုယ်ကြံရွယ်မျှော်မှန်းထားတာ မဟုတ်တဲ့ ကိစ္စရပ်မျိုး စိတ်တွင်းက တွေးမိကြံမိ ရှိကောင်းရှိမည်။ ကိုယ့်စိတ်ထဲကဟာကို ဘယ်သူ့ထံမှ အပြင်းအထန် ငြင်းဆန်နေဖို့ မလိုပါဘူး။ ဘာကြောင့်များ ကိုယ်ဟာ ကိုဉာဏ် မျက်မှောက်မှာ အပြစ်ကင်း သန့်ရှင်း စင်ကြယ်လွန်းလိုလှပါသနည်း။

"ဝေဆာက ဖွတ်ကို ငြင်းနေတော့တာပဲကွာ"

ဉာဏ်ရည်သစ်က တစ်မျိုးလေး ရယ်မောပါသည်။

"ဘာပဲဖြစ်ဖြစ် သူ လာရင်တော့ ဝေဆာ ဧည့်ခံရမယ်၊ စကားပြောရမယ်၊ ယဉ်ကျေးရဦးမယ်လေ၊ ဝေဆာ့ဘက်ကို မပြောပါဘူး၊ သူ့ဘက်က ကြိုးစားတော့မယ်ဆိုတဲ့ အခါမှာ ဝေဆာ့ဘက်က ရိုင်းမရတာတချို့ကြောင့် အထိုက်အလျောက် လက်ခံဆက်ဆံရမှုဆိုတာ ရှိမှာပဲ၊ အဲဒီအခါ အန်ကယ် သူ့ကိုသဘောကျပုံမျိုး ဝေဆာလည်း သဘောကျစရာဆိုတာ တွေ့လာနိုင်တာပဲ"







www.burmeseclassic.com

www.burmeseclassic.com



အင်း …။ အများအပြား တွေ့ခဲ့ပြီးပါပြီ။

"အဲဒီအခါ ကိုယ် ဆုံးရှုံးရမှာ စိုးရိမ်မိပါတယ်၊ ကိုယ့်ကို ဖြစ်နိုင်ရင် အဖြေလေး ခပ်မြန်မြန်ပေးပြီး၊ လက်ထပ်ဖို့ အထိ စဉ်းစားကြပါစို့လား … ဆိုတာ၊ ကိုယ် ပြောချင်တဲ့ လိုရင်းပဲ၊ ဒါတွေ သိုင်းဝိုင်းချဲ့ကား ပြောလာတာ ဒီမှာ အဆုံးသတ်ဖို့ပဲ၊ ကိုယ်ပိုင်ဆိုင်ရရင်တော့ ဘယ်သူချဉ်းကပ် လာမှာအတွက်မှ မစိုးရိမ်ရတော့ဘူးပေါ့ ဝေဆာရယ်"

ဝေဆာသည် "ချက်ချင်း အဖြေမပေးသေး"ဆိုတဲ့ အချက်ကို စဉ်းစားနေစရာ မလိုဘဲ ခေါင်းထဲ အပြေးအလွှားရှိပြီး သား ဖြစ်နေကာ …

"အဖြေပေးပေး မပေးပေး … ဝေဆာက တခြားတစ် ယောက်ကို စဉ်းစားမယ်ဆိုတာ မဖြစ်နိုင်သေးပါဘူး ကိုညာဏ် သဘောမကျဘူး ဆိုရင်လည်း ဝေဆာက သူ့ကို အထိုက်အလျောက်တောင် မဆက်ဆံလည်း ဘာမှမဖြစ် ဘူး၊ ရပါတယ်၊ သူနဲ့လည်း ရှေ့လျှောက် မဆက်ဆံလို့ မဖြစ်တဲ့ အနေအထားလည်း မရှိပါဘူး ကိုညာဏ်"





ဝေဆာက စကားကို အလွန်အကျူးပင် ပြောလိုက်မိပါသည်။

"ဝေဆာက ဇွဲနေတယ်ကွာ၊ ဒါဖြင့် ဝေဆာ ကိုယ့်ကို အဖြေမပေးသေးဘူးပေါ့"

"အဖြေမပေးသေးတာကလည်း ဝေဆာက စကားတစ်ခု ပြောပြီးရင် ဘယ်တော့မှ မပြင်ချင်တဲ့အတွက် နှုတ်ကထွက်ဖို့ နှောင့်နှေးလေးဖြင့်နေတာ သက်သက်ပါပဲ၊ တခြားစဉ်း စားစရာတွေ နှိုင်းယှဉ်စရာတွေကြောင့် မဟုတ်ဘူး"

"ဒါဖြင့် … ကိုယ် ဘယ်တော့ …"

"တီးတောင် … တီးတောင် …"

ရုတ်တရက် တံခါးဘဲလ်သံက နှစ်ချက်ဆင့်ကာ ပေါ်လာပါသည်။ ဖေဖေက ပန်းချီခန်းထဲမှာ။ ဝေဆာ ပြန်ရောက် လာကာ ကိုညာဏ်ကို ဧည့်ခံနေကတည်းက ဖေဖေက အေးအေးလူ လူ ပန်းချီဝင်ဆွဲနေပြီ။ ထို့ကြောင့် ဝေဆာက ဧည့်ခန်းမှ ထ,ထွက် လာကာ အိမ်တံခါးမကြီးကို ဖွင့်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အပြင်ကလူကို မြင်လိုက်သည်နှင့် ဝေဆာသည် ထူပူသွားသလို ဖြစ်သွားကာ လူတစ်ကိုယ်လုံး သွေးလှည့်ပတ်မှ တွေ မြန်ဆန်ပူနွေးလာသလို ဖြစ်သွားမိသည်။ ဘာကြောင့် ဤမျှ တုန်လှုပ် စိတ်လှုပ်ရှားသွားရသလဲလည်း ကိုယ့်ကိုယ်ကိုယ် မသိ။

ဝေဆာသည် ခေါင်းထဲလည်း ရှုပ်ထွေးသွားပြီး တံခါးကို ခပ်ဟဟ ဖွင့်ကြည့်တဲ့ အနေအထားကနေ ဆက်လက် ဆွဲမဖွင့်ဟမိဘဲ ဟနေတဲ့ တံခါးကြားမှာ ကိုယ်ခန္ဓာတစ်ခြမ်းသာ သာ ထွက်ပေါ်နေရုံနှင့် ရပ်တန့်နေသဖြင့် အပြင်ဘက်က မိုးသောက် က ဝေဆာ့ကို အံ့အားတသင့် ရပ်ကြည့်နေမိပါသည်။

လက်တစ်ဖက်ကို နောက်ပစ်ကာ နောက်တစ်ဖက်က ကြိုးကိုင်းတပ် ကတ်ထူအိတ်မာတစ်ခု ကိုင်ဆွဲထားသည့် မိုးသောက် ကို ဝေဆာက ကျဉ်းကျပ်စိတ်ရှုပ်သော မျက်ဝန်းလေးနှင့်ကြည့်ရင်း...

"ဘာကိစ္စလဲဟင် ... ကိုမိုးသောက်"

တိုးတိုးကလေး မေးလိုက်မိလျှင် မိုးသောက် မျက်နှာ က ပိုမို၍ အံ့သြတကြီး ပျက်ထွက်သွားပါသည်။ သူ့မျက်လုံးများ





သည် တံခါးအဟာ့ရဲ့ အောက်ခြေဘက် ဝေဆာ့ ခြေထောက်အနား မှာ လှမ်းမြင်နေရသော နက်မှောင်ပြောင်လက်သည့် ရှူးဖိနပ်တစ်ရန် ဆီသို့ ရောက်သွားကာ ဤသို့ မြင်လိုက်ရတာကိုပင် အားနာသွား သလို မျက်လုံးကို ကမန်းကတန်း လွှဲရင်း ...

"ဝေဆာမအားလို့လား၊ ဧည့်သည်ရှိလို့လား"

သူကလည်း တိုးတိုးပင် ပြန်မေးပါသည်။

"ဟုတ်ကဲ့ ...၊ ဟို ... ကိုမိုးသောက် နောက်တစ်နေ့မှ ..."

ပြောပြီးပြီးချင်း ကိုယ့်ကိုယ်ကိုယ် အင်မတန်ရိုင်းပျ သွားပြီလို့ ခံစားမိပါသည်။ သို့ပေမဲ့ အခုကလေးတင် သူ့ကို အထိုက်အလျောက်တောင် မဆက်ဆံဘဲ နေနိုင်ပါတယ် နေလို့ရ ပါတယ်လို့ စကားကုန် ပြောလိုက်မိသော အခြေအနေမှာ ကိုမိုး သောက်ကို ဝေဆာတို့နှစ်ဦးရဲ့ စကားဝိုင်း ဧည့်ခန်းထဲ ဘယ်လို များ ဆွဲခေါ်ထည့်ရမလဲ။ ကိုညဏ်က အပြောနဲ့ အလုပ်နဲ့မညီတဲ့ ခိန်းမတစ်ယောက်။ ဒီလူအပေါ် သံယောဇဉ်မကင်းတဲ့ မိန်းမ[illegible] ယောက်လို့ ဝေဆာ့ကို ဆုံးဖြတ်လိုက်တော့မှာပေါ့ ...



www.burmeseclassic.com

www.burmeseclassic.com



အင်း ... တကယ်တော့ ဆုံးဖြတ်လိုက်တော့ဟော ဘာဖြစ်ပါသနည်း။ ဝေဆာသည် ထုံးစံအတိုင်း ဒွိဟ ဆန့်ကျင် ဘက်အတွေးများထဲ မူးနောက်ချွေးစို့လာကာ မျက်နှာကလေးဖြင့် ဖြူဖပ်ဖြူရော် ပျက်လာသည်။

"ရတယ် ဝေဆာ၊ ကျွန်တော် နောက်တစ်ရက်မှ လာပါ မယ်၊ သွားတော့မယ်နော်"

သူကိုယ်တိုင်လည်း အနေရခက်ခက် အောင့်သက် သက် ရုက်တွန့်တွန့် ဖြစ်သွားပုံနှင့် မိုးသောက်က ခပ်သွက်သွက် ကမူးရှူးထိုး ပြောပြီးလျှင် ချာခနဲလှည့်ကာ လှေကားထစ်များ တစ်ရှိန်ထိုး ဆင်းသွားပါသည်။

ကိုမိုးသောက် ...။

အပြင်သို့ ပွင့်ထွက်မလာသော အသံနှင့် ရင်ထဲ ပင် လှမ်းခေါ်လိုက်မိရင်း ဝေဆာ့ရင်ထဲ အပြစ်တစ်ခု ရိုင်းပျ ကျူးလွန်လိုက်မိသလို ချက်ချင်းမွန်ထူသည်းနှင့်လာပါသည်။ သူ့ မှာ ဘာအပြစ်ရှိလို့ ကိုညာဏ့် ရှေ့မှာ သူနဲ့ မဆက်ဆံရဲရမှာလဲ





ဝေဆာ ...။ ညည်းဟာ အင်မတန် တွေဝေမိုက်မဲ သတ္တိနည်းတဲ့ မိန်းမတစ်ယောက်ပါလား။ ကိုညာဏ့်ကို ဘာကြောင့် များ ဤမျှ ကြောက်လန့် အလေးမူဖို့ လိုအပ်ပါသလဲ။ ကြောက် တာရယ်တော့ မဟုတ်တာ ကိုယ့်ဘာသာ သိသည်။

ဝေဆာသည် သူ့လျှောက်လှမ်းဖို့ ရွေးချယ်စိတ်ကူး ထားပြီးသော (သူ့အထင်)သူ့အတွက် အကောင်းဆုံး ပန်းခင်းလမ်း ပေါ်မှ ခြေလှမ်းတွေ သွေဖီမှားယွင်း လမ်းပျောက်သွားမှာကို အဖြစ်မခံနိုင်ခြင်း သက်သက်သာ ဖြစ်သည်။

ဒီအတွက် ... ပြီးတော့ ကိုယ်လွန်ထားမိတဲ့ စကား တစ်ခွန်းအတွက် အပြစ်မဲ့တဲ့ သူတစ်ယောက်ကို အိမ်တံခါးတောင် ဖွင့်မပေးဘဲ အပေါက်ဝက အကြောင်းပြချက် မခိုင်မလုံနှင့် နှင် ထုတ်မိသကဲ့သို့ ဖြစ်သွားပြီ။ ဝမ်းနည်းမဆုံးတဲ့ စိတ်ခံစားချက် ကြောင့် အပေါက်ဝက လှည့်မဝင်မိဘဲ ရပ်ငိုင်နေမိလေသည်။

"ဝေဆာ"

အတော်ကြီးကြာမှ နောက်ပါးမှ ခေါ်သံနှင့်အတူ တံခါးကို ညာဏ်ရည်သစ်က ဆွဲဟ,လိုက်သည်။ စုတ်ပြတ်သတ်



www.burmeseclassic.com

www.burmeseclassic.com



နေတဲ့ မျက်နှာနှင့် ကြက်သေ,သေ ငိုင်နေတဲ့ ဝေဆာ့ကို သူက နှစ်သိမ့်ပြုံးတစ်ချက် ပြုံးရုံပြုံးကာ စကားကိုလည်း ရှည်ရှည်ဝေးဝေး မဆို။

"ဝေဆာ ... ကိုယ် ပြန်လိုက်ဦးမယ်၊ နားလိုက်ဦး"

ဘာမှ မမေးမစမ်း။ နားလည်မှုရှိစွာပင် ဝေဆာ့ကို ကျဉ်းထဲကျပ်ထဲ မပို့၍ ကျေးဇူးတင်မိသည်။ သူ ပြန်သွားပြီးတဲ့ထိ ဝေဆာသည် တံခါးကို ပြန်တွန်းပိတ်လိုက်ဖို့ ဝမ်းနည်းဝန်လေး နေခဲ့သည်။





## ၁၀

"နေ့လယ်က မောင်မိုးသောက် လာသွားတယ် သမီးရဲ့"

ဖေဖေ့စကားကြောင့် ဝါးလက်စထမင်း သီးနင်သွားသလို ဖြစ်ကာ ရေတစ်ကျိုက်ကို ကမန်းကတန်း မော့လိုက်ရပါသည်။ မနေ့ကတော့ ဝေဆာ ရှိမဲ့အချိန် မှန်းပြီး သူရောက်လာတာ။ ဒီနေ့တော့ ဝေဆာ မရှိမဲ့အချိန်ကို တမင်တကာ ရွေးချယ်ပြီးလာတာပေါ့။

"ဖေဖေ့ကို ပန်းချီနဲ့ ပတ်သက်တဲ့ စာအုပ်နှစ်အုပ် လာပေးတာ"

"ဪ ... သူ့မှာ ရှိလို့လား"



www.burmeseclassic.com

www.burmeseclassic.com



ဝေဆာက အလိုက်သင့် စကားထောက်သည်။

"သူတို့အိမ်မှာ စာအုပ်အတော်များများ ရှိတယ်တဲ့"

"ဖေဖေ မှာလိုက်လို့ လာပေးတာလား"

"နာမည်တော့ တပ်မမှာဘူးပေါ့လေ၊ ဒါပေမဲ့ ပန်းချီနဲ့ပတ်သက်တဲ့ စာအုပ်တွေ ဖတ်ချင်ကြောင်းတော့ ပြောဖြစ်ထားတာပေါ့၊ သူယူလာတဲ့ စာအုပ်တစ်အုပ်က အတော်အဖိုးတန်တယ် သမီး၊ ဒီမှာ ဘယ်လိုမှ ရှာမရနိုင်ဘူး၊ နိုင်ငံခြားက ရှာရ မှာရမယ် ဆိုရင်တောင် ဝယ်ရရင် သိန်းချီတန်ဖိုးရှိမယ်၊ သိန်းတောင် တစ်သိန်း နှစ်သိန်း မဖြစ်နိုင်ဘူး၊ သိန်းကြီးဖြစ်မယ်၊ နာမည်ကြီး ပန်းချီကားမှန်သမျှ ပရင့်လုပ်ထားတယ်"

"ဖေဖေ သဘောတွေကျနေတာပေါ့"

"သဘောကျတာထက်ကွယ်၊ စိတ်တောင် မကောင်းပါဘူး"

"ဘာဖြစ်လို့လဲ ဖေဖေ"

"သူတို့စာအုပ်ခန်းထဲ စာအုပ်စင်တွေက မျက်နှာကျက်အထိ မြင့်တာတဲ့၊ လှေကားနဲ့ သူ တက်ရှာတာလေ၊ လှေကားပေါ်က ချော်ကျလို့ လက်ဖနောင့်ရိုး အက်သွားတယ်"



"ဟင်"

"လက်ကောက်ဝတ်မှာ ပတ်တီးနဲ့မို့ ဖေဖေက မေးကြည့်မိလို့ ပြောတာ၊ မမေးရင် ပြောမှာတောင် မဟုတ်ဘူး၊ မေးတာတောင်မှ အလကားပါလို့ ရယ်နေသေးတယ်၊ နှစ်ခွန်း သုံးခွန်း မေးမှပဲ ပြောတော့တယ်"

"တခြား ဘာပြောသေးလဲ ဖေဖေ"

မနေ့က သူလာသွားသေးတာ ဖေဖေ့ကို ပြန်မပြောဖြစ်ခဲ့။ အခု သူ့ဆီကများ သိသွားမလားလို့ပင်။

"ဘာမှ ထူးထူးထွေထွေတော့ မပြောဘူး။ ကိစ္စရှိလို့လား သမီး"

"မဟုတ်ပါဘူး၊ ဒီကြားထဲ သူ ဒီကိုလာသေးလားလို့၊ ဟို... သူ့ကို ဒီနားမှာ ... တွေ့ ..."

"မလာပါဘူး၊ ဒီကိုလာရင် သမီးမရှိတောင် ဖေဖေ ရှိနေတာပဲ၊ အိမ်က လူမရှိတာမှ မရှိဘဲ"

လူရှိရက်နဲ့ ဖွင့်မပေးလိုက်တာပါ ဖေဖေ။ ဝေဆာ စိတ်ထဲက တီးတိုးပြောမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့တော့ သူက ကြာကြာတောင် မထိုင်ဘူး သမီးရဲ့၊ ဖေဖေကတောင် သူနဲ့ စကားပြောချင်နေသေးတယ်၊ သူက ဆယ်မိနစ်လောက်ပဲ နေသွားတယ်၊ ဟိုတစ်ခေါက်က အကြာကြီး စကားပြောသွားတာ၊ အလုပ်မအားဘူး ထင်ပါရဲ့၊ စာအုပ်သက်သက် ဝင်ပို့တာ ဖြစ်မယ်"

မနေ့က လက်ထဲဆွဲထားတဲ့ အိတ်ဟာ စာအုပ်လည်း လာတာပဲ ဖြစ်ပါမည်။

"ဒီနေ့ သူ့အမူအရာက တစ်မျိုးကွယ့်၊ ဖေဖေ တံခါးဖွင့် ပေးလိုက်တော့လည်း ဖေဖေ့ကို သူက အကဲခတ်သလို ကြည့်နေသေးတယ်၊ အန်ကယ်လ် အားရဲ့လားတဲ့၊ ဖေဖေက ပန်းချီဆွဲနေတဲ့ အနုပညာသမားမို့လား မသိဘူး၊ လူတွေရဲ့ အမူအရာကို အလိုလို အကဲခတ်မိတာ အကျင့်ပါနေ တယ်...

ဒီကနေ့ သူ့အမူအရာက တစ်မျိုးထူးခြား ပြောင်း လဲနေတယ်၊ ထူးခြားနေတယ်ဆိုတဲ့ နေရာမှာ ဖေဖေတို့ အတွက် မကောင်းတဲ့ ထူးခြားမှုတော့ မဟုတ်ပါဘူး။ သူ့





ကြည့်ရတာ သူလာတဲ့အတွက် ဖေဖေ အလုပ်ပျက်မလား၊ အနှောင့်အယှက် ဖြစ်မလား၊ လိုတာထက် ပိုအာရုံထား အားနာနေသလို ဖြစ်နေတယ်၊ ဖေဖေက စကားပြောချင်ပါ တယ်၊ သူက ချက်ချင်းလိုလို ပြန်သွားတော့ စကားတောင် သေချာမပြောလိုက်ဖြစ်ဘူး"

ဝေဆာဟာ ကိုညာဏ့်ဘက်မှာ အပြစ်မရှိချင်အောင် ကြိုးမားနေတဲ့အတွက် ကိုမိုးသောက်ကို အပြစ်ကျူးလွန်မိနေပါ သည်။ သူ့လောက် မရင်းနှီး အဖွဲ့မကျခဲ့ဖူးတဲ့ သူတစ်ယောက် ဖြစ်လျှင်ပင် ယဉ်ကျေးတဲ့ အိမ်ရှင်ပီပီ တံခါးတော့ ဖွင့်ပေးရမှာ ပါ။

သူ့ကို နောက်နေ့မှ လာပါလားလို့ ပြောထွက်ခဲ့တဲ့ ဒီပါးစပ်ကို အံ့အားသင့်မိသည်။ ကိုယ့်ကို မထိခိုက်စေလိုမှု တစ် ခုနှင့် ပြောထွက်ခဲ့သည်။ သူ့လက်ဖနောင့်ရိုး ချော်လဲကျပြီး အတ်သွားသတဲ့။ မိုးသောက်နှင့် ပတ်သက်သော အတွေးသံသရာ ထဲ၌ပင် ဝေဆာ တဝဲလည်လည်နှင့် တစ်ညလုံးရော နောက်တစ် နေ့လုံးရော။

www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့ ကျောင်းအပြန် စာသင်တဲ့ကလေးအိမ်ဝင်၊ အဲဒီကအပြန်တွင် ဘယ်လိုမှ လမ်းမသင့်တဲ့ သူတို့ဆိုင်တည်ရှိရာ အင်းစိန်လမ်းမကြီးသို့ ဝေဆာ တကူးတက ရောက်ခဲ့ပါသည်။

မှောင်ရီပျိုးနေပြီဖြစ်၍ မှန်ချပ်အပြည့် ပိတ်ဆီးထားတဲ့ ဆိုင်မျက်နှာစာကို ထွင်းဖောက်ကာ အတွင်းက လင်းထိန်နေတဲ့ မီးရောင်အောက် ကြိတ်ကြိတ်တိုး မုန့်ဝယ်နေကြတဲ့သူတွေကို လှမ်းကြည့်နေမိ၏။

အလကားပေးနေတဲ့ အတိုင်းပင်။ ဝယ်နေလိုက်ကြတာ။ ဆိုင်ထဲကနေ ဆိုင်ပြင်ကို လှမ်းမြင်ဖို့ မလွယ်နိုင်၍ ရဲရဲတင်းတင်းပင် ကားပေါ်မှ ဆင်းရပ်ကာ ဆိုင်ထဲသို့ မျက်တောင်မခတ် စိုက်ကြည့်ရှာဖွေနေပါသည်။

ရယ်စရာကောင်းတဲ့ ဦးထုပ်ဖြူ ကိုးရိုးကားရားနှင့် မုန့်ဇန်းကြီး လက်ဖဝါးနှင့်မ,ကာ ဆိုင်ထဲ သူ ဘယ်တော့ဝင်လာမလဲ။ အင်းလေ … သူ့လက်မှ မကောင်းသေးတာ။ အလုပ်ဆင်းချင်မှ ဆင်းမှာပေါ့။ အတန်ကြာ သူ့အရိပ်အယောင် မပေါ်လာတဲ့



အခါမှာတော့ သူ မရှိဘူး ထင်ပါရဲ့လေလို့ စိတ်ကိုလျှော့ကာ ဝေဆာ ကားပေါ်ပြန်တက်လျက် မောင်းထွက်လာခဲ့ပါသည်။

အဖြစ်အပျက် အစုံအလင်ကို ဝေဆာက နုထွေးနှင့် ဇာခြည်ကို လုံးစေ့ပတ်စေ့ ပြောပြလျှင် စကားဆုံးတဲ့အခါ သူတို့နှစ်ဦးသည် ဝေဆာ့ကို မျက်လုံးကြီးများ ပြူး၍ပင် စိုက်ကြည့်နေကြပါသည်။ ဝေဆာက သူတို့မျက်လုံးတွေရှေ့ ကျီးခြောက်သလိုလက်နှင့်ယပ်လျက် နောက်ပြောင်ရယ်မောလိုက်သော်လည်း အရင်လို မရယ်နိုင်အောင်ထိဖြစ်ကာ စကားကို ခပ်ထိန်းထိန်း ပြောတတ်တဲ့ ဇာခြည်ကပင် …

"နင် အတော်ရက်စက်တာပဲ ဝေဆာရယ်"

နုထွေးက ဘာမှမပြောဘဲ စိတ်တိုသလိုကြီးသာ ကြည့်နေသည်။ ဒီနေ့မနက်ပဲ နုထွေးတို့ လင်မယား လေယာဉ်

www.burmeseclassic.com

www.burmeseclassic.com



နှင့် ရန်ကုန်ရောက်လာကြသည်။ ဇာခြည်တို့ လင်မယားက လွန်ခဲ့တဲ့ နှစ်ရက်က ရန်ကုန် ပြန်ရောက်ကြပြီးဖြစ်သည်။

နုထွေးက ဇာခြည့်ကို ဝင်ခေါ်ကာ တနင်္ဂနွေပိတ်ရက်မို့ အိမ်မှာရှိနေသော ဇေဆာ့ထံ ရောက်လာကြပါသည်။ ကိုကျော်ဇင်က ဒီကိုလိုက်ပို့ပြီး ပြန်ထွက်သွားပြီ။ ရစ်ကီ၊ မိုးသောက်တို့နှင့် သူတို့ချင်း ဆုံနေကြလိမ့်မည်။

ညကျလျှင် သူတို့ခြောက်ယောက်လုံး တစ်နေရာမှာ ညစာထွက်စားဖို့ စီစဉ်ထားပါသည်။ ပြီးလျှင် နုထွေးတို့ လင်မယားက ဟိုတယ်မှာပဲ တည်းခိုအိပ်စက်မည်။ သန်ဘက်ခါမှာ သူတို့လင်မယား ဗန်ကောက်ကို ဆယ်ရက်ကြာ ခရီးထွက်ကြမည်။

ဒီနေ့ တစ်နေ့ခင်းလုံး ဇာခြည်နှင့် နုထွေး ဇေဆာ့အိမ်မှာ ရှိနေကြမှာ ဖြစ်ပါသည်။ သူတို့ကို ချွင်းချန်သိုဝှက်လည်း မထားလို။ နောက်မှ မိုးသောက်ထံက သိရရင်လည်း ပိုတောင်အသည်းယားနေကြဦးမှာမို့ ကိုယ်တိုင် ပြောရတော့ ကိုယ့်အတွက် သာသာထိုးထိုးကလေး မဟုတ်တောင်မှ အပြစ်လျော့နိုင်သမျှ လျော့အောင် စိတ်တွင်းခံစားချက်တွေပါ ရှင်းပြလို့ ရနိုင်သည်။





ဤသို့တွေးကာ အဖြစ်အပျက်တွေကို ပြောပြကာမှ နှစ်ယောက်လုံးက စိတ်ပျက်စိတ်ကုန်ပုံ သိသိသာသာ ပြတဲ့အတွက် ဇေဆာ့မှာ နေရထိုင်ရမျှားပင် ခက်ကာ ...

"ဒါကဟယ် ... ငါ ခုနပြောပြသလို ငါကလည်း ကိုညဏ့်ကို စကားကုန် ပြောလိုက်မိသလို ဖြစ်နေတာ ခုချက်ချင်းပဲ ဆိုတော့"

"တော်ပါဟာ၊ နင်နဲ့ ကိုညဏ် ကြားက ကိစ္စက တစ်ကိစ္စပါ၊ ကိုမိုးသောက်က သတ်သတ်ပဲ၊ ဟိုတစ်ဖက်မှာ နင်စင်ကြယ်ချင်တာနဲ့ပဲ ဒီဘက်ကို အိုးမဲ မသုတ်သင့်ပါဘူး"

"ငါတို့ ပြန်ရောက်တဲ့နေ့ကပဲ မောင်က ကိုမိုးသောက်ဆီ ရောက်သွားသေးတယ်၊ သူ လက်ကောက်ဝတ် အက်တာသိရတယ်၊ ဒါပေမဲ့ ချော်လဲလို့ဆိုတာပဲ သိတာ၊ ဘာဖြစ်လို့လဲရတယ် ဘာညာနဲ့ ကိုမိုးသောက်က အမှတ်ယူအသေးယူ မပြောပြဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အရိုးအက်ခံပြီး စာအုပ်လက်ဆောင် ယူလာတဲ့သူကို တံခါးတောင် ဆီးမဖွင့်ပေးဘူး၊ အပေါက်ဝကနေ နောက်နေ့မှလာ ဆိုတာမျိုး ပြောထွက်ဖို့ဆိုတာ တော်ရုံတန်ရုံ မျက်နှာပြောင်လို့တော့ ပြောမထွက်နိုင်ပါဘူးဟာ၊ နင်ဟာ အံ့သြစရာကြီး ဝေဆာ၊ နင်က ယဉ်ကျေးဖော်ရွေပြီး ပေါင်းလို့ကောင်းတဲ့သူ တစ်ယောက်ပါ၊ ခုမှ ဘယ်လိုဖြစ်သွားတာလဲ ...

ကိုဉာဏ်ရည်သစ် စိတ်ကွက်မှာ အမြင်မကြည်မှာ သူ့ကို လက်လွှတ်ခံရမှာ နင် ဒီလောက်တောင်ပဲ စိုးရိမ်နိုင်သလား၊ နင် သူ့ကို အရမ်းမက်မောတဲ့သဘောပေါ့ နင် သူ့ကို ချစ်နေပြီပေါ့"

ဝေဆာ မဖြေတတ်။

ကိုဉာဏ့်ကို ချစ်တယ်လို့ တွေးကြည့်ဖို့ ဝေဆာ အမြဲပဲ တွန့်ဆုတ်နှောင့်နှေးတတ်သည်။ မှန်မှန်ဝန်ခံရရင် ဝေဆာ ကိုဉာဏ့်ကို ကြိုက်တာ သဘောကျတာပါပဲ။





"ကိုမိုးသောက် သနားစရာပါပဲဟယ်၊ သူက အသားကင်စားတဲ့ညကတည်းက ကိုကျော်ဇင်တို့ ကိုရစ်ကီတို့ဆီမှာ နင့်ကို ချစ်နေမိပြီလို့ ဝန်ခံတယ်၊ သူ ဖွင့်ပြောတာ မဟုတ်ဘဲ မသိပါစေနဲ့လို့လည်း ပိတ်တယ်တဲ့"

"သူ့ဟာက မြန်လွန်းအားကြီးမနေလွန်းဘူးလား၊ သူ စိတ်ဝင်စားတာလောက်ပါဟာ"

"မဟုတ်ပါဘူး၊ သူက နင့်ကို မြင်မြင်ချင်း ချစ်မိတာတဲ့"

ဝေဆာ့ ရင်ထဲလှုပ်ရှားကာ မျက်နှာလေးပင် နီမြန်းမိသည်။

"နင်က ပါးစပ်ဘေးမှာ လက်ဝါးကလေးကာပြီး ဘုန်းဝေဆာ လတ်ပါလို့ မိတ်ဆက်စကားကို အော်ပြောရတယ်တဲ့၊ အဲဒီပုံစံလေးကို သူ တစ်ထိုင်တည်း ချစ်သွားတာတဲ့၊ မြန်တာတွေ နှေးတာတွေ ငါတို့နားမလည်ဘူး၊ ဒါပေမဲ့ ကိုမိုးသောက်ရဲ့ ချစ်တယ်ဆိုတဲ့ စကားကို ယုံတယ်"



www.burmeseclassic.com

www.burmeseclassic.com



ပုံသဏ္ဍာန် အသေးစိတ်က အစ,တောင် သူကပြန်ပြောပြသေးသကိုး။ ဇေဆာသည် အဲဒီပထမဆုံး အတွေ့နေ့ကို မျက်စိထဲ ပြန်မြင်ယောင်ကာ ပြုံးလာမိပါသည်။

"နင့်ဆီ ဖိတ်စာနဲ့ စာနဲ့ ပို့လိုက်သလို သူ့ဆီလည်း ပို့တာပဲ၊ အဲဒီကတည်းက သူ့ကို ရေးထည့်ပေးလိုက်တယ်"

"ဘာကိုလဲ"

"ခင်မင်သူချင်းထဲက လစ်လပ်နေတဲ့ နင်နဲ့ သူ့ကို သဘောတူနေကြကြောင်းပေါ့၊ အေမိတို့ဆီရေးတဲ့ စာထဲလည်းထည့်ရေးလိုက်တယ်၊ နင်တို့နှစ်ယောက်ကို စိတ်ကူးကြည့်ထားကြောင်း၊ လမ်းမှာ နည်းနည်းကြည့်ရှုပြီး ရင်းနှီးနီးစပ်အောင် လုပ်ပေးဖို့"

"ဟင် ... ကြည့်စမ်း၊ နင်တို့တွေ"

"ဘာဖြစ်လဲ အဲဒါ၊ မကောင်းတာ ကြံစည်တာ မဟုတ်ဘူး၊ နှစ်ယောက်လုံးအတွက် အကောင်းစားလေး အသီးသီးဖြစ်တယ်ဆိုပြီး ကြံစည်ရည်ရွယ်တာ၊ သူက နင်လည်း သူ့





ဆိုင်ရောက်လာရော ကြိုသိနေတော့ ပိုစိတ်လှုပ်ရှားသွားတာပေါ့"

"တစ်နေ့က ကိုမိုးသောက်ဆီက မောင် ပြန်လာတော့ လက်အရိုးအက်ထားလို့ ထင်တယ်၊ မျက်နှာမကောင်းဘူးလို့တောင် ပြောသား၊ သူက အမြဲလန်းဆန်း တက်ကြွနေတဲ့သူတဲ့၊ မောင်ကတောင် ထင်နေတယ်၊ ဒီကြားထဲ ဒီကောင်ကြီး ဇေဆာ့ကို ဖွင့်ပြောလိုက်ပြီး ဇေဆာကလည်း ငြင်းများ ငြင်းလိုက်သလား မသိဘူး ... တဲ့ ..."

ဇေဆာက ခေါင်းလေးယမ်းရင်း ...

"ဘာမှမပြောဘူး"

ခပ်တိုးတိုး ပြောလိုက်ရင်း တစ်ဆက်တည်းက —

"သူကလည်း ငါ့ကို အေးအေးဆေးဆေးပဲ ဖြစ်ရင်ဖြစ်မှာပေါ့၊ နင်တို့ ဘေးကသွေးထိုးလွန်းလို့ ရောယောင်ပြီး ချစ်သလိုလို ကြိုက်သလိုလို ဖြစ်လာတာ နေမှာပဲ"

"မဆိုင်ပါဘူး၊ အဲဒါ လုံးဝမဟုတ်ဘူး၊ သူ ချစ်မိသွားတာကို သူကိုယ်တိုင်တောင် တအံ့တဩ ဖြစ်နေတာ၊ ငါတို့က



www.burmeseclassic.com

www.burmeseclassic.com



သဘောတူတယ်၊ ဆုံဖူးအောင် လုပ်တယ် ... ဒါပဲ၊ လုံးဝ စိတ်မပါကြရင် ဘေးကနေ ဘာမှ မြှောက်ထိုးပင့်ကော် ဘာမှ မတိုက်တွန်းဘူး"

"ဒါဖြင့် အခု ငါ့ကိုကျတော့ ဘာလို့ တိုက်တွန်းချင်ကြ သလဲ"

"ကိုမိုးသောက် ချစ်လာအောင် ဘာမှသွေးမဆောင်ဘူးလို့ ပြောတာ၊ သူက ချစ်တယ်ဆိုတဲ့အခါ သူဟာ စဉ်းစား ရွေးချယ်သင့်တဲ့ အထဲမှာ ထိပ်ဆုံးကပါကြောင်း နင့်ကို ပြောပြတာ၊ ထည့်စဉ်းစားဖို့ ပြောနေတာ၊ ကိုမိုးသောက်ကို ပြန်ချစ်လိုက်လို့ နင့်ကို အမိန့်ပေးလို့ မရဘူး ဆိုတာလောက် တော့ နားလည်တယ်နော်"

"လက်ခံမခံက နင့်သဘောပါ ဝေဆာရယ်၊ ဒါပေမဲ့ ကိုညာဏ်ရည်သစ် ရှေ့မှာ မတွေ့ရဲလို့ ပြန်ခိုင်းတာတော့ နင် သူ့အပေါ် ရက်စက်တယ်၊ ကိုယ် ငြင်းမှာပဲထားဦး၊ ဒီလောက်ကြီး ရင်းနှီးပြီးမှ အိမ်ထဲတော့ ဖိတ်ခေါ်ဝင်ထိုင် ခိုင်းရမှာပဲ၊ ဟိုလူရှေ့မှာ ကိုမိုးသောက်ကို နင် မဆက်ဆံရဲ





တဲ့ သဘောဆိုရင် နောင်ဟိုလူနဲ့ ယူဖြစ်မယ်ဆိုရင်တော့ ပိုဆိုးပြီပေါ့ ... ဟုတ်လား၊ မိတ်ဆွေလိုတောင် နင် မဆက် ဆံရဲဘူးပေါ့"

ဝေဆာ့မှာ စိတ်ညစ်ညစ်နှင့် ငုံ့ခံနေရပါသည်။ ကိုယ့်ဟာကိုယ်မှ အပြစ်ရှိတာ၊ မကောင်းတာ၊ မှားသွားတာ၊ ရိုင်းသလိုဖြစ်တာတွေ နားလည်ပြီး ဝမ်းနည်းစိတ်မကောင်း ဖြစ် ရတဲ့ကြားထဲ။ ခုတော့ သူတို့ပြောမှ ပိုပြီး မျက်နှာပူ အားနာကာ ညနေထမင်းစားပွဲသွားရင် တွေ့ရမှာကိုတောင် ဝန်လေးရင်မောရ ပါတော့သည်။

"နင်တို့ ပြောတာနဲ့ ညနေ ထမင်းစားပွဲတောင် မလိုက်ချင် တော့ဘူးဟာ"

"အမယ်လေး ... ပိုဆိုးမနေစမ်းပါနဲ့၊ မုန်းစရာကောင်း လိုက်တာ၊ နင် သူ့ကို အဲဒီမှာတွေ့ရင် တောင်းပန်လိုက်"

"မသိလိုက် မသိဘာသာလေးပဲ ထားလိုက်တာက ပိုမ ကောင်းဘူးလား"

"မကောင်းဘူး၊ တာဝန်မဲ့ရာကျတယ်"



www.burmeseclassic.com

www.burmeseclassic.com



ညနေတွင် ယောက်ျားလေး သုံးယောက်က ကိုရစ်တို့ကားနှင့် လာကြလိမ့်မည်။ ဝေဆာတို့ သုံးယောက်က ဝေဆာ့ကားနှင့် သွားကြပါမည်။ အပြန်ကျရင်တော့ ကိုရစ်ကီကားနဲ့ထွေးတို့လင်မယားကို ဟိုတယ်ပို့၊ ကိုမိုးသောက်ကို အိမ်ပြန်ပို့ကြမည်။

အိမ်က ထွက်လာကတည်းက ဝေဆာ စိတ်ညစ်နေသည်မှာ ကိုမိုးသောက်ကို မျက်နှာချင်းဆိုင်ရမှာ အားနာနေ၍ပင်။ အနည်းဆုံး ဖုန်းကလေးဆက်ပြီး သူ့ကို တောင်းပန်လို့ ရပေမဲ့ ဒီကြားထဲရက်တွေ ဖုန်းကလေးတောင် လှမ်းမဆက်ခဲ့မိ။

ပျက်ကွက်တာတော့ အမှန်ပဲ။ သူဟာ ဒါကိုဗွေယူမဲ့သူလား၊ ဗွေမယူမဲ့သူလား။ မှတ်ထားမဲ့သူလား၊ ကျေအေးမေ့ပျောက်လိုက်မည့်သူလား။ အခုဆုံလျှင် သူဟာ ဝေဆာ့ကို မကျေမချမ်းမှုမျိုး ပြသမည့်သူ မဟုတ်လို့ ယုံကြည်နေခြင်းက သတ်သတ်ပင်။ သူ့ကို ရှိန်နေတာကတော့ မပျောက်ပျက်။

"ဟော ... ဟိုသုံးယောက် ကြိုရောက်နေပြီ"





စားသောက်ကြမည့် ရက်စ်တောရန့် ဝင်းထဲ ကားချိုးကွေ့သည်နှင့် ဓာခြည်က ကိုရစ်ကို့ကား ရပ်ထားတာကို လှမ်းမြင်တာမို့ ပြောလိုက်လျှင် ဝေဆာ့မှာ လက်ဖျားကလေးတွေ အေးစက်စေးကပ်လာတော့တဲ့ အထိပင်။

ကားပေါ်ကဆင်းကာ သုံးယောက်သား ဆိုင်ထဲဝင်လာကြလျှင် ခပ်လှမ်းလှမ်း စားပွဲတစ်ခုမှ ကိုရစ်ကီက လက်လှမ်းထောင်ပြသည်။ စားပွဲတွင် သူတို့သုံးဦးဟာ ကပ်ထိုင်နေတာမဟုတ်ဘဲ ထိုင်ခုံကတည်းက ခပ်ချဲချဲ ထိုင်နေကြတဲ့အတွက် အသီးသီးကြား နေရာလွတ်တွေထဲ အဆင်ပြေသလို ဝင်လိုက်ကြတဲ့ခါ ဝေဆာသည် ကိုမိုးသောက်နှင့် ကိုကျော်ဇင့် ကြားထဲ ကျနေပါသည်။

ဝေဆာ သူ့ကို မကြည့်ရဲသေးဘဲ ထိုင်ချလိုက်စဉ် _

"ဟာ ... ကြည့်စမ်း၊ ကျွန်တော် မေ့သွားပြီဗျာ၊ ဟော့ကောင်တွေ၊ မင်းတို့လောလို့ကွာ၊ အန်ကယ့်လ်ဖို့ စာအုပ်တစ်အုပ်ထပ်ရှာတွေ့ထားတာ ဝေဆာ့ကို ပေးလိုက်မလို့ ယူလာမို့ဟာဗျာ၊ မပါလာတော့ဘူး၊ မေ့ခဲ့ပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဝေဆာ့ဘက်ပါ တစ်ဆက်တည်း လှည့်ပြောလိုက်တဲ့ မျက်နှာက နေ့စဉ်အမြဲတွေ့နေကျတွေလို သမားရိုးကျပင်။ ဝေဆာက အားယူကာ ...

"ပန်းချီစာအုပ်ပဲလား ကိုမိုးသောက်"

"ဟုတ်တယ်ဗျ၊ ပန်းချီနဲ့ ပတ်သက်တဲ့ စာအုပ်ပဲ"

ထိုင်ထိုင်ချင်း စကားပြောလို့ဖြစ်အောင် အဆင်ပြေအောင် ဘာမှ အဖုအထစ်မရှိကြောင်း တမင်တကာ ပြသပြောဆိုတာပဲလို့ ဝေဆာ နားလည်နိုင်ကာ သူ့ရဲ့ အောက်သက်ကျေမှုကို ချီးမွမ်းရသည်။

"What is Modern painting ဆိုတာ၊ အန်ကယ်လ်ကတော့ မော်ဒန်နဲ့ ပတ်သက်တာတွေ ဖတ်ချင်တယ် ပြောထားတယ်။ ဟိုးပထမတစ်ခေါက်က အန်ကယ့်ပန်းချီကားတွေ ကြည့်ခွင့်ရသေးတယ်လေ၊ ကျွန်တော်က ဘာမှနားမလည်တော့ ဆွေးတော့ မဆွေးနွေးတတ်ဘူးဗျာ၊ အန်ကယ့်လ်ကားတွေကြည့်ပြီး ကြိုက်တယ်၊ သဘောကျတယ်၊ ခံစားမှုပေးနိုင်တယ် ဆိုတာပဲ ပြောတတ်တယ်"





ဝေဆာသည် ပတ်တီးစီးထားဆဲ သူ့လက်ကို ဇော့ကြည့်ကာ ...

"ကိုမိုးသောက် လက်ကော သက်သာရဲ့လား"

"သက်သာပါတယ်၊ ဘာမှ သိပ်ဖြစ်တာမှ မဟုတ်တာ"

တောင်းပန်စကားဆိုရင် ကောင်းမလား ဝေဆာတွေးမိသည်။ ဒါပေမဲ့ ဘယ်လိုအကြောင်းပြရမယ် မသိ။ နှုတ်ထွေးတို့ကို စိတ်ထဲကဖြစ်တဲ့ အရင်းကိုင်း ပြောပြသလို သူ့ကိုပြောပြလို့တော့ ဘယ်ကောင်းပါ့မလဲ။ စကားရွေးရင်း စဉ်းစားရင်းက မတောင်းပန်ဖြစ်ခင် တခြားစကားတွေဆီ ရောက်သွားကာ ဟိုလေးယောက်ရဲ့ ဝူးဝူးဝါးဝါး တစ်ယောက်တစ်ပေါက် စကားဝိုင်းထဲညပ်ကာ မျောပါမှန်းမသိ ပါသွားသည်။

ဟင်းတွေက ခြောက်ယောက်စာ ဆယ်မျိုးတစ်ဝိုင်းမှာထားတာမို့ တစ်ပွဲပြီးတစ်ပွဲ ကိုစ်အလိုက်လာသည်။ တစ်ပွဲရောက်လာတိုင်း အသားတွေကိုဖဲ့တဲ့ ဖျဉ်တဲ့သူဟာ ကိုမိုးသောက်၊ ခက်ရင်းနဲ့ ဓားနဲ့ ဖဲ့ရွဲ့တုံးထစ်ပြီး ကျန်တဲ့သူတွေ ပန်းကန်တွေထဲ လိုက်ထည့်ပေးနေရတာနှင့်ပဲ သူ့မှာ သေချာမနေရ၊

www.burmeseclassic.com

www.burmeseclassic.com



"အားရပါးရ စားကြပေ့ါ၊ ဒီပွဲ မိုးသောက် ကျွေးတာပေ့ါ"

ကိုကျော်ဖင်က အော်လျှင် ...

"ဟယ် ... ဒီလိုဘယ်ဟုတ်မလဲ၊ ဟင်းတွေက အများကြီး၊ တအားကျုံမှာ၊ ဝေဆာလည်း ရှယ်မယ်"

"ရှယ်လို့ မရဘူး"

"ဘာလို့လဲ"

ကိုရစ်ကီကို တအံ့တဩ ပြန်မေးမိလျှင် ...

"ဘာမှမပတ်သက်တဲ့သူတွေ ရှယ်ခွင့်မရှိဘူး ... အဟဲဟဲ"

လုပ်ပြန်ပြီ။ သူတို့မှာ ဒါကိုပဲ စ,ဖို့ပဲ။

"မဟုတ်ဘူး ဝေဆာရဲ့၊ ကျော်ဖင်ကပဲ ကျွေးမယ်လုပ်နေတာ၊ ကျွန်တော်တို့က မန္တလေးမှာ အကြာကြီး စားသောက်ညှဉ်းဆဲခဲ့ပြီလေ၊ ဒီတော့ ကျွန်တော်ကလည်း ကျွန်တော်ကျွေးမယ် ပြောတယ်၊ ရစ်ကီကလည်း သူကျွေးမယ်တဲ့၊ ဒါပေမဲ့ ကျွန်တော် အရင်အလှည့်ယူလိုက်တယ်၊ ဘာလို့လဲဆိုတော့ နောက်လဆန်းမှာ ရစ်ကီ့မွေးနေ့ သူက ကျွေးဦးမယ် လုပ်နေတယ်၊ နောက်လဆန်းကလည်း ဘာမှမလို





တော့ဘူး၊ ဒီတော့ အဲဒီတော့မှ သူကျွေး၊ ကျွန်တော်ကပဲ အခုကျွေးမယ်လို့"

"ဒါဖြင့် ဝေဆာကကော ..."

နုထွေးက ဝင်ကာ ...

"နင်လည်း နင့်အထိမ်းအမှတ် နင်ရှာပြီး ကျွေးပေါ့"

"ငါက မွေးနေ့လည်း မနီးဘူး"

"ဒါတော့ မသိဘူး၊ ကျွေးချင်ရင် နောက်အကြိမ်တွေ အလှည့်ယူပြီး ကိုယ့်ဟာကိုယ် အကြောင်းရှာကျွေးပေါ့"

"ကဲနော် ... ဖိတ်လိုက်တယ်နော်၊ အားလုံးပဲ၊ နောက်လဆန်း တစ်ရက်နေ့၊ အကျွန်ုပ်မွေးနေ့၊ ဒီဆိုင် ကောင်းတယ်၊ ဒီမှာပဲ ကျွေးမယ်၊ ဟိုနှစ်ယောက်လည်း ပြန်ရောက်ရင် လာပေါ့၊ ဒီအချိန်ပဲ"

"ပြန်ရောက်ဖို့ မသေချာဘူး၊ ရောက်ရင်လည်း ရောက်မယ်၊ မရောက်ရင်လည်း မရောက်ဘူး"

"ရောက်ရောက် မရောက်ရောက် ကိုယ်ကတော့ ဖိတ်ထားပြီ၊ ရှိတဲ့လူ လာကြပေါ့၊ လက်ဆောင်မလိုပါ ... ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



နောက်လတစ်ရက်ဆိုတော့ ခုန အိမ်မှာ နုထွေး ပြောခဲ့ပုံအရဆိုလျှင် နုထွေးတို့ လင်မယား ပြန်မရောက်ဖြစ်သေးဖို့က များနေပါသည်။ အဲသလိုဆိုရင် ကိုရစ်ကီနဲ့ ဓာခြည်လင်မယားအပြင် ကိုမိုးသောက်နဲ့ ဝေဆာပဲ ပါမှာပေါ့။ ခြောက်ယောက်က လူစုံသေးတယ်၊ လေးယောက်ထဲဆိုရင် ပိုပြီးသီးသန့်ဆန်ကောပြီ။

အဲဒီအပြင် နောက်ထပ်တစ်ပွဲပါ ထွက်စားပြီးမှတော့ ဝေဆာ့ ကျွေးအလှည့်ဆိုတာကို ဖန်တီးပြီး တစ်ကြိမ် ထပ်ဆုံကျွေးရပြန်ဦးမည်။ ဤလူစုကို ရင်းနှီးခင်မင်လှ၍ ကျွေးတာက ကျွေးချင်သော်လည်း ကျွေးတိုင်း ဆုံစည်းနေရမှာ၊ ဆုံစည်းတိုင်းလည်း မူလနှစ်တွဲရဲ့ ပြင်ပဖြစ်တဲ့ ဝေဆာနဲ့ ကိုမိုးသောက်တို့က အလိုအလျှောက်ပင် သီးသန့်နှစ်ယောက် ဖြစ်ရဦးမှာ။

အင်း ... ခက်ပါတယ်။ သူက ကိုယ့်ကိုချစ်နေပြီဆိုရင် သူ့ကို ဒီထက်ပိုပြီး ခံစားချက် မနက်ရှိုင်းစေလိုတဲ့အတွက် သူ ပိုမိုအထိမနာစေလိုတဲ့အတွက်၊ သူနှင့် ခပ်ခွာခွာကလေး





ဝေးဝေးရှောင်နေချင်တော့တာ။ သူနဲ့ကိုယ်ဟာ လွန်ခဲ့တဲ့ တစ်လကဆိုရင် ရှိမှန်းတောင် တစ်ယောက်ကိုတစ်ယောက် မသိကြတဲ့ သူတွေပဲ။ အဲသလိုကလေးပဲ ဖြစ်နေခဲ့ အကောင်းသား။ ခုတော့ ...။

"ကြိုပြောထားတာနော်၊ လာမှာ မဟုတ်လား"

ဓာခြည်က လှမ်းမေးလျှင် ဝေဆာ့မှာ မတင်မကျလေးနှင့် ...

"နောက်လဆန်းဆိုတော့ Exam တွေ ရှိမဲ့အချိန်တော့ ဖြစ်နေတယ်၊ အခြေအနေ ကြည့်လိုက်ဦးမယ်လေ"

ဝေဆာရဲ့ အင်တင်တင် အမူအရာ အပြောအဆိုတို့ဟာ မန္တလေးတုန်းက တအား တရင်းတနှီး ရှိခဲ့တာနှင့်တော့ လုံးဝမတူတော့တာ မျက်မြင်တွေ့နေရတဲ့ မိုးသောက်မှာ နေရင်းထိုင်ရင်း ဝေဆာ့ကို ကရုဏာသက်နေမိပါသည်။

ကိုယ့်ရဲ့အသိုင်းအဝိုင်းနဲ့ လွတ်ဝေးရာနေရာမှာ စိတ်လွတ်ကိုယ်လွတ် ပေါ့ပေါ့ပါးပါး ဆက်ဆံရင်းနှီးဖြစ်ပေမဲ့ ကိုယ့်အသိုင်းအဝိုင်းထဲ ပြန်တိုးဝင် နီးကပ်တဲ့ အချိန်မှာတော့ [illegible]



www.burmeseclassic.com

www.burmeseclassic.com



လေးဆယ်ပြီး လိုသလောက်သာ တည်တည်တံ့တံ့ကလေး ဆက်ဆံချင်တော့တဲ့အဖြစ်မျိုးဟာ ဆန်းလှတယ်တော့ မဟုတ်ပါ။ ဖြစ်တတ်ပါသည်။

ဤအတွက် အနေခက်နေရှာပုံကလေးကိုပဲ ရှာကြံသနားနေမိတာပါ။ သူ့ကိုတံခါးတောင် ဖွင့်မပေးရဲအောင် စိတ်ရှုပ်ထွေးနေတဲ့အဖြစ်ကို သူ မြင်ရတော့လည်း သနားရတာပါပဲ ဝေဆာရယ်။ တစ်ဖက်ကလူဟာ ဝေဆာ့ရဲ့ချစ်သူ မဖြစ်သေးတဲ့တိုင်အောင် ဝေဆာ ဂရုစိုက်ရတဲ့သူ ဆိုတာတော့ သေချာနေပြီမို့ သူ့ရင်ထဲ တစ်ဝက်တစ်ပျက် ဆုံးရှုံးရသလို ခံစားရတဲ့တိုင် — ဝေဆာ့ကိုတော့ဖြင့် သူ ဇွတ်မယူနိုင်ပါ။

ရှေ့က ဆက်ဆံခဲ့ပြီးသမျှကြောင့် ဝေဆာ သူ့ကို ခုလိုပြုမူလိုက်တာဟာ သူ့အတွက် အခိုင်အမာ ဆုံးဖြတ်စရာတစ်ခုကြောင့် အားယူဖျစ်ညှစ်ပြုမူလိုက်ရတာပဲလို့ပဲ မိုးသောက်ယုံကြည်သည်။ ဒီညနေတောင် ဝေဆာ လိုက်လာပါ့မလားလို့ သူ မယုံမရဲရှိတော။



ဝေဆာ အနေရအထိုင်ရ မခက်အောင်ပင် သူက တမင်တကာ ဖေးမပြောဆို ဆက်ဆံနေဖြစ်ပါသည်။ သူ့ရင်ထဲက မြင်မြင်ချင်း လျှပ်တစ်ပြက် စွဲလမ်းချစ်ခင်မိမှုကို မန္တလေးကတည်းက ကျော်ဇင်တို့ကို ပြောပြရင်ဖွင့်ခဲ့မိပြီး ဒါကို နှင့်ထွေးကလည်း ဝေဆာ့ထံ ဖွင့်ဟလိုက်သည် ဆိုတာလည်း သူ ဒီနေ့ပဲ သိရပါသည်။

ဒီအတွက် သူ့ကို ခပ်တန်းတန်းကလေး ရှောင်ဖယ်လိုတယ် ဆိုရင်လည်း ဒါဟာ ဝေဆာ့ရဲ့ လွတ်လပ်ခွင့်ပါ။ သူ လက်မခံနိုင်တဲ့ လူတစ်ယောက်ကို အရေးတပေး ဆက်ဆံပြနေခြင်းမျိုး မလိုအပ်ပဲ ဝေဆာ ဘယ်လုပ်ချင်မှာတဲ့လဲ။

သူ့အတွက် မျှော်လင့်ချက် မရှိဘူး ဆိုတာလောက်ကို သူ ရိပ်စားမိနိုင်တဲ့ အသိဉာဏ်မျိုးတော့ ရှိပါသေးတယ်။ ပြန်ကာနီး ကျော်ဇင်နှင့် ရစ်ကီက တွိုင်းလက်ခဏသွားကြစဉ် နှင့်ထွေးနှင့် ဇာခြည်ကလည်း ခေါင်းချင်းဆိုင် တွတ်ထိုးနေကြစဉ် အခိုက်လေးတွင် ဝေဆာသည် မိုးသောက်ထံ တိုးလျှိုးတဲ့အကြည့်လေးဖြင့် ငဲ့ကြည့်လာလျက် ဘယ်သူမှ မကြားအောင် တိုးတိုးလေး —

"ဟိုတစ်နေ့ကအတွက် ဝေဆာ တောင်းပန်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



အသံလေးကိုက တုန်လှုပ်နေသည်။ မျက်ရည်လေး တောင် လည်မလိုမို့ မိုးသောက် ရင်ထဲ ရှုးမလောက် လှုပ်ရှားရ ရင်း ...

"အို ... ကိစ္စမရှိပါဘူး ဝေဆာရဲ့၊ ကျွန်တော် နားလည် ပါတယ်"

"ဝေဆာ ရိုင်းသွားရင် ခွင့်လွှတ်ပါနော်"

ဝေဆာ့ နှာသီးဖျားလေးပင် နီမြန်းလာသည်။ သူ့ စိတ်ထဲလည်း အတော်ပြင်းထန်စွာ အားနာကျပ်တည်းနေတာဲ လို့ နားလည်ရသည်။ သူတို့နှစ်ယောက် မျက်လုံးချင်း ခဏစိုက် ဆုံနေကြလျက် ...

"ဝေဆာ နောက်နေ့ညဘက် ကိုမိုးသောက်ရဲ့ဆိုင်ရှေ့ ရောက်လာတယ်၊ မတွေ့လို့ ပြန်သွားလိုက်တယ်"

"ကျွန်တော် တွေ့ပါတယ်"

အဲဒီနေ့က ဆိုင်မှာ ဘာမှ ဝင်မလုပ်နိုင်သေးတဲ့ အတွက် ခြံဂိတ်ရဲ့အုတ်ခုံမှာ မိုးသောက် အပျင်းပြေ ထွက်ထိုင် နေတာပါ။ ကားရပ်ဆင်းကာ မျှော်ကြည့်နေတဲ့ ဝေဆာ၊ ကို



ကိုလာရှာတာများလားလို့ မယုံမရဲလွန်းသဖြင့် သွားနှုတ်ဆက် ကိုယ်ယောင်ပြလိုက်ဖို့ တုံ့နှေးနေရင်း၊ အားယူနေရင်းကပင် ဝေဆာက ကားပေါ်ပြန်တက် ထွက်ခွာသွားတော့အာ။

"ကျွန်တော် ဝေဆာ့ဆီလာဖို့ အားယူနေတာပါ"

ဝေဆာ့ မျက်ခုံးလေးမှာ ပင့်နေသည်။

"ဝေဆာ ကျွန်တော့်ကို လာရှာတယ်လို့ မသေချာလို့ပါ၊ ကိုယ်ထင်တာ မှားပြီး လှမ်းခေါ်မိရင် ဝေဆာ စိတ်အနှောင့် အယှက် ဖြစ်မလားလို့"

မိုးသောက် မျက်ဝန်းများထဲက စိတ်မကောင်းသလို အရိပ်အယောင်လေးသည် ဝေဆာ့ရင်ကို နင့်သွားအောင်၊ ဝေဆာ့ နှလုံးသားတို့ကို ဖိညှစ်လိုက်ရသလို အသက်ရှူမှားသွားစေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



## ၁၁

ဒီကြားထဲ ရက်ပေါင်းများစွာတွင် ဝေဆာ့ စိတ်တွေ ပူလောင်ရှုပ်ထွေးနေခဲ့သည်။ အဲဒါကို ဝေဆာ ကြောက်သည်။ ဝေဆာ့ နှလုံးသားတွေ ဘာဖြစ်ပါလိမ့်မလဲ။ တစ်ကြိမ်မှ မဖြစ်ဖူး၍ ချောက်ချားလှသည်။ မောင်၍ နင့်နေကာ အချိန်တိုင်းတွင် မန္တလေးခရီးရဲ့ ပျော်ရွှင်စရာ အချိန်လေးတွေကို စက္ကန့်ပိုင်းနှင့် အမျှ ပြန်သတိရ လွမ်းဆွတ်နေပေသည်။

ဒီကြားထဲ ကိုမိုးသောက်ကလည်း ဝေဆာ့ထံလည်းကောင်း၊ ဖေဖေ့ထံလည်းကောင်း မဆက်သွယ်ပါ။ ညစာစားတဲ့





ညက ဖေဖေ့အတွက် ထပ်တွေ့ထားတယ်ဆိုတဲ့ စာအုပ်ကိုလည်း ဖေဖေ့ဆီကို သီးသန့်တောင်မှ လာမပေးပါ။ ဝေဆာ့ဘက်ကတော့ ဘာအကြောင်းကြောင့်မျှ သူ့ထံ ဆက်သွယ်ဖို့ လိုအပ်ပုံပါသနည်း။

ဝမ်းနည်း မပျော်ရွှင်ကာ ကိုယ့်ကိုယ်ကိုယ် စိတ်ကျရောဂါတောင် ဝင်လာသလား ထင်မိသည်။ ထက်သန်မှု ဘာတစ်ခုမှ မရှိဘဲ အစဉ်တကျကြွဖျတ်လတ်နေတဲ့ ပုံသဏ္ဌာန်နှင့် ဆန့်ကျင်စွာ ငြိမ်သက်အေးကုပ်သွား၍ လုပ်ဖော်ကိုင်ဖက်တို့ပင် သတိပြုမိကြသည်။

ကျောင်းက မိတ်ဆွေတို့သာမက ဖေဖေလည်း ရိပ်မိခဲ့ပါသည်။

"သမီး … ခုတလော အလုပ်တွေ ပိလို့လား၊ ဘာဖြစ်သလဲ ကွယ်၊ တစ်စက်မှ မလန်းဆန်းပါလား"

"ဟုတ်တယ် ဖေဖေ၊ ဘာမှမဖြစ်ပါဘူး၊ ဒါပေမဲ့ လူက စိတ်မပါလက်မပါ ဖြစ်နေတယ်"

ဖေဖေက ပြုံးရင်း …



www.burmeseclassic.com

www.burmeseclassic.com



"အားလပ်ရက် အပျော်ခရီးထွက်ပြီး အလုပ်ထဲ ပြန်ဝင်ခါစတွေမှာ ဒီလိုပဲ ဖြစ်လေ့ရှိတတ်တယ် သမီးရဲ့၊ အပျော်ခရီးတုန်းက လွတ်လပ်လန်းဆန်းခဲ့တာတွေကို အောက်မေ့နေတာမျိုးပေါ့ ...

ဖေဖေ ဟိုးအရင်က ရန်ကုန်ပြန်ပြီး သင်္ဘောပေါ် ပြန်တက်တဲ့အခါကျရင် သင်္ဘောပေါ် ပြန်ရောက်စရက်တွေ အလုပ်ကို မလုပ်ချင်ဘူး၊ မပျော်ဘူး၊ သမီးတို့ သားအမိကိုပဲ လွမ်းနေသလိုလို၊ ရန်ကုန်မှာ ပေါ့ပေါ့ပါးပါး နေခဲ့ရတာတွေ မိတ်ဆွေတွေကိုပဲ အောက်မေ့နေသလိုလို နေမထိထိုင်မသာ အရမ်းစိတ်ဓာတ်ကျတာပဲ၊ ဘာမှလုပ်ချင်ကိုင်ချင်စိတ် မရှိဘူး ...

ဒါပေမဲ့ ဒါခဏပါ သမီးရဲ့၊ နောက်တော့ ပုံမှန်ပြန်လည်ပတ်သွားပါတယ်"

ဝေဆာတော့ ပုံမှန်ပြန်လည်ပတ်ပါဦးမလားလို့ ကိုယ့်ကိုယ်ကိုယ် မယုံရဲတော့ဘူး ဖေဖေ။ အချိန်တိုင်း စိတ်မကောင်း





ဖြစ်နေသလိုပဲ။ ဘယ်သူနဲ့မှကို စကားမပြောချင်။ ကိုညာဏ် ပုံမှန်ရက်ခြားလောက် ဖုန်းဆက်လာလျှင်ပင် ခဏနှင့် ချမိသည်။

ကိုညာဏ်က ကျောင်းဆင်းချိန်လာဖို့ ပြောတာကိုပင် အလုပ်များနေသေးတယ်လို့ ငြင်းမိသည်။ ခါတိုင်းဆို ကျောင်းအဆင်းနှင့် ကျူရှင်သင်တဲ့ ကလေးဆီ မဝင်ခင်တို့မှာ ကြားမှာ မိနစ်လေးဆယ်လောက် ကိုညာဏ်နှင့် စကားပြောဖြစ် ထိုင်ဖြစ်တဲ့ရက်တွေ ရှိသည်။

ကိုမိုးသောက်ကို မေ့မရတော့ဘူးလား။ ဒါဘယ်လောက်ထိ ကြာနေမဲ့ ခံစားချက်လဲ။ အမှန်အတိုင်း အရှိအတိုင်းကို မရှက်မရွံ့ ဝန်ခံရလျှင် ဝေဆာသည် ကိုယ့်ပညာရပ် ကိုယ့်တိုးတက်မှုအတွက် အချိန်ပြည့် ကြိုးစားထူးချွန်နေသော စီးပွားရေးလည်း နိုင်မာသည့် လူတော်လူကောင်း ဆရာဝန်တစ်ယောက်ကိုသာ အိမ်ထောင်ဖက် ရွေးချယ်လက်ထပ်ချင်ပါသည်။ မရှိမရှား မုန့်ဖုတ်သမားလေး တစ်ယောက်ကို အိမ်ထောင်ဖက်အဖြစ် ရွေးချယ်လိုမိတာ အမှန်ပင်တည်း။



www.burmeseclassic.com

www.burmeseclassic.com



လဆန်းတစ်ရက်နေ့ နံနက်တွင်တော့ ဝေဆာသည် အတော်ပင် အရုပ်ကြိုးပြတ် ဖြစ်နေပါသည်။ စိတ်တွေနုံးချိလေးလံနေသည်။ ညနေကျ ကိုရစ်ကို မွေးနေ့ ထမင်းပွဲကို သွားရမလား၊ မသွားရဘူးလား။ ဒါကိုသာ ဆုံးဖြတ်ချက် မကျပေမဲ့ (အတွင်းမသိစိတ်က သွားလိုတဲ့ဘက် ထက်သန်ခဲ့လို့လား မသိ) ကိုရစ်အတွက် မွေးနေ့လက်ဆောင် နက်ကတိုင်တစ်ခု ဝယ်ထားပြီးဖြစ်ပါသည်။

ဒုက္ခပဲ ...။ ခံစားချက်တို့ကို မသိမ်းနိုင် မဆယ်နိုင်လျှင် ဝေဆာဟာ ကိုယ်သွားလိုတဲ့ ပန်းတိုင်ဆီရောက်မဲ့ လမ်းပေါ်က ခြေချော်လက်ချော် ဖြစ်တော့မည်ထင်ရဲ့။ ဝေဆာသည် နေ့လယ်တွင် ကိုညာဏ့်ထံ စိတ်လိုက်မာန်ပါပင် ဖုန်းခေါ်လိုက်မိသည်။

"ဝေဆာ ... ကိုယ့်ဆီ လှမ်းမဆက်တာတောင် ကြာပြီ၊ ဘာကိစ္စရှိလို့လဲ၊ အကြောင်းမှုလို့လား"

"ညနေ ကျောင်းဆင်းချိန် လာမလားလို့ ကိုညာဏ့်ကို လှမ်းမေးတာပါ"

"လာမှာပေါ့၊ ခုတလော Exam တွေနဲ့ ဝေဆာ မအားဘူးဆိုလို့ ကိုယ် မလာရတာလေ"

"ညနေတွေ့မယ်နော် ကိုညာဏ်"

ညနေ လေးနာရီမှာ ကိုညာဏ် ရောက်လာပါသည်။ ဝေဆာသည် ကျူရှင်သင်တဲ့ ကလေးကိုလည်း သိပ်နေမကောင်းဘူး အကြောင်းပြ၍ ကျူရှင်ဖျက်လိုက်သည်။ နာရီနှင့်တွက်၍ Charge လုပ်သော ကျူရှင်ဖြစ်၍ တစ်ရက်မှာ အချိန်ပိုပေါင်းထည့် အစားထိုးပေးရမည်။

"ဘယ်သွားမလဲ ဝေဆာ"

"ဟိုကော်ဖီဆိုင်လေးပဲ မောင်းသွားလိုက်ပါ ကိုညာဏ်"

ညာဏ်ရည်သစ်ကားက ရှေ့က၊ ဝေဆာ့ကားက နောက်က ပါလာသည်။ ဆိုင်ထဲ ထိုင်မိမိချင်းပင် ဝေဆာ့ကို ညာဏ်ရည်သစ်က အကဲခတ်မိကာ ...

"ဝေဆာ့ မျက်နှာက ပင်ပန်းဆင်းရဲနေသလိုပဲ"

"ဟုတ်တယ် ... ဝေဆာ ပင်ပန်းနေတယ်"

"အလုပ်တွေ ခုတလော သိပ်များလို့ ထင်တယ်"







www.burmeseclassic.com

www.burmeseclassic.com



"အလုပ်များတာထက်၊ စိတ်တွေ မွန်းကျပ်နေတယ်"

"ကိုယ် ဘာကူညီနိုင်သလဲ ဝေဆာ၊ ကိုယ် လုပ်ပေးဖို့ တတ်နိုင်တာများ ရှိသလား"

ဝေဆာသည် သူ့ရှေ့မှ ယောကျ်ားကောင်း တစ်ယောက်ကို မမှိတ်မသုန် စိုက်ကြည့်နေမိပါသည်။ သူ့မျက်နှာပေါ်မှာ ဆင်ခြင်ဉာဏ် ကြီးမားခြင်း၊ နားလည်ထိုးထွင်းသိခြင်းနှင့် ကြင်နာတတ်ခြင်းပါ ပေါ်လွင်နေပါသည်။ ဒါတွေ ကိုယ်သိပြီးသားပဲ။ သိလောက်အောင်လည်း လေ့လာအချိန်ယူထားခဲ့ပြီး သိခဲ့လို့လည်း ဆန်ကာတင်ရွေးချယ် အခွင့်အရေး ပေးထားခဲ့တာ ဖြစ်သည်။

သူ့ကို အဖြေပေးလိုက်တော့ရင် ကောင်းမလား။ ခေါင်းညိတ်ပြီး လက်ထပ်ခွင့် ပေးလိုက်ဖို့ဟာ ဝေဆာ ရည်မှန်းထားတဲ့ အဆုံးသတ်တစ်ခုပဲ။ ဝေဆာ့ ရင်ထဲတွင် ပူလောင်လာသလို ခံစားရကာ အပြင်ခန္ဓာကိုယ်ကတော့ အေးစက်စက် ဖြစ်လာသည်။





ဝေဆာသည် ပေါင်ပေါ်က စလင်းဘက်အိတ်ကို ကမူးရှူးထိုးဖွင့်ကာ အသင့်ပါတဲ့ ဓာတ်ပုံတချို့ကို ကိုဉာဏ့်ရှေ့သို့ အမြန်ဆုံး ချပေးလိုက်သည်။ သူက အံ့သြသလို ဝေဆာ့ကို ကြည့်ကာ ဓာတ်ပုံတွေကို တစ်ပုံချင်း ကောက်ယူကြည့်နေပါသည်။

မီးဖိုဘေးမှာ ယှဉ်တွဲထိုင်ရင်း မိုးသောက်က ခပ်ငုံ့ငုံ့ ဝေဆာက ပြုံးရယ် ပိစိထောင်ပြနေတဲ့ပုံ။ ဝေဆာ့ ဟော့ပေါ့ပန်းကန်ထဲကို တူနဲ့ညှပ်ယူလာတဲ့ အသားဖတ်တချို့ မိုးသောက် ထည့်ပေးနေတဲ့ပုံ။ ဝေဆာ့ လက်ထဲက အကင်တံကို မိုးသောက်က နီးကပ်ကပ် ငုံ့ကြည့်ပြီး ကျက်မကျက် ဝေခွဲနေတဲ့ပုံ။ နှစ်ယောက်မျက်နှာချင်း စိုက်ကြည့်ကာ ရယ်မောနေတဲ့ဟန်။ ကျော်ခင်တို့အိမ်ထဲက လှပသော ဝတ်စုံပြာဆင်တူနှင့် ယှဉ်တွဲထွက်လာမိတဲ့ ကော်ဇောလျှောက်လမ်းပေါ်က ပုံမှာတော့ မင်္ဂလာစုံတွဲနှင့်ပင် တူနေပါသည်။

ထို့နောက် အလားတူပုံပေါင်းများစွာ ...။

"ကိုမိုးသောက်နဲ့ ပုံတွေချည်းပဲနော်၊ တခြားပုံတွေလည်း ရှိမှာပါ၊ ဝေဆာ အကြောင်းတစ်ခုခုကြောင့် ဒီပုံတွေပဲ ကိုယ့်ကို ရွေးပြတာ ထင်တယ်"

www.burmeseclassic.com



ဝေဆာ သူ့ကို ကြောင်တောင်တောင် ကြည့်မိသည်။ သူ မပေါက်ကွဲပါလား။ သူဟာ ငြိမ်းချမ်းတည်ငြိမ်တုန်းပဲ။

"ဒီလိုတရင်းတနှီး ရှိခဲ့တာ ကိုညာဏ် ဘယ်လိုသဘောရလဲဟင်"

ညာဏ်ရည်သစ်က ဝေဆာ့ကို ပြုံးရှုပင် ကြည့်နေကာ...

"အုပ်စုထဲက တခြားလူတွေထက်ကို ပိုရင်းနှီးခဲ့တာလား"

"အဲလိုတော့လည်း မဟုတ်ဘူး၊ အားလုံးနဲ့ တန်းတူရင်းနှီးခဲ့တာပါပဲ"

"ဒါကို ကိုယ် ဘာများ ဘယ်လို သဘောရစရာရှိလို့လဲ"

"ကိုညာဏ် သဝန်တိုသလား"

"သဝန်တိုလောက်အောင် ဖြစ်ခဲ့သလား"

"ဝေဆာတို့ ဘာမှ မဖြစ်ပါဘူး၊ ဒါပေမဲ့ သူက ဝေဆာ့ကို ခရီးမသွားကြခင်ကတည်းက မြင်မြင်ချင်းပဲ ချစ်ခဲ့တယ်"

"သူက ဖွင့်ပြောပြီပေါ့"





"သူ ဖွင့်မပြောပါဘူး၊ ကြားကလူတွေ ပြောပြတာပါ ကိုညာဏ်၊ ဟိုစကားဝိုင်းတွေထဲမှာ ကိုညာဏ့် အကြောင်းလည်း ဝေဆာ ပြောပြတော့ ဝေဆာ့မှာ အတည်မဟုတ်သေးသော်လည်း အတည်ဖြစ်လုနီး ခေါင်းထဲရှိတဲ့သူ တစ်ယောက် ရှိတယ်ဆိုတာ သူလည်း သိပါတယ်၊ ဒါကြောင့် သူက ဘာမှဖွင့်ပြောဖို့ မကြိုးစားပါဘူး"

ညာဏ်ရည်သစ်က တစ်ခဏ ငြိမ်သက်နေပြီးမှပင်...

"ကိုယ် ဘာလုပ်ပေးရမှာလဲ ဝေဆာ"

"ကိုညာဏ်... ကိုညာဏ် ဘာမှလုပ်မပေးနိုင်ပါဘူး၊ ကိုညာဏ် ဒီပုံတွေ ဒီရင်းနှီးမှုတွေ၊ ဒီထက်ပိုတဲ့ သူ့ရဲ့ ဝေဆာ့ကို အလိုက်သိမှု အရေးပေးမှုတွေအတွက် သဝန်တိုသလား"

"အင်း... ကိုယ် သဝန်တိုသင့်လာပြီ ထင်ပါရဲ့"

"သူက ဝေဆာ့ကို အရိပ်တကြည့်ကြည့်နေတယ်၊ သူက သူများတွေကိုလည်း သိပ်ဖြည့်ဆည်း အောက်သက်ပေး တယ်၊ သဘောကောင်းတယ်၊ အနစ်နာလည်း ခံတတ်တယ် တစ်ဖက်သားကိုလည်း သိပ်နားလည်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် သဝန်တိုလာပြီ ဝေဆာ၊ ဝေဆာ့ကိုလည်း ကိုယ် နားလည်လာပြီ၊ သူဟာ ဟိုးအရင်က ဝေဆာ ကိုယ့်ကိုပြော ဖူးတဲ့ **ဝေဆာ့ရဲ့ အိမ်ထောင်ဖက်ရွေးချယ်မှုပုံစံတွေ အဆင့် တွေကို ကိုယ့်လိုပဲ** ပြည့်မီသလား၊ ကိုယ့်ကို ဝေဆာ ပြော **ဖူးသလို ဝေဆာ့** အထင်ကြီး လေးစားမှုကို ရယူနိုင်သွား ပြီလား၊ ဝေဆာ ထည့်တွက်တဲ့ မက်မောတယ်ဆိုတဲ့ ပုဂ္ဂလိက ဂုဏ်ဒြပ် အရည်အချင်းတွေနဲ့ ပြည့်စုံတဲ့သူပဲ လား"

ဝေဆာသည် မျက်ရည်လည်လာ၍ မျက်တောင်လေး ပုတ်ခတ်သိမ်းကာ ...

"အဲဒါတွေ ဝေဆာ ဘာမှ ရေရေရာရာ မသိသေးဘူး၊ ဒါပေမဲ့ သူက ကိုညဏ်ရဲ့ ဂုဏ်ဒြပ်အရည်အချင်း တစ် ဝက်လောက်တောင် တော်ချင်မှ တော်မှာ၊ ကောင်းချင်မှ ကောင်းမှာဆိုတာတော့ ပြောနိုင်ပါတယ်၊ ဘယ်နည်းနဲ့မှ ကိုညဏ့်ထက်တော့ မသာနိုင်တဲ့သူပါ"





ဉာဏ်ရည်သစ်ကံ သက်ပြင်းတစ်ချက် မှုတ်ထုတ် လိုက်မိကာ အနေအထားကို သဘောပေါက်စ ပြုရပါသည်။ ဒီ အချိန်မှာ အရည်အချင်း သာနေခြင်းဟာ ဝေဆာ့ကို ဒွိဟတစ်ခု မပြတ်သားမှုတစ်ခု ဖြစ်စေမှာထက် ဘာမှ ပိုအသုံးမဝင်နိုင်တော့ ဘူး ဆိုတာပင်။

"ဝေဆာလေ ... အဲဒီရက်တွေက ပျော်ရွှင်ပေါ့ပါးနေတာ၊ ကိုညဏ် လှမ်းပို့တဲ့ ပန်းကိုလည်း ပန်ဖို့မေ့ခဲ့တယ်၊ သူက သတိပေးတော့မှ ဆံထုံးမထုံးချင်လို့ တမင်မပန်ဖြစ်တာပါ လို့ ဖုံးဖိပြောရတယ်၊ အပြန်ကျတော့လည်း ကိုညဏ့်ပန်း အိုးကို ကားပေါ်မှာ မေ့ကျန်ထားရစ်ခဲ့မိပါတယ်၊ သူနဲ့ ကိုညဏ် အဆုံမှာ ဝေဆာ့ စိတ်တွေ ပျာယာခတ်ပြီး လို အပ်တာထက် ပိုစိုးရိမ်တကြီး ဖြစ်နေတယ် ...

ဝေဆာ သူ့ကို ရှောင်နေခဲ့ပါတယ် ကိုညဏ်၊ ကိုညဏ် ရောက်နေတုန်း သူလာတာကို ပြန်နှင်လွှတ်ပြီး နောက်မှလာဖို့အထိ ပြောထွက်ခဲ့ပါတယ်၊ ဝေဆာ အလိုက် သင့် မျော၀ါနေတာ မဟုတ်ဘဲ ရုန်းထွက်ဖို့ ရုပ်ရော စိတ်ခွန်အားသုံးပြီး ကြိုးစားပမ်းစား နေနေတာပါ"



www.burmeseclassic.com

www.burmeseclassic.com



စားပွဲပေါ် တင်ထားတဲ့ ဝေဆာ့ လက်ချောင်းလေးများက တဆတ်ဆတ် တုန်နေပါသည်။ မျက်လုံးအိမ်ထဲလည်း မျက်ရည်ပြည့်လာပါသည်။

"ဒါတွေကို ကိုဉာဏ် ခွင့်လွှတ်နိုင်မလား"

ဉာဏ်ရည်သစ်က ကတုန်ကယင် ဖြစ်နေသော ဝေဆာ့ကို အသာအယာပဲ စိုက်ကြည့်နေသည်။

"ဟင် ... ကိုဉာဏ်၊ ခွင့်လွှတ်နိုင်သလား"

"ဝေဆာ ...၊ ကိုယ် ခွင့်လွှတ်နိုင်တယ်၊ ကိုယ့်ဘက်က ခွင့်လွှတ်မှာ၊ ဒါပေမဲ့ ကိုယ်က လူညံ့လူအ,မှ မဟုတ်ဘဲ ဝေဆာ လိုချင်တာဟာ ခွင့်လွှတ်နိုင်တယ်ဆိုတဲ့ စကားကို မဟုတ်ဘူး ဆိုတာ ကိုယ့်ကိုယ်ကိုယ် သိရဲ့လား၊ ခွင့်မလွှတ်နိုင်ဘူးဆိုပြီး ကိုယ့်ဘက်က ရုပ်သိမ်းသွားမှာကို ဝေဆာ ရင်ထဲအသည်းထဲက လိုအပ်နေတာပါ၊ အတိအလင်းမဟုတ်ပေမဲ့ ရည်ရွယ်ထားတာ ရှိပြီးသား မိန်းကလေးတစ်ယောက် အနေနဲ့ ရက်ပိုင်းတိုတိုလေးအတွင်း စိတ်လွှင့်ပျံ့ကစားလာတယ်၊ စိတ်ယိုင်ကျပြီး ပါသွားတယ် ဆိုတာကို မဖြစ်ချင်တာ တစ်ခုကလွဲရင် ဝေဆာ့ လိုအပ်တောင့်တမှုက သူ့ကို ပိုနေတယ် မဟုတ်လား"





"ကိုဉာဏ် ... ဝေဆာ ... ဝေဆာက ..."

"တိတ် ... တိတ် ... ဝေဆာ ...၊ ရှိထားသင့်လို့ လိုချင်တာနဲ့ ကြိုက်နှစ်သက်လို့ လိုချင်တာဆိုပြီး နှစ်မျိုးရှိပါတယ်၊ ဘာကိုပဲရွေးရွေး ဝေဆာ ရေရှည်စိတ်ချမ်းသာဖို့ လိုအပ်တယ်၊ ကိုယ့်ကို ဘာကတိမှ ပေးမထားသေးတဲ့အတွက် ဝေဆာ့ကို ပျက်ကွက်တယ်လို့ ကိုယ် အပြစ်တင်လို့ မရပါဘူး၊ အပြစ်လည်း မတင်ဘူး၊ ဒါကို အပြစ်တင်ရင်လည်း ကိုယ် စိတ်ထားမပြည့်ဝရာ ကျမယ် ...

ခုနေ ကိုယ်တို့ လက်ထပ်ဖြစ်သွားရင်တောင် ကိုယ့်မိန်းမဟာ တခြားလူတစ်ယောက်ကို ချစ်ခဲ့ဖူးတယ်ဆိုတဲ့ အဖြစ်မျိုး မဟုတ်ဘဲ၊ ကိုယ့်မိန်းမဟာ တခြားလူတစ်ယောက်ကို ချစ်နေတယ်ဆိုတဲ့ အဖြစ်မျိုးကို လက်ခံရမှာဆိုတာ ကိုယ်နားလည်နေပြီ၊ သုံးဦးသုံးဖလှယ် ဘယ်သူ့အတွက်မှ မကောင်းတဲ့ အနေအထားတစ်ခုကို ဝေဆာ အားနာပါးနာ ဆုပ်ကိုင်မထားပါနဲ့၊ လွှတ်လိုက်ပါ ဝေဆာ"



www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်ရည်သစ်ရဲ့ စကားကို ဝေဆာ နားထောင်နေရင်း ရင်ထဲသိမ့်၍ သိမ့်၍ ခုန်လာသည်။ အေးစက်တဲ့ လက်များတွေလည်း နွေးစပြုလာသည်။

"အနည်းဆုံး နှစ်ဦးအတွက်ကောင်းမဲ့ အနေအထားကို ဝေဆာ ရွေးလိုက်ပါ၊ ကိုယ်တို့ ပြန်ကြစို့ ဝေဆာ"

သူဟာ နောက်ဆုံးအချိန်ထိ ယောကျ်ားကောင်းလူတော်တစ်ယောက်ပါပဲ။ ဒါပေမဲ့ အရှုံးဆိုတဲ့ ဆန်းကြယ်သောအကောင်အထည်မဲ့ အရာတစ်ခုဟာ အကောင်းဆုံး အတော်ဆုံးဆိုတာတွေ အပေါ်ပဲ ရွေးချယ်ဖြန့်ကျက်မြဲမှ မဟုတ်တာ။ သူ့ကို ဘယ်သူမှ ကြိုးကိုင်စေစား မရဘူးလေ။

ဆိုင်က ငြိမ်းချမ်းစွာ ထွက်ကာ ကားတစ်စီးစီ ပြန်လာခဲ့ရာမှ ဝေဆာက လမ်းဘေးတစ်နေရာမှာ ကားထိုးရပ်ကာ အားမွေးဆုံးဖြတ်ချက် ချလိုက်ပါသည်။ ကားပေါ်က ဆင်းကာ တစ်နေရာမှ အိမ်သို့ ဖုန်းခေါ်လိုက်သည်။

"ဖေဖေ ... ဝေဆာလေ ဘွဲ့တစ်ခုလောက်ရပြီး လူတန်းစေ့တော့ အဆင့်ရှိတဲ့ သာမန်မုန့်ဖုတ်သမား တစ်ယောက်ကို





ရွေးချယ်ဖို့ ဆန္ဒရှိလာရင် ဖေဖေ့အနေနဲ့ ကန့်ကွက်ဖို့ရှိသလား သိပါရစေ"

ဖေဖေ့မှာ တိတ်ဆိတ်အံ့ဩနေရှာပါသည်။

"သူက စိတ်သဘောထား ပြည့်ဝပါတယ် ဖေဖေ"

ဝေဆာသည် အားခပ်ငယ်ငယ်လေးနှင့် တိုးတိုးဖြည့်စွက်သည်။

"ဖေဖေ ကန့်ကွက်ဖို့ မရှိပါဘူး သမီး၊ ဒါဟာ သမီးအတွက် ခုတလော ရင်ဆိုင်နေရတဲ့ ပြဿနာလား"

"ဟုတ်ကဲ့ ဖေဖေ"

"သူ့ကို ဖေဖေ သဘောကျပါတယ်၊ ဒါပေမဲ့ သမီးမှားနေပြီ၊ သူက ဘွဲ့လေးတစ်ခုရတာလည်း မဟုတ်ဘူး သမီးရဲ့၊ ဘွဲ့ကနှစ်ခု၊ လူတန်းစေ့ အဆင့်တော့လည်း မကဘူး၊ သူ့စီးပွားရေးက အင်မတန် ခိုင်မာပါတယ်၊ သာမန်မုန့်ဖုတ်သမားတစ်ယောက်လည်း မဟုတ်ပါဘူး၊ သူက အဲဒီမုန့်တိုက်တွေရဲ့ ပိုင်ရှင်ပါ ...၊ ဖေဖေနဲ့ စကားတွေပြောပြီး တုန်းက ဖေဖေ သိထားတာတော့ အဲဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဝေဆာသည် အုံ့အားလေး သင့်နေကာ ရင်ထဲ၌ တထိတ်ထိတ် ရှိလှသည်။

"သမီးရဲ့ဘဝအတွက် အဆုံးအဖြတ်တစ်ခုကို ဖေဖေက လိုအပ်ရင် အကြံဉာဏ်ပေးမယ်၊ ကန့်ကွက်ဖို့ မရှိပါဘူး။ ဒီကိစ္စကတော့ ကန့်ကွက်ဖို့လည်း မရှိဘူး၊ အကြံဉာဏ် ပေးရရင်တော့ ဒီဒုတိယအကြိမ် ဆုံးဖြတ်ချက်ဟာ ပထမ တစ်ခါ ဆုံးဖြတ်ထားတာထက်တော့ သမီးဘဝကို ပျော်ရွှင်မှု ပေးလိမ့်မယ်လို့ ဖေဖေ ယုံတယ်"

"ကျေးဇူးတင်ပါတယ် ဖေဖေ၊ သမီး ထမင်းစားပွဲတစ်ခု ပြီးမှ ပြန်လာမယ်နော်"

ဝေဆာသည် အသံကတုန်ကယင်လေးနှင့် ပြောကာ ဖုန်းကို ချလိုက်ပါသည်။ ထို့နောက် ကားပေါ်တက်ကာ ဟိုတစ်ကြိမ် ခြောက်ယောက်ဆုံစားခဲ့တဲ့ ရက်စ်တောရဲင့်ကလေးဆီ တန်းမောင်းချလာခဲ့ပါသည်။ ရက်စ်တောရဲင့်ဆီရောက်လျှင် ဝေဆာက ကမူးရှူးထိုးကလေး ပြေးဝင်ခဲ့ပါသည်။





ဘယ်မှာလဲ သူတို့ ...။ ခေါင်းကလေး ချာလပတ်လည်အောင်ရှာလျှင် ပန်းအိုးကြီးတစ်လုံးနှင့် နည်းနည်းကွယ်နေသည့် စားပွဲတစ်ခု၌ ဇာခြည့် ပခုံးစွန်းကလေးကို တွေ့နေရတာမို့ ခပ်သွက်သွက် လှမ်းသွားလိုက်ရပါသည်။

"ဇာခြည်"

"ဟင် ... ဝေဆာ"

စားပွဲမှ ဇာခြည်နှင့် ကိုရစ်ကီက အံ့အားတသင့်။

"နင် လာတယ် ... ဟုတ်လား၊ မလာဘူးထင်တာ၊ ဒီကြားထဲ ကိုမိုးသောက်ကလည်း အဆက်အသွယ် မရှိဘူးလို့ ပြောတယ်၊ ငါကတော့ တမင်တကာကို နင့်ကို ထပ်မဆက်တာ၊ နင့်စိတ် နင့်သဘောပဲလို့ ထားလိုက်တယ်၊ စိတ်ထဲမှာတော့ နင်ရှောင်မှာပဲ၊ နင် မလာဘူးပဲ ထင်မိတာ"

"ဟက်ပီးဘာသ်ဒေး ကိုရစ်ကီ"

ကြောင်ကြည့်နေတဲ့ ကိုရစ်ကီ့ကို ဝေဆာက အိတ်ထဲက နက်ကတ်တိုင်အထုပ်လေး လှမ်းပေးလိုက်ပြီးလျှင် နဖူးပြင်က ချွေးလေးတွေသုတ်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"သူက ... ကိုမိုးသောက်က မလာဘူးလားဟင်"

"သူက မလာဘူးလို့ ပြောတယ်"

"ဘာဖြစ်လို့လဲဟင်"

"တကယ်လို့ နင်က လာချင်ရင်၊ လာချင်ရက်နဲ့ သူ့ကို ရှောင်ကွင်းဖို့ လိုအပ်တာနဲ့ပဲ မလာဖြစ်မှာစိုးလို့တဲ့၊ ငါက နင် လာမယ်မထင်ပါဘူးလို့ ပြောပြီးခေါ်ပါတယ်၊ သူက နင် လာလို့ရအောင် မလာတာ၊ ခုတော့ နင်က ရောက်လာသားပဲ၊ တော်သေးတာပေါ့ ဝေဆာရယ်၊ ငါတို့ ဒီရက်စ်တော့ရင့်မှာပဲ လာစားဖြစ်ပေလို့"

"ငါ သွားတော့မယ် ဇာခြည်"

"ဟင့် ... လာပြီးမှ ဘယ်လိုဖြစ်ရတာလဲ"

"ကိုမိုးသောက်ကို သွားခေါ်လိုက်ဦးမယ်လေ၊ ပြန်လာခဲ့မယ်၊ နင်တို့ အချိန်ဆွဲပြီး စားထားကြနော်၊ ငါ တကယ် ပြန်လာခဲ့မယ်"

သူတို့လင်မယားက ဝေဆာ့ကို အံ့အားတသင့်ငေးပြီး မော့ကြည့်နေကြပါသည်။ သုံးလေးလှမ်း ပြေးထွက်သွား





သော် ဝေဆာသည် တစ်စုံတစ်ရာ သတိရကာ သူတို့ဘက် ပြန်လှည့်ရင်း ...

"နောက်တစ်ပွဲ ငါ ကျွေးကလဲ့ အတွက်လည်း တပ်ရမဲ့ ခေါင်းစဉ် ရပြီ၊ အထိမ်းအမှတ်အကြောင်း ရပြီသိလား"

သူတို့လင်မယားမှာ ကြောင်တောင်တောင်တွေ ဘျန်ရစ်ခဲ့ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝေဆာသည် မီးတွေလင်းထိန်နေတဲ့ ကိတ်မုန့်တိုက်ကို အပြင်က ရပ်ငေးကြည့်ကာ ရှာဖွေနေသည်။ သိပ်မကြာခင်မှာပင် ဟိုးအနောက်ဘက်နားဆီက တစ်စုံတစ်ရာ ရေရွတ်ကာ မုန့်ဗန်းကြီး လက်ဖဝါးနှင့် မ,ပြီး ဦးထုပ်ဖြူကြီးနဲ့ ဝင်ရောက်လာခဲ့တဲ့ သူ့ကို ,လှမ်းမြင်လျှင် ဝမ်းသာရွှင်မြူး အားရစွာ ဆိုင်ထဲ အပြေးကလေး ဝင်ရောက်သွားလိုက်ပါသည်။

လမင်းမိုမို



www.burmeseclassic.com